
The YATI MAGAZINE
Vol. 10,No.115 October,2013
စိန်စပယ်ဖူး
စိန်တိုက်
အမှတ် (၁၆၉)၊ ၈၄ လမ်း၊ ၃၁ × ၃၂ ကြား၊ မန္တလေး။
ဖုန်း ၀၂-၃၃၄၇၄၊ ၀၂-၆၉၉၈၂၊ ၀၉-၂၀၀၁၁၉၃၊ ၀၉-၂၀၀၂၆၂၀
www.seinsabaiphoo.com, Email : diamondsabai@myanmar.com.mm

MEDIA GROUP
Asian Fame Media Group

ငွေသော်တာ
၃၀၀၀

ဟိန်းလတ်
၃၁၀၀၀

The YATI MAGAZINE
VOL-10, NO.115, OCTOBER, 2013
စာပေအနုပညာမဂ္ဂဇင်း




အယ်ဒီတာ — နွေးနွေးစစ်အောင်
(တာဝန်ခံအယ်ဒီတာ-Living Fashion)
အမှုဆောင်အယ်ဒီတာ — မြင့်သူဇာထွန်း၊ ဖြိုးစုပိုပို
ကဗျာအယ်ဒီတာ — လွှမ်းရှဲ
လက်ထောက်အယ်ဒီတာ — သီတာစိုး
သတင်းထောက် — မိုးသောက်ကြယ်
စီမံဒါရိုက်တာ — ဒီဇိုင်းပန်းချာန်
ဒီဇိုင်းတာဝန်ခံ — ထွန်းထွန်းလင်း
ဒီဇိုင်းအဖွဲ့ — လင်းထွဋ်၊ နွယ်ဦးမွန်၊ မွန်ဦး
လက်ထောက်ဒီဇိုင်း — ဝင်းဝင်းလှိုင်
စာစီစာရိုက် — ခင်သက်လှိုင်
စာပြင် — ဥမ္မာအေး
ကြော်ငြာအဖွဲ့
Marketing — ဌေးလင်းအောင်၊
Executive — မေသဲဦး၊ ခိုင်ခိုင်လွင်
ဘဏ္ဍာရေးအဖွဲ့ — မိုးယုမာ (မန်နေဂျာ)၊
ခင်ငြိမ်းစုအေး (ဒု-မန်နေဂျာ)၊
မိုးမိုးကျော် (လ/ထမန်နေဂျာ)၊
နီလာဝင်း (လ/ထ မန်နေဂျာ)
ဖြန့်ချိရေးအဖွဲ့ — ဇော်မင်းအောင်၊
ဇော်လင်းဦး၊ အောင်အောင်
ရုပ်ရှင်ဓာတ်ပုံပညာရှင် — အေးဇော်မိုး (စက်မှု)၊ ဝဏ္ဏခွာနီး၊
ကိုနိုင် (ပေါ်ပြူလာ)၊ ခင်ဝေထက်

မျက်နှာဖုံးရှင် — ထက်ထက်မိုးဦး
ဒီဇိုင်း — ထွန်းထွန်းလင်း
ထုတ်ဝေသူ — ဒေါ်နန်းကလျာဝင်း (၁၄၃၀၈)
ဥပဒေအကြံပေး — ဦးအိုးနုစ် (တရားလွှတ်ရှေ့နေ)
ဖလင် — Eagle
အတွင်းကာလာခွဲ — ကမ္ဘာဦး
စာအုပ်ချုပ် — ရွှေသမီး
တန်ဖိုး — ၂၀၀၀
အုပ်ရေ — ၁၅၀၀
ပုံနှိပ် — ငွေကျွဲကော် (မြဲ-၀၆၃၆၁)၊
အောင်သိန်းသန်း(မြဲ-၀၅၉၉၂)

**အယ်ဒီတာအဖွဲ့ရုံးခန်း**
အမှတ်-၁၅၀/၁၆၀၊ ၃၅ လမ်း (အလယ်)၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း-၀၁-၂၄၉၁၆၅၊ ၀၁-၃၈၅၄၉၅၊ ၀၁-၃၇၂၈၃၄
စာတိုက်သေတ္တာအမှတ်-၁၄၀

**မန္တလေးရုံးခွဲ**
အမှတ် 3(A)၊ လမ်း ၃၀၊ ၆၄ × ၆၅ လမ်းကြား၊ မန္တလေးမြို့။
ဖုန်း-၀၁၀၅၀၀၀၃၈၀၊ mandalayoffice@popularmyanmar.com

**ကြော်ငြာကိုယ်စားလှယ်**
ထိုက်ကြော်ငြာလုပ်ငန်း (မန္တလေး)
အမှတ်-၂၅၃၊ ၃၆ လမ်း၊ ၈၄×၈၅ လမ်းကြား၊ မန္တလေးမြို့။
၀၉-၂၀၀ ၅၅၇၂၊ ၀၉-၉၁၀ ၄၆၇၇၂



ပြည်သူ့သဘောထား
နိုင်ငံရေး ဦးတည်ချက်(၄)ရပ်
စီးပွားရေးဦးတည်ချက်(၄)ရပ်
လူမှုရေးဦးတည်ချက်(၄)ရပ်



Asian Fame Media Group

# အယ်ဒီတာ နှုတ်ခွန်းဆက်

**နှိုင်းချင့်ချိန်ဆ**
**ရသထွန်းလင်း**
**ပရိသတ်ရင်တွင်း**
**နှစ်သက်ဝိုဝင်**
**ရတိဖွင်းအင်**

စာဖတ်ပါ၊ စာဖတ်ပါ ဟုတိုက်တွန်းနေသောအသံများ ခုတလော ပိုကြားနေရသည်။ စာမဖတ်သူ ပပျောက်ရေးကတော့ဖြင့် ပြီးပြီ။ စာမဖတ်သူ ပပျောက်ရေးလုပ်ရဦးမည်ဟုလည်း ပြောနေကြသည်။ မြန်မာနိုင်ငံတွင် စာဖတ်သူ တစ်နေ့တခြား နည်းလာသဖြင့် သာ ဤသို့ဆော်ဩနေရခြင်းဖြစ်သည်မှာ သေချာ၏။ အထူးသဖြင့် လူငယ်တွေစာဖတ်မှု အားနည်းလာသည်။ အကြောင်းပြချက်ကမျိုးစုံ၊ ရုပ်မြင်သံကြားလိုင်းတွေ ပိုစုံလာလို့။ ဗီဒီယိုခွေတွေ ပိုပေါလာလို့။ တီဗီဂိမ်းတွေက ပိုဆွဲဆောင်မှုရှိလို့၊ ကျောင်းစာတွေတနင့်တပိုး သင်နေရသဖြင့် အချိန်ပိုမရှိလို့။ စာအုပ်ဈေးတွေကြီးတာ မဝယ်နိုင်လို့၊ စသဖြင့်၊ စသဖြင့်။ ဆင်ခြေတွေကမျိုးစုံ။ ဖြေဖျော်စရာတွေ၊ အပျော်အပါးတွေများလာ၍ စာမဖတ်တော့ပါဟူသော ဆင်ခြေကတော့ ယုတ္တိယုတ္တာမရှိ။ တိုးတက်ဖွံ့ဖြိုးသော နိုင်ငံကြီးများတွင် မြန်မာပြည်ထက်ပင် အပျော်အပါးက ပိုများနေသေး၏။ ညကလပ်၊ နေ့ကလပ်တွေအပြင် လောင်းကစားပွဲ ကာစီနိုရုံတွေ အပြည့်အလျှံ။ သို့သော် သူတို့နိုင်ငံများတွင် စာဖတ်အားကလျော့မကျ။ ကျောင်းစာတွေ ပိနေလို့ အပြင်စာမဖတ်ဖြစ်တာဆိုတာကတော့ ပညာရေးစနစ်နှင့် ပိုဆိုင်၏။ နိုင်ငံတကာ ပညာရေးစနစ်တွင်ကား မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်များတွင်ပါ ကျောင်းသုံးပြဋ္ဌာန်းစာအုပ်အပြင် ရသစာပေ၊ ကဗျာ၊ ဝတ္ထုတွေကိုပါ ဖတ်ရ၏။ ပြင်ပစာအုပ်များ ဖတ်သူက စာမေးပွဲရမှတ်တွေ ပိုရစေသော အစီအစဉ်တွေ ချထား၏။ မူလတန်းများ ဘယ်စာရေးဆရာရဲ့ ဘယ်ဝတ္ထုကဗျာတွေဖတ်ပြီး ဖြစ်နေရမယ်။ အလယ်တန်း၊ အထက်တန်းများ ဘယ်စာအုပ်တွေ မဖတ်မဖြစ် ဖတ်ရမယ်ဟုလည်း သင်ရိုးမှာပါ 'ရသ ပညာရေး'ကို မသင်မနေရ ရေးဆွဲထား၏။ ထို့ကြောင့် တက္ကသိုလ်ရောက်လျှင် စာဖတ်ရှိန်မြင့်၊ စာဖတ်ကျင့်ရလာတာ ကိုယ့်ဘာသာကိုယ်စာတွေ ဆက်ဖတ်သွားကြတာ တွေ့ရ၏။ စာအုပ်ဈေးကြီးလို့ စာအုပ်ဝယ်မဖတ်နိုင်တာကိုတော့ အပြစ်မဆိုသာပါ။ ထိုအားနည်းချက်ကို စာကြည့်တိုက်များများ ထူထောင်ပေးခြင်းဖြင့် ကုစားရမည်။ ယခုအခါ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဘူတာရုံ၊ သင်္ဘောဆိပ် ကားဂိတ်စသော လူစည်ကားရာနေရာများတွင် 'စာပေရေချမ်းစင်'များ ပြုလုပ်ပေးကာ စာအုပ်စာစောင်များကို အခမဲ့ဖတ်နိုင်အောင်စီစဉ်ပေးနေသည်။ ရှေ့နှစ်မှစ၍ထိုသို့သော 'စာပေ ရေချမ်းစင်'ပေါင်း မြန်မာပြည်တလွှားတွင် နေရာအနှံ့တိုးချဲ့ စီစဉ်သွားမည်ဟု သိရ၏။ မြန်မာနိုင်ငံစာကြည့်တိုက်ဖောင်ဒေးရှင်းကလည်း မြန်မာတစ်နိုင်ငံလုံးရှိကျေးရွာပေါင်း ၅၅၃၅၅ တွင် ကျေးရွာစာကြည့်တိုက်အကုန်ဖွင့်လှစ်နိုင်ရေးကို ဆောင်ရွက်နေသည်။ ယခုလောလောဆယ်တွင် စာကြည့်တိုက်ပေါင်း ၇၀၀၀ နီးပါးကို ဖွင့်လှစ်နိုင်ခဲ့ပြီ။ ရပ်ကွက်၊ မြို့နယ်ကျေးရွာများက စေတနာရှင်များကလည်း ကိုယ်ထူကိုယ်ထ စာကြည့်တိုက်များ ထူထောင်လျှင် စာအုပ်စာတမ်း ပရိဘောဂစသည်တို့ကို ကူညီပေးနေသည်။

၁၉၈၀ ခုနှစ်က စာတမ်းတစ်စောင်ဖတ်ဖူးသည်။ ရန်ကုန်တိုင်း လှိုင်မြို့နယ် သိန်း ၂၀ ရှိရာတွင် အများပြည်သူဖတ်ရှုနိုင်သော စာကြည့်တိုက်က ၁၀ ခုရှိပြီး အရက်ဆိုင်က ၄၀၀ ကျော်ရှိသည်ဆိုသော မှတ်တမ်း။ ယခုနောက်ထပ် ၃၃ နှစ်ကြာလာပါပြီ။ ရန်ကုန်တိုင်းတွင် အများပြည်သူဖတ်ရှုနိုင်သော စာကြည့်တိုက် ဘယ်နှခုများခိုင်ခိုင်ခံ့ခံ့ကျန်ရှိပါသေးသလဲ။ အရက်ဆိုင်ကတော့ ရေတွက်လို့မရနိုင်တော့ပါ။ မိမိရဲ့ လက်တစ်ကမ်း၊ လမ်းထိပ်တိုင်း၊ လမ်းထိပ်တိုင်းမှာ အရက်ဆိုင်တွေ မှိုလိုပေါက်။

'ရှင်နည်းရာ အဝှလူထွက်' ဆိုသကဲ့သို့ ယခင်က ရပ်ကွက်တိုင်းလိုလိုရှိနေကြသော စာအုပ်ငှားဆိုင်တွေကရော ဘယ်ရောက်ကုန်ကြပါသလဲ။ ကျမ်းခန့်ပေခန့်၊ စာကြီးပေကြီးတွေ မဖတ်ချင်လို့ မဖတ်ကြတာအသာထား၊ ယခုတော့ အပျော်ဖတ်ဝတ္ထုတွေ၊ ကာတွန်းတွေတောင် လူတွေမဖတ်ကြတော့၍ စာအုပ်အငှားဆိုင် စီးပွားရေးလည်း ပျက်သုဉ်းသွားရပြီ။

နိုင်ငံတစ်ခုတွင် မည်သည့်နိုင်ငံရေးစနစ်ပုံစံနှင့် သွားစေကာမူ၊ ထိုနိုင်ငံသူ၊ နိုင်ငံသားများက စာမဖတ်ကြဘူးဆိုပါလျှင် ထိုနိုင်ငံ၏ နိုင်ငံရေး စီးပွားရေး ပညာရေးများသည်သို့မျှ မအောင်မြင်နိုင်ပါ။

နိုင်ငံတစ်ခု၏ နိုင်ငံရေးတည်ငြိမ်မှုရှိမရှိ၊ ငြိမ်းချမ်းရေးအသီးအပွင့် ခံစားရခြင်းရှိမရှိတို့သည်လည်း တစ်နည်းအားဖြင့် စာဖတ်သောပြည်သူ အရေအတွက်ပေါ်တွင် မူတည်နေပါသည်။

တစ်လောက ကမ္ဘာ့စာအုပ်သတင်းတစ်ခုဖတ်လိုက်ရ၏။ အမေရိကန်စာရေးဆရာ 'ဂျာလက်ဖ်ဒိုစ်နီ' ရေးသောဝတ္ထုစာအုပ်တစ်အုပ်သည် အမေရိကန်နိုင်ငံတွင် တစ်နှစ်အတွင်း အုပ်ရေ ၁၀ သန်းရောင်းရပြီး အခြားနိုင်ငံ ၇၀ တွင် အုပ်ရေ ၃၈ သန်းရောင်းရတာ အုပ်ရေ ၄၈ သန်း ရောင်းရသော စံချိန်တင်ခဲ့သည်ဆိုသော သတင်း။

ယနေ့ မြန်မာနိုင်ငံတွင်ကား အရောင်းရဆုံးစာရေးဆရာ လေး၊ ငါးဦး၏ စာအုပ်က အုပ်ရေနှစ်ထောင်သုံးထောင်။ ကျန်စာရေးဆရာများ ကား အုပ်ရေ တစ်ထောင်ကို တစ်နှစ်လုံးရောင်းတောင် ရောင်းမကုန်။

မည်သို့ဆိုစေ စာအုပ်ရေးသားထုတ်ဝေ ဖြန့်ချိသူအချို့အနေဖြင့်ကား နည်းမျိုးစုံသုံးပြီး မြန်မာစာပေလောက ကယ်တင်ရေးကို ကြိုးပမ်းလုပ်ဆောင်နေကြသည်ကိုပင် ရှားရှားပါးပါး အာဂသူရဲကောင်းကြီးများအဖြစ် ချီးကျူးထောမနာ ပြုကြရမည်သာဖြစ်၏။

အယ်ဒီတာအဖွဲ့

Asian Fame Media Group

# CONTENTS
OCTOBER 2013


2.. အယ်ဒီတာနှုတ်ခွန်းဆက်

ကဗျာ

7…မင်းချမ်းမွန်၊ မောင်လင်းရိပ်၊
လင်းသက်ညီ၊ သစ်ခက်အိမ်၊ ညီသစ်၊ စိုးရ

ကာတွန်း

13…မြေဇာ၊ မောင်မောင်၊ စိုးသော်တာ၊
ဝလုံး

ရတီအထူးကဏ္ဍ

21…Cover Image
စိန်စံပယ်ဖူး
ထက်ထက်မိုးဦး

52…Special Cover Image
ဖွေးဖွေး
ဖြိုးစုပိုပို

25…Updating Fashion
ဆုမြတ်နိုးကျော်
သီတာစိုး

73…Greatest Hits of
Lu Min
မိုးသောက်ကြယ်

32…Say Yes Wonderful
ရွှေသမီး၊ ဆုမြတ်နိုးဦး၊ မြတ်နိုးဦး၊ နှင်းယမုံဦး၊
မေသွန်းဆ၊ ဆုပွင့်ဦး
ဖြိုးစုပိုပို၊ သီတာစိုး

45…Harmonioes Hair
နန်းဝေမား
သီတာစိုး

58…Stylish Rider
ပိုးအိခြူဇင်
သီတာစိုး

64…ထိန်းသိမ်းဆန်းသစ်မြန်မာ့အလှစစ်
ဓပ
သီတာစိုး

69…MOD MOM
မိုးပြည့်ပြည့်မောင်၊ အိမ့်မွန်သိမ့်
ဖြိုးစုပိုပို





Asian Fame Media Group

# CONTENTS

OCTOBER 2013


79...Music Plus Yati

ဝိုဝို

*Zigzag*

82...သူပြောတဲ့

သူ့အကြောင်း

ရဲရင့်အောင်

*သီတာစိုး*

87...သူတို့ပြောတဲ့ B

ဦးရဲနိုင်မိုး၊ မေသကြိန်ဟိန်း

သင်းသင်းသာ

*ဖြိုးစုဝိုဝို*

ရတီနိုင်ငံတကာ

92...The Hunger Games

Catching Fire မှာ လန်းဦးမယ့်

ဂျင်နီဖာလောရင့်စ်

*ရဲသစ်*

95...ရတီကိုရီးယား

*ဇင်မြင့်စံ*

163...International News

*ဖြိုးဖြိုး*

177...Beauty

*တင်လတ်သုဗ္ဗာစိုင်*

194...Film Feeling

*ဖြိုးဖြိုး*

102...မမရတီအမေးအဖြေ

ရတီအသောအထေ့

200...Funny Photo

201...ကတ်သီးကတ်သတ်ပြောတဲ့

တောက်တီးတောက်တဲ့





af MEDIA GROUP
Asian Fame Media Group

# CONTENTS

OCTOBER 2013


ရတီကျန်းမာရေး

188...လှပစိုပြည်ရတီမေ

*မာဦး*

150...ပိုးလေးဖက်နာနှင့်

သွေးလေးဖက်နာ

*ဒေါက်တာ အောင်ဆန်းဝင်း*

ရတီဆောင်းပါး

17...ဗုဒ္ဓကိုမိတ်ဆက်ခြင်း

*မွေးဂင်္ဂါ*

99...စိမ်းလန်းသော မီဒီယာ

*မြင့်သူဇာထွန်း*

161... ပေဟာလိုးဝင်းပွဲတော်နဲ့

ချောက်ချောက်ချားချားဖက်ရှင်

သိမ့်နှင်းအိမ်

184...ရာသီခွင်အလိုက်

လိုက်ဖက်ညီအဆောင်ပန်းလေးများ

ဒါယု

191...သစ်ခွဘုရင်မ သို့မဟုတ်

ကတ်တဲလီယာ

နေမျိုးနိုင်

132...ဒဏ္ဍာရီပုံပြင်ထဲမှာ

*နှင်း*

136...ဖြိုးသိမ်ဖြိုးပဲ့နှင့်

ကြယ်တံခွန်အန္တရာယ်

*ကျော်ဦး*

153...တွင်းထွက်ပုံဆောင်ခဲ

များနှင့် ကျောက်မျက်တို့၏

ဆေးကုသနိုင်စွမ်း

*သိန်းပိုင် (M.Engg.Geol.)*

မန္တလေးအတွေး၊ မန္တလေးအရေး

169...အသက်ကြီးလာမှ

*ကိုထွန်း (လမ်း-၈၀)*

ဖူးနူးသစ်လွင်ကဗျာဥယျာဉ်

104...ကိုဂျိုး(ဝက်လက်)၊

လေပြည်ချမ်းချမ်း၊ ထက်သခင်

(သုံးဆယ်)၊ မျိုးဝင်း၊ ဖက်စိမ်း၊

ထွက်းနေသွေး၊ မင်းသက်တန့်၊ ကဠနာ





af MEDIA GROUP

Asian Fame Media Group



# CONTENTS

OCTOBER 2013


ရတီပေဒင်

181...ဒေါက်တာမြတ်သစ်

(မန္တလေး)

Yati Digest

198...တယ်လီဖုန်း ယဉ်ကျေးမှု

သတိပြုစရာ

*ကိုလင်းမာန်အောင်*

124... ရတီစာအုပ်စင်

ရတီဝေဖန်ရေး

148...ဒါရိုက်တာ ကုသိုလ်၏

'အိမ်ဖော်'

*မောင်အိမ်စံ*

ရည်ညွှန်းဖွဲ့သီ ချစ်သူဆီ

156...လျှောက်ခဲ့ပြီပေါ့

ခရီးအဆုံး

ခင်ဝတ်ရည် (ပညာရေး)

ရတီအခန်းဆက်ဝတ္ထုရှည်

139... နှံ့နစ်နှလုံးသား

ပတ္တမြားဖြစ်စေ

*မောင်လွင်မှုန်(ကသာ)*

ရတီဝတ္ထုတို

108...ညအမှောင်ယံထဲမှာ

*သော်ဇင် (လှိုင်ကော်)*

114...အရှုးသွင်းတဲ့ဂိုး

*ဆလိုင်းနွေ (မင်းတပ်)*

118...ခြေခင်းလက်ခင်း သာသော

ညနေခင်း

*နိုင်စိုးလင်း*

126...သက်တမ်းကုန်ဆုံးရက်

*မြနှောင်းညို*


---

ပန်းချီသရုပ်ဖော်

မြတ်မင်းဟန်၊ အောင်ကျော်၊ ဒေတ်ဘုန်းမို၊
ပင်းသူရိန်၊ ငုအိမ်ထက်မြက်၊ ပန်းချာန်

Asian Fame Media Group

# အခုတစ်လော
# အဖေ လွှတ်တော်တက်နေတယ်




ကျွန်တော့်ကိုဘုရားသခင်နဲ့အမေက
ဝန်ကြီး ဝန်ကြီးချုပ် လုပ်ဖို့ မွေးခဲ့တာ မဟုတ်ဘူး
ကိုယ့်ထမင်းကိုယ်စားပြီး တိုင်းပြည်ချစ်တာ
ဟိုဟာဒီဟာ ဖြစ်ဖို့လည်း ကြီးကြီးကျယ်ကျယ် မရည်ရွယ်ဘူး
ဂျာနယ်တွေဖတ်တယ်၊ ဘုတ်အုပ်တွေဖတ်တယ်၊
လက်ဖက်ရည်ဆိုင်ထိုင်တယ်
အသစ်ထုတ် သတင်းစာတွေ တစ်စောင်ပြီးတစ်စောင် သဲသဲမဲမဲ
ဒီသလို လေးလေးနက်နက်၊ အဲဒီသလို ပေါ့ပေါ့ပါးပါး
ထမင်းစား ကျောက်ကလေးသာ အစာကောက်ရှာဖွေတတ်တဲ့အဖေဟာ
ပဋ္ဌမ မဏ္ဍိုင် ကျွန်တော်တို့ မိသားစု နိုင်ငံတော်ရဲ့ သမ္မတကြီးပေါ့
အသည်းလိုက် အူလိုက် သူ့ရှုစ်တဲ့ဗိုက်ချပ်ကို
ပြောသလိုလုပ်ပြီး၊ လုပ်သလိုပြောတဲ့လူဆိုတော့
လူနဲ့မှုထပ်တူကျတာ ဘာဆန်းမလဲ
ဂုဏ်ယူစရာ ကောင်းတာက
အဖေဟာ ဘယ်တော့မှ ကြောင်ကြောင်ကျားကျား မဝတ်တတ်ဘူး
ကိုယ်ကျင့် သိက္ခာနဲ့ သမာဓိမှာ
သူဝတ်တဲ့ တစ်ရောင်တည်းသော အကျီအဖြူကို သန့်စင်တယ်
ပြောစရာ တစ်ခုပဲရှိပါတယ်၊တကယ်ပဲ ပြောစရာ
ခုတစ်လော မနက်စောစောမှာ
အဖေဟာထသွားထလာ ရေဒီယို တကျွိကျွိနဲ့ပဲ
လက်ဖက်ရည်ဆိုင် Sky Net ထဲက လွှတ်တော်
အဲဒီလွှတ်တော်ပဲ စွဲစွဲမြဲမြဲ တက်နေတော့တယ်
ထမင်းမေ့ဟင်းမေ့၊ လက်သီးတစ်ဆုပ်ဆုပ်၊ ပါးစပ်တလှုပ်လှုပ်နဲ့
ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ယောက်လိုလို … ဘာလိုလို
တစ်ခါတလေ တက်ခေါက်နေလိုက်သေးတယ် …အဟုတ်။

မင်းချမ်းမွန်

Asian Fame Media Group

# တွင်းနက်ကြီးထဲမှာ ကဗျာ



ကဗျာရေးရုံ မလုံလောက်ဘူး ထင်တဲ့သူဟာ
ကဗျာဆရာ ဆက်ဖြစ်နေရဦးမလား
ဖုံးနဲ့ ဝှန်းမလား ဒုံးနဲ့ ဝှန်းမလား မကွဲပြားသေးတဲ့ လေယာဉ်ပျံဟာ ပုစဉ်းတစ်ကောင်လို
ရသအလှရှိပုံရနေတာ
ကျုပ် ကဗျာနဲ့ ပစ်ချရမှာလား၊ ပန်းထိမ်လောင်ချာသမားအဖြစ်ကို ရွေးရမှာလား
သေနတ်ခလုတ် တစ်ထောင်လောက်ကို နှိပ်နေတဲ့သူတွေဟာ ပါးစပ်မဟာရဲ့ မင်းတုပ်၊ သော့
ခလုတ်၊ ဒုတ်ဒုတ်ထိ ချထားကြရဲ့
သတင်းတို့ စုပ်စုပ်မှောင်အောင်ချုပ်ခဲ့
ပြည်သူ့ဝန်ဆောင်မှု မီဒီယာဆိုတဲ့အသံက မြောက်ဖျားသေနတ်သံတွေ ဖုံးအောင်
အော်နေသလို
အို ပွဲတော်ရက်တွေကို အုပ်မိုးထားကြတဲ့ အရိပ်မည်းကြီးများတို့
ခေတ်ဟောင်းသို့ ပြန်သွားကြ၊ စစ်ဘုရင်ချုပ်၊ စီးချင်းထိုးကြ၊ တစ်ဂိုလ်ထင်းရှင်
တစ်ဂိုလ်တက်ကြ
အလိုကြီးသူအချင်းချင်း အလိုအတွက် ငြင်းကြလော့
အကျိုးအမြတ်နဲ့ အရှုံးအရှုံးဝေစုကိုသာ ရှယ်ရှိနိုင်သူ တပ်သားနဲ့ အရပ်သားတို့မှာ
မချိမဆံ့ မဆံ့ရင်ကန် မတန်တဆ မရှုမလှ နာလှချေပြီ
မင်းတစ်ရာသချိုင်းကို ဖွဲ့သူ ကဗျာဆရာဟာ နယ်ရုံစစ်ပါဦးတဲ့လား
"မင်းပြန်နဲ့၊ မင်းပမာစစ်သားရေ၊ မင်းပြန်ခဲ့ မြစ်ကြီးရဲ့အနားကို"
ငါ အဲဒီလို ပုံတင်ထပ်ချင်ပုံ
ကဗျာရေးရုံ မလုံလောက်တော့ဘူး ထင်မိပုံ
စစ်ရှောင်သူ ရိုက်ချက်များ၊ ကင်မရာခလုတ်ကို တဖိုင်းဖိုင်း နှိပ်ချလိုက်ပုံ
ဓာတ်ပုံဂျာနယ်လစ်တွေလို ငါ ယုံကြည်ရာဘက် ဘယ်လို ဝင်တိုက်ရမလဲ
ကဗျာက ယုံကြည်တဲ့ ဘက်ဆိုတာ ရှင်းပါတယ်
လက်နက်ဆို အင်္ဂါတစ်စမရှိတဲ့ သာမန်ပြည်သူမှန်သမျှရဲ့ဘက်ပါပဲကွယ်
သေနတ်မရှိပေမဲ့ ပါးစပ်ရှိတဲ့ကဗျာက ဟစ် ဟစ် အော်တယ်
သမိုင်းတစ်လျှောက်လုံး ပွဲတင်မဆုံးအောင် ကုန်း ကုန်းအော်တယ်
သေနတ်သံက မြင်ယံတစ်ကြောမှာ ခဏတာအတွင်း လျှောကျပျောက်ကွယ်သွားပေမယ့်
သေနတ်ဒဏ်ရာတွေဟာ ကဗျာထဲမှာ အမည်းဆုံး အထူဆုံးစာလုံးတွေနဲ့
ကျဆုံး အမှန်တရား၊ ကျဆုံး သာမန်ပြည်သူ၊ ကျဆုံး လူ့ယဉ်ကျေးမှု၊ ကျဆုံး
ကလေးသူငယ်များ၊ ကျဆုံး အနာဂတ်၊ ကျဆုံး မျှော်လင့်ခြင်း
စစ်ပွဲအခါခါအတွက် ကဗျာ အခါခါ အော်ရ၊ အော်ရုံနဲ့ အားမရ
ကဗျာရေးရုံ မလုံလောက်တော့ဘူး ထင်မိပုံ
ရက်တစ်ရာ ပွဲတစ်ရာနဲ့ ငါတို့ ရှုပ်ယှက်ခတ်ခဲ့ပုံ
ပွဲတကာတို့ ကွဲစေတဲ့ စစ်ပွဲဟာ ငါတို့ရင်ထဲ မှိန်ပျောက်နေပုံများ
နောက်ဆုံး ချိန်နဲ့ ကဗျာပေါ်သာ ပုံလိုက်ရပုံ
မစဲသေးတဲ့ စစ်ပွဲတွေရပ်ဖို့ ကဗျာနဲ့လည်း မလုံလောက်ခဲ့
ငြိမ်းချမ်းရေးစင်တာနဲ့လည်း မလုံလောက်ခဲ့
ငြိမ်းချမ်းရေး ဖော်ဆောင်ရေးကော်မတီနဲ့လည်း မလုံလောက်ခဲ့
သမ္မတကြီးနဲ့လည်း မလုံလောက်ခဲ့
လူထုခေါင်းဆောင်နဲ့လည်း မလုံလောက်ခဲ့
နှစ်ခြောက်ဆယ်နဲ့လည်း မလုံလောက်ခဲ့
အလွန်နက်ရှိုင်းတဲ့ ဒိုင်းအမာပေါက်ပက်ကြီးပါကလား။

မောင်လင်းနိုင်

Asian Fame Media Group

# ရပ်နားချိန်

လက်ကိုင်ဖုန်းလေးဖွင့်ထားမယ်
ဆိုက်ရောက်ပြီးတစ်ဆယ့်ငါးမိနစ်
တစ်ကွင်းလုံးမြင်းတစ်ကောင်လို ပြေးလွှားနေရတယ်
တစ်ဘဝလုံး ရထားတစ်စင်းလို ခုတ်မောင်းနေရတယ်
ပျော်ရွှင်စရာရော နာကျင်စရာပါ
ကွင်းထဲမှာ မြက်ပင်စိမ်းတွေလို စိုက်ပျိုးထားတယ်
လိမ့်နေတာပဲ လွင့်စဉ်ထွက်သွားတာပဲ
ကန့်ချက်တိုင်းမှာ ဒဏ်ချက်တွေအပြည့်နဲ့
လေပေါ်မြောက်တက်ပြီး ပြန်အကျမှာ
ရေသန့်ပုလင်းဘူးထဲ စုန်ဝင်ပျောက်ကွယ်သွားချင်တယ်
နန်းကြီးသုပ်၊ ငါးထမင်းနယ်၊ မြန်မာ၊ ရှမ်း
အစုံရတယ် ဘာစားမလဲကို
သက်လုံကောင်းအောင် လေ့ကျင့်ထားလည်း
မောပန်းနေရတာပဲ
တစ်ဆင့်ငါးမိနစ်ကြီးရှင် ပြန်စမယ်
ခြေစွမ်းဘယ်လိုမျိုးလဲ
နိုင်ငံအောင် ဘယ်လိုလှည့်ကွက်သုံးမလဲ
ပေဘာက်ဂူးကြီးတန်မဲ့ ဟန်ဆောင်လှဲဦးမလား
ခေါင်းတစ်ခါခါ လည်တစ်ခါခါ
မသိသလို သိသလိုနဲ့ ဖုတ်ဖက်ခါပြန်ထ
အချိုးကွက်နင်းနေလိုက်တယ်။

လင်းသက်ညီ





# မရေးချင်ဆုံးကဗျာ . . .
## ဒါပေမဲ့

သူတို့လေးတွေရဲ့ နုပျိုမှုနဲ့
အနာဂတ်ကိုပိုင်စိုး လက်ရှံးဆန့်ခွင့်
သူတို့လေးတွေရဲ့လက်ရုံးနဲ့အနာဂတ်မှာခိုရုံးတွေပွဲ့ခွင့်
သူတို့လေးတွေရဲ့ပိုင်းခြားနိုင်မှုနဲ့
သမိုင်းရဲ့အကိုင်းအခက်အသစ်တွေ ဖြာဝေပိုင်ခွင့်
ခပ်တင်းတင်းဆုပ်ကိုင်ထားကြပေါ့။
သူတို့လေးတွေ
မာယာအသစ်တွေကို ရွှန်းစားမှုအများတွေနဲ့
ရွှန်းရွှန်းစားစားဆက်ပြီးမှားနေကြမှာကိုလည်း ကြောက်တယ်
တောင် မြောက်လွဲခဲ့တဲ့သတ္တိတွေကို
မြေပုံလုပ်ပြီး ခရီးဆက်မိကြမှာကိုလည်း ကြောက်တယ်
သူတို့ကြီးပြင်းလာတဲ့အခါ
ရေးရေးတွေးလိုက်ရုံနဲ့ စေ့စေ့ပေါ်လာနိုင်တဲ့ ပုံရိပ်စစ်တွေ
အဲဒီအခါ
သူတို့လေးတွေ ရယ်မောလိုက်မယ့်အသံမှာ
ကျည်ဆန်တွေပါလာမှာကိုလည်း ကြောက်တယ်
ခုတော့
သူတို့နဲ့မျက်လုံးချင်းဆုံတိုင်း
သူတို့မျက်ဝန်းထဲ
ပုန်းရိုကျန်နေသေးတဲ့ ချောင်းလေးတစ်ချောင်းမှာ
မျက်လွှာလေးချလို့ ကျုပ်။

ကျုပ် မညာချင်ပါဘူး
စစ်မြေပြင်ကိုရောက်ပြီး ခြားကုန်ချင်ယောင်
ဆောင်ခဲ့ဖူးတယ်။

ကျုပ်မညာချင်ပါဘူး
လက်သီးကိုကျစ်ကျစ်ဆုပ်ပြီး
ပုဆိုးခြုံထဲထည့်ခဲ့ရတယ်။

ကျုပ် မညာချင်ပါဘူး
နောက်ကျသူဖြစ်မှာစိုးလို့
ခြေထောက်က ရှေ့ဆုံးမှာသစ္စာရှိခဲ့ဖူးတယ်။

မညာချင်တော့ပါဘူး
အခု ဘယ်ရောက်သွားမှန်းမသိတဲ့ သူ့ခိုးကို
ထိုးကွင်းထဲနေတယ်။

မညာချင်တော့ပါဘူး
အခုမေနေတဲ့ အိုးမည်းတွေကို
ခြင်းထဲမှာ ခွပ်ရင်းဖျက်နေရတဲ့ ထဲမှာပါတယ်။

မညာချင်တော့ပါဘူး
အခု ဒီယှန်မြင်ပြီး ထွင်ထားတဲ့ချိုထဲ
ဒီပဲက ဒီပုတ်ထဲမှာပဲ ပျော်နေရတယ်။

ကျုပ် မညာတော့ပါဘူး
မညာတော့ပါဘူး
ဒါ... ကျုပ် မရေးချင်ဆုံးကဗျာ
ဒါပေမဲ့...
သမိုင်းမှားနဲ့ သူရဲကောင်းမျက်နှာဖုံးမတပ်လို
သမိုင်းမှားနဲ့ ဒိုင်းတစ်ခုရဲ့နောက် ပုန်းကျိုးမနေလို
သမိုင်းမှားနဲ့ မိုင်းကွင်းတစ်ခုထဲ တွန်းပို့မပစ်လို
သမိုင်းမှားနဲ့ စိတ်တွေ အပိုင်းပိုင်းကျိုးပဲ့မသွားစေလို
သမိုင်းမှားနဲ့...
သမိုင်းမှားနဲ့...
သူတို့က မြားဦးဆို ကျုပ်က မြားတောင် သံနှိုင်းဘန်နဲ့
ပစ်မှတ်စက်ဝိုင်းကို
ကျုပ်တို့အတူလက်မမောင်းခတ်ဖို့
သူတို့လေးတွေရဲ့အနာဂတ်မှာ ရာဇဝင်ရိုင်းချင်ရိုင်း
ကျုပ် သမိုင်းကိုကျုပ်...
ဒီကဗျာနဲ့
အမှန်အတိုင်း ရဲရင့်လိုက်တယ်။

သစ်ခက်အိမ်

Asian Fame Media Group
MEDIA GROUP

# အနုပညာနဲ့ ဆင်းရဲခြင်း



□ ကိုလံဘတ်
ခင်ဗျားမှာ မြေပုံအညွှန်းမရှိဘဲ
ကမ္ဘာမြေသစ်ကြီးတစ်ခုကို
တွေ့ရအောင်ရှာခဲ့တယ်။
□ ပန်းဥယျာဉ်ဟာ
ဥယျာဉ်မှူးအရှင် ဖြစ်ပေါ်တယ်။
□ သစ်ပင်၊ သစ်တောနေရာကို
ပေါင်းပင်မြက်ပင်တွေက
နေရာဝင်လုယူဖို့ စောင့်နေကြပြီ။
□ အလျှင်အမြန်
စံစားသင်ယူရတဲ့
အရာတချို့ရှိတယ်။
□ အနုပညာနဲ့ ဆင်းရဲခြင်းကို
သင်ယူဖို့
ရှိစုမဲ့စု ပစ္စည်းဖြစ်တဲ့
သမိုင်းခေတ်အချိန်ကာလများစွာနဲ့
လဲလှယ်ယူရတယ်။
□ အနုပညာနဲ့ဆင်းရဲခြင်းဟာ
ကမ္ဘာပေါ်က ပျောက်ကွယ်သွားနိုင်သလား။
□ ငါတို့ အင်္ကျီဟောင်းကြီးကို
ပြန်ပြီး မဝတ်ချင်တော့ဘူး။
□ အနုပညာစစ်စစ်ပဲ
လိုချင်လို့မရဘူး။
ဆင်းရဲခြင်း စစ်စစ်ချည်းဘဲ
ကမ္ဘာပေါ်က မောင်းထုတ်
သုတ်သင်ရှင်းလင်းပစ်လို့ မရဘူး။
□ အနုပညာဆင်းရဲခြင်းအတွက်
နောက်ဆုတ်ခုခံရပ်တည်ရာ
နေရာမရှိဘူး။

ညိုသစ်
(၂၀၀၇)

MEDIA GROUP
Asian Fame Media Group

# ရန်ကုန်ကိုရောက်ခဲ့တယ်



ရောက်ပြန်ပြီလေ ညနေ
အရိပ်တွေ ရှည်ထွက်တတ်လွန်းလို့
အလွမ်းတွေကို ခေါက်သိမ်းထားရတဲ့
ညနေ။

ကိုယ်ဖော့ထားတယ်၊ အကြောလျှော့တယ်
ရွှေငါးတွေကို အစာကျွေးသလို
သစ်ခွပင်တွေကို ရေလောင်းသလို
ပျော်ရွှင်မှုကို ကျုပ်ထုပ်ထိုးပေးရတယ်။

သံသယဖြစ်ခြင်းနဲ့
အပစ်အခတ်ရပ်စဲထားတာ ကြာတော့
ကိုယ့်ကိုယ်ကိုယ် မှန်ထဲ ပြန်ပြန် ကြည့်ပေးရတယ်။

ရွှေမှုန်တွေလို
အချိန်တွေက အဖိုးတန်တယ်ဆိုတော့
ငွေဝတ္ထုတွေနဲ့ လဲလှယ်ရတယ်။

လေ့တိတ်တိုက်မှာ ကြောက်လို့
ဘယ်မှ မရောက်ခဲ့တဲ့ ရှုမျှော်ခင်းတွေ
ခဏခဏ ဖုန်သုတ်ပေးရတယ်။

တစ်မိုးအောက် အတူတူ
ကြမ်းတစ်ပြေးတည်း သူစိမ်းများအကြား
လောဘနဲ့လောကကို
ဆွေမျိုးစပ်ပေးရတယ်။

အံ့ဩတယ်
အလွယ်တကူ လောင်းရိပ်မိလို့
အလွယ်တကူ တွန့်လိပ်ကောက်ကွေးလို့
အလွယ်တကူ အခက်အလက်တွေဝေဆာလို့
အညှောက်ပေါက်တာချင်းအတူတူ
ကြီးထွားနှုန်းမတူတဲ့ တောအုပ်တွေ
မြို့ပြတွေမှာ စိမ်းလန်းလို့။ ။

စိုးရ

Asian Fame Media Group

# CARTOON




Asian Fame Media Group



Asian Fame Media Group



Asian Fame Media Group



Asian Fame Media Group
MEDIA GROUP



# ဗုဒ္ဓကို မိတ်ဆက်ခြင်း

ဓမ္မဂင်္ဂါ

ဂေါတမဗုဒ္ဓ၏ ကိုယ်ပိုင်အမည်တော်ရင်းက သိဒ္ဓတ္ထဖြစ်သည်။ ဂေါတမဆိုသည်က မိသားစု အနွယ်တော်အမည်ဖြစ်၍ ဗုဒ္ဓအရှင်၏ အမည်တော်အပြည့်အစုံက ဂေါတမသိဒ္ဓတ္ထ ဖြစ်လာရသည်။ ဗုဒ္ဓဆိုသည်မှာ အမည်မဟုတ်ဘဲ ကိုယ်တော်မြတ်၏ နိုးကြားသိမြင်တော်မူခြင်း ဖြစ်သည်။ ဗုဒ္ဓဟူသည် နိုးကြားသိမြင်သူဟု အဓိပ္ပာယ်ရသည်။ ဂေါတမဗုဒ္ဓသည် အကျော်ကြားဆုံးနိုးကြားသိမြင်သူပုဂ္ဂိုလ်မြတ်ဖြစ်သည့်တိုင် ကိုယ်တော်မြတ်တစ်ပါးတည်းသာ နိုးကြားသိမြင်သူ မဟုတ်ပါလေ။

သိဒ္ဓတ္ထဂေါတမ မတိုင်မီ ဗုဒ္ဓအရှင်များစွာ ပွင့်ထွန်းတော်မူခဲ့ပြီး ပွင့်တော်မူလတ္တံ့ ဗုဒ္ဓဘုရားအဆူဆူလည်း ကိုယ်တော်မြတ်နောက် တွင် အသင့်ရှိနေခဲ့ပါသည်၊ လူသူမြတ်တိုင်း ဗုဒ္ဓအဖြစ်ကို ရရှိနိုင်သမျှ အသစ်သစ်သော အနာဂတ်ဗုဒ္ဓအရှင်မြတ်အဆူဆူ ဆက်လက်ပွင့်ထွန်းပေါ်ပေါက်နေဦးတော့မည်သာ။ လူတိုင်းလူတိုင်း ဗုဒ္ဓဖြစ်ခွင့်ရှိနေပါလေသည်၊ ပါရမီအခွင့်အလမ်းကောင်းကို စောင့်မျှော်ကြရုံသာဖြစ်ပါသည်။ တစ်နေ့နေ့ ပဟိဒ္ဓလောက အမှန်တရား၏ နှိပ်စက်မှု၊ အရာရာသည် အနှစ်မဲ့အသာရကဟု သိမြင်ရှုရာမှုဖြစ်ပေါ်လာသောအခါ သင်သည် အမြွတ္တကို ဦးတည်ပေတော့မည်။ ဗုဒ္ဓဆိုသည့် စကားလုံးကိုက နိုးကြားသော အသိဉာဏ်ကို ရည်ညွှန်းသည်။ ဗုဒ္ဓိ (အသိဉာဏ်)ဆိုသော ဝေါဟာရသည်လည်း တူညီသောစကားအရင်းအမြစ် (ဓာတ်)ကပင် လာသည်။ စကားအရင်းအမြစ် ဗုဓ (ဓာတ်)တွင် ဒိုင်းမင်းရှင်းများစွာ ရှိနေသည်၊ ထိုဗုဓနှင့် တစ်လုံးချင်း အလဲအထပ် ပြုနိုင် သော အင်္ဂလိပ်ဝေါဟာရမရှိပေ။

ဗုဓသည် ကောက်ချက်များစွာကိုပေးသည်၊ စီးဆင်းမှုညင်သာသကဲ့သို့ ကဗျာလည်းဆန်လှသည်။ အခြားမည်သည့် ဘာသာစကားမှာမှ ဤဗုဓကဲ့သို့ အဓိပ္ပာယ် အမျိုးမျိုးဖြင့် တည်ရှိသော ဝေါဟာရမျိုးမတွေ့နိုင်၊ ဗုဓက အနည်းဆုံး အဓိပ္ပာယ်ငါးမျိုးကို ရည်ညွှန်းသည်၊ ပထမ အဓိပ္ပာယ်က နိုးထမှုနိုးထစေမှုဖြစ်သည်၊ ကိုယ်တိုင်နိုးထမှုနှင့် သူတစ်ပါးကို နိုးထစေမှုပင် ဖြစ်ပါသည်၊ အဝိဇ္ဇာအိပ်ပျော်ရာမှ အိပ်မက်က နိုးထလာသလိုမျိုး အသိဉာဏ်က နိုးထရမဲ့ဖြစ်၍ အိပ်မောကျခြင်းကို ဆန့်ကျင်သည်။

**အမှားကို အမှားအဖြစ် မြင်ခြင်းသည်ပင် အမှန်တရားကို နားလည်ခြင်း၏ အစဖြစ်သည်။**


**အမှားကို အမှားအဖြစ်မြင်သောအခါမှသာ အမှန်တရားကို သင်မြင်နိုင်ပေမည်။**













ဤသည်ပင် ဗုဓအသိဉာဏ်၏ ပထမ အဓိပ္ပာယ်ဖြစ်၍ သင့်အဖို့ယခုတွင် နိုးကြားမှုကို ဖန်တီးယူရပေလိမ့်မည်။ သာမန်အားဖြင့် လူတို့သည် အိပ်မောကျနေကြ၏။ သင့်ကိုယ်သင် နိုးထနေသည်ဟု ထင်သည့်တိုင် အမှန်တကယ်နိုးထနေခြင်းမဟုတ်။

လမ်းလျှောက်နေစဉ် သင့်စိတ်တွင် သင်သည် အပြည့်အဝ နိုးကြားနေသလိုမျိုးပါပဲ။ သို့သော် ဗုဒ္ဓအရှင်၏ ရှုထောင့်မှကြည့်လျှင်တော့ သင်သည် မြန်ဆန်စွာ အိပ်ပျော်နေခြင်းဖြစ်သည်။ ဆိုရလျှင် မဆုံးနိုင်သော အတွေးများ အိပ်မက်များက သင့်ကိုလွှမ်းမိုးနေသည် မဟုတ်ပါလား။

သင်အဖွဲ့တွင်အလင်းက အိပ်စက်ခြင်း တစ်မျိုးတွင် တိမ်ညှိမှိုင်းနေသည်။

တကယ်ပင် သင့်မျက်လုံးများ ထိုသာစွာ ဖွင့်ထားသော်လည်း သင်တတော့ အိပ်မက်ထဲမှာ လမ်းလျှောက်နေသည်။ မျက်လုံးဖွင့်ပြီး အိပ်နေခြင်းပါပဲလေ။ ဗုဒ္ဓအရှင်က သင်တာ မျက်လုံးဖွင့်ပြီး အိပ်စက်ခြင်းထဲ လမ်းလျှောက်ပါသည်တဲ့လေ။

အကယ်တန္တု သင့်အဖွဲ့တွင်မျက်လုံးများက မပွင့်လင်းကြ။ သင်မည်သူဆိုသည်ကိုပင် သင် မသိ။ သင့်အစစ်အမှန်ဘဝကို သင်မကြည့်မိ။ သင်တကယ်မနိုးကြားပါလား။ အတွေးစိတ်အစဉ်က မနိုးကြား။ နိုးကြားစေမှုလည်း မရှိနိုင်ခဲ့ပြီ။

တိမ်တိုက်များလွင့်ပါးသွားသဖြင့် လုံးဝ တိမ်စင်နေသော ကောင်းကင်အဇဋ္ဌာတွင် လက်လက်ထတောက်ပသည့် နေရောင်ခြည်ကဲ့သို့ အတွေးများနှင့် တွေးတောခြင်းကို လွှတ်ချလိုက်သော စိတ်သည်သာ အသိဉာဏ်ဝင်းပ၍ နိုးကြားသောစိတ်ဖြစ်ပါသည်။

အသိဉာဏ်ဟူသည် ပစ္စုပ္ပန်တွင် တည်တံ့နိုင်စွမ်းရှိခြင်းပင်။

သင်သည် အတိတ် (သို့မဟုတ်) အနာဂတ်တွင်သာ တည်ရှိနေလေလေ သင့်အသိဉာဏ်က ဆုတ်နစ်လေလေပါပဲ။ အသိဉာဏ်ဆိုသည်က ယခုအခိုက်အတံ့ကာလ၊ တခဏလေးမှတစ်ပါး အခြားတစ်နေရာရာမှာ ရှိမနေစကောင်း။ ဤသို့သာ ပစ္စုပ္ပန်အခိုက်အတန့်သမားကြီးဖြစ်လျှင် သင် နိုးကြားလေပြီ။

သင်သည် အိပ်တစ်အိမ်တွင် ထိုင်နေချိန် အိမ်ကို မီးလောင်သည် ဆိုပါစို့။

သင့်ဘဝက အန္တရာယ်ကြီးလှသည်။ သည်အချိန်အခိုက်အတန့်လေးမှာ သင်တကယ် နိုးကြားပေလိမ့်မည်။ ထိုတခဏ်တွင် သင်သည် အတွေးများစွာကို ပွားခွင့်မရှိပြီ။ အတိတ်ကိုလည်း မေ့သွားပြီ။ ဆွတ်ပျံ့ကြည်မောဖွယ်ရာ အတိတ်မှတ်စုများက သင့်ကို မလွှမ်းမိုးနိုင်တော့ပြီ။

လွန်ခဲ့သော နှစ်ပေါင်းသုံးဆယ် လူငယ်လေးဘဝက အမျိုးသမီးတစ်ယောက်ကို ချစ်ခဲ့ရသော ကြည်နူးမှု သို့မဟုတ် နေ့ရက်တစ်ခုခုမှာ တရုတ်စားသောက်ဆိုင်လေးတွင် စားခဲ့ရဖူးသည့် လတ်ဆတ်စွာ ချက်ပြုတ်ထားသော အစားအစာများ၏ ကပ်ငြိတပ်မက်ဖွယ် စွဲထင်နေဆဲရသည်များ တကယ့်ကို သင်မတွေးနိုင်တော့ပါ။

အနာဂတ်ကို သင် အိပ်မက်မက်တော့မည် မဟုတ်ပါ သို့မဟုတ် မနက်ဖြန် လုပ်မည့်အရာကို

Asian Fame Media Group
MEDIA GROUP

ပင် သင်မစဉ်းစားတော့ပါ။ မနက်ဖြန်ဆိုတာ ဘာမှမဟုတ်။ ဒီနေ့သည်ပင် အရေးမပါ။ အရေးတကြီးဖြစ်နေရသည်က ယခုတဒင်္ဂလေးသည်သာ။ တကယ်ပါ လောလောလတ်လတ်စက္ကန့်လေးသာ။

ဤသည်မှာ ဇုစ (အသိဉာဏ်)၏ ပထမအဓိပ္ပာယ်ဖြစ်သကဲ့သို့ ကြီးကျယ်သော ထိုးထွင်းသိမြင်မှုများစွာလည်း ရှိပေသည်။ နိုးကြားမှုကိုအလိုရှိသူ၊ ဗုဒ္ဓတစ်ဆူဖြစ်လိုသူသည် အန္တရာယ်ကြုံသောအခါမှသာ ရှားရှားပါးပါး နေထိုင်သကဲ့သို့သော အားထည့်စူးစိုက်မှု (Intensity)မျိုးဖြင့် ခဏတိုင်းကို ပိုင်နိုင်စွာ နေထိုင်ရပေမည်။

အဲဒီ အသိဉာဏ်ကပဲ လွတ်မြောက်မှုစိမ့်တိုက်ကို ပေးသည်။ အဲဒီအသိဉာဏ်ကပဲ အမှန်တရားသစ္စာကို သယ်ဆောင်လာပေးသည်။

ဇုစ၏ ဒုတိယအဓိပ္ပာယ်ကို အသိအမှတ်ပြုခြင်း၊ သတိထားခြင်း၊ ကျွမ်းဝင်ခြင်း၊ သတိပြုခြင်း၊ အာရုံစိုက် ခြင်းဟူသော ပရိယာယ်အနက်များစွာဖြင့် ဖွင့်ဆိုသည်။

ဗုဒ္ဓသည် အမှားကိုအမှားအဖြစ် အသိအမှတ်ပြုတော်မူသကဲ့သို့ အမှန်ကိုအမှန်အဖြစ် မျက်လုံးပွင့်တော်မူသော အရှင်မြတ်ဖြစ်သည်။

အမှားကို အမှားအဖြစ် မြင်ခြင်းသည်ပင် အမှန်တရားကို နားလည်ခြင်း၏ အစဖြစ်သည်။ အမှားကို အမှားအဖြစ် မြင်သောအခါမှသာ အမှန်တရားကို သင်မြင်နိုင်ပေမည်။ သင်သည် သစ္စာတရားကို အမှန်သိမြင်လိုခဲ့သော်

အမြင်မှားမှုဝိပလ္လာသတရားများဖြင့် ဘဝကို ရှေ့ဆက်လို့ မရပါ။

အယူမှားမှု ဒိဋ္ဌိတရားများဖြင့် ဘဝကို ရှေ့ဆက်လို့ မရပါ။

မသိနိုနား ဝိစိကိစ္ဆာတရားများဖြင့်လည်း ဘဝကို ရှေ့ဆက်လို့မရနိုင်ပါလေ။

အမှားကို အမှားဟု သိမြင်ရပေမည်။

ဤသည်မှာ ဇုစ၏ ဒုတိယအဓိပ္ပာယ်ဖြစ်သည်။ အမှားကို အမှား။

မမှန်တာကို မမှန်သည့်တိုင်း အသိအမှတ်ပြုခြင်းပါပဲ။

ဥပမာ သင် ဖန်ဆင်းရှင်ထာဝရဘုရားကို ယုံကြည်သည်။ ခရစ်ယာန် သို့မဟုတ် ဟိန္ဒူ သို့မဟုတ် မဟာမေဒင်တစ်ယောက်အဖြစ် မွေးဖွားလာသည်။ သင်သည်

ထာဝရဘုရားတည်ရှိကြောင်း သင်ယူခဲ့ရသည်။ ထာဝရဘုရားကို ကြောက်ရွံ့ရန် သင်ကြားခံရသည်။ သင်သည် ဖန်ဆင်းရှင်ကို မယုံကြည်ပါက ဒုက္ခကြုံရမည်။ အပြစ်ကိုခံရပေလိမ့်မည်။

ဖန်ဆင်းရှင်သည် စိတ်အကဲဆတ်သည်။ သင့်ကို ခွင့်လွှတ်တော်မူမည်မဟုတ်။ ယေဝတီဘုရားသခင်က "ငါကိုယ်တော်သည် မနာလိုမှုဣဿာကြီးသော ဘုရားဖြစ်၏။ ငါကိုသာလျှင် ပူဇော်လော့။ ငါမှတစ်ပါး အခြားမရှိစေရ" ဟု မိန့်ဆို၏။ မဟာမေဒင်ဘုရားသည်လည်း ထိုနည်းနှင်နှင် မြွက်ဟပြန်ချေ၏။

"ငါဘုရားတစ်ဆူတည်းသာ တည်ရှိ၏။ အခြားဘုရားမရှိချေ။ ဘုရားသခင်၏ တမန်တော်သည် မိုဟာမက်သာရှိ၏။ အခြားတမန်တော်မရှိချေ"။

ဤသွန်သင်မှုကိုခံယူထားခြင်းက သင့်အရွယ်တွင် နက်ရှိုင်းလာသည့်အတွက် ယခုမှ ထာဝရဘုရားကို ယုံကြည်သည်ဆိုစေ ဤအကြောင်းတရားများက တရစ်ဝဲဝဲ ရှိနေလေတော့သည်။

သင့်ကို ထာဝရဘုရားအား ယုံကြည်ရန် သွန်သင်ခြင်းခံရ၏။ သင်ကလည်း ယုံကြည်ပြီးလေပြီ။ ဤသည်မှာ ယုံကြည်မှုဖြစ်၏။

ထာဝရဘုရား အမှန်တကယ် တည်ရှိသည်

**အသိဉာဏ်ဦးစီးသူသည် ကွန်မြူနစ်လည်း မဖြစ်နိုင်၊ ဖန်ဆင်းရှင်နောက်လိုက်လည်း မဖြစ်နိုင်ပေ။ အသိဉာဏ်ဦးစီးသူက ယုံကြည်သူလည်းမဟုတ်။ မယုံကြည်သူလည်းမဟုတ်တော့။ ယုံခြင်းမယုံခြင်းသည် သူ့လမ်းစဉ်မဟုတ်။**

ဖြစ်စေ မတည်ရှိသည်ဖြစ်စေ၊ သင့်ယုံကြည်မှုကို အနှောင့်အယှက်မပေးနိုင်ပြီ။ အမှန်တရားသည်လည်း သင့်ယုံကြည်မှုအတွက် အရေးမပါပြီ။

သင်ယုံကြည်တာပဲဖြစ်ဖြစ် မယုံကြည်တာဘဲဖြစ်ဖြစ် အမှန်တရားကတော့ ခြားနားမှုမရှိ။

သို့သော် သင် ထာဝရဘုရားကို ယုံကြည်လျှင်တော့ မြင်ခြင်းဆီ ဆက်သွားရပေလိမ့်မည်။ အနည်းဆုံး သင်မြင်သည့်အရာ (ထာဝရဘုရားအကြောင်း)ကို ဆက်လက်တွေးတောရပေမည်။ ထာဝရဘုရားကို ယုံခြင်း၊ မယုံခြင်းက သင့်ကို သိမြင်ခြင်းမှ ကာကွယ်ထားတော့မည်။ ယုံကြည်မှုမှန်သမျှသည် သင့်အတွက် သံသယများ ဖြစ်လာနိုင်သောကြောင့် ယုံကြည်မှုမှန်သမျှက သင့်ကို သိမြင်ခြင်းမှ တားဆီးထားတော့မည်ဖြစ်ပါ၏။

ယုံကြည်မှုမှန်သမျှသည် အတွေးကို ဖုံးကာထားသော အရာများ (Thought Coverings) ပင်ဖြစ်သည်။ ထိုအရာများကို ဗုဒ္ဓအရှင်က အာဝရဏ (နီဝရဏ) တရားများဟု ဟောကြားလေသည်။

အသိဉာဏ်ဦးစီးသူကတော့ မည်သည့်အရာကိုမှ ယုံသည်လည်း မဟုတ်၊ မယုံသည်လည်း မဟုတ်ပေ။ ထိုသူ့အတွက်တော့ ပြဿနာတစ်ရပ်ကိုသိရှိရန် တံခါးဖွင့်ထားလေသည်။ ထာဝရဘုရားတည်ရှိလျှင် သူသိမြင်ပေလိမ့်မည်။ သို့သော် ထိုသို့ ဘုရားသခင်ရှိခြင်းကို သိခြင်းသည် သူ့ယုံကြည်သောကြောင့် မဖြစ်စေရ။

သူ့မှာ ယုံကြည်မှုဆိုတာမှ မရှိလေဘဲ။

မယုံကြည်သော အသိဉာဏ်သမား (နိုက်) သာ သစ္စာတရားသည် ပေါ်ရမြဲဖြစ်သည်။ သင်က ယုံကြည်ပြီးသူဖြစ်နေလျှင် အမှန်တရားဝင်ရောက်လာရန် ကွက်လပ်မရှိလေပြီ။ သင်၏ ယုံမှားမှု ဝိစိကိစ္ဆာတရားက နန်းသိမ်းပြီးလေပြီ။

သင့်ကို ထိတ်လန့်စေမည့်အရာ။ သင့်ကို လှုပ်ရှားစေမည့် အရာ၊ သင့်ကို တုန်လှုပ်စေမည့်အရာ၊ သင့်ယုံကြည်မှုကို ဆန့်ကျင်သည့် တစ်စုံတစ်ရာကို သင်မမြင်နိုင်ပါလေ။

သင်သည် သင့်ယုံကြည်မှုထဲသို့ ဘဝတစ်ခုလုံး၊ အချိန်အားလုံးနှင့် ဆုတောင်းဝတ်ပြုမှုများစွာ။ တစ်နေ့လျှင် ငါးကြိမ်ထိ နှစ်မြှုပ်ထားပြီးလေပြီ။

ဆိုကြပါစို့၊ လူတစ်ယောက်က နှစ်ပေါင်းငါးဆယ်ကြာ သူ့ယုံကြည်မှုထဲ သက်ဝင်ခဲ့ပြီးပြီ။ ခုကျမှ ရုတ်တရက်ဆိုသလို ဘုရားသခင်မရှိဟူသောအချက်ကို သူဘယ်လိုအသိအမှတ် ပြုနိုင်လေမလဲ။

လူတစ်ယောက်ကတော့ ဘုရားသခင်ဆိုတာ မရှိဟု ယုံကြည်စွဲမြဲစွာ ကွန်မြူနစ်ဝါဒအတွက် တစ်ဘဝလုံးရင်းခဲ့ပြီးပြီ။

ဘုရားသခင်ရှိတယ်ဆိုတာ သူ ဘယ်လိုမြင်လာပါလိမ့်မလဲ၊ သူကတော့ ဆက်လက်ငြင်းဆန်မြဲဖြစ်နေပါလိမ့်မည်။

ဤနေရာတွင် ဘုရားသခင်တည်ရှိခြင်း မရှိခြင်းကို ပြောလိုရင်း မဟုတ်ပါ။ ပြောလိုသည်က သင်နှင့်ပတ်သက်သော အရေးဖြစ်သည်။ ဘုရားသခင်နှင့်မဆိုင်ပါ။ ရှင်းသောစိတ် လိုအပ်သည်။ မည်သည့်ယုံကြည်မှုကိုမှ မကပ်ငြိသော အသိဉာဏ်လိုအပ်ကြောင်း ပြောလိုသည်။

ရှင်းသောစိတ်နှင့် မကပ်ငြိသော အသိဉာဏ်ကိုသာ ပိုင်ဆိုင်လျှင် သင်သည် ကြေးမုံမှန်သားပြင်တစ်ချပ်ဖြစ်လေပြီ။

မြင်သောအရာအတိုင်း ရောင်ပြန်ဟပ်ပေတော့မည်။

ဤသည်က ဇုစ၏ ဒုတိယအဓိပ္ပာယ်ဖြစ်သည်။ အသိဉာဏ်ဦးစီးသူသည် ကွန်မြူနစ်လည်း မဖြစ်နိုင်။ ဖန်ဆင်းရှင်နောက်လိုက်လည်း မဖြစ်နိုင်ပေ။ အသိဉာဏ်ဦးစီးသူက ယုံကြည်သူလည်း



Asian Family Media Group

မဟုတ်။ မယုံကြည်သူလည်း မဟုတ်တော့။ ယုံခြင်း မယုံခြင်းသည် သူ့လမ်းစဉ်မဟုတ်။

သူက ဘဝထဲသို့ စူးစိုက်ကြည့်သည်။ ဘဝထဲတွင် မည်သည့်အရာပဲ ရှိရှိ သူက ကြည့်ဖို့ အဆင်သင့်ဖြစ်နေမည်သာ။

သူ့အမြင်တွင် နံရံများမရှိ။ သူ့အမြင်က ပွင့်လင်းကြည်ရှင်းသည်။ ထိုအနည်းငယ်သော သူတို့သာ အမှန်တရားကို မျက်မှောက်ပြုကြရလေသည်ပဲ။

ဗုဒ္ဓ၏ တတိယအဓိပ္ပာယ်က သိခြင်း၊ နားလည်ခြင်းဖြစ်သည်။ ဗုဒ္ဓအရှင်သည် မည်သည်က မည်သို့ဆိုတာကို သိတော်မူသည်၊ မည်သည်က မည်ပုံဆိုတာကို နားလည်တော်မူလေသည်။

ထိုသို့သိနားလည်တော်မူခြင်းဖြင့် အနောင်အဖွဲ့အားလုံးက လွတ်တော်မူသည်။

ဗုဒ္ဓဆိုသည်မှာ နားလည်ခြင်း (Understanding) အနေဖြင့် သိခြင်းဖြစ်သည်၊ သုတ (Knowledge) အနေဖြင့် သိခြင်းမဟုတ်ပေ။ ဗုဒ္ဓအရှင်သည် သုတသမားမဟုတ်ပေ၊

အသိဉာဏ်သမားက သတင်းအချက်အလက်နှင့် သုတကို များစွာ အလေးပြုလေ့မရှိ။

သူက သိနိုင်စွမ်းကိုသာ ပို၍ ဂရုစိုက်သည်။ သူ၏ အစစ်အမှန်စိတ်ဝင်စားမှုက သိခြင်းသာဖြစ်သည်။ သုတမဟုတ်ပေ၊

သိခြင်းက နားလည်မှုကို ဖြစ်စေသည်။ သုတကတော့ သင့်ကို အမှန်တကယ် နားလည်မှုမပါသော နားလည်သယောင်ခံစားမှုကိုသာ ပေးလိမ့်မည်၊ သုတဆိုသည်က ခေါင်းပန်းလှည့်သည့် ငွေအကြွေစေ့ပမာဖြစ်သည်။ လှည့်စားတတ်သည်။

သင်ကိုယ်တိုင် လုံးဝမသိသည့်တိုင် သိသယောင်ယောင် ထင်မြင်စေသည်။

သင်သည် သုတကို အလိုရှိတိုင်း တိုးပွားအောင် လုပ်နိုင်သည်၊ စုဆောင်းနိုင်သည်၊

သို့နှင့် သင်သည် အလွန်အမင်းဗဟုသုတကြွယ်ဝသူကြီးဖြစ်လာနိုင်သည်။ ကျမ်းဂန်တွေများစွာ ရေးနိုင်သည်။ ဘွဲ့ဒီဂရီတွေများစွာ ရနိုင်သည်။ ပီအိတ်ချ်ဒီ၊ လစ်ဒ် (ဒီလစ်)ကဲ့သို့သော ဘွဲ့တံခွန်ကြီးများကိုပင် ဆွတ်ခူးနိုင်သည်။ သို့သော် သင်သည် ဒုံရင်းဒုံရင်း မိုက်မဲသူ၊ မသိနားမလည်သူအဖြစ်သာ တည်ရှိနေပေဦးမည်။

ထိုထိုသော ဘွဲ့ဒီဂရီများက သင့်ကို ပြောင်းမှုမပြောင်းစေနိုင်ဘဲ။

အဲဒါတွေက သင့်ကိုပြောင်းလဲလို့မရ။ တကယ်တမ်းမှာတော့ သင့်မိုက်မဲမှုကသာ ပိုအားကောင်းလာသည်၊ သင့်မိုက်မဲမှုမှာ ဒီဂရီတွေ ထပ်ဆောင်းရှိနေမင့်ဟာ။ သင့်မိုက်မဲမှုက ဘွဲ့လက်မှတ် ဆာတီဖီကိတ်များနှင့် ကိုယ့်ကိုယ်ကိုယ် အသိအမှတ်ပြုသည်၊



**ဗုဒ္ဓ၏တတိယအဓိပ္ပာယ်က သိခြင်း၊ နားလည်ခြင်းဖြစ်သည်။ ဗုဒ္ဓအရှင်သည်မည်သည်က မည်သို့ဆိုတာကို သိတော်မူသည်။**

အစစ်အမှန်ဘဝဖြင့် အသိအမှတ်ပြုခြင်းမျိုး မဟုတ်ဘဲ ဆာတီဖီကိတ်များဖြင့် အသိအမှတ်ပြုခြင်းသာဖြစ်သည်. ။

အခြားနည်းလမ်းအားဖြင့် တော့ ဘာမှ သင်ပြစရာမရှိ။

သင့်ရဲ့ မိုက်မဲမှုအတွက်ကိုယ်တိုင်က ဘွဲ့လက်မှတ်ကြီးတပြုပြု။ ဆာတီဖီကိတ်တွေ တပြုံပြုံ။

အဖွဲ့အစည်းအမျိုးမျိုးဆီက ထောက်ခံစာတွေတောင် ပါလိုက်သေး။

လူတွေက သင့်ကို လူတတ်ကြီးဟုထင်သည်၊ ခက်တာက သင်ကိုယ်တိုင်ကလည်း ငါသိ ငါတတ်ကြီး ထင်နေတော့တာပါပဲ။

သင် ဤအရာကို မြင်ဖူးပါရဲ့လား၊ မိမိကိုယ်ကို သုတဘဏ်ကြီးသဖွယ် ထင်မြင်နေသူများသည်လည်း အခြားသူများနည်းတူ မသိနားမလည်သူများဖြစ်နေတတ်သည်။ တစ်ခါတစ်ရံမှာတော့ ပို၍ မိုက်မဲတတ်သေးသည်။ ပညာတတ်ဆိုသူကြီးများနယ်ပယ်တွင် အသိဉာဏ်ရှိသူကို တွေ့ဖို့ ခက်ခဲသည်။ တကယ့်ကို ရှားရှားပါးပါးပင်။ နှစ်ပေါင်းများစွာ ပညာတတ်နယ်ပယ်တွင် နေခဲ့ဖူးသူမို့ အတွေ့အကြုံနှင့် ပြောခြင်းဖြစ်သည်။ ထိုတွင်းသိမြင်မှုရှိသော လယ်သမားများကို တွေ့ဖူးသည်၊ သို့သော် အကြံထက်သော ပါမောက္ခများကိုမတွေ့ဖူး။ အသိဉာဏ်ရှိသော သစ်ခုတ်သမားများကို မြင်ဖူးသည်။ အသိဉာဏ်လင်းပသော ပါမောက္ခများကို မမြင်ဖူး။ ဘာကြောင့် ဒီလိုဖြစ်နေရတာပါလိမ့်။ တစ်ခုခုတော့ မှားနေပါသည်။ ပါမောက္ခဆိုသူများက သုတကို မှီခိုလွန်းသည်။ သူတို့က သိမြင်သူများဖြစ်ရန် မလို။ သုတရှိသူများသာ ဖြစ်ရန်လိုသည်။ ထိုပါမောက္ခများက လမ်းညွှန်ဟောင်းကို တွေ့ထားကြသည်။ လမ်းသစ်ရှာသူအတွက်တော့ သတ္တိလိုအပ်သည်။ လမ်းသစ်ဖြစ်သည့်သိခြင်းကို လူနည်းစုလေးကသာ စွမ်းနိုင်ကြသည်။ လူအုပ်ကြီးစုဝေးရာလမ်းမှ ခွဲထွက်ရဲသော စွန့်စားသူများသာ စွမ်းနိုင်ကြသည်။ မသိခြင်းတောအုပ်ကြီးထဲက လမ်းကျဉ်းလေးကို စွန့်စား လျှောက်ရဲသူတို့သာ စွမ်းနိုင်ကြလေသည်ပဲ၊ သူတို့အတွက် လမ်းပျောက်သွားနိုင်သည့် အန္တရာယ်ရှိသည်၊ စွန့်စားမှုက တန်ဖိုးကြီးလှသည်။ လမ်းညွှန်ဟောင်းကို လိုက်မယ်ဆိုလျှင်တော့ မည်သည့်အခက်အခဲမျှ မရှိနိုင်၊ ထိုင်ခုံပေါ်မှာ အစွင့်သားထိုင်။ စာကြည့်တိုက် သို့မဟုတ် တက္ကသိုလ်စာသင်ခန်းတွေဆီ သွား၊ သုတအချက်အလက်တွေ စုဆောင်း။ ပြီးတော့ အဲဒီ သုတအချက်အလက်ပုံကြီးပေါ်မှာ ခွစီးထိုင်လိုက်ရုံပါပဲ၊ သုတတွေ စုဆောင်းရင်းဖြင့်သာ သင့်မှတ်ဉာဏ်က ကြီးကြီးလာသည်။ သို့သော် သင့်အသိဉာဏ်ကတော့ ကြီးမြင့်လာသည် မဟုတ်ပါ။ သင် အများကြီးမသိမီ (သို့မဟုတ်) သုတဘဏ်ကြီး မဖြစ်မီကတော့ သင်သည် အသိဉာဏ်ရှိသူတစ်ဦး ဖြစ်ကောင်းဖြစ်နိုင်သေးသည်၊ အဖြစ်အပျက်လေးတစ်ခု ကြားဖူးသည်။ အမျိုးသမီးတစ်ဦး သစ်သီးဘူးတစ်ဘူး ဝယ်လာသည်။ ဘူးကို မည်သို့ ဖွင့်ရမည်မသိ။ သို့နှင့် စာကြည့်ခန်းထဲသို့ ပြေးကာ သံဘူးဖွင့်နည်းကို အမောတကော ရှာသည်။ ချက်နည်းပြုတ်နည်းစာအုပ် တစ်နေရာတွင် လိုချင်သည့် သံဘူးဖွင့်နည်းကို တွေ့သည်။ မီးဖိုချောင်ထဲပြန်ရောက်တော့ အိမ်ဖော်မလေးက သံဘူးကို ဖွင့်ပြီးနေပါပြီ။ ဟယ် ဘယ်လိုဖွင့်လိုက်တာလဲ။ အစ်မရယ် ကျွန်မက စာမဖတ်တတ်တော့ ဉာဏ်ကိုပဲ သုံးလိုက်ရတာပေါ့။ သည်သို့ သည်ပုံ ဖြစ်ပျက်နေတာမျိုးကို ကြုံရသည်။ သို့အတွက် စာမတတ်သော လယ်သမားများ၊ ဥယျာဉ်မှူးများ၊ သစ်ခုတ်သမားများက ပို၍ ဉာဏ်အလင်းပွင့်နေတတ်ကြပြီး လတ်ဆတ်မှုတစ်မျိုးကို ပိုင်ဆိုင်နေကြလေသည်၊ သူတို့သည် စာမတတ်ကြ။ ထို့ကြောင့် သူတို့၏ အသိဉာဏ်ကိုသာ အစဉ်သုံးကြသည်။ လူဆိုသည်က အသက်ရှင်နေထိုင်ရမည်ဆိုလျှင် မိမိတို့၏ အသိဉာဏ်စိတ်ကို အသုံးချရလေမည်သာ၊ ဗုဒ္ဓဟူသော ဝေါဟာရ၏ တတိယအဓိပ္ပာယ်က နားလည်မှုအားဖြင့် သိခြင်းဖြစ်သည်၊ ဗုဒ္ဓအရှင်သည် မည်သည်က မည်သို့ဟုသိမြင်တော်မူပြီးလေပြီ။ မည်သည်က မည်ပုံဟု နားလည်တော်မူသည်နှင့်အမျှ ထိုနားလည်တော်မူခြင်းဖြင့် အနှောင်အဖွဲ့အားလုံးမှ လွတ်တော်မူလေသည်။

မေမှုဂင်

**မရွှိမ၏ ဒေသနပညာကျော်ဇိုဘို၏ 'ဗုဒ္ဓ၏ ဘဝ၊ ဒေသနာနှင့် လူသားမျိုးနွယ်စုအပေါ် သြဇာ' စာအုပ်ကို ဘာသာပြန်ဆိုသည်။**

Asian Fame Media Group
MEDIA GROUP




Asian Fame Media Group



စိန်စပ္ပယ်ဖူး
စိန်တိုက်
အမှတ် (၁၆၉)၊ ၈၄ လမ်း၊ ၃၁ - ၃၂ ကြား၊ မန္တလေး။ ဖုန်း ၀၂-၃၃၄၇၄၊ ၀၉-၂၀၀၁၁၉၃
www.seinsabaiphoo.com Email : office@seinsabaiphoo.com

စိန်စပ်ပယ်ဖူး
စိန်တိုက်






အမှတ် (၁၆၉)၊ ၈၄ လမ်း၊ ၃၁ - ၃၂ ကြား၊ မန္တလေး။ ဖုန်း ၀၂-၃၃၄၇၄၊ ၀၉-၂၀၀၁၁၉၃
www.seinsabaiphoo.com Email : office@seinsabaiphoo.com

စိန်စပယ်ဖူး
စိန်တိုက်





အမှတ် (၁၆၉)၊ ၈၄ လမ်း၊ ၃၁ - ၃၂ကြား၊ မန္တလေး။ ဖုန်း ၀၂-၃၃၄၇၄၊ ၀၉-၂၀၀၁၁၉၃
www.seinsabaiphoo.com Email : office@seinsabaiphoo.com
Asian Fame Media Group

# UpDating fashion

Model : Su Myat Noe Kyaw/ Make up : Gucci Aung (Nyi Nyi Maung - Sanchaung)
Photo : Ko Naing (Popular)/ Arranged By Thida Soe






# UpDating fashion



Asian Fame Media Group


UpDating
fashion


UpDating
fashion
Asian Media Group
GROUP



# UpDating fashion

Asian Fame Media Group



# Say! 'Yes Wonderful'

**Model**
Shwe Thamee
**Make-up**
Lin Lin (Make-up Artist)
**Designer**
Aye Aye Thwe (AAT Fashion)
**Photo**
Ko Naing (Popular)
**Location**
Moon Bakery
(Pyay Road, Near by
Mahar Myaing Bus Stop)

Asian Fame Media Group




Asian Fame Media Group
MEDIA GROUP



# Say! 'Yes Wonderful'

**Model**
Myat Noe Oo
**Make-up**
San San (KSW)
**Designer**
Aye Aye Thwe (AAT Fashion)
**Photo**
Ko Naing (Popular)
**Location**
Moon Bakery
(Pyay Road, Near by
Mahar Myaing Bus Stop)

Asian Power Media Group
Media Group



Asian Fame Media Group



# Say! 'Yes Wonderful'

**Model**
Su Myat Noe Oo
**Make-up**
Kyaw Moe
**Designer**
Aye Aye Thwe
(AAT Fashion)
**Photo**
Ko Naing (Popular)
**Location**
Moon Bakery
(Pyay Road, Near by
Mahar Myaing Bus Stop)

Asian Fame Media Group



Asian Fame Media Group




Asian Fame Media Group



Asian Fame Media Group




Asian Fame Media Group



Asian Fame Media Group




Say
yes
WONDERFUL



# Say yes WONDERFUL

model : su pwint oo / make up : htet (pop soul)
designer : shar tra (Design Creation)
photo : ko naing (popular) / arranged by thida soe



af MEDIA GROUP
Asian Fame Media Group



**MODEL**
NANG KHAY MAR
**MAKE-UP**
HELLO (MA KHAING, MA CHO)
**DESIGNER**
MOGOK PAUK PAUK
**FLORAL**
ROYAL FLORAL & HELLO
**PHOTO :** KO NAING (POPULAR)
**ARRANGED BY**
THIDA SOE

# HARMONIES HAIR

Asian Fame Media Group
MEDIA GROUP


Asian Fame Media Group


Asian Home Media Group
MEDIA GROUP


Asian Fame Media Group
af MEDIA GROUP


Asian Fame Media Group


Asian Fame Media Group
MEDIA GROUP



Asian Fame Media Group



**Model**
Phway Phway
**Make-up**
Hello
**Designer**
Ma Myint Zu (Zu Zu Collection)
**Jewellery**
Sein Nan Taw
**Florist**
Lin Lin (09-5100491)
**Photo**
Wanna Khwar Nee
**arranged by**
Phyoe Su Po Po

Asian Fame Media Group
MEDIA GROUP


Model
Phway Phway
Make-up
Hello
Designer
Ma Myint Zu (Zu Zu Collection)
Jewellery
Sein Nan Taw
Florist
Lin Lin (09-5100491)
Photo
Wanna Khwar Nee
MEDIA GROUP
Asian Fame Media Group



**Model**
Phway Phway
**Make-up**
Hello
**Designer**
Ma Myint Zu (Zu Zu Collection)
**Jewellery**
Sein Nan Taw
**Florist**
Lin Lin (09-5100491)
**Photo**
Wanna Khwar Nee

Asian Fame Media Group



**Model**
Phway Phway
**Make-up**
Hello
**Designer**
Ma Myint Zu (Zu Zu Collection)
**Jewellery**
Sein Nan Taw
**Florist**
Lin Lin (09-5100491)
**Photo**
Wanna Khwar Nee

Asian Fame Media Group



**Model**
Phway Phway
**Make-up**
Hello
**Designer**
Ma Myint Zu (Zu Zu Collection)
**Jewellery**
Sein Nan Taw
**Florist**
Lin Lin (09-5100491)
**Photo**
Wanna Khwar Nee

Asian Fame Media Group


Asian Fame Media Group

**Model**
Phway Phway
**Make-up**
Hello
**Designer**
Ma Myint Zu (Zu Zu Collection)
**Jewellery**
Sein Nan Taw
**Florist**
Lin Lin (09-5100491)
**Photo**
Wanna Khwar Nee



**Model**
Poe Ei Phyu Zin
**Make-up**
Wine (December Hnin)
**Car Showroom**
3 Keys
**Photo**
Ko Naing (Popular)
**arranged by**
thida soe

# Stylish Rider



Asian Fame Media Group




Asian Fame Media


www.motul.com
CT9A
HKS
momo
RECARO



Asian Family Media
MEDIA GROUP





# ထိန်းသိမ်းဆန်းသစ် မြန်မာ့အလှစစ်

မော်ဒယ် - ဖေမ

မိတ်ကပ် - သူရိန်
(လင်းလင်း - Make-Up Artist)

ဒီဇိုင်နာ - သက်သစ္စာစန်း

ဓာတ်ပုံ - ကိုနိုင် (ပေါ်ပြူလာ)

စီစဉ်သူ - သီတာစိုး

Asian Fame Media Group
AF MEDIA GROUP


Asian Fame Media Group
af MEDIA GROUP



Asian Fame Media Group
MEDIA GROUP


Asian Fame Media Group



Asian Fame Media Group

မော်ဒယ် - မေ
မိတ်ကပ် - သူရိန်
(လင်းလင်း - Make-Up Artist)
ဒီဇိုင်နာ - သက်သစ္စာစန်း
ဓာတ်ပုံ - ကိုနိုင် (ပေါ်ပြူလာ)
စီစဉ်သူ - သီတာစိုး

MOD MOM

**Model**
Moe Pyae Pyae Maung
Ei Mon Theint
**Arranged by**
Phyoe Su Po Po



Asian Fame Media Group




Asian Media Group



Asian Fame Media Group


Asian Fame Media Group
MEDIA GROUP

# GREATEST HITS OF LUMIN



Asian Fame Media Group




Asian Fame Media Group

မင်္ဂလာပါ ရတီပရိသတ်ကြီးရေ. . . ဒီလမှာ 'ချစ်ခြင်းမေတ္တာနဲ့ပတ်သက်တဲ့ ဆန်းကြယ်မှုလေးတွေ နက်ရှိုင်းမှုလေးတွေကို တင်ဆက်ပေးချင်ပါတယ်။ ဒါကြောင့် အချစ်ဇာတ်ကားတွေကို တစ်ကားနဲ့တစ်ကားမတူအောင် ခံစားမှုတစ်မျိုးစီ ရသတစ်မျိုးစီကို ပရိသတ်ရင်ထဲ အရောက်ပို့ပေးနိုင်တဲ့ ဒါရိုက်တာနဲ့ ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီလူမင်းကို ချစ်ခြင်းရဲ့ အမိုးပျာယ်အောက်က အချစ်ရဲ့ တန်ဖိုးလေးတွေကို မေးဖြစ်ခဲ့ပါတယ်။

**မင်္ဂလာပါ ကိုလူမင်းရေ ချစ်ခြင်းမေတ္တာနဲ့ ပတ်သက်ပြီး မေးခွန်းလေးတွေ ဖြေပေးစေချင်ပါတယ်။ ဒါကလည်း လူငယ်တွေကိုမေးတာထက် ကိုလူမင်းတို့လိုအရွယ်ကိုမေးရင် ပိုပြီးပြည့်စုံမယ်ထင်လို့ပါ။**

**အခုလောလောဆယ် ရိုက်ကွင်းနဲ့ ပတ်သက်တဲ့ မေးခွန်းလေးတွေကို စလိုက်ရအောင်နော်။ အစ်ကိုအခုရိုက်နေတဲ့ ဇာတ်ကားအမည်လေးနဲ့ ပါဝင်တဲ့ သရုပ်ဆောင်တွေ သိပါရစေ။**

ဒီဇာတ်ကားနာမည်က 'ချာတိတ်'တဲ့။ အဲဒီချာတိတ်ဆိုတဲ့အတိုင်း ကျွန်တော့်အရွယ်နဲ့ ဝတ်မှုန်ရွှေရည်ပေါ့။ ကစ်ကစ်အရွယ်ကောင်မလေး တစ်ယောက်နဲ့ ချာတိတ်ဇာတ်လမ်းလေးပါ။ ဇာတ်အိမ်လည်း နည်းနည်းကြီးတယ်။ ဒီကားမှာ ကျွန်တော်နဲ့ Bobby Soxer ဆိုထားတဲ့ 'ချာတိတ်' ဆိုတဲ့ သီချင်းလေးကို အဓိက ဇာတ်ဝင်တေးအဖြစ် ထည့်ပြီးသုံးထားပါတယ်။ ကျွန်တော်နဲ့ ကစ်ကစ်နဲ့ အခြား Supporting အကြီးကြီးတွေလည်း ပါသေးတယ်။

**အခုနောက်ဆုံးထွက်ထားတဲ့ 'မုံ့လေးချစ်တဲ့ အန်ကယ်လေး' ဆိုတဲ့ ဇာတ်ကားလေးအကြောင်း**

**မေးချင်ပါတယ်။ ဒီကားလေးနဲ့ ပတ်သက်ပြီး ဘယ်လို Message လေးပေးချင်တာလဲ ဆိုတာလေး ပြောပြပေးပါဦး။**

ဒီလိုပါ ကျွန်တော်တို့က ကားတစ်ကားရိုက်မယ်ဆိုရင် ဘယ်လိုပညာပေးရိုက်မယ်လို့ ဦးတည်စဉ်းစားပြီး ရိုက်တာတော့နည်းပါတယ်။ အဓိကကတော့ ပရိသတ်ကို ဖျော်ဖြေမှုပေးဖို့ပဲ ဦးတည်ပြီး ရိုက်တာကများပါတယ်။ ဒီကားလေးကလည်း Message ပေးချင်တယ်ဆိုတာထက် ဒီကောင်မလေးတစ်ယောက်နဲ့ သူ့ကို စာသင်ပေးတဲ့ ဆရာကြီးတစ်ယောက်ရဲ့ ကြားထဲကဇာတ်လမ်းလေးပါပဲ။ ထွေထွေထူးထူး Message ကြီးပေးချင်တယ်လို့တော့ မရှိပါဘူး။

**ကြည့်တဲ့ ပရိသတ်တွေကလည်း ဒီဇာတ်ကားလေးက တော်တော်ကောင်းတယ်။ ထူးခြားတယ်လို့ ပြောတယ်။ အဲဒီအပေါ် ကိုလူမင်းအနေနဲ့ ဘာများ ပြောချင်ပါလဲ။**

ထူးခြားတယ်ဆိုတာက ဒီလိုလေ. . ကျွန်တော့်အသက်အရွယ်နဲ့ နောက်မင်းသမီးကလည်း ကလေးတွေပဲရှိသေးတာကိုး ငယ်ငယ်ကောင်မလေးနဲ့ ဒီလိုကြီးကြီးဆရာနဲ့ဆိုတော့ သာမန်တခြားမင်းသားတွေရိုက်နေကျပုံစံ မဟုတ်ဘူးပေါ့။ အဲဒါလေးက တစ်မျိုးကွဲပြားနေတာ ဖြစ်ပါလိမ့်မယ်။

**'မိန်းကလေးတစ်ယောက် အသည်းကွဲနေတယ်'ဆိုတဲ့ ဇာတ်ကားကိုလည်း ပရိသတ်က မျက်ရည်တောင်ကျတဲ့ထိ ကြိုက်ကြတယ်။ လက်ခံကြတဲ့အပေါ် အစ်ကိုရဲ့ခံစားချက်နဲ့ ဒီဇာတ်ကားနဲ့ ပတ်သက်ပြီး ပရိသတ်ကြီးကို ဘယ်လို Message ပေးချင်တာလဲ သိပါရစေ။**

ဒီကားလေးနဲ့ ပတ်သက်ပြီး နည်းနည်းတော့ ပြောစရာရှိပါတယ်။ အမှတ်တကယ် ဝတ်မှုန်ရွှေရည်က သွန်းဆက်နေရာမှာ ရိုက်ဖို့ရိုက်ကွင်းတောင် တည်နေပြီ။ အဲဒီမှာ ဒါရိုက်တာရယ်၊ ကျွန်တော်ရယ်၊ ဇာတ်ညွှန်းဆရာရယ်ထိုင်ဆွေးနွေးလိုက်တဲ့အခါ ဒီဇာတ်ရုပ်က သာမန်လုပ်ရမယ့် ဇာတ်ရုပ်ဖြစ်နေတယ်။ ဒီလိုနဲ့လုပ်ရမယ့်နေရာက လုပ်ကွက်လေးတွေလည်း ပိုရှိနေတော့။ အဲဒီနေရာကလည်း ဇာတ်လမ်းအရ ပိုပြီးတော့ အသားပေးရင်ပေးလို့ရတဲ့ အနေအထား။ ကာရိုက်တာလည်းကောင်းတယ်ဆိုတော့ ဝတ်မှုန်ရွှေရည်ကို ချက်ချင်းဖုန်းဆက်ပြီး ရောက်တဲ့အရပ်ကနေ ကားရပ်ပြီး အကျိုးတွေ ချက်ချင်း ပြန်လှည့်ယူဆိုပြီးတော့ သူ့ကို ကာရိုက်တာ ပြောင်းလိုက်ပြီဆိုပြီး အဝတ်အစားပြန်လဲပြီးတော့ ရိုက်ရတာ။ ကစ်ကစ်ကိုလည်း ကျေးဇူးတင်ပါတယ်။ တော်နဲ့မင်းသမီးတစ်ယောက်ကို ဒီလိုစရိုက်တဲ့နေ့မှာ သူ့ကိုနေရာ အားချင်းချိန်းလိုက်တာ လက်ခံမှာ မဟုတ်ဘူးလေ။ ကစ်ကစ်ကျတော့ ကျွန်တော့် သမီးလို တပည့်လိုဖြစ်နေတော့၊ ကျွန်တော့်ကို



လည်း ယုံကြည်မှု ရှိတာလည်းပါတာပေါ့။

သူ့ကို ဗီလိန်နေရာပဲ လုပ်ဖို့အားပေးပြီး ရိုက်ခိုင်းလိုက်တော့ ဇာတ်ကားလေးက ပုံစံ ပြောင်းသွားတာပေါ့။

**ဒီဇာတ်ကားက တခြားဇာတ်လမ်းတွေလို မဟုတ်ဘဲ ထင်ထားတဲ့သူနဲ့မညားဘဲ၊ မထင်ထားတဲ့ သူနဲ့ညားတာဆိုတော့ ပရိသတ်တွေက ဒီဇာတ်ကားလေးက တရားမျှတမှုရှိတယ်၊ ဇာတ်ကား တချို့မှာဆို မင်းသမီးအသစ်ဆိုရင် တော်ရုံ မင်းသားနဲ့ မညားကြဘူးလေ။ ဒီဇာတ်ကားလေးအတွက် အစ်ကို့ရဲ့ ရင်ခုန်သံလေး သိပါရစေ။**

ဒီလိုပရိသတ်ကြီးဆီက စကားသံတွေကြားရတော့ ကျွန်တော်တို့အတွက် အားရှိတယ်၊ ကျွန်တော်အပိုမပြောပါဘူး။ အနုပညာနဲ့ ပတ်သက်ပြီး ဘယ်လိုစိတ်ဓာတ်တွေကျနေပါစေ၊ ဘယ်လိုပဲစိတ်ညစ်နေပါစေ၊ ပရိသတ်ရဲ့ အားပေးသံကြားရရင် တကယ်ကို အားတက်ပါတယ်။

**အရင်က အထင်ကရဖြစ်ခဲ့တဲ့ အစ်ကို့ဇာတ်ကားလေးတွေဖြစ်တဲ့ 'အမှုင်' 'လရောင်ဆိုနာတာ' 'အိပ်မက်အလွန်' ဇာတ်ကားလေးတွေဆိုရင် ဇာတ်အိမ်တော်တော်လေးစိပ်တယ်နော်။ ဒါပေမဲ့ ပရိသတ်အတော်များများက လက်မခံနိုင်ကြတဲ့ အပေါ်မှာ အစ်ကို့ရဲ့ အမြင်လေးပြောပေးပါဦး။**

ဒီဇာတ်ကားတွေက အေးတယ်၊ ဖရမ်မာမျိုးလေးတွေလည်းများတယ် တကယ့်ကို ကောင်းပါတယ်။ ဒီလိုဇာတ်လမ်းတွေကို ငြိမ်သက်တိတ်ဆိတ်တဲ့ အချိန်မျိုးမှာကြည့်မှ အဓိပ္ပာယ်ကို ပိုသိသာစေပါတယ်။ ဒီလိုဇာတ်ကားမျိုးတွေကျတော့ အချိန်ပေးပြီး ကြည့်ရတာဆိုတော့ ဆေးလိပ်လိပ်ရင်း မီးပူတိုက်ရင်း ကြည့်တဲ့သူတွေအတွက်ကျတော့ အဆင်မပြေတာလေးတွေရှိတာပေါ့နော်။ ဒါကြောင့် နောက်ပိုင်းမှာ ပရိသတ်ကို ဖျော်ဖြေရေးဇာတ်ကားတွေပဲ ရိုက်ဖြစ်တာများလာတယ်။

**ဇာတ်လမ်းတွေဖန်တီးတဲ့အခါ ရင်ထဲကခံစားချက် မရှိဘဲနဲ့ ပရိသတ်က ကြည်နူးတာ ခံစားရတာ၊ ကြေကွဲရတာတွေကို ဖန်တီးလို့ရလား အစ်ကို။**

ခံစားမှုမပါဘူးလို့တော့ ပြောလို့မရဘူးပေါ့နော်။ အနုပညာဆိုတာ ခံစားချက်နဲ့ သရုပ်ဆောင်ကြရတာပါ။ သဏ္ဌာန်လုပ်၊ သရုပ်တူဆိုတဲ့ စကားအတိုင်းပဲပေါ့။ သူ့ရဲ့ ဇာတ်ကွက်၊ ဇာတ်ရုပ်အတိုင်း ခံစားချက်ပါပါ သရုပ်ဆောင် နိုင်မှ ကျွန်တော်တို့ရဲ့ သရုပ်ဆောင်မှုကိုကြည့်ပြီး ပရိသတ်ရဲ့ရင်ထဲ ထိနိုင်မှာပါ။ သရုပ်ဆောင်တွေက ခံစားချက်မပါဘူးဆိုရင် ဒီခေတ်ပရိသတ်တွေက အဆင့်မြင့်လာပါပြီ။ ဘယ်နေရာမှာ အိုက်တင်မကောင်းဘူး၊ ပြီးစလွယ် လုပ်တယ် ဝေဖန်ပိုင်းခြားကြည့်လာတတ်ကြပြီလေ၊ အဲတော့ အနုပညာရှင်တွေဘက်ကလည်း တကယ့်ကို ခံစားချက်ပါပါနဲ့ သရုပ်ဆောင်ကြမှ အဆင့်မြင့်ပြီး အဆင်ပြေလာမှာပေါ့။

**'မျက်လုံးချင်းဆုံ ရင်တွေခုန်' ဆိုတဲ့စကားလည်း ရှိတော့ အစ်ကို သရုပ်ဆောင်တွေအနေနဲ့ တစ်ယောက်နဲ့တစ်ယောက် အကြည့်ချင်းဆုံတဲ့ ဇာတ်ဝင်ခန်းရိုက်ရတဲ့ အခါမျိုးမှာ ရင်ခုန်တာမျိုး ရှိခဲ့ဖူးလား။**

ကင်မရာရှေ့ရောက်ရင်တော့ ဇာတ်ဝင်ခန်းအရ သရုပ်ဆောင်ရပေမယ့် နုနယ်သေးတဲ့ သရုပ်ဆောင်တွေအနေနဲ့ကျတော့ ပထမဆုံးတွေ့တွေ့ချင်း စိမ်းတဲ့အကြည့်ရဲ့အောက်မှာ စိတ်လှုပ်ရှားတာလေးတွေတော့ ကြုံတတ်ကြမှာပါ၊ 'အကြည့်ချင်းဆုံလို့ ရင်ခုန်တယ်'ဆိုတာမှာလည်း အမျိုးမျိုးရှိတယ်လေ။ ဒီလို ကလေးလေးတွေ သရုပ်ဆောင်တဲ့အခါမျိုးမှာ ဘာပဲဖြစ်ဖြစ် ရင်ခုန်လွယ်တဲ့ အရွယ်လေးတွေဆိုလည်း တစ်မျိုးပေါ့။ ဥပမာ ကျွန်တော်တို့အရွယ်မျိုးတွေကျတော့ ဒီလိုဇာတ်ဝင်ခန်းတွေမှာ သရုပ်ဆောင်တာထက် ရင်ခုန်ဖို့ဆိုတာ မရှိတော့ပါဘူး။ ဒီ အရွယ်ရင်ခုန်မယ်ဆိုရင်လည်း တစ်မျိုးပေါ့။

**တစ်ဖက်သတ်အချစ်ကို ဘယ်လိုအဓိပ္ပာယ်ဖွင့်ဆိုချင်ပါသလဲ အစ်ကို။**

တကယ်တော့ အချစ်ဆိုတာ သူ့ဟာသူနေတာဗျ၊ လူတွေက ကိုယ်ပိုင်ခံစားချက်တွေနဲ့ တစ်ယောက်နဲ့တစ်ယောက်ခံစားချက်တွေ မတူတဲ့အခါ ဒေသဂီရိလို လူဆိုးဖြစ်လိုက်မင်းသား ဖြစ်လိုက်လိုမျိုး ဖြစ်နေတာပေါ့။

**တစ်ယောက်ကိုတစ်ယောက် နှစ်နှစ်ကာကာ ချစ်ကြတယ်ဆိုတာ ဘယ်အရာကိုကြည့်ပြီး ဆုံးဖြတ်တယ်လို့ အစ်ကိုထင်လဲ။**

အဲဒါကတော့ ကျွန်တော်အရွယ်ရလာမှ ခံစားရတဲ့ ခံစားချက်လေးပါ။ နှစ်နှစ်ကာကာ ချစ်တယ်ဆိုတာ ဆရာတော်ကြီးတစ်ပါးဟောထားတာရှိပါတယ်။ 'သူ့အကျိုးလိုလားခြင်း'တဲ့။ ကိုယ့်အကျိုးလုံးဝ မပါဘဲ သူ့အကျိုးကို ဘယ်လောက်ထိ လိုလားနိုင်သလဲဆိုတာ နှစ်နှစ်ကာကာ ရှိမရှိဆိုတဲ့ အဲဒီအပေါ်မှာပဲဆုံးဖြတ်ရနိုင်မယ်လို့ ကျွန်တော်ထင်ပါတယ်။

**'တူနှစ်ကိုယ် တဲအိုပျက်မှာနေရ' ဆိုတဲ့ စကားက ခုချိန်မှာရော ရှိနိုင်သေးတယ်လို့ အစ်ကိုထင်လား။**

ရှားသွားပြီပေါ့နော်။ ဒီခေတ်လူငယ်တွေက ဒီစကားကို လက်ခံချင်ကြမှာ မဟုတ်ဘူး။ တကယ့်အချစ်စစ်အချစ်မှန်နဲ့ ရဲဝံ့စွာရင်ဆိုင်သတ္တိရှိကြရင်တော့ အဲ့ဒီစကားဟာ တိမ်မြုပ်ပျောက်ကွယ်သွားဖို့ မရှိပါဘူး။

**ကမ္ဘာကြီးမှာ အချစ်မရှိတော့ဘူးဆိုရင် ဘာဖြစ်သွားမယ်ထင်လဲ။**

လူတွေက လူပီသတော့မှာ မဟုတ်ဘူး



တကယ်တော့ အချစ်ဆိုတာ သူ့ဟာသူနေတာဗျ၊ လူတွေက ကိုယ်ပိုင်ခံစားချက်တွေနဲ့ တစ်ယောက်နဲ့တစ်ယောက် ခံစားချက်တွေ မတူတဲ့အခါ ဒေသဂီရိလို လူဆိုး ဖြစ်လိုက် မင်းသားဖြစ်လိုက်လိုမျိုး ဖြစ်နေတာပေါ့။

Asian Family Media Group

ပေါ့။

**အချစ်ကအရာရာကို ပြောင်းလဲစေတတ်တယ်ဆိုတာ (ဟုတ်လား အစ်ကို)။**

လူတစ်ယောက်ရဲ့ ကိုယ်ကျင့်ဖြူမှုပုံတွေ သိက္ခာတရားတွေကို တကယ်ပြောင်းလဲနိုင်တဲ့ အစွမ်းတွေ ရှိတာတော့ သေချာတယ်။

**အစ်ကို့အနေနဲ့ အချစ်ဆိုတဲ့အရာကို ဘယ်လိုနားလည်ထားလဲ။**

ကိုထူးအိမ်သင်ရဲ့ သီချင်းစာသားလေးပေါ့။ ကျွန်တော်အရမ်းကြိုက်ပြီး ထောက်ခံတဲ့စကားလေးရှိတယ်။ လူတစ်ယောက်မှာ အလိုအပ်ဆုံးက ဉာဏ်ပညာနဲ့ချစ်ခြင်းတရားတဲ့။ ချစ်ခြင်းတရားရှိမှ လူပီသမှာ။

**ဒီကမ္ဘာပေါ်မှာ အချစ်ဘယ်နှမျိုးရှိတယ် လို့ အစ်ကိုမြင်လဲ။**

မရေမတွက်နိုင်အောင်ရှိတယ်လို့ ပြောလို့ရတယ်။ အချစ်ဆိုတဲ့အရာက ရေးပြလို့လည်း မရ အတောင်အထည်ပြလို့လည်း မရဘူး။ တစ်ဦးချင်း ရင်ထဲက ပေါက်ဖွားလာတဲ့ အရာဆိုတော့ တစ်ယောက်နဲ့ တစ်ယောက် မတူနိုင်ဘူး။ တစ်ယောက်တစ်မျိုးခွဲလိုက်ရင် ရေတောင်ရေနိုင်မယ် မထင်ဘူး။

**အချစ်ရှိရုံနဲ့ အိမ်ထောင်တစ်ခု တည်ထောင်နိုင်တယ်၊ တည်ထောင်လို့ရတယ်ဆိုတာ ဟုတ်လား အစ်ကို။**

အဲဒါက နှစ်ပိုင်းပြောလို့ရတယ်ပေါ့။ မရဘူးလို့ ပြောတဲ့သူတွေကိုလည်း ငြင်းချက်ထုတ်လို့မရသလို၊ အချစ်တစ်ခုနဲ့ အိမ်ထောင်တစ်ခုကို တည်ထောင်လို့ရတယ်ဆိုတဲ့သူတွေမှာလည်း လိုအပ်ချက်တွေရှိမှာပဲ။ ဒါပေမဲ့ လူဆိုတဲ့အတိုင်းပဲ အသိဉာဏ်တွေ၊ ဦးနှောက်တွေနဲ့ စဉ်းစားချင့်ချိန်တိုင်းထွာကြတာတွေလည်း ရှိမှာပေါ့။ အဲဒီစကားကိုတော့ ၅၀ ရာခိုင်နှုန်း လို့ပဲ ကျွန်တော်ပြောပါရစေ။

**အချစ်ကြောင့် ကြည်နူးရတဲ့သူတွေ ရှိသလို ကြေကွဲရတဲ့သူတွေရှိတယ်ဆိုတာ လက်ခံ လား။ ဘာကြောင့်လဲ အစ်ကို။**

လက်ခံတယ်။ ဒါကတော့ ခံစားတတ်သူနဲ့ ခံစားအောင်လုပ်သူတွေနဲ့ပဲ ဆိုင်ပါတယ်လို့ ပြောချင်ပါတယ်။

**ယောက်ျားလေးတချို့က မိန်းကလေး တစ်ယောက်ကို ရုပ်ချောတာကို ကြည့်ပြီး ရွေးချယ်တယ်ဆိုတာ အစ်ကို လက်ခံလား။ မှန်လား။**

ရာခိုင်နှုန်းတော်တော်များများက မှန်ပါတယ်၊ အလှအပဆိုတာ လူတိုင်းနှစ်သက်တဲ့ အရာကိုး။ အဲဒီတော့ ဒီပေါ်မှာ အခြေခံပြီး အချက်အလက်ဖြစ်သွားတာဆိုတော့ ရာနှုန်းတော်တော်များများ မှန်တယ်ထင်ပါတယ်။

**အချစ်ဦးနဲ့အချစ်ဆုံးရှိတယ်ဆိုပါတော့။ ဘယ်သူ့အပေါ်ထားတဲ့စိတ်ထားက ပိုတယ်လို့ အစ်ကို ထင်ပါသလဲ။**

အသက်အရွယ်နဲ့လည်း ဆိုင်ပါတယ်။ ရင်ခုန်တတ်စအရွယ်ချစ်တဲ့အချစ်ကို ကိုယ့်ရဲ့ အချစ်ဦးလို့ လူတိုင်းသတ်မှတ်ပါလိမ့်မယ်။ အဲဒါက တကယ်လေးလေးနက်နက်နဲ့ ဘဝအတွက်ရည်ရွယ်ပြီး ချစ်သွားတာမျိုးလည်း ရှိတယ်။ စောစောက ပြောသလိုပေါ့၊ ရင်ခုန်တတ်တယ်ဆိုကတည်းက ဘာမဆိုရင်ခုန်နေချင်မှာပဲ။ အဲဒါမျိုးကို အချစ်ဦးလို့သတ်မှတ်ရင် အဲဒါက အချစ်ဦးပေါ့။ အချစ်ဦးကနေ အဆုံး မဖြစ်နိုင်ဘူးလို့ ကျွန်တော်မငြင်းနိုင်ဘူး။ ဒါက ထပ်တူကျတဲ့သူရှိသလို ထပ်တူမကျတဲ့ သူလည်း ရှိမှာပဲ။ ဒါကတော့ သီးသန့်စီရှိနေနိုင်လို့ တစ်ဦး တစ်ယောက်ဆီမှာလည်း ရှိနေနိုင်တာပဲ။

**တစ်ယောက်နဲ့တစ်ယောက်ချစ်တာ မုန်းတာ လွယ်တယ်လို့ထင်လား။**

လွယ်တယ်။ အချစ်ဆိုတဲ့ စွမ်းအင်တစ်ခုက အရမ်းကြီးသက်ရောက်မှုပြင်းထန်တယ်လေ၊ တစ်ဖက်ကိုချစ်တဲ့ သူကိုပဲဖြစ်ဖြစ်၊ ကိုယ့်ရင်ထဲက ခံစားပြီး ချစ်တဲ့ကိုယ့်ကိုယ်ကိုယ်ပဲဖြစ်ဖြစ် သက်ရောက်မှုက အရမ်းပြင်းထန်တဲ့အခါ အဲဒီသူက အရမ်းချစ်လေလေ မုန်းစရာတွေတွေ့လို့ လွယ်လွယ်မုန်းသွားတာမျိုးတွေလည်း ရှိတယ်။ ဒါပေမဲ့ မုန်းတာက မုန်းတာသက်သက်၊ အဲဒီမုန်းပါတယ်ဆိုတဲ့သူရဲ့ရင်ထဲမှာ ချစ်တာကလည်း သက်သက်ကန့်ရှိနေတယ်လို့ အစ်ကိုထင်တယ်။

**အချစ်နဲ့ပတ်သက်ရင် သစ္စာရှိသူသာခံကြရစမြဲဆိုတာ ဘယ်နှရာခိုင်နှုန်းလောက် မှန်တယ်လို့ ထင်လဲ။**

အဲဒါကတော့ လောကနဲ့ယှဉ်ပြီး ပြောမှကောင်းမယ်နဲ့တူတယ်။ ကျွန်တော်တို့ ခေတ်ကြီးရဲ့ သဘာဝတရားအပိုင်းကို ကြည့်မလား။ ကျွန်တော်တို့ကိုယ်ကျင့်သိက္ခာပိုင်းကိုကြည့်မလား၊ တဖြည်းဖြည်း ဆုတ်ယုတ်လျော့ပါးလာတယ်ပေါ့နော်။ သီလ၊ သမာဓိ၊ သိက္ခာနဲ့ ပြည့်စုံတဲ့သူတွေဆိုတာက ရှားပါးလာတယ်။ ငါးပါးသီလကိုတောင် လုံနိုင်တဲ့ သူက ရှားလာတယ်။ အဲဒီလိုအချိန်မျိုး သစ္စာဆိုတဲ့ တရားကိုစောင့်ဖို့က တဖြည်းဖြည်း နည်းလာတယ်။ သစ္စာတရားဆိုတာ အမှန်တရားပဲလေ။ ဒီအမှန်တရားတွေပေါ်မှာ သံသယရှိသေးတဲ့ စကားတွေပါပဲ။

**အချစ်နဲ့ခံစားမှု ဘယ်အရာကအရင်စတယ်လို့ထင်လဲ။**

ခွဲပြောရတာတောင်ခက်မယ်ထင်တယ်။ ခုနက ပြောသလို မြင်မြင်ချင်းချစ်ဆိုတာမျိုးဆိုလို့ရှိရင်လည်း အချစ်ဆိုတာကိုက ခံစားမှုတစ်ခုပဲလေ။ အဲဒီတော့ ခွဲပြောရခက်မယ်လို့ ကျွန်တော်ထင်ပါတယ်။

**စွဲလမ်းမှုဆိုတာကရော အချစ်နဲ့ဘယ်လို**



အဲဒါကတော့ လောကနဲ့ယှဉ်ပြီး ပြောမှကောင်းမယ်နဲ့တူတယ်။ ကျွန်တော်တို့ခေတ်ကြီးရဲ့ သဘာဝတရားအပိုင်းကို ကြည့်မလား။ ကျွန်တော်တို့ကိုယ်ကျင့်သိက္ခာပိုင်းကိုကြည့်မလား။ တဖြည်းဖြည်း ဆုတ်ယုတ်လျော့ပါးလာတယ်ပေါ့နော်။

Asian Fame Media Group

**ပတ်သက်နေလဲ။**

အချစ်ဆိုတာက မီးရထားစက်ခေါင်းကြီး ဆိုရင် ခွဲလမ်းမှုဆိုတာ အဲ့ဒီမီးရထားနောက်က အတွဲတွေလိုပဲပေါ့။

**အစ်ကိုအခုရိုက်ထားခဲ့တဲ့ ဇာတ်လမ်းတွေ ဆိုရင် လူငယ်တွေရဲ့ရိုက်ရူးရဲဆန်တဲ့အချစ်အ ကြောင်း လူငယ်တွေကလူကြီးတွေကို အတင်း လိုက်ကြည့်တဲ့အကြောင်း တွေ့ရတယ်။ ဒီလောက ကြီးထဲမှာ ဒီလိုတွေရှိနေလို့လား ပတ်ဝန်းကျင်မှာ ရှိနေလို့ မဖြစ်သင့်တဲ့အကြောင်းကို Message ပေးချင်တဲ့ သဘောလား။**

တစ်ခါတလေကျတော့ အနုပညာဖန်တီးတဲ့



သူတွေအပေါ် ဝေဖန်မှုတွေရှိတယ်။ ကျွန်တော်တို့ လုပ်လို့ ပရိသတ်တွေ အတုယူမှားမယ်ဆိုတာမျိုး တွေ၊ တစ်ခါကျပြန်တော့လည်း ကျွန်တော် တကယ်ရိုက်ပြနေတာကလည်း လူ့လောကဇာတ်ခုံ မှာ တကယ်ဖြစ်ပျက်နေတဲ့ အရာတွေထဲက ပြန် ကောက်နုတ်ပြီးတော့ ရိုက်ပြနေတာဖြစ်တဲ့ အတွက် ယူတတ်တဲ့သူအပေါ်မှာပဲ မူတည်ပါ တယ်။

ငယ်ငယ်ကတည်းက လူကြီးတွေကိုလိုက်ပြီး အိုစီကလီလုပ်နေတာမျိုးဟာ အပြင်မှာလည်း တကယ်ရှိနိုင်ပါတယ်။ အဲဒါကို မဖြစ်သင့်ဘူးဆို ပြီး မိဘတွေက ကလေးတွေကို Control လုပ်နိုင်တာမျိုး ဒီကလေးလေးတွေကိုယ်တိုင်က လည်း မဖြစ်သင့်ဘူး။ မဖြစ်နိုင်ဘူးဆိုတာမျိုးကို ခွဲခြား သိနိုင်တဲ့အပေါ်မှာ မူတည်ပါတယ်။

**အစ်ကို ဒါရိုက်တာလုပ်ပြီး ရိုက်ထားတဲ့ နောက်ထွက်လာမယ့် 'ရင်ခုန်မိတာအချစ်လား' ဆိုတဲ့ ဇာတ်ကားနဲ့ပတ်သက်ပြီး အစ်ကို့ရဲ့ မျှော်လင့်ချက်လေးသိပါရစေ။**

အဲဒီကားလေးက ကျွန်တော်တို့ငယ်ငယ်တုန်း က ကြည့်ခဲ့ရတဲ့ အရမ်းကြိုက်ခဲ့တဲ့ ဇာတ်ကားလေး ပေါ့။ အခုပြန်ရိုက်ဖို့ဖြစ်လာတဲ့အခါ ကျွန်တော်ခု ခေတ်ပုံစံနဲ့ ဘောင်ဝင်အောင် ကြိုးစားထားပါ တယ်။ ဒီခေတ်မှာဆိုရင် ဗီဒီယိုကားအနေနဲ့ ရိုက်ရင်တောင် မလွယ်တဲ့ကိစ္စဆိုတော့ ဥပမာ ဇာတ်အိမ်အရ ကမ်းခြေလိုနေရာမျိုးသွားရတယ်။ ရန်ကုန်မှာလည်း ဇာတ်အိမ်ကနည်းနည်းကြီးတယ် ဆိုတော့ ကျကျနနလေး ရိုက်နိုင်မှ ရိုက်မယ်လို့ ထုတ်လုပ်သူနဲ့ ပြောပြီး ဇာတ်ကားရဲ့ လိုအပ် တာတွေ အကုန်လုံးဖြည့်တင်းပြီး သပ်သပ်ရပ်ရပ် လေး ရိုက်ထားတဲ့ဇာတ်ကားလေးပါ။

**နောက်ထပ်ထွက်မယ့် ဦးဟိန်းစိုးရိုက်တဲ့ ပိဋကတ်အိုးကွဲဇာတ်လမ်းက အစ်ကို့ရဲ့ကာ ရိုက်တာနဲ့ ပါဝင်တဲ့သရုပ်ဆောင်တွေက ဘယ်သူ တွေလည်း ဆိုတာကိုလည်း ပြောပြပေးပါဦး။**

အဲဒီကားထဲမှာ ကျွန်တော့်ပုံစံက တကယ့်ကို ညည်းသိုးသိုးကြီးနဲ့ စာဆိုစာပဲတွေးတဲ့ တကယ့်ကို ပိဋကတ်အိုးကွဲကြီးပေါ့။ အဲဒီလူရဲ့ခံယူချက်က လူတွေက စာမဖတ်ကြဘူးလေ၊ အဲဒီစာထဲမှာ မသေမချင်းရှာလို့ရတဲ့ ဗဟုသုတတွေ အများကြီး ရှိတယ်။ လူတွေက အဲဒါကို မရှာကြပါဘူး၊ သူမသေခင် အဲ့ဒီပညာတွေကို ရသလောက် ရှာမှီးမယ်ဆိုပြီး အချစ်ဆိုတာကို စိတ်မဝင်စားတဲ့ တကယ့်ဘုကန့်လန့်နေရာကနေ သရုပ်ဆောင် ထားပါတယ်။ အဲဒီလူကြီး(ကျွန်တော်)နဲ့ အောက် ထပ်က ကောင်မလေးနဲ့တွေ့မှ အချစ်ဆိုတာကို ခံစားတတ်ပြီး ဒီအချစ်နဲ့တွေ့မှသူရဲ့ life ကို ပြောင်းလဲလာတဲ့အကြောင်းလေး ရိုက်ထားတာပါ။ သရုပ်ဆောင်တွေကတော့ ကျွန်တော်ရယ်၊ အူပဲ (အိန္ဒြာကျော်ဇင်) ပိုးယံဇွန်ပါ။

**နောက်ဆုံးအနေနဲ့ ဒီအချစ်နဲ့ပတ်သက်ပြီး ပရိသတ်ကြီးကို ဘာများဝေမျှချင်သေးလဲ အစ်ကို။**

ပရိသတ်ကို မဝေမျှခင် အခုတစ်လောအစ်ကို ရုပ်ရှင်အစည်းအရုံးရဲ့ ဥက္ကဋ္ဌလည်းဖြစ်နေတယ်။ ပြဿနာပေါင်းကလည်း တစ်သိန်းနဲ့ ခြောက် သောင်းလောက်ရှိတော့ ကျွန်တော့်ကို မေးရင် အဲဒီလို ပြဿနာကိစ္စတွေမေးတာများတယ်။ ပြီးတော့ ဥက္ကဋ္ဌတစ်ယောက်အနေနဲ့ တော်တော် သတိထားပြောရတာဆိုတော့ နည်းနည်းလေး tension ဖြစ်တယ်၊ အခုလိုမျိုး အဲဒီဟာတွေနဲ့ မဆိုင်တဲ့ အနုပညာနဲ့ပတ်သက်တဲ့ ဇာတ်ကားလေး တွေအကြောင်းနဲ့ ချစ်ခြင်းမေတ္တာ အကြောင်းမေး တဲ့အခါ ကိုယ်တကယ်ပဲ ရင်ထဲကခံစားပြီးတော့ တကယ်ကိုပဲ relax ဖြစ်စွာနဲ့ ပရိသတ်ကို အချစ် မေတ္တာအကြောင်း ဝေမျှရတဲ့အတွက် မေးတဲ့ညီမ လေးကို အရင်ဆုံး ကျေးဇူးတင်ပါတယ်၊

ပရိသတ်ကို ဝေမျှချင်တာကတော့ ကိုထူး အိမ်သင်ရဲ့ စကားလေးပေါ့။ လူတွေမှာ မရှိမဖြစ် လိုအပ်နေတာ ဉာဏ်ကပညာနဲ့ ချစ်ခြင်းတရား ပါ။ မြတ်စွာဘုရားရဲ့ တရားကိုတောင်မှ ဘယ်လို ပဲ ကျင့်ကြံ အားထုတ် အားထုတ် မြင်နိုင်တဲ့ ဉာဏ်စဉ်ရမှသာ အဲဒီတရားထူးတရားမြတ်ကို ရနိုင်တာဆိုတော့ လူတစ်ယောက်မှာ ဉာဏ်မရှိလို့ လည်း လူမဟုတ်ဘူး။ ချစ်ခြင်းမေတ္တာမရှိလို့လည်း လူမဟုတ်ဘူး၊ ချစ်ခြင်းမေတ္တာတရားမှာ ကိုယ် ချင်းစာနာစိတ်တွေ၊ သံယောဇဉ် မုဒိတာတွေ၊ သစ္စာတရားတွေလည်း ပါတယ်လေ။ လောကမှာ အရေးကြီးတာက ဉာဏ်ပညာနဲ့ ချစ်ခြင်းတရားလို့ပဲ ပြောကြားရင်းနဲ့ ကျွန်တော့်ကို အားပေးကြတဲ့ ပရိသတ်ကြီးကို ကျေးဇူးတင်ပါတယ်။ တစ်ယောက် အပေါ်တစ်ယောက် ချစ်ခြင်းမေတ္တာထားနိုင်ကြ ပါစေ။


**မိုးသောက်ကြယ်**

Asian Fame Media Group





# MUSIC + YATI POPO







Zigzag

## ကမ္ဘာကြီးလှပဖို့ ချစ်ဖူးခဲ့သမျှ အချစ်တွေ မျှဝေကြစို့



အဲသည်နေ့က ပိုပိုနဲ့အတွေ့မှာ ပန်းသီးတစ်လုံးစားသုံးဖို့ ကိုယ်မေ့လျော့သွားခဲ့သည်။ သူဆိုမည့် album တစ်ခုလုံးစာ သီချင်းတွေကို တစ်ယောက်တည်း ဒိုင်ခံရေးသည်တဲ့။

"လေးနှစ်လုံးလုံး သီချင်းတွေချည်းပဲ ထိုင်ရေးနေဖြစ်ခဲ့တယ်။ တစ်လမှ နှစ်ပုဒ်လောက်ပဲ ရေးဖြစ်တော့ အချိန်တွေကြာခဲ့တယ်။ နောက်ပိုင်းကျတော့ တစ်ပုဒ်ရေးရင် တစ်ပုဒ်ကောင်းရမယ်လို့ခံယူပြီးရေးတယ်။ ခုချိန်ထိပဲ၊ ဘယ်လိုစတိုင် ဘယ်လိုအထာလေးရေးရမယ်ဆိုတာ စိတ်ကူးတွေ ပွင့်ထွက်ဖို့တော့ နိုင်ငံခြားသီချင်းတွေ အတော်များများ နားထောင်တယ်။ စာသားတွေကတော့ ကိုယ့်ခံစားချက်နဲ့ရော၊ သူများတွေရဲ့ ခံစားချက်နဲ့ရော တိုက်ဆိုင်မယ့်စကားလုံးတွေ ထည့်ခဲ့တယ်"

Asian Media Group

သူ့အသံက မလိုအပ်ဘဲ ချိုမနေ၊ မလိုအပ်ဘဲမာဆတ်မနေ၊ ဒီအသံ အပျော့အမာ၊ အထူအပါး လိုအပ်ချက်တွေကို သူဘယ်လိုပိုင်းဆစိတ်မြွာသိနေခဲ့တာပါလိမ့်။

"သီချင်းဆိုတဲ့ပညာက နက်နဲပါတယ်၊ တကယ်ဆို 'ပို' က အဆိုပိုင်းမှာ တစ်ဖက်ကမ်းခတ်တော်နေတဲ့ အဆိုတော်တစ်ယောက် မဟုတ်ပါဘူး၊ ဒါပေမဲ့ 'ပို' ရေးထားတဲ့ သီချင်းတွေကို 'ပို' ဘယ်လို ဆိုလိုက်ရမယ်ဆိုတာတော့ သိပ်များများ တွေးနေစရာမလိုခဲ့ဘူး။ သီချင်းတစ်ပုဒ်ရေးပြီးတိုင်းမှာ ဘယ်နေရာလေးကို မယ်လိုဒီအပြောင်းအလဲလုပ်မလဲ၊ အတီးပိုင်းကိုရော ဘယ်လို arrange လုပ်မလဲ အမြဲစဉ်းစားနေတယ်၊ ကိုယ်တကယ်ခံစားရတဲ့ သီချင်းတွေ၊ ကိုယ်တိုင်ကိုယ်ကျ ရေးရေးနေခဲ့တဲ့ သီချင်းတွေမို့ ဘယ်လိုဆိုလိုက်ရမယ်၊ ဘယ်လို mood ထည့်ရမယ်ဆိုတာ သိနေတဲ့သဘောပါပဲ။ ဆရာဦးစောနုကတော့ ဘယ်သီချင်းဆိုဆို နှလုံးသားနဲ့ဆိုလို့ အမြဲပြောတယ်၊ အဲဒီစိတ်အတိုင်းမပေ့မလျှော့နဲ့ဆိုတယ်"

ချစ်ဖူးခဲ့သမျှ တေး album ထဲမှာတော့ သီချင်းတွေက သိမ်မွေ့နူညက်ခြင်း၊ မာထန်ပြင်းရှခြင်းတို့ ရောရောမွှေမွှေ ရှိနေခဲ့သည်။ အမှန်တကယ် သူ့အကြိုက်က soft music လား၊ hard music လား။

"soft ဖြစ်ဖြစ် hard ဖြစ်ဖြစ် melodic ဖြစ်နေဖို့ အဓိကပါပဲ။ ဆိုရဖို့တော့ အကုန်ကြိုက်တယ်။ နားထောင်ဖို့ကတော့ မြန်မာပြည်က အဆိုတော်တွေရဲ့ သီချင်းနားထောင်မယ်ဆိုရင် rock တွေကိုပဲ 'ပို' နားထောင်တယ်။ ပြီးတော့ show ကြည့်ဖြစ်ရင်လည်း Metal Showတွေပဲ သွားကြည့်ဖြစ်တယ်။ 'ပို' ရေးတဲ့သီချင်း၊ 'ပို' တဲ့ သီချင်းမှာတော့ အေးချင်အေးမယ်၊ မြူးချင်မြူးမယ် melodic ဖြစ်ရင် နှစ်သက်စွာနဲ့ ရေးပါတယ်၊ ဆိုပါတယ်ရှင်"

ဂီတလောကထဲ ထင်ရှားတဲ့အဆိုသမားတွေ အများအပြား၊ သူ ဘယ်သူ့ကို အရူးအမူးကြိုက်ပါလိမ့်။

မြူးဇစ်စတိုင်ကို နှစ်သက်ပြီး ကြိုက်တာကတော့ ကျားပေါက်ပဲ၊ သူ့ကို 'ပို' အရမ်း crazy ဖြစ်တယ်။ ပြီးရင် ဆုန်သင်းပါရဲ့။ ပြည်ပမှာတော့ Advenge Sevenfold, Maron 5, Pink, Demi Lavato, Taylor Swift, Nicki Manij, Avril Lavigne, Paramore မိန်းမအဆိုတော်တွေကို 'ပို' ကြိုက်ပါတယ်ရှင်"

သူငယ်ငယ်တုန်းကတော့ Westlife ကို အသည်းစွဲဖြစ်ခဲ့ဖူးသည်တဲ့၊ ငယ်ဘဝ ဂီတပုံရိပ် ကောက်ကြောင်းတွေဆီ ပြန်ပြောင်းဦးတည်မိကြသည်။

"ရပ်ကွက်ပွဲတွေမှာ ငယ်ငယ်ကတည်းက ရှေ့ဆုံးက အမြဲဝင်ဆိုခဲ့တယ်။ ပြိုင်ပွဲတွေတောင် ဝင်ခဲ့ဖူးတယ်၊ ဆုမရခဲ့ပါဘူး၊ အဲဒီကတည်းက ငါ တစ်နေ့ အဆိုတော် ဖြစ်ရမယ်ဆိုတဲ့စိတ်ကို အပီအပြင်ထားခဲ့တယ်၊ ကက်ဆက်လေးကို မှန့်ဖိုးစုဝယ်ခဲ့ရတယ်၊ သီချင်းတွေ အော်အော် ဆိုရတာ ကြိုက်တယ်။ ဂစ်တာတစ်လက်နဲ့ သီချင်းတွေအော်အော်ဆိုလို့ ရပ်ကွက်ထဲ တိုင်မယ် တော့မယ်ဆိုပြီး ခြိမ်းခြောက်ခံရဖူးတယ်။ သီချင်းအော်ဆိုတာ အပြစ်တစ်ခုလား၊ ဝမ်းနည်းစိတ်နဲ့ အတူ လသာသာညတွေမှာ ကောင်းကင်ထက်က ကြယ်လေးတွေကို မော့မော့ ကြည့်ရင်း ငါလည်း ဂီတလောကမှာ အဲဒီလို ကြယ်လေးတစ်ပွင့် ဖြစ်ကိုဖြစ်ရမယ်၊ အတောက်ပဆုံးဖြစ်အောင် လုပ်မယ်ဆိုပြီး မျှော်လင့်ချက်တွေ သိမ်းထားခဲ့တယ်၊ Westlife Live Show တွေ ကြည့်ပြီးလည်း ငိုခဲ့ရတယ်၊ ငါလည်း တစ်နေ့ အဲဒီလိုမျိုး ပရိသတ်တွေအများကြီးနဲ့ စင်ပေါ်မှာ ပျော်မြူးချင်တယ် ဆိုပြီးတော့ပေါ့"

၇ တန်းအရွယ် show တွေမှာ ဆုန်သင်းပါရဲ့ ရဲ့သီချင်းတွေကို အရူးအမူးဆိုခဲ့သူ။ တစ်ဖက်ကလည်း ဂစ်တာတစ်လက်နှင့် သံစဉ်တွေရှာ၊ ခံစားချက်တွေကို စကားလုံးတွေအဖြစ် တိတ်တဆိတ်လေး ပုံဖော်အသက်သွင်း။ ဒီလိုနဲ့ ၁၉ နှစ်အရွယ်မှာ . . .

"ကိုယ့်သီချင်းနဲ့ကိုယ် စင်ပေါ်စတက်တာ၊ မျှော်စင်ကျွန်းမှာ၊ Valentine's Day ပေါ့။ Rock United, Hip Hop United အခွေ ပရိုမိုးရှင်းလုပ်တာ ဝင်ဆိုဖြစ်တယ်။ လုံးဝ မကြောက်ဘူး။ ကိုယ့်သီချင်းကိုယ် ပထမဆုံး စင်ပေါ်မှာ စဆိုဖြစ်တဲ့ အဲဒီ show ကို ဘယ်တော့မှ မမေ့တော့ဘူး၊ တကယ် အမှတ်တရပါပဲ၊ အဲနောက်ပိုင်းတော့ နယ်ပွဲတွေလည်း လိုက်ဆိုဖြစ်ခဲ့တယ်။ မကွေးသစ် ရွာကောက်ကျေးရွာမှာ ဆိုတုန်းက၊ အဲဒီတုန်းက 'ပို' တို့အထဲက အဆိုတော်တစ်ယောက်က Punk Style အဆန်းအပြားနဲ့ဆိုတော့ ကြည့်လို့မရဘူး ထင်တယ်၊ ခဲနဲ့ အပေါက်ခံရတယ်ရှင့်။ ပွဲထိန်းပြီး ရပ်ပစ်လိုက်ရတယ်၊ ဆက်ပြီးမဆိုရတော့ဘူး။ အဲဒါလည်း အမှတ်တရတစ်ခုပါပဲ၊ ချမ်းလည်း ချမ်းနေတဲ့ အချိန်၊ ဒီဇင်ဘာကိုး၊ ပြီးတော့ အိမ်ကိုလည်း မပြောရဲလို့ ခိုးထွက်ပြီးဆိုရတာ၊ အရမ်း ဆိုချင်နေတဲ့ အချိန်မှာ အားပါးတရဆိုချပစ်လိုက်မယ် စိတ်ကူးထားပြီး မဆိုဖြစ်တဲ့ show လေးပေါ့"

မြန်မာပြည်မှာက အဆိုသမားအမျိုးသားလေးတွေက ဂစ်တာကို အများစုတီးခတ်နိုင်ကြပေမယ့် အမျိုးသမီးလေးတွေမှာ ဂစ်တာကို စနစ်တကျတီးခတ်နိုင်သူ ရှားလှသည်။ သူက




ဒီလိုမဟုတ်။ သူ့ဂစ်တာကိုသူ့ရင်မှာ ပွေ့ကာ သူ့ကိုယ်ပိုင်သီချင်းတွေကို သူ့ခံစားချက်နှင့် စ-လယ်-ဆုံး ရဲရင့်ယုံကြည် တီးခတ်သီဆိုနိုင်တာ စနစ်တကျသင်ပေးသူ ဆရာသမားကောင်း ရှိခဲ့လို့လား။

"အရမ်းခင်တဲ့ ဘေ့ဂစ်တာသမားတစ်ယောက်ဆီက အခြေခံကော့ဒ်လေးတွေကို သင်ယူခဲ့ရုံပါပဲ။ နောက်ပိုင်း ပို့ဘာသာပို ဆက်ကျင့်တယ်။ တစ်ချိန်လုံးတီးနေတာပဲ။ ပြီးရင် တွေ့တဲ့လူတွေဆီက ဂစ်တာကော့ဒ်တွေ ထပ်ထပ် မေးတယ်။ ထပ်ထပ်ကျင့်တယ်။ ဆရာဦးစောနုဆီမှာလည်း နည်းနည်းတော့ သင်ခဲ့တယ်၊ အိမ်နဲ့ ဝေးလို့ လနဲ့ချီပြီး အသေအချာမသင်ခဲ့ရဘူး။ အိမ်မှာ နိုင်ငံခြားက အဆိုတော်တွေ တီးဆိုကြတဲ့ အခွေတွေ ကြည့်တယ်၊ guitar lesson ခွေ တွေကြည့်တယ်။ ခုထိလည်း ကျင့်ကျင့်နေရတုန်းပါပဲ။ စစချင်းတုန်းကဆို တတ်ချင်ဇောနဲ့ အလေ့ကျင့်လွန်ပြီး လက်တွေ စုတ်ပြတ်ကုန်တာ မခံနိုင်တော့တဲ့အထိပဲ၊ ခုတော့ အသားကျသွားပါပြီ။ ကိုယ့်ကိုယ်ကိုယ်တော့ အားနည်းတယ်လို့ပဲ ထင်တယ်။ ငါဖြစ်ကို ဖြစ်ရမယ် ဆိုတဲ့စိတ်နဲ့ အရာရာကို ကြိုးစားနေရတုန်းပဲ"

ဂီတလောကထဲဝင် သီချင်းဆိုတော့မည် အဆိုတော်တိုင်း



Asian Fame Media Group



တူရိယာတစ်ခုခု တီးခတ်နိုင်စွမ်း ရှိဖို့ လို/မလို။

"တော်တော်များများကတော့ ဘာမှမတီးတတ်လည်းပဲ ဆိုနေကြတာပါပဲ။ တချို့ကလည်း အသံနဲ့ပတ်သက်ပြီး ထူးခြားတဲ့ ပါရမီရှိတယ်၊ တူရိယာမတီးနိုင်ဘဲ ဆိုနေကြတဲ့ အဆိုတော်တွေ အများကြီးပါ။ ပို ဘာမှမပြောချင်ပါဘူး။ နောက်ထပ်ဖြစ်လာမယ့် မျိုးဆက်သစ်တွေကိုတော့ ဂီတလောကထဲ ဝင်မယ်ဆိုရင် တူရိယာတစ်ခုခုတော့ တီးတတ်အောင် အားထုတ်ကြစေချင်ပါတယ်။ အသံနဲ့ပတ်သက်ပြီးလည်း ပိုပိုပြီး ကြိုးစားအားထုတ်နေစေချင်တယ်၊ show ရှိမှ ထကျင့်ကြတာမျိုးလည်း မဖြစ်စေချင်ဘူး။ နေ့စဉ် အချိန်ပေးပြီး ဂီတအလုပ်တွေ လုပ်နေစေချင်တယ်၊ ဘာလို့လဲဆို ဂီတလောကကြီးကို အခုထက်ပိုပြီး တစ်နေ့ပြီးတစ်နေ့ minus sign ပြသွားမှာကို စိုးလို့ပါ"

ဂီတနှင့်ပတ်သက်ပြီး သူ့မှာဘယ်လိုခံယူချက်တွေ ရှိလိမ့်မလဲ။

"အင်း. . အဆိုတော်တာနဲ့ အဆိုကျော်တာ မတူဘူးလို့ ဆရာဦးစောနုပြောပြောနေကျစကားလေးကို ပြောရရင်တော့ ခုခေတ်မှာက ဝါသနာလေးပါရုံ ပိုက်ဆံရှိရုံနဲ့ အဆိုတော်လုပ်လို့ရတဲ့ ခေတ်ဖြစ်နေတာကိုး၊ ဒါပေမဲ့ အဲဒါက အဆိုကျော်ပါ။ အဲဒီတော့ အဆိုတော် အစစ်ဖြစ်အောင် လုပ်ရမယ်လို့ 'ပို' ခံယူထားတယ်။ ကိုယ့်ကိုယ်ကိုယ် အရည်အချင်း ဘယ်လောက်ရှိလဲ၊ ငါအရည်အချင်းရှိတဲ့ အဆိုတော်ဖြစ်ရမယ်လို့ ခံယူချက်ရှိဖို့ လိုပါတယ်။ ခံယူချက်အတိုင်းလည်း ကြိုးစားစေချင်တယ်။ 'ပို'



ခံယူထားတာက ငါဟာ အရည်အချင်းရှိပြီး လူအများလေးစားတဲ့ အဆိုတော်တစ်ယောက် ဖြစ်ရမယ် ဆိုတာပါပဲ"

သူ့ခန္ဓာကိုယ်အရေပြားပေါ်က tattoo တွေရဲ့ နောက်ကွယ်မှာ ယုံကြည်ချက်တချို့ ကိန်းဝပ်နေဦးမလားပဲ။

"ဒါက 'ပို' ရဲ့ပထမဆုံးအယ်လ်ဘမ် လုပ်ဖြစ်ခဲ့တဲ့ အထိမ်းအမှတ်၊ အမှတ်တရတစ်ခုအဖြစ် ဘဝမှာ ကြွင်းကျန်နေစေချင်တဲ့ သဘောနဲ့ title စာလုံး **ချစ်ဖူးခဲ့သမျှ**လို့ လည်ကုပ်မှာ tattoo ထိုးခဲ့တာ။ ဂီတအပေါ် မြတ်နိုးတဲ့စိတ်ရယ်၊ tattoo ဟာ အနုပညာတစ်ရပ်ဆိုတာကို လက်ခံသဘောကျပြီး တန်ဖိုးထားတဲ့စိတ်ရယ်၊ ဒီစိတ်တွေ ပေါင်းပြီး tattoo ကို ယုံယုံကြည်ကြည်နဲ့ ခန္ဓာကိုယ်ပေါ် ထွင်းထုခဲ့တာ။ အခုလောလောဆယ်တော့ 'ပို' အရမ်းချစ်တဲ့ ဂစ်တာပုံရယ်၊ စာတန်းတွေရယ် များနေတယ်။ နောက်ထပ်ထိုးဖို့တော့ ဘာကို ထိုးဖြစ်မယ်ဆိုတာမသိသေးဘူး၊ တစ်ခု တော့ရှိတယ်ရှင့်၊ ဘဝမှာ အဓိပ္ပာယ်ရှိတဲ့အရာတွေကိုပဲ အရေပြားပေါ် တင်သွားမှာပါ"

မြင့်မြတ် အပါအဝင် သရုပ်ဆောင်တွေနှင့် တွဲကာ ချစ်ဖူးခဲ့သမျှကို ဗီစီဒီထုတ်ဖို့ သူကြိုးစားနေသည်။ BoBo Entertainment အတွဲခွေမှာ ပါဝင်သီဆိုမည်။ မော်ဒယ်နန်းသီရိမောင်အခွေကိုလည်း သူကြိုးစားပြီး စီစဉ်ပေးနေပြန်သည်။ သူ့ရဲ့ activities တွေကို facebook နံရံတွေမှာ အနိုင်အမြှက်မြင်တွေ့နေရသည်။

"ပိုက facebook သုံးရတာကြိုက်တယ်၊ ဗီစီဒီရိုက်တာ၊ recording လုပ်တာ၊ တစ်နေရာရာသွားတာ၊ လှုပ်လှုပ်ရှားရှား စစနောက်နောက် ဓာတ်ပုံလေးတွေ တင်ရတာလည်း ကြိုက်တယ်။ သူငယ်ချင်းတွေနဲ့ ရင်းနှီးခွင့်ရတာ၊ ပရိသတ်တွေနဲ့ သီချင်းအကြောင်းတွေ အမြင်ချင်းဖလှယ်ခွင့်ရတာ 'ပို'သဘောကျတယ်။ ဝန်ခံရရင် facebook က friend တွေရဲ့ ပရိသတ်တွေကို 'ပို' ကိုယ့်မိသားစု လို တကယ်ပဲချစ်မိတယ်။ 'ပို' မှာက မိသားစု မရှိဘူးလေ။ ငယ်ငယ်ကတည်းက အဘွားနဲ့ နေခဲ့ရတာ။ အဖေနဲ့အမေနဲ့ ကွဲသွားပြီးကတည်းက 'ပို' ကို အဘွားကပဲ မွေးထားခဲ့တာ၊ အဖေရော၊ အဘွားရော ဆုံးသွားတော့ တစ်ယောက်တည်းပဲ နေဖြစ်ခဲ့တယ်။ အရမ်းလည်း အထီးကျန်တယ်။ အမြဲ အဘွားကို လွမ်းတယ်။ အထီးကျန်စိတ်၊ အလွမ်းစိတ်တွေက သီချင်းတွေ ရေးအားကောင်းဖို့ ပံ့ပိုးခဲ့တယ်လို့ ခံစားရတယ်။ သီချင်းတွေပဲ ဖိဖိရေးခဲ့တယ်။ အမေ့ကိုတော့ ဒီတစ်သက် မမျှော်လင့်တော့ပါဘူး၊ ရက်စက်တယ်လို့လည်း မဆိုချင်ပါဘူး။ 'ပို' နားလည်ပေးပါတယ်။ သူ့မှာလည်း သူ့အကြောင်းနဲ့သူ ရှိမှာပါ။ ဒီအဖြစ်ကို 'ပို' အဆိုးလို့ မတွေးဘဲ အကောင်းဘက် ဆွဲယူပြီး သင်ခန်းစာယူပါတယ်။ တစ်နေ့ 'ပို့' မှာ မိသားစုရှိလာရင် ဘယ်တော့မှ ပြိုကွဲအောင် မလုပ်ဘူးလို့ ခုကတည်းက အသေအချာ တွေးထားတယ်"

ကြေကွဲစရာ ဘဝအပိုင်းအစတွေကို စာနာစွာ နားထောင်နေခိုက် ကိုယ့်နားထဲ သီချင်းသံတစ်စ တိုးဝင်လာသည်၊

**ရက်စက်လွန်းတဲ့ ကံကြမ္မာရယ်၊ မိသားစုလေးများတွေ့ရင်ကွယ်၊ ရင်မှာကျိတ်ပြီး အားကျရတယ်။ ဒါကို ဘယ်သူသိမလဲကွယ်။**

**ဆုတောင်းတိုင်းပြည့်မယ်ဆိုရင်ကွယ် . . . မိသားစုလေးပဲ ရချင်တယ်. . . အကြင်နာတွေပဲ တောင့်တမိတယ်. . မေတ္တာငတ် လွန်းတယ်. . . ဒဏ်ရာများစွာရတဲ့အခါ . . . အဖေရယ် ကူဦးကွယ်. . . ပစ်ထားခဲ့တဲ့အမေ့ကို စိတ်နာရမလားကွယ် . . .**

လက်တွေ့ဘဝ၊ ဒဏ်ရာဒဏ်ချက် ခံစားမှု အစုစုတို့ကို နာကြည်းမုန်းတီးနေမည့်အစားတေးစာသား lyrics အဖြစ် ဖွဲ့သီ၊ melody ထဲ မျှော၍ စိတ်နှလုံးမြှုပ်နှံ့ သီဆိုကျူးရင့်လိုက်သည့် အခါ သူ့သီချင်းတွေက အရသာစုံလင်စွာ မို့မောက်ပြည့်လျှမ်းလျက် ရွှမ်းမှည့်လာခဲ့ပြီ။ ပန်းသီးတစ်လုံး စားသုံးနေဖို့ ခင်ဗျားတို့ လိုပါဦးမလား။ Zigzag



**MODEL** - YE' YINT AUNG
**PHOTO** - KO NAING (POPULAR)
**ARRANGED BY** - THIDA SOE

Asian Fame Media Group

# သူပြောတဲ့
# သူ့အကြောင်း

ကျွန်တော့်နာမည်နဲ့ အကောင့်အတုတွေ အများကြီးပဲ၊ ကျွန်တော် မရေးတာတွေကို ပေါက်ကရတွေ လျှောက်ရေးပြီးတော့ တင်တယ်၊ ကျွန်တော်နဲ့ တစ်ပုံစံတည်း လိုက်လုပ်တာတွေရှိတယ်၊

**ရဲရင့်အောင်ရဲ့ အနုပညာအစ**

ကျွန်တော်ကလေးဘဝကတည်းက သီချင်းဆိုချင်တယ်၊ အဆိုတော်ဖြစ်ချင်တယ်။ အဲဒီတော့ ကျွန်တော် ၁၀ တန်းအောင်ပြီးတဲ့အချိန်မှာ အဆို တော်ဖြစ်အောင် ကြိုးစားတယ်။ သီချင်းတွေ ရေးတယ်။ သီချင်းတွေ တီးတယ်။ အဆိုတော် တစ်ယောက်အနေနဲ့ ကျွန်တော် ဒီလောကထဲကို ဝင်လာခဲ့တာပါ။ တခြားအနုပညာအနေနဲ့တော့ ကျွန်တော် ဘာမှမလုပ်ဖြစ်ပါဘူး။

**'လွှမ်းလွန်းလို့' သီချင်းနဲ့ ရဲရင့်အောင်**

Pop Rock လို ပုံစံမျိုးလေး ကျွန်တော် လုပ်ချင်တယ်။ ကျွန်တော်လည်း အဲဒီလိုပုံစံမျိုး တစ်ခါမှမဆိုဖူးဘူး။ ပရိသတ်ကိုလည်း အရင်လုပ်နေတဲ့ပုံစံနဲ့ မတူတာကို ပြချင်တယ်။ အဲဒါနဲ့ပဲ အဲဒီသီချင်းလေးကို ရေးဖြစ်သွား




af MEDIA GROUP
Asian Fame Media Group



အခက်အခဲတွေကတော့
အများကြီးပါပဲ။
အခုအချိန်အထိလည်း
အခက်အခဲတွေ
အများကြီးရှိပါသေးတယ်။
အခက်အခဲတစ်ခုကြုံတိုင်း
အတွေ့အကြုံတစ်ခု
ရတာပေါ့နော်။

တယ်။ Bo Bo Entertainment (၁) နှစ်ပြည့်အခွေအတွက်ကို ဘိုစန်းက သီချင်းတောင်းတော့ အဲဒီသီချင်းလေးကို ပေးလိုက်တယ်ပေါ့နော်၊

**သီချင်းတွေကို ဒီလိုရေးဖြစ်တယ်**

သီချင်းရေးမယ်ဆိုရင် နိုင်ငံခြားက သီချင်းတွေ နားထောင်တယ်။ နိုင်ငံခြားက သီချင်းတွေရဲ့ MTV တွေကို ကြည့်တဲ့အခါမှာ သီချင်းကကြည့်လိုက်ရင် မြူးမြူးကြွကြွပဲ။ ဒါပေမဲ့ သူဆိုထားတဲ့ အကြောင်းအရာက စိတ်မကောင်းဖြစ်စရာတွေ ပါနေတယ်။ သူတို့ ရေးသလိုမျိုးလေးကို အခြေခံပြီး ရေးထားတာပေါ့နော်။ သီချင်းက မြူးကြွနေတယ်။ အဲဒီထဲမှာ စာသားတွေကို စိတ်မကောင်းဖြစ်စရာလေးတွေ ထည့်မယ်ဆိုပြီး စဉ်းစားလိုက်တော့ လွမ်းတဲ့အကြောင်းအရာလေးတွေ ထည့်ဖြစ်လိုက်တယ်။ လူတိုင်းလည်း လက်ခံလောက်တယ်။ ပြီးတော့ ကျယ်ကျယ်ပြန့်ပြန့်လည်းရေးဖြစ်တယ်ပေါ့နော်။

**အကြည်ညိုဆုံး စံပြပုဂ္ဂိုလ်**

အဲဒီလိုတစ်ယောက်တည်းတော့ မရှိပါဘူး။ ကျွန်တော့်အတွက်မှာ ဆိုရင်တော့ အကြည်ညိုဆုံး စံပြပုဂ္ဂိုလ်က 'အဖေ' ပါပဲ။

**ကြုံတွေ့ခဲ့ရတဲ့ အခက်အခဲတွေကို ဒီလို ဖြေရှင်းခဲ့တယ်**

အခက်အခဲတွေကတော့ အများကြီးပါပဲ။ အခုအချိန်အထိလည်း အခက်အခဲတွေ အများကြီးရှိပါသေးတယ်။ အခက်အခဲတစ်ခုကြုံတိုင်း အတွေ့အကြုံတစ်ခုရတာပေါ့နော်။ ဒီလောကထဲကို ဝင်လာတာ ၄ နှစ်လောက် ကြာသွားပြီဆိုတော့ ဘယ်လောက်ပဲ ခက်ခဲခက်ခဲ အချိန်တန်ရင်တော့ ကျော်ဖြတ်နိုင်ခဲ့တာပဲ။ ဘယ်လိုပဲဖြစ်ဖြစ် ရအောင် ကျော်ဖြတ်နိုင်ခဲ့တာပဲလေ။ အခက်အခဲတွေ ကြုံတဲ့အချိန်မှာ ဘာမှစိတ်ဓာတ်ကျမနေဘဲနဲ့ ကိုယ်လုပ်စရာရှိတာကိုပဲ ဆက်လုပ်သွားတယ်။ အဲဒီလိုမျိုးနဲ့ပဲ အခက်အခဲတွေအားလုံးကို ကျော်ဖြတ်ခဲ့တာပါ။

**အနုပညာနဲ့ပတ်သက်ပြီး ရဲရင့်အောင်ရဲ့ ခံယူချက်**

ကျွန်တော်တစ်ယောက်တည်းအတွက် အနုပညာနဲ့ပတ်သက်ပြီး ခံယူထားတာကတော့ အနုပညာနဲ့ပတ်သက်တဲ့အလုပ် အကုန် လုပ်တယ်။ သီချင်းဆိုလည်း ဘာဂီတကြီးမှ ညာဂီတကြီးမှ ဘာလုပ်မှ ညာလုပ်မှ အဲဒီလိုမသတ်မှတ်ထားဘူးပေါ့နော်။ အနုပညာဆိုတာက လွတ်လွတ်လပ်လပ် လုပ်ရတာကို အနုပညာလို့ခေါ်တယ်လို့ ကျွန်





Asian Fame Media Group

တော်ထင်ပါတယ်။ ခေါင်းစဉ်တစ်ခုအောက်မှာ ရှိမနေဘဲ ကိုယ် ဖန်တီးချင်တဲ့အရာကိုပဲ အဓိကထားပြီး ဖန်တီးသွားမှာပါ။

### ရဲရင့်အောင် ရွေးချယ်တဲ့ဖက်ရှင်

ကျွန်တော့်အနေနဲ့ Melody တွေ Pop တွေ ဆိုနေပေမယ့် အရင်တုန်းက အရမ်းကို Rapper ဖြစ်ချင်ခဲ့တယ်။ Melody သီချင်းတွေကို သိပ်ပြီး နားမထောင်ဖြစ်ဘူး။ International ဆိုရင်လည်း Hip Hop သီချင်းတွေပဲ နားထောင်ပါတယ်။ ကျွန်တော် Rapper အရမ်းဖြစ်ချင်တယ်။ ကျွန်တော် Rapper လိုပဲဝတ်ပါတယ်။ Hip Hop ဆန်တဲ့ ဖက်ရှင်တွေပဲ ဝတ်ဖြစ်ပါတယ်။

### Rap စာသားတွေနဲ့ ရဲရင့်အောင်

ကျွန်တော်က Rap တွေ ဆိုချင်တယ်။ Hip Hop တွေ လုပ်ချင်တယ်။ ဒါပေမဲ့ ကျွန်တော် စဝင်လာတုန်းက Melody ဆိုတဲ့သူ အဖြစ်နဲ့ ဝင်လာတာ မဟုတ်ဘူး။ ကျွန်တော် Rapper တစ်ယောက်အနေနဲ့ ဝင်လာတာပါ။ ဒါပေမဲ့ ကျွန်တော် သီချင်းရေးရတာ အဆင်မပြေဘူး။ Rap စာသားရေးရတာ ကျွန်တော့်အတွက် အရမ်း



ခက်တယ်။ အဲဒါနဲ့ ကျွန်တော် Rap ကို မဆိုဘဲ Melody ကို ပြောင်းဆိုတယ်။ နောက်ပိုင်းမှာဆိုရင် လေ့လာရင်းနဲ့ အခု Rap တွေလည်း ပြန်ဆိုနေပါပြီ။

### Internet သုံးခြင်းအပေါ် သူ့ရဲ့ထင်မြင်ချက်

ကျွန်တော် 'ရဲရင့်အောင်' ဆိုပြီး စဖြစ်လာတဲ့ 'ငါ နေရာ' သီချင်းကလည်း Online ပေါ်မှာတင်ပြီးတော့ လူသိလာတာ။ Internet ကြောင့်ပါပဲ။ Online ကနေ စခဲ့တာပါ။ Online ပေါ်မှာ ကျွန်တော် သီချင်းတွေကို



ပုံမှန်တင်ဖြစ်တယ်။ အဲဒီလိုနဲ့ပဲ ပရိသတ်တွေ ကျွန်တော့်ကို သတိထားမိလာအောင် လုပ်လို့ရတယ်။ အဲဒီ တစ်ခုကတော့ Online ရဲ့အားသာချက်လို့ ပြောလို့ရပါတယ်။ မကောင်းတာကတော့ Facebook ပေါ့။ Facebook က လူပေါင်းစုံသုံးလာပြီးတော့ အဓိပ္ပာယ်မရှိတာတွေ လျှောက်ရေးကြတယ်။ ကျွန်တော့်နာမည်နဲ့ အကောင့် အတုတွေ အများကြီးပဲ။ ကျွန်တော်မရေးတာတွေကို ပေါက်ကရတွေ လျှောက်ရေးပြီးတော့တင်တယ်။ ကျွန်တော်နဲ့ တစ်ပုံစံတည်း လိုက်လုပ်တာတွေရှိတယ်။ ဘယ်သူဘာလုပ်လုပ်၊ ဘယ်သူဘာရေးရေး ငါသာတော်တယ်၊ ကျန်တဲ့လူတွေအကုန်လုံးအလကားဆိုတဲ့ လူမျိုးတွေလည်း Facebook မှာ အများကြီးပဲ။ တစ်ဖက်သားကို ထိခိုက်အောင်လုပ်တဲ့ လူတွေလည်း အများကြီးပေါ်လာတယ်။ Online ရဲ့ ကောင်းကျိုးဆိုးကျိုးတွေပေါ့။

> Music က
> လူတွေရဲ့စိတ်ကို
> ပြောင်းလဲလို့ ရတယ်။
> နူးညံ့အောင်လုပ်လို့ရတယ်၊
> စိတ်ဆင်းရဲနေတဲ့အချိန်၊
> စိတ်ဓာတ်ကျနေတဲ့အချိန်မှာ
> အားတက်လာ အောင်
> နားထောင်လို့ရတဲ့
> သီချင်းတွေ ရှိတယ်လေ။



**Music နဲ့ပတ်သက်ပြီး ရဲရင့်အောင်ရဲ့ အဓိပ္ပာယ် ဖွင့်ဆိုချက်**

Music က လူတွေရဲ့စိတ်ကို ပြောင်းလဲလို့ ရတယ်။ နူးညံ့အောင် လုပ်လို့ရတယ်။ စိတ်ဆင်းရဲနေတဲ့ အချိန်၊ စိတ်ဓာတ်ကျနေတဲ့အချိန်မှာ အားတက်လာအောင် နားထောင်လို့ရတဲ့ သီချင်းတွေ ရှိတယ်လေ။ သံစဉ်၊ ဂီတတွေက လူမှမဟုတ်ဘူး ရေကိုတောင်မှ ပုံစံပြောင်းအောင် လုပ်လို့ ရတယ်လို့ စာအုပ်တွေမှာ ဖတ်ဖူးတယ်။ အသံနဲ့ စိတ်ဓာတ်တွေကို ပြောင်းလဲပစ်လို့ ရတယ်။

**မိဘတွေပေါ်ထားတဲ့ ရဲရင့်အောင်ရဲ့စိတ်သဘောထား**

ကျွန်တော် ဘာလုပ်လုပ်အဖေနဲ့အမေကို အမြဲတမ်း တွေးပါတယ်။ ပြီးတော့ ကျွန်တော် အခုရတဲ့ အနုပညာကြေးနဲ့ အဖေ၊ အမေကို အမှတ်တရပစ္စည်းလေးတွေ ဝယ်ပေးဖြစ်ပါတယ်။ အခုအချိန်မှာ ကျွန်တော်အဖေနဲ့အမေကို မထောက်ပံ့နိုင်သေးပါဘူး။ အဖေနဲ့အမေကို အရမ်းကျေးဇူးဆပ်ချင်ပါတယ်။ ဒါပေမဲ့ အခုတော့ မဖြစ်နိုင်သေးပါဘူး။

**ရဲရင့်အောင်ရဲ့အချစ်ကို အဓိပ္ပာယ် ဖွင့် ဆိုပုံ**

ကျွန်တော်ရဲ့ အချစ်ရေးကတော့ အေးအေးဆေးဆေးပါပဲ၊ ပရိသတ်တွေ သိကြပါတယ်။ Facebook မှာလည်း တရားဝင်တင်ထားပါတယ်။ အချစ်နဲ့ ပတ်သက်ပြီး အဓိပ္ပာယ်ဖွင့်ဆိုပါဆိုရင် အချစ်က ပေးဆပ်ခြင်းလည်း မဟုတ်ဘူး၊ ရယူခြင်း လည်း မဟုတ်ဘူး၊ အဓိကက ချစ်နေဖို့ပါပဲ။ အခု ကျွန်တော် ရွေးချယ်ထားတဲ့ ချစ်သူက ကျွန်တော် စိတ်ကူးထဲက ချစ်သူပုံစံနဲ့ ထပ်တူကျပါတယ်။ အရင်တုန်းက ထပ်တူမကျခဲ့တာတွေ နည်းနည်းရှိပေမယ့် အခုတော့ ထပ်တူကျသွားပါပြီ။

**ရဲရင့်အောင်ရဲ့ အနာဂတ်အစီအစဉ်**

သီချင်းဆိုတာက အသက်ကြီးသွားတဲ့အထိ အဆိုတော်အနေနဲ့ လုပ်လို့မရဘူးပေါ့နော်။ စားဝတ်နေရေးအတွက် အသက်မွေးဝမ်းကြောင်းအနေနဲ့ အလုပ်တစ်ခုတော့ လုပ်ဖို့ရှိပါတယ်။ ကျွန်တော် အဆိုတော်လုပ်လို့မရမယ့်အရွယ်အထိ ရောက်နေပါစေ၊ ကျွန်တော်ကတော့ ကိုယ့်ဘာသာတစ်ယောက်တည်း သီချင်းတွေ ဆိုနေဦးမှာပါ။

**သီတာစိုး**

# သတိပြောတဲ့ B

ဒီလမှာ စာနယ်ဇင်းဆရာ
ဆရာမတွေ ဖြစ်ကြတဲ့ ဆရာဦးရဲနိုင်မိုး
ဆရာမမေသကြိန်တင်နဲ့
ဆရာမသင်းသင်းအောင်တို့ရဲ့
B စကားလုံးတွေကို တင်ပြပေးလိုက်ပါတယ်။
B နဲ့ပတ်သက်တဲ့ စကားလုံးတွေ
အများကြီးထဲကမှ Bias,
Belief နဲ့ Benefit ဆိုတဲ့
စကားလုံးတွေကို ဆွေးနွေးခဲ့ကြပါတယ်။







Asian Future Media Group

ရဲနိုင်မိုး (ရဲမိုး)
DIRECTOR & CHIEF TRAINER
YANGON JOURNALISM SCHOOL



## Bias

Bias ဆိုတဲ့ စကားလုံးကို ကိုယ်တိုင်က သတင်းစာဆရာတစ်ယောက်အနေနဲ့ အနက်အဓိပ္ပာယ်ဖွင့်ရရင်တော့ ဘက်လိုက်မှုလို့ ပြောချင်တယ်။ သတင်းစာဆရာတွေအတွက် အကြီးမားဆုံး ဒုစရိုက်မှု ၇ ခုဆိုတာရှိတယ်။ အဲဒီထဲမှာ သတင်းရေးဖို့အတွက် လာဘ်မယူရ၊ သူများသတင်း မခိုးရ၊ သတင်းရေးဖို့အတွက် ပစ္စည်းတစ်စုံတစ်ရာ လက်မခံရ၊ အဲဒီလိုအချက်တွေထဲမှာ Bias ဆိုတာက အကြီးမားဆုံး ဒုစရိုက်မှုပဲ။ ဒါက သတင်းစာဆရာတွေ အတွက်ထားတဲ့ သတ်မှတ် ချက်ပဲ။ Bias ဆိုတာ သတင်းမီဒီယာတွေမှာ အကြောင်းအရာမျိုးစုံကြောင့် ဖြစ်နိုင်တယ်။ ဥပမာ - လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကို လေးစားကိုးကွယ်လို့၊ ငွေကြေးစတဲ့ တစ်စုံတစ်ရာရလို့၊ ကိုယ်ကိုယ်စားပြုတဲ့ လူမျိုးကို ကာကွယ်ဖို့၊ ကိုယ်ကိုးကွယ်ယုံကြည်တဲ့ ဘာသာတရားက လွှမ်းမိုးလို့၊ ဒီလိုအကြောင်းတွေကြောင့် ကိုယ်ရေးတဲ့ သတင်းတွေမှာ Bias တွေ ပါကုန်တတ်တယ်။ ဘက်လိုက်မှုဆိုတာ ပါသွားတာနဲ့ အမှန်တရားက အနည်းနဲ့အများ ပျက်ယွင်းသွားစေတယ်။ သတင်းသမားအနေနဲ့ပဲဖြစ်ဖြစ်၊ သာမန်ပြည်သူအနေနဲ့ပဲဖြစ်ဖြစ် Bias ဆိုတဲ့ စကားလုံးသက်ဝင်ပြီဆိုတာနဲ့ မှန်ကြိမ်းမှားခြင်းထက် တစ်ဖက်ဖက်ကို ရပ်တည်ခြင်းဆိုတဲ့ဘက်ကို ရောက်သွားတယ်။ ဒီရှုထောင့်ကကြည့်ရင် Bais က အပြုသဘောမဆောင်ဘူး။ လက်ရှိ မြန်မာ့လူ့အဖွဲ့အစည်းမှာ ဖြစ်နေတဲ့ ပြဿနာတော်တော်များများကို ကြည့်ရင် Bias တွေကြောင့် ဖြစ်တာတွေများတယ်။ ဥပမာ - Civial Military Relation ဆိုတဲ့ အရပ်ဘက်စစ်ဘက် ဆက်ဆံရေးပေါ့။ ဒီဆက်ဆံရေးမှာ Bias က ပါကိုပါတယ်။ အရပ်ဘက် စစ်ဘက် ဆက်ဆံရေးက မြန်မာပြည်မှာ အဆင်မပြေဘူး၊ နောက်ပြီး လက်ရှိဖြစ်နေတဲ့ ဘာသာရေးပဋိပက္ခတွေမှာ Bias တွေ ရှိတယ်။ ကျွန်တော်တို့ အခုလက်ရှိဖတ်နေတဲ့ သတင်းမီဒီယာတွေမှာ Main Stream လို့ခေါ်တဲ့ ပင်မသတင်းမီဒီယာတွေရော Main Stream မဟုတ်တဲ့ Social Media ဆိုတဲ့ Facebook လို လူမှုမီဒီယာတွေမှာရော Bias တွေ တော်တော်များများ တွေ့ရတယ်။ ဒီလို Bias ကို ထိန်းချုပ်နိုင်တာက လူ့အဖွဲ့အစည်းရဲ့ ရင့်ကျက်မှုနဲ့ ဆိုင်တယ်။ လူမှုအဖွဲ့အစည်းထဲမှာ သာမန်ပြည်သူတွေရော Professional လို့ခေါ်တဲ့ ဆိုင်ရာအသက်မွေးဝမ်းကြောင်းကို ကျွမ်းကျင်သူတွေရောက တကယ် လူ့လောကမှာ ဖြစ်တဲ့ အဖြစ်အပျက်တွေမှာ အမှန်အတိုင်း သုံးသပ်တာထက် တစ်စုံတစ်ရာက ကိုယ့်ကို လွှမ်းမိုးထားကြတယ်။ ဒါက Bias ပဲ။

သတင်းမီဒီယာက လူ့အဖွဲ့အစည်းမှာ ဘယ်ဟာမှန်တယ်မှားတယ်ဆိုတာ မဆုံးဖြတ်ရဘူး၊ သူလုပ်နိုင်တာ တစ်ခုရှိတယ်။ သူပို့တဲ့ အချက်အလက် Facts တွေ မှန်တယ်ဆိုတာ မဖော်ပြခင်မှာ Verify လို့ခေါ်တဲ့ စစ်ဆေးမှုပြုရမယ်၊ နောက်ပြီး သတင်းမီဒီယာက Facts တစ်ခုတည်း တင်ပြရမှာမဟုတ်ဘူး။ လူတွေရဲ့အမြင်တွေကိုလည်း တင်ပြရမယ်။ ဒီတော့ Bias မဖြစ်ဘူးဆိုတာ သတင်းတစ်ခုမှာ ရှုထောင့်ပေါင်းစုံက ပါဝင်တဲ့ လူတွေရဲ့ Opinion တွေကို လွတ်လွတ်လပ်လပ် တင်ပြပေးရမယ်။ တစ်ဖက်ဖက်က ထိန်းချုပ်တာမျိုး မလုပ်ရဘူး။ လူ့အဖွဲ့အစည်းက ဖြစ်နေတာတွေကို မှန်မှန်ကန်ကန် သိနိုင်ဖို့ Bias ကင်းကင်းနဲ့ တင်ပြရမယ်၊ ကျွန်တော်ကိုယ်တိုင်လည်း တစ်ရာရာနိုင်နှုန်း Bias ကင်းတာမဟုတ်ဘူး။ ဒါပေမဲ့ အတတ်နိုင်ဆုံးကင်းဖို့ ကျွန်တော်ကြိုးစားတယ်။ ကျွန်တော့်မှာလည်း လွှမ်းမိုးတာတွေရှိတယ်၊ ကျွန်တော်ဆိုရင် ဗမာ၊ ရခိုင်၊ ဗုဒ္ဓဘာသာ ဒါတွေက ကျွန်တော့်ကို လွှမ်းမိုးတာပဲ။ ဒါပေမဲ့ ကျွန်တော်စာရေးတဲ့အချိန်မှာတော့ ဒီလွှမ်းမိုးမှုတွေကို မေ့ထားလိုက်တယ်။ မေ့ထားတယ်ဆိုတာမှာ သတင်းစာတစ်စောင်၊ ဂျာနယ်တစ်စောင်မှာ ဘယ်လိုကဏ္ဍတွေပဲ များများ၊ အမျိုးအစားခွဲလိုက်ရင် ၂ မျိုးပဲ ရှိတယ်။ အဲဒါက သတင်းကဏ္ဍနဲ့ Opinion ကဏ္ဍပဲရှိတယ်၊ အယ်ဒီတာ့အာဘော်တို့ Interview တို့ ဒါတွေက Opinion တွေပဲ။ ဒီလို Opinion ကဏ္ဍတွေမှာ ကိုယ့်ရဲ့လွှမ်းမိုးမှုတွေ ထည့်လို့ရတယ်။ ဒါပေမဲ့ သတင်းရေးတဲ့အခါတော့ လုံးဝမလွှမ်းမိုးအောင် ရေးရမယ်။

## Belief

Belief က ယုံကြည်မှုပေါ့။ ကျွန်တော့်အနေ

**ဆရာဝန်တစ်ယောက်က ဆေးထိုးမှားရင် ချက်ချင်းသိနိုင်တယ်။ အင်ဂျင်နီယာတစ်ယောက် အဆောက်အအုံဆောက်ရင်း မှားသွားရင် ချက်ချင်းသိနိုင်တယ်။ ဒါပေမဲ့ သတင်းမီဒီယာမှာ ပါဝင်ရေးသားတဲ့သူ တစ်ယောက်ရဲ့ရေးသားမှု မှားယွင်းသွားရင် လူ့အဖွဲ့အစည်းထဲမှာရတဲ့ ရောဂါလက္ခဏာက မြန်မြန်မတွေ့ရတတ်ဘူး။**

Asian Fame Media Group

နဲ့တော့ ယုံကြည်မှုဆိုတဲ့အထဲမှာ သာမန်အရပ်စကားနဲ့ပြောရရင် ဘာသာ (သို့) အယူဝါဒ အဲဒါအပြင် ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုလည်း ပါတယ်။ သက်ရှိလူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်က ဆုပ်ကိုင်ထားတဲ့ သုံးမြတ်နိုးတဲ့ သုံးသပ်ချက်တစ်ခုကလည်း ယုံကြည်မှုဖြစ်တယ်။ ကျွန်တော့်အတွက်ဆိုရင်တော့ Belief ဆိုတဲ့ ယုံကြည်မှုက Self Discipline ဆိုတဲ့ ကိုယ်တိုင်ရေးစည်းကမ်းနဲ့ တိုက်ရိုက်ပတ်သက်တယ်၊ ကျွန်တော့်မှာ ကိုယ်တိုင်ရေးစည်းမျဉ်းရှိတယ်။ အဲဒီမှာ တစ်ခုက 'ငါလုပ်ကို လုပ်ရမယ်' ဆိုတဲ့ ကိစ္စ Do's ပေါ့။ နောက်တစ်ခုက 'လုံးဝမလုပ်ဘူးဆိုတဲ့ အရာ' Don't ပေါ့။ ဒါတွေက ကျွန်တော့်အတွက် Belief ပဲ။ ပြည်သူတွေက သတင်းစာဆရာတစ်ယောက်ကို ဒါမှမဟုတ် သတင်းစာတစ်စောင်ကို ယုံကြည်ဖို့ ဆိုဘာကျတော့ အဲဒီသတင်းစာ၊ သတင်းစာဆရာရဲ့ လူအများစုက ယုံကြည်စိတ်ချရဖို့ လိုတယ်။ နောက်တစ်မျိုးပြောရရင် Trust ပေါ့။ အဲဒီ သတင်းစာ၊ သတင်းစာဆရာက ဘာကိုယုံကြည်တယ်။ ဘာကိုလက်ခံထားတယ်ဆိုတာနဲ့ တိုက်ရိုက် အချိုးကျတယ်။ သူတို့ယုံကြည်လက်ခံထားတာက မှန်ကန်တယ်၊ ကောင်းမွန်တယ်ဆိုရင်တော့ ပြည်သူရဲ့ ယုံကြည်မှုက မြင့်မားလာလိမ့်မယ်။ သတင်းစာဆရာမှာလည်း Do's ဆိုတဲ့လုပ်ကို လုပ်ရမယ်ဆိုတဲ့ အရာနဲ့ Don't ဆိုတဲ့ မလုပ်ရဘူး ဆိုတဲ့အရာ ရှိတယ်၊ လူ့အဖွဲ့အစည်းထဲမှာ လက်ခံထားတဲ့ ကိစ္စတစ်ခုက အမှားကြီးဆိုပါစို့။ ဒါက အမှားပါဆိုပြီး 'Against all of' လုပ်ပြီး ရေးရဲရမယ်။ ဒါက Do's ပေါ့။ Don't ကတော့ စောစောကပြောခဲ့တဲ့ Bias လိုကိစ္စမျိုးတွေပေါ့။

Benefit

Benefit ကတော့ အကျိုးတရား၊ အကျိုးခံစားမှုပေါ့။ သတင်းစာဆရာအနေနဲ့ ပြောရရင် Impact ဆိုတာက ရှိတယ်။ Benefit က အပြုသဘောဆောင်တယ်။ သတင်းမီဒီယာအနေနဲ့ အကျိုးတရားမှာက ထွက်ပေါ်လာတဲ့ ရလဒ် အကျိုးတရားမှာ ကောင်းတာရော ဆိုးတာရော ဖြစ်နိုင်တယ်။ ဒါက Impact ဆိုရင် မှန်မယ်။ အလုပ်တိုင်းမှာ Action, Reaction ဆိုသလို သတင်းမီဒီယာရဲ့ လုပ်ငန်းမှာလည်း Impact ရှိတယ်၊ ဒီအကျိုးရလဒ်မှာ ကိုယ်လုပ်တဲ့အလုပ်မှာ ဘယ်လောက်စေ့စပ်သေချာမှုရှိလဲ၊ ကျင့်ဝတ်နဲ့ စံနှုန်းဘယ်လောက်ထိကိုက်ညီမှုရှိလဲပေါ် မူတည်ပြီး ပြည်သူနဲ့ လူ့အဖွဲ့အစည်းကြားမှာ အကောင်းသဘောလည်းရှိသလို၊ အဆိုးသဘောလည်း ရှိတယ်။ Benefit မှာ ဘာနဲ့ဆက်စပ်နိုင်သေးလဲဆိုတော့ Professionalism လို့ခေါ်တဲ့ အသက်မွေးဝမ်းကြောင်းတစ်ခုအပေါ် ကျွမ်းကျင်စွာတတ်မြောက်မှုအပေါ် မူတည်လိမ့်မယ်။ တတ်မြောက်မှုအားနည်းရင် Benefit နည်းလိမ့်မယ်။ အလုပ်တစ်ခုလုပ်မယ်ဆိုရင် စိတ်စေတနာတစ်ခုနဲ့ မပြီးဘူး။ ကျွမ်းကျင် တတ်မြောက်မှုကလည်း လိုသေးတယ်။ မီဒီယာလုပ်ငန်းတစ်ခုရဲ့ ခက်ခဲတဲ့ပြဿနာရှိတယ်၊ ဥပမာ - ဆရာဝန် တစ်ယောက်က ဆေးထိုးမှားရင် ချက်ချင်းသိနိုင်တယ်၊ အင်ဂျင်နီယာတစ်ယောက် အဆောက်အအုံဆောက်ရင်းမှားသွားရင် ချက်ချင်းသိနိုင်တယ်။ ဒါပေမဲ့ သတင်းမီဒီယာမှာ ပါဝင်ရေးသားတဲ့ သူတစ်ယောက်ရဲ့ ရေးသားမှုမှားယွင်းသွားရင် လူ့အဖွဲ့အစည်းထဲမှာရတဲ့ ရောဂါလက္ခဏာက မြန်မြန်မတွေ့ရတတ်ဘူး။ ဒါကြောင့် ကိုယ့်ရဲ့ သတင်းရဲ့ Impact တွေကို သေချာဆန်းစစ်သင့် တယ်။ နောက်ပြီး သတင်းစာဆရာတစ်ယောက် မှာ သူ့ရဲ့ Benefit မှာ သတင်းတစ်ပုဒ်၊ ဆောင်းပါးတစ်ပုဒ်ရေးပြီးရင် ထိုက်တန်တဲ့ စာမူခကို မျှော်လင့်လို့ရတယ်၊ ဒါပေမဲ့ ကိုယ့်ရဲ့သတင်း၊ ဆောင်းပါးက စောစောကပြောတဲ့ ရောဂါကင်းတဲ့ သတင်းမျိုးတော့ ပေးရလိမ့်မယ်။



**မေသကြိန်ဟိန်**
**CEO**
**SHWEMYITMAKHA MEDIA GROUP**



Bias

Bias ဆိုတာကတော့ ဘက်လိုက်တယ်၊ မျှတမှုမရှိဘူးပေါ့။ ဘက်လိုက်တယ်ဆိုတာကတော့ လူတိုင်းမှာ ဘက်ရှိပါတယ်။ ဘက်လိုက်မှုရှိတယ်။ သတင်းသမားတွေမှာလည်း ဘက်ရှိတာပဲ၊ ဘက်လိုက်ကြတာပဲ။

တစ်ခုတော့ရှိတာပေါ့။ သတင်းသမားကောင်းတစ်ယောက်အနေနဲ့ ရပ်တည်မယ်ဆိုရင်တော့ Bais ကင်းအောင် နေရမယ်။ ကိုယ့်အနေနဲ့ရော ကိုယ်ရေးသားတဲ့ သတင်းတွေမှာရော ချစ်ခြင်း မုန်းခြင်းကင်းတဲ့ ရပ်တည်မှုမျိုးနဲ့ နေသင့်တာပေါ့၊ ဒါက တကယ့်ကို စံနှုန်းမြင့်တဲ့ သတင်းသမားပေါ့။ သတင်းသမားကောင်းဖြစ်ချင်တဲ့ ကျွန်မအတွက်တော့ ဘက်ကင်းအောင်ကြိုးစားနေထိုင်နေပါတယ်။ ဒါပေမဲ့ ခုချိန်ထိတော့ မအောင်မြင်သေးပါဘူး။ ရံဖန်ရံခါမှာ ဘက်လိုက်မိနေတုန်းပါပဲ။

Belief

Belief ကတော့ ယုံကြည်သည်ပေါ့၊ အဲဒါကလည်း ကျွန်မအမြင်ပဲ ပြောချင်ပါတယ်။ အမှန်တရားကိုပဲ ယုံကြည်တယ် လို့ ပြောရင်တော့ ပြဿနာကင်းမယ်ထင်တယ်။ ကျွန်မကတော့ သတင်းလောကထဲမှာရော လူ့ အသိုင်းအဝိုင်းကြားမှာရော ဘယ်သူ့ကိုမဆို ၅၀ ရာခိုင်နှုန်းပဲ ယုံကြည်တယ်၊ ကျန်တဲ့ ၅၀ ရာခိုင်နှုန်းကတော့ ကိုယ့်ကိုယ်ကိုယ် ဆန်းစစ်လေ့လာဖို့ထားပါတယ်။ အဲဒါကြောင့် ၁၀၀ ရာခိုင်နှုန်းကိုတော့ ဘယ်သူ့အပေါ်မှ ယုံကြည်မှု မထားပါဘူး။ ဘယ်အရာကိုမှလည်း ၁၀၀ ရာခိုင်နှုန်း ယုံတယ်ဆိုတာ မရှိပါဘူး။



MEDIA GROUP
Asian Fame Media Group



ကျွန်မကတော့ သတင်းလောက
ထဲမှာရော လူ့အသိုင်းအဝိုင်း
ကြားမှာရော ဘယ်သူ့ကိုမဆို
၅၀ ရာခိုင်နှုန်းပဲ ယုံကြည်တယ်၊
ကျန်တဲ့ ၅၀ ရာခိုင်နှုန်းကတော့
ကိုယ့်ကိုယ်ကိုယ် ဆန်းစစ်
လေ့လာဖို့ထားပါတယ်။အဲဒါကြောင့်
၁၀၀ ရာခိုင်နှုန်းကိုတော့ ဘယ်သူ့
အပေါ်မှ ယုံကြည်မှု မထားပါဘူး။

Benefit

Benefit ကတော့ အကျိုးအမြတ်ပေါ့ အရင်တုန်းကတော့ အကျိုးအမြတ်ဆိုတာကို စိတ်ခံစားမှုနဲ့ တွက်ခဲ့တယ်၊ စိတ်ချမ်းသာတယ် စိတ်ကျေနပ်တယ်ဆိုတာနဲ့ တိုင်းတာခဲ့တယ်။ ခုလို အသက် ၄၀ ဝန်းကျင်မှာတော့ ကိုယ့်ရဲ့ စိတ်ကျေနပ်မှုလေးနဲ့တိုင်းတာရတာ အဖြေမကောင်းဘူးလို့ နားလည်လာတယ်။ အဲဒါကြောင့် အကျိုးအမြတ်ဆိုတဲ့ကိစ္စကို စဉ်းစားတဲ့ အခါမှာ လူတွေအပေါ်မှာ ဘယ်လောက် အကျိုးရှိစေမလဲဆိုတာနဲ့ တိုင်းတာ စဉ်းစားပါတယ်။ ကျွန်မ တစ်ယောက်တည်း အတွက် မဟုတ်တော့ဘူး။ ကျွန်မပတ်ဝန်းကျင်က လူတွေ ကျွန်မနဲ့အတူ လက်တွဲအလုပ်လုပ်ကိုင်နေကြတဲ့ ရဲဘော်ရဲဘက်တွေ၊ ကျွန်မနဲ့ အတူတူ တစ်ရပ်ကွက်တည်း၊ တစ်မြို့နယ်တည်း နေထိုင်နေကြတဲ့ သူတွေကအစ မြန်မာပြည်မှာ အတူတူနေထိုင် နေကြတဲ့သူတွေအထိ တိုင်းတာပြီး စဉ်းစားကြည့်ပါတယ်။ အားလုံးအတွက် ကောင်းမယ် အကျိုးအမြတ်ရှိမယ်ဆိုရင်တော့ ကျွန်မ ပင်ပန်းမယ်၊ ခက်ခဲမယ်၊ ဆင်းရဲ ကျပ်တည်းမယ်ဆိုရင်တောင် လုပ်မယ်ဆိုပြီး စဉ်းစားဖြစ်လာတယ်။ အဓိက ပြောချင်တာကတော့ လူဘယ်လောက်များများ အတွက် အကျိုးအမြတ်ရှိစေသလဲဆိုတဲ့အပေါ်မှာ မူတည်ပြီး စဉ်းစားလာတယ်။ အဲဒါကတော့ ကျွန်မရဲ့ Benefit ပေါ့။

## သင်းသင်းသာ

**EDITOR-IN-CHARGE**
**THE STREET VIEW JOURNAL**



Bias

လူတစ်ဦးအတွက် ဘက်လိုက်ခြင်းဆိုတာတော့ ကင်းမှာမဟုတ်ပါဘူး၊ ကောင်းသော ဘက်လိုက်ခြင်း၊ ကောင်းသော အစွဲတွေကတော့ မရှိမဖြစ်လိုအပ်တဲ့အရာတွေပါပဲ။ ဒီလိုမရှိရင်လည်း လူတွေရဲ့တန်ဖိုးက လျော့ကျသွားမှာဖြစ်ပါတယ်၊ ကိုယ်သတ်မှတ်ထားတဲ့ စံတွေ၊ အဲဒီစံတွေက သစ္စာရှိခြင်း၊ မေတ္တာတရား၊ ဆင်ခြင်တဲ့တရား ကြိုးစားအားထုတ်မှု၊ သတိရှိမှုစတာတွေနဲ့ ပြည့်နှက်နေတဲ့ စံတွေဖြစ်ပြီး အဲဒီစံဘက်ကို ဘက်လိုက်မယ်ဆိုရင် သူ့မှာတန်ဖိုးတစ်ခုရှိပြီး သားဖြစ်တဲ့အတွက် တန်ဖိုးတက်မှာပါ။ ဒီနေ့ လူသားတွေ သူတို့အချင်းချင်းတောင်းဆိုနေတာက ရန်သူစစ်သိနိုင်တယ်တဲ့။ ဒါဟာ မဖြစ်နိုင်တာကို တောင်းဆိုတာပဲ၊ ရန်သူစစ်စစ်ဆိုတာလည်း တွေ့မှာမဟုတ်ဘူး။ အဲဒီတော့ ဘာနဲ့တန်ဖိုးဖြတ်ကြမလဲ။ သူ့ရဲ့ တန်ဖိုးထားမှုတွေနဲ့ ဖြတ်ကြရတယ်။ သူ့ရဲ့ဘက်လိုက်မှုတွေ၊ အစွဲတွေနဲ့ ဖြတ်ကြရတယ်။ Bias တွေကလွတ်ထွက် တတ်ပါတယ်။ အမြဲတမ်းလည်း သိသာအောင် နေကြပါတယ်။ နောက်ပြီး ဒီလိုမကောင်းတဲ့ Bias တွေဝင်သွားပြီးတဲ့ သူ့ဆီမှာ ကောင်းတဲ့ Bias တွေမျှော်လင့်လို့မရဘူးဆိုတာ ဒီအသက် အရွယ်မှာတောင် မသိတာသိဖြစ်နေဆဲပါ။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ်က ဆွဲတင်ချင်တဲ့ သူဖြစ်နေလို့ပါ။ သူ့ဆီမှာ အရင်က Bias ကင်းတယ်လို့ ယုံကြည်မိလို့လည်းပါတယ်။ ကျွန်မကတော့ လူတွေကို စမြင်တဲ့အချိန်မှာ မကောင်းတဲ့ Bias တွေရှိနေနိုင်မယ်ဆိုတဲ့ အသိနဲ့မကြည့်ဘူး။ ဒါက ကျွန်မရဲ့ စိတ်ချမ်းသာမှုကို ကျွန်မရွေးချယ်ထားတာ။

Belief

ကိုးကွယ်မှု၊ ယုံကြည်စွာ ကိုးကွယ်ခြင်းနဲ့ အမှန်ကို လက်ခံခြင်း ထောင့်ကနေ တွေးကြည့်

Asian Fame Media Group

ချင်ပါတယ်။ ဒီနေ့ကိုးကွယ်မှုနဲ့ဆိုင်ပြီး ဗုဒ္ဓဘာသာဝင်တွေဟာ မိနိုးဖလာဆိုတဲ့စကားပေါ်မှာ ပေါ့ပေါ့တန်တန်ပြောဆိုနေကြပါတယ်။ မိရိုးဖလာဖြစ်ခွင့်ရတာ သူ့မှာကောင်းသော ဗီဇစိတ်ရှိပြီးသားဆိုတာ မေ့လျော့ပြီး တရားစခန်းသွားမှု၊ ဥပုသ်နေ့တိုင်း ဥပုသ်စောင့်မှု၊ ဘုန်းကြီးကျောင်းသွားမှု၊ တရားနာမှုဆိုတာမျိုးတွေနဲ့ လွတ်လွတ်လပ်လပ်နေတဲ့ လူငယ်တွေကို ကဲ့ရဲ့ပြစ်တင်နေကြပါတယ်။

နံပါတ် ၁ - မိရိုးဖလာရှိခြင်းအားဖြင့် သူ့မှာ ဗီဇစိတ်အခံရှိပြီးဖြစ်တဲ့အတွက် သူ့မှာ အချိန်မရွေး ထတောက်နိုင်တဲ့ မီးတောက်တစ်ခု ရှိနေခြင်းဖြစ်ပါတယ်။ နောက်ပြီး ဗုဒ္ဓဘာသာရယ်၊ မြန်မာလူမျိုးရဲ့ ယဉ်ကျေးမှု အစဉ်အလာတွေကိုက သိုဝှက်တတ်ကြပါတယ်။ ဒီအပေါ်မှာ တချို့က နေရာရရေး အတွက် ဦးဆောင်တယ်ဆိုတဲ့စကားလုံးကို သုံးပြီး

ခြင်းသာ ယုံယုံကြည်ကြည်လုပ်ကြဖို့ မြဲမြဲအောင် ကျင့်ကြံဖို့ ဘုရားဟောခဲ့တယ်။ ငါ့ဘုရားကို မနက်တစ်ခါ ညတစ်ခါ ရှိခိုးလို့ မပြောခဲ့ပါဘူး။

### Benefit

ဒါကတော့ ကောင်းတာလုပ်ရင် ကောင်းတဲ့ အကျိုး ခံစားရမှာပဲလေ။ မကောင်းတာလုပ်ရင် မကောင်းတဲ့အကျိုးကို ခံစားရမှာပဲ။ မကောင်းတဲ့စိတ်ကလေး မွေးမိရုံနဲ့ မနောကံထိုက် တာကို၊ ဗုဒ္ဓဘာသာဝင်တိုင်း သိကြပါတယ်။ သတိလွတ်တဲ့ အပြောအဆို အပြုအမူအားလုံးဟာအကုသိုလ်ဖြစ်ပြီး သတိနဲ့ ကောင်းသောအသိနဲ့ ပြောဆိုသမျှဟာလည်း ကုသိုလ်တွေ ဖြစ်ပါတယ်။ ဒီ ကုသိုလ်က လူ့ဘာဝတန်းတာထက် မြင့်မြတ်တယ်လို့တောင် ကမ္မဋ္ဌာန်းဆရာတော်တွေ ဟောကြားနေပါတယ်။ ကောင်းကျိုးက ဘာဖြစ်မလဲ။ အကု

ဦးဖွမဟုတ်တဲ့အတွက် ဘဝမှ
ပြောင်းလဲမှုတွေ ကြိုးစားရမှုတွေ
ရှိနေမှာပဲ။ ဒါ့ကြောင့် ဘယ်လိုပဲ
ဘဝအခြေအနေပြောင်းပြောင်း
ကောင်းသောယုံကြည်ချက်တစ်ခုခုကို
ဆုပ်ကိုင်ထားရင် ပုံမှန်
ကြိုးစားနေမယ်ဆိုရင် ဘဝက
သက်သက်သာသာနဲ့ တန်ဖိုးမြင့်သွား
မယ်လို့ ယုံကြည်တယ်။ တန်ဖိုး
ဆိုတာ ကိုယ်က သတ်မှတ်ရ
တာလည်းရှိသလို အများက
သတ်မှတ်ရတာလည်း ရှိတယ်။




အလွဲသုံးစားလုပ်ကြတာတွေ ရပ်ကွက်ထဲမှာ ရှိကြပါတယ်။ အဲသလို လူတွေကိုပြောမိရင် ဗုဒ္ဓဘာသာအရ အကုသိုလ်ပဲ။ ဗုဒ္ဓဘာသာက အခြားဘာသာတွေလို ဘုရားထံမှာအပြစ်ဝန်ခံရင် ပျောက်ပျက်တတ်တာမျိုး မဟုတ်တဲ့အတွက် ပါးစပ်နဲ့ ပြောလို့ဝစီကံ၊ စိတ်နဲ့ပြစ်မှားလို့ မနောကံ၊ ကိုယ်ထိလက်ရောက် တောင်မပါဝါဘူး။ ကံတွေထိုက်နေရတာပါ။ ဒါ့ကြောင့်ဒီကနေ့ လူငယ်တွေရဲ့ ယုံကြည်မှုကိုသွားပြီးအပြစ်တင်လို့မရပါဘူး။ သူတို့မိဘကိုးကွယ်နေတဲ့ ကိုးကွယ်မှုအတိုင်းအတာ၊ ယုံကြည်ကြည်ညိုမှုအတိုင်းအတာအတိုင်း သားသမီးတွေမှာရှိနေမှာပဲ၊ ဒါ့ကြောင့် ယုံကြည်မှုဆိုတာလည်း ကိုယ်လုပ်တဲ့အလုပ်က ကောင်းသောအလုပ်ဖြစ်ဖို့ရယ်၊ ထိုကောင်းသောအလုပ်ကို လုပ်ဖို့သိဖို့ရယ်ဖြစ်ပါတယ်။ ကောင်းသောအလုပ်ကို လုပ်ဖို့သတိရှိခြင်း၊ ကောင်းသောအလုပ်မှန်းသိ

သိုလ်ကင်းမယ်။

ဦးဖွမဟုတ်တဲ့အတွက် ဘဝမှ ပြောင်းလဲမှုတွေ ကြိုးစားရမှုတွေ ရှိနေမှာပဲ။ ဒါ့ကြောင့် ဘယ်လိုပဲ ဘဝအခြေအနေပြောင်းပြောင်း ကောင်းသော ယုံကြည်ချက်တစ်ခုခုကို ဆုပ်ကိုင်ထားရင် ပုံမှန် ကြိုးစားနေမယ်ဆိုရင် ဘဝက သက်သက်သာသာနဲ့ တန်ဖိုးမြင့်သွားမယ်လို့ ယုံကြည်တယ်။ တန်ဖိုး ဆိုတာ ကိုယ်က သတ်မှတ်ရတာလည်း ရှိသလို အများက သတ်မှတ်ရတာလည်း ရှိတယ်။ အရေးကြီးဆုံးက ကိုယ်က ကိုယ့်ကိုယ်ကိုယ် တန်ဖိုးမြင့်နေဖို့၊ ရောက်နေ တဲ့တန်ဖိုးကို သိဖို့ လိုချင်တဲ့တန်ဖိုးကို ဖြည့်ဆည်းဖို့ အရေးကြီး ပါတယ်။ ဒီတန်ဖိုးတွေက လည်း ကောင်းသော ကြိုးစားလုပ် ဆောင်နေမှုကို တန်ဖိုး သတ်မှတ်သွားမှာလို့ ယုံကြည်ပါတယ်။

**ဖြိုးစုဝိုဝို**

Asian Fame Media Group

# စိမ်းလန်းသော မီဒီယာ

မြင့်သူဇာထွန်း

မျက်မှောက်ခေတ်အတွင်းအလျှဉ်နဲ့စီးဆင်းပြေးလွှားနေတဲ့ အရာတွေထဲမှာမီဒီယာ ရေစီးဟာ ထိပ်ဆုံးက ပါနေပါတယ်။ ဒီလို လျှင်မြန်နေတဲ့ အရှိန်အဟုန်ရှိနေပေမယ့် လိုက်စားလာတဲ့ ပြဿနာဟာလည်း စားသုံးသူလူထုနဲ့ ထုတ်လုပ်မှုအကြားမှာ စိမ့်ဝင်ဖြစ်တည်နေပါတယ်။ ခေတ်နဲ့အညီ ကူးပြောင်းရေး ပြောင်းလဲမှုကို ဟန်ချက်ညီ လုပ်ဆောင်ရေးတွေဟာ လတ်တလောမှာတော့ အရေးပါတဲ့အခန်းကဏ္ဍဖြစ်နေပါတယ်။ ဒါကြောင့် အာရှထုတ်ဝေသူများ ညီလာခံတစ်ရပ် APC(Asia Publisher Convention) ကို ဇူလိုင်လ ၁၁ရက်နဲ့ ၁၂ ရက်တွေက ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တော်မှာ နိုင်ငံပေါင်း (၁၂)နိုင်ငံမှ ကိုယ်စားလှယ်များတက်ရောက်ကာ ကျင်းပခဲ့ကြပါတယ်။ ဒီညီလာခံအခမ်းအနားကို မြန်မာနိုင်ငံစာပေထုတ်ဝေသူများနဲ့ ဖြန့်ချိသူများအသင်း ဥက္ကဋ္ဌဒေါက်တာသာထွန်းဦး ဦးဆောင်ပြီး အသင်းအမှုဆောင်အဖွဲ့ဝင်များဖြစ်တဲ့ ဒုဥက္ကဋ္ဌ ဦးမျိုးအောင်၊ အတွင်းရေးမှူး ဦးမြင့်ထွန်း၊





တွဲဖက်အတွင်းရေးမှူး ၂ ဒေါ်ငိုင်း၊ ဘဏ္ဍာရေးမှူး ဒေါ်နန်းအီအီဇာနဲ့ ဖြန့်ကြားရေးမှူး ဒေါ်နန်းကလျာဝင်း(AF Media CEO ဖြစ်သူ) တို့ သွားရောက်တက်ရောက်ခဲ့ကြပါတယ်။ အဆိုပါ ခရီးစဉ်ကနေရလာတဲ့ အတွေ့အကြုံများကို ပြန်လည် ဝေငှရှင်းလင်းခြင်းအခမ်းအနားကို ဩဂုတ်လ ၂၄ရက်နေ့ နံနက်က UMFCCI မှာ



Asian Fame Media Group



ကျင်းပခဲ့ပါတယ်။ ဒီအခမ်းအနားမှာစာအုပ်ထုတ်ဝေသူများနဲ့ ဖြန့်ချိသူများအသင်း ဖြန့်ကြားရေးမှူး ဒေါ်နန်းကလျာဝင်းက အတွေ့အကြုံတွေကို ရှင်းလင်းခဲ့ပြီး မြန်မာနိုင်ငံပုံနှိပ်မီဒီယာ ရှေ့ရေးနှင့် ပတ်သက်ပြီး Asia Geographic မဂ္ဂဇင်းထုတ်ဝေသူ (2013 ခုနှစ်ရဲ့ The Best Cover Award Winner ဖြစ်သူ) ကိုဂျွန်သက်က ဟောပြောခဲ့ပါတယ်။ မြန်မာမီဒီယာလောကတွင်း အနာဂတ်အလားအလာဆိုတာဟာ ရှုမြင်သုံးသပ်စရာတွေ တွေးခေါ်စဉ်းစားစရာတွေ ပြည့်နှက်နေပါတယ်။

**စိန်ခေါ်မှုတွေနဲ့ ပုံနှိပ်မီဒီယာ**

"ဒီနေ့ နိုင်ငံတကာ စာအုပ်ထုတ်ဝေရေးလုပ်ငန်းကြီးတစ်ခုလုံးဟာ နည်းပညာစိန်ခေါ်မှုတွေနဲ့ ရင်ဆိုင်ကြုံတွေ့နေရပါတယ်။ ဒါဟာ APC ကရခဲ့တဲ့ သတင်းစကားပါပဲ" လို့ ဖြန့်ကြားရေးမှူး ဒေါ်နန်းကလျာဝင်းက တစ်လှန့်လိုက်ပါတယ်။ ကျွန်မတို့ ပုံနှိပ်မီဒီယာဟာနည်းပညာရဲ့ စိန်ခေါ်မှုတွေကို ခံနေရတယ်ဆိုတာဟာ သိပ်ကိုသေချာနေတဲ့ ပြဿနာပါပဲ။ ကမ္ဘာနဲ့အဝန်းမှာ traditional media ဟာ social media နဲ့ အတိုက်အခံ ဖြစ်လာနေပါပြီ။ TM(Traditional Media) သမားတွေဟာ social media ရဲ့ အင်အားကိုယူအသုံးချတာ များရှိပေမယ့် internet & social media ကို credit မပေးချင်ကြဘူးလို့လည်းစွပ်စွဲခံနေရပါတယ်။

ပုံနှိပ်စာမျက်နှာပေါ်မှာဖော်ပြခံရတဲ့ အခွင့်အရေးဆိုတာဟာယနေ့ခေတ်မှာတော့ ဒဏ္ဍာရီထဲက မင်းသားလေးတစ်ပါးရဲ့ အနမ်းပွင့်ပါပဲ။ social media တွေ ကျယ်ပြန့်လာတာနဲ့အမျှ အင်တာနက်ပေါ်မှာဘလော့ဂါတွေ စီတီဇင်ဂျာနယ်လစ်တွေရဲ့ စာတွေ၊ ဓာတ်ပုံတွေ၊ ဂရပ်

**ဘာပဲဖြစ်ဖြစ် ကမ္ဘာပေါ်မှာတော့ ပုံနှိပ်မီဒီယာ ကနေ ဒစ်ဂျစ်တယ်မီဒီယာ ကိုကူးပြောင်းနေပါပြီ။ စာအုပ်ထုထည်အတိုင်း ကိုင်ဆောင်ပြီးသွားလာနေကြတော့ပါဘူး။ ဆဲလ်ဖုန်းတွေထဲမှာ၊ တဲဘလက်တွေထဲမှာ စာအုပ်တွေများစွာ ထည့်သိုထားနိုင်ပါပြီ။ အင်တာနက်စာမျက်နှာတွေဟာလည်း မိုဘိုင်း စာကြည့်တိုက်တွေ ဖြစ်နေပါပြီ။ စာအုပ်ကိုင်ဆောင်ပြီး စာရွက်လှန်လှောဖတ်ရှုရတဲ့ အရသာဟာ ပိတ်ရက် အနားယူချိန်ဖြစ်နေသည့်တိုင် ခရီးသွားအပန်းဖြေတဲ့ အချိန်မှာတော့ စိတ်ရှိသလို မရရှိနိုင်ပြန်ပါဘူး။**



ဖစ်ဒီဇိုင်းတွေနဲ့ ဘလော့ဂ်တွေဟာ အလျှံအပယ်ပါပဲ။ဘယ်မဂ္ဂဇင်း ဘယ်စာစောင်မှာမှ ဖော်ပြခံရခြင်းမရှိရင်လည်း ကိစ္စမရှိတော့ပါဘူး။ သူတို့ဖန်တီးတဲ့ စာပေကို ဖတ်ရှုမယ့်သူတွေ လက်ထဲကိုအရောက်ပို့နိုင်ပါပြီ။ ဒီအခွင့်အရေးနဲ့တကွ အထူးတလည် တာဝန်ယူမှု ဆိုတာဟာလည်း ဥပေက္ခာပြုထားလို့ရသေးတဲ့ ကိစ္စပါပဲ။

ဘာပဲဖြစ်ဖြစ် ကမ္ဘာတစ်လွှားက ကျောင်းတွေမှာ social media ဆိုတာဟာ လေ့လာရမယ့်ဘာသာဖြစ်နေပါပြီ။ ဒါကြောင့် social media ရဲ့ အခန်းကဏ္ဍကိုလုပ်ငန်းခွင်မှာ ဖြည့်စွက်လိုက်ရင် ဘယ်လိုအကျိုးအမြတ်တစ်စုံတစ်ရာ သက်ရောက်မှု ရရှိနိုင်မလဲဆိုတာကိုလည်း အလုပ်ရုံဆွေးနွေးပွဲတွေကျင်းပပြီး ဆွေးနွေးလာကြသလို ကျောင်းတွေမှာလည်း assignment တွေချပြီး လေ့လာသုံးသပ်နေကြပါပြီ။ မီဒီယာရဲ့ ပြောင်းလဲတိုးတက်လာမှု အခြေအနေဟာ အနောက်နိုင်ငံတွေရဲ့ ကျောင်းတွေမှာတော့ လေ့လာဖို့ အတော်ဟော့တဲ့ ဘာသာရပ်တစ်ခု ဖြစ်လာနေပါတယ်။

APC မှာတော့ ဒီအကြောင်းအရာကိုပဲ တွေ့ရှိရသမျှ တခမ်းတနားဆွေးနွေးမှုဝေနေကြပါတယ်။ အဆိုပါ ညီလာခံမှာတော့ ဒစ်ဂျစ်တယ်မီဒီယာကိုဘယ်လိုနည်းနဲ့အရှိန်ယူပြီး ကူးပြောင်းကြမလဲဆိုတဲ့ နည်းနာစနစ်တွေအကြောင်း ပါဝင်ပါတယ်တဲ့။

**ပုံနှိပ်မီဒီယာရဲ့ကူးပြောင်းမှုအင်အား**

လျှပ်စစ်မီဒီယာထွန်းကားမှုဟာအလျှင်မြန်ဆုံးပျံ့နှံ့နေတယ်ဆိုပေမယ့်လည်းစာရွက်အခိုင်အမာအထောက်အထားဖြစ်တဲ့ ပုံနှိပ်ထုတ်ဝေမှုရဲ့သဘာဝကတော့ ပြောင်းလဲမှုမရှိပါဘူး။ ကျော်ကြားအများစုရဲ့ ခိုင်မာသောရလဒ်ဟာ စာရွက်ပေါ်မှာပဲတည်ရှိနေဆဲပါပဲ။

Asian Fame Media Group

Asia Geographic ရဲ့ပဲ့ကိုင်ရှင် ကိုဗျွန်သက်ကတော့ မြန်မာနိုင်ငံရဲ့ ဒစ်ဂျစ်တယ် ကူးပြောင်းရေးအနာဂတ်ကိုစိတ်မပူဘူးလို့ဆိုပါတယ်။ မြန်မာနိုင်ငံသားအများစုဟာဆဲလ်ဖုန်းနဲ့ တဲဘလက် ယဉ်ကျေးမှုကို ကျွမ်းဝင်ကြပြီး သားဖြစ်နေတယ်လို့ သူကမြင်ပါတယ်။ တကယ်ကတော့ မီဒီယာအသွင်ပြောင်းလဲမှုအတွက် ခေတ်ထက် ဈေးကွက်ကို ပိုမိုလေ့လာ သင့်တယ်လို့ဆိုပါတယ်။ဒါကတော့ သူ့ရဲ့အမြင်ဖြစ်သလို မီဒီယာသမားတစ်ဦးရဲ့ သုတေသနအမြင်လည်း ဖြစ်ပါတယ်။ ကမ္ဘာပေါ်မှာ ဒစ်ဂျစ်တယ်မီဒီယာဟာ ထွန်းကားပျံ့နှံ့နေပေမယ့် မြန်မာနိုင်ငံတွင်းမှာတော့ အင်တာနက်ပေါ်မှာ စာဖတ်နိုင်ဖို့ အခွင့်အလမ်းဟာ ရှားပါးနေတုန်းပါပဲ။ မီဒီယာအသစ်ရဲ့ ပြောင်းလဲမှုဟာ တကယ်ကို interactive ဖြစ်လာပါပြီ။ ဒစ်ဂျစ်တယ် မီဒီယာအသွင်ကို ကူးပြောင်းလာနေတယ်လို့ဆိုပေမယ့် မြန်မာ့ပုံနှိပ်လောကမှာတော့ စာအုပ်ထုတ်ဝေခြင်း အခမ်းအနားများမှာ စာပေချစ်သူတွေ စည်ကားပျော်ရွှင်ဆဲ၊ စာအုပ်ဈေးပွဲတော်များမှာ စာဖတ်သူတွေ ကြိတ်ကြိတ်တိုးနေဆဲပါပဲ။ ဒီလိုဆိုတော့ မြန်မာတွေ စာမဖတ်ဘူးဆိုတာကော သေချာပါရဲ့လား။ ဘာပဲဖြစ်ဖြစ် ကမ္ဘာပေါ်မှာတော့ ပုံနှိပ်မီဒီယာကနေဒစ်ဂျစ်တယ်မီဒီယာကိုကူးပြောင်း နေပါပြီ။ စာအုပ်ထုထည် အတိုင်းကိုင်ဆောင်ပြီးသွားလာမနေကြတော့ပါဘူး။ ဆဲလ်ဖုန်းတွေထဲမှာ၊ တဲဘလက်တွေထဲမှာ စာအုပ်တွေများစွာ ထည့်သို ထားနိုင်ပါပြီ။ အင်တာနက် စာမျက်နှာတွေဟာ လည်းမိုဘိုင်းစာကြည့်တိုက်တွေ ဖြစ်နေပါပြီ။ စာအုပ်ကိုင်ဆောင်ပြီး စာရွက်လှန်လှော့ဖတ်ရှုရတဲ့ အရသာဟာ ပိတ်ရက်အနားယူချိန်ဖြစ်နေသည့်တိုင် ခရီးသွားအပန်းဖြေတဲ့အချိန်မှာတော့ စိတ်ရှိသလို မရရှိနိုင်ပြန်ပါဘူး။ ဒါကြောင့် digital platform ဆိုတာဟာ မဖြစ်မနေကူးပြောင်း ရောက်ရှိလာမယ့် လျှောက်လမ်းတစ်ခုပဲ ဖြစ်ပါတယ်။

ကိုဗျွန်သက်ကလည်း "အွန်လိုင်းမီဒီယာ စမယ်ဆိုရင် အရင်ဆုံးဆိုရှယ်မီဒီယာနဲ့ စကြည့်ရမယ်" လို့ အဆိုပါ အခမ်းအနားမှာအကြံပြုလိုက်ပါတယ်။

**မီဒီယာဟာပရော်ဖက်ရှင်နယ်လုပ်ငန်း**

"မီဒီယာဟာစီးပွားရေးလုပ်ငန်းမျိုးမဟုတ်ဘူး။ ကော်ပိုရေးရှင်းမဟုတ်ဘူး။ အလုပ်ရှိရင် အလုပ် ခန့်ပေးလို့ရတယ်ဆိုတာမီဒီယာမှာမရှိပါဘူး။မီဒီယာမှာ general title ဆိုတာမရှိဘူး။ မီဒီယာဆိုတာပရော်ဖက်ရှင်နယ်တွေရဲ့လုပ်ငန်းမျိုး။ အလုပ်ရှိရုံနဲ့လုပ်လို့မရသလိုခင်လို့ အလုပ်ခန့်မယ်ဆိုတာမျိုးနဲ့လည်းမရပါဘူး။ မီဒီယာဆိုတာ package ပါပဲလို့"ကိုဗျွန်သက်ကဆိုပါတယ်။

မီဒီယာလုပ်ငန်းအပေါ်ထားတဲ့ သူ့ရဲ့သဘောထားကိုလည်းအခုလိုဖွင့်ဟလာပါတယ်၊ "စာရေးတတ်ပြီးခောက်ပုံရိုက်တတ်ရင် စာအုပ်ထုတ်လို့ရပြီထင်ရင်မှားပါတယ်။ သူ့မှာပါဝင်တဲ့ နေရာကတာဝန်တိုင်းကို လေးစားမှုရှိရပါမယ်။ မီဒီယာဆိုတာ not competition, just team ပဲလို့ သတ်မှတ်ပါတယ်။တူတူမလုပ်ဘဲနဲ့ ဈေးကွက်ဖျက်ပြီး ယှဉ်ပြိုင်တာတွေကမှားပါတယ်။ အဲဒါကကွာလတီမဟုတ်တော့ဘူးကွန်တာတီဖြစ်သွားပြီ၊ ဒါကမီဒီယာကို ဖျက်ဆီးတာပါပဲ။ ဒီတော့ မီဒီယာဆိုတာပူးပေါင်းလုပ်ဆောင်ရတာပါပဲ။ ဒါကြောင့် မီဒီယာနဲ့ပတ်သက်ရင် အဖွဲ့အစည်းကအရေးကြီးပါတယ်" တဲ့၊ အဆိုပါပြဿနာမျိုးတွေဟာ မီဒီယာမှာအရေးကြီးတဲ့ကိစ္စရပ်ပါပဲလို့ သူကဆိုပါတယ်။ advertisement တွေကိုဈေးပေါပေါနဲ့ ခွဲအရှုံးပြလာနေပြီလို့ social media က ဆိုပေမယ့် တကယ်တမ်း ကတော့ နိုင်မာတဲ့ မှတ်တမ်းအသွင်အနေနဲ့ ရပ်တည်နေရတဲ့ ပုံနှိပ်မီဒီယာဟာ သက်တမ်း ကြာမြင့်ခဲ့ပါပြီ။ အင်္ဂလန်နိုင်ငံမှာ ၁၆၂၂ခုနှစ်မှ သတင်းစာစတင်ပေါ်ပေါက်ခဲ့တယ်ဆိုပေမယ့် အာရှမှာကတော့ အေဒီခြောက်ရာ(၅၄၉)ခန့်မှာကတည်းကတရုတ်နိုင်ငံမှာတီချောင် သတင်းစာ ပေါ်ပေါက်နေခဲ့ပါပြီ။ ကိုဗျွန်သက်ကတော့ ပုံနှိပ်လုပ်ငန်းရဲ့အစဟာ အာရှကဖြစ်တယ်ဆိုတဲ့ အကြောင်း "စက္ကူစခဲ့တာလည်းတရုတ်ပြည်ကပဲ။ ပုံနှိပ်မီဒီယာလည်း တရုတ်ကစခဲ့တာပဲ"လို့ ဂုဏ်ယူ စွာထုတ်ဖော်နေပါတယ်။ ဒီလိုဆိုတော့ ပုံနှိပ်မီဒီယာဟာ ကမ္ဘာမှာ



ထွက်ပြီးရောင်းတယ်ဆိုတာတွေလည်းရှိတတ်တော့ ဒီလိုဒက်မျိုးတွေကိုမီဒီယာတခုရလေ့ရှိပါတယ်တဲ့။ မဂ္ဂဇင်းမှာ trade and professional နဲ့ consumer ကွာဟပုံတွေကိုလည်းသူကဆက်လက် ရှင်းပြခဲ့ပါတယ်။ consumer မဂ္ဂဇင်းမဟုတ်ရင် ဒစ်ဂျစ်တယ်မီဒီယာကိုမကူးပြောင်းသင့်သေးဘူးဆိုပေမယ့် trade နဲ့ professional မဂ္ဂဇင်းတွေဟာ မြန်မာစာဖတ်ပရိသတ်အကြားအောင်မြင်မှုနှုန်းထားအခြေအနေမည်ရွေ့မည်မျှရှိမလဲဆိုတာကတော့ ကိုယ်တိုင်သုံးသပ်ရမယ့်အပိုင်း ဖြစ်နေပါတယ်။ အာရှမီဒီယာမှာအောင်မြင်လတ်ဆတ်နေဆဲဖြစ်တဲ့ AG(Asia Geographic) ရဲ့ မောင်းနှင်သူ ကတော့ မြန်မာစာဖတ် ပရိသတ်ကိုအလုံးစုံ နားမလည်ကြောင်း ဝန်ခံခဲ့ပါတယ်။

**ပုံနှိပ်လုပ်ငန်းများရဲ့ ရေရှည်ရပ်တည်မှု**

ပုံနှိပ်မီဒီယာတွေရဲ့နောင်ရေးသက်တမ်းနဲ့ပတ်သက်ပြီး ကမ္ဘာတစ်လွှားမှာ ဝေဖန်သုံးသပ်မှုတွေ ရှိနေပါတယ်။ ပုံနှိပ်မီဒီယာသမားတွေ အာရုကစခဲ့တယ်ဆိုတာတော့ အနိုင်အမာပါပဲ။

သူ့ရဲ့ လင်းလက်တောက်ပတဲ့မျက်ဝန်းတွေထဲမှာ ပုံနှိပ်မီဒီယာမြက်ခင်းဟာစိမ်းစိုလန်းဆန်းနေဆဲဖြစ်ပါတယ်။ APC ရဲ့ စကားစစ်ထိုးကတွေမှာ ပုံနှိပ်မီဒီယာရဲ့ အနာဂတ်သက်တမ်းခိုင်မာမှုဘက်က အနိုင်ရရှိခဲ့တာတွေကလည်း သူ့ရဲ့နှလုံးသားကို ရေလောင်းပေါင်းသင်ပေးလိုက်သလို ဖြစ်ခဲ့တယ်ထင်ပါ့။ စောင်ရေသောင်းဂဏန်းပေါင်းမြောက်မြားစွာ ကမ္ဘာတစ်လွှားသို့ ဖြန့်ချိနေသူရဲ့ ရင်ထဲမှာ မြန်မာ့ပုံနှိပ်လောကအနာဂတ်ကို ဖန်ဆင်းနေဆဲ ဖြစ်ပါလိမ့်မယ်။ ဟောပြောခြင်းပြီးဆုံးသည့်တိုင်အောင် မြန်ကြားရေးမှူး ဆရာမငွေသော်တာ တစ်ဖြစ်လဲ Asian Fame Media ရဲ့ CEO ဒေါ်နန်းကလျာဝင်းနဲ့အတူ ပုံနှိပ်မီဒီယာအလားအလာကို စူးစိုက်ဆွေးနွေးကြဆဲပါပဲ။ လက်တွေ့မီဒီယာ စက်ဝန်းထဲမှာတော့ ပြောင်းလဲလာမှုအသွင်ကို စောင့်ကြည့်ရဦးမှာဖြစ်ပါတယ်။

**မြင့်သူဇာထွန်း**

Asian Fame Media Group

Q&A

# မမရတီ

အချစ်ရေး
ကျန်းမာရေး
လူမှုရေး
အနုပညာ

**Q**

သို့

မမရတီနှင့် ရတီအယ်ဒီတာနှင့် အဖွဲ့သားအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာ၍ ဆန္ဒနှင့်ဘဝထပ်တူကျကြပါစေကြောင်း ဆုတောင်း ဆန္ဒပြုလိုက်ပါသည်။ ကျွန်တော်သည် စာပေရေးသားခြင်းနှင့် ကာတွန်း ရေးဆွဲခြင်းကို အသက်နှင့်အမျှချစ်မြတ်နိုး၍ ကြိုးစားနေသော လူငယ် တစ်ဦး ဖြစ်ပါသည်။ ကျွန်တော်၏ ကဗျာလေးများနှင့် သရော်ကာတွန်း လေးများသည်လည်း စာမျက်နှာအချို့တွင် နေရာကွက်ကျား ဝေဆာ ခွင့်ရခဲ့ပါပြီ။ ရတီမဂ္ဂဇင်းသည်လည်း ကျွန်တော်ကြိုက်နှစ်သက်သော မဂ္ဂဇင်းကောင်းတစ်အုပ်ဖြစ်ပါသည်။ ရတီစာမျက်နှာတိုင်းမှ ကဏ္ဍအား လုံးကို ကြိုက်နှစ်သက်ပါသည်။ ကျွန်ုပ်တို့လို ဝါသနာရှင်များကို စင်တင် ပေးသည့် 'ဖူးနုသစ်လွင် ကဗျာဥယျာဉ်' ကဏ္ဍလေးသို့ ကျွန်တော့်ကဗျာ လေးများပေးပို့၍ ကလောင်သွေးခဲ့သလို ရတီရင်ခွင်တွင်လည်း ကျွန် တော်၏ ဘဝတစ်သက်တာ ကဗျာလေးခိုလှုံခွင့်ရခဲ့ပါပြီ။ သို့သော် ကျွန်တော်၏ ဘဝတစ်သက်တာ ပထမဦးဆုံးစာမူခလေးတော့ ကျွန်တော့် ထံသို့ ရောက်ရှိမလာခဲ့သေးပါ။ ထပ်မံ၍လည်း ကဗျာလေးများ ပေးပို့ ထားပါသည်။ ကဗျာအယ်ဒီတာကိုလွှမ်းရုံမှလည်း ကျွန်တော်၏ကဗျာ များကို ဖတ်ရှုဝေဖန်ပေး၍ ရတီရင်ခွင်တွင် လစဉ်ခိုလှုံခွင့်ပြုပါရန် လေးစားစွာတောင်းဆိုအပ်ပါသည်။ ကာတွန်းကဏ္ဍသို့လည်း ကာတွန်း များ ပေးပို့လိုပါသည်။

ရတီ ကမ္ဘာတည်သရွေ့ အောင်မြင်တည်တံ့ပါစေ
အညာကြလူငယ် ခက်ဆစ်လင်း(မြည်)

**A**

**ခက်ဆစ်လင်း ပေးပို့တဲ့ ကဗျာတွေနဲ့ ကာတွန်းတွေက သက်ဆိုင်ရာ အယ်ဒီ တာအဖွဲ့ကို ပေးပို့နိုင်ပါတယ်။ ရတီမှာ ဖော်ပြခံရတဲ့ စာမူတွေအတွက် စာမူခ တွေကို ကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စား လှယ်ဖြစ်စေ လာရောက်ထုတ်ယူနိုင် သလို နယ်က စာမူရှင်တွေထံကိုလည်း လိုအပ်သလို စီစဉ်ပေးပို့ ပေးနေတာမို့ တိုက်ကို ဆက်သွယ် မေးမြန်းကြည့်ဖို့ အကြံပေးလိုက်ပါရစေ။ ကဗျာအယ်ဒီ တာ ကိုလွှမ်းရုံကိုလည်း ခက်ဆစ်လင်း ရဲ့ တောင်းဆိုချက်ကို မမရတီက ပြော ပြပေးလိုက်ပါ့မယ်။**

**Q**

သို့ မမရတီ

၂၀၁၂၊ ဧပြီလရဲ့ 'ဖူးနုသစ်လွင် ကဗျာဥယျာဉ်' ကဏ္ဍမှာ ချောနွယ် မောင် (ညောင်လေးပင်)ရဲ့ ကဗျာ တစ်ပုဒ်ကို သတိထားမိလို့ပါ။ အဲ့ ကဗျာက ဘယ်လို အမျိုးအစား ပါလိမ့်ခင်ဗျာ။ တစ်ဆိတ်လောက် မေးပေးပါနော်။ (ကျွန်တော့်အထင် တော့ ရက်(ပ်) အမျိုးအစားနဲ့ တူ ပါရဲ့။)

ကိုချောနွယ်မောင်
(ညောင်လေးပင်) အား
အစဉ်လေးစားလျက်
စိုင်းဝင်းမြည့် ဒိုက်ဦးမြို့။

**A**

**ကဲ. . . ဒိုက်ဦးသားလေး စိုင်းဝင်းမြည့်ရဲ့ ဆန္ဒအ တိုင်း ကဗျာဆရာ ချောနွယ် မောင် (ညောင်လေးပင်) ကိုမေးပေးလိုက်ပါပြီနော်။**

Asian Fame Media Group
MEDIA GROUP

**Q**

သို့ မင်္ဂလာပါ မမရတီ

သမီးက ရတီရဲ့ ပရိသတ်ပါ။ ရတီမှာပါတဲ့ ကဏ္ဍတိုင်းကို ကြိုက်ပါတယ်၊ ဇူလိုင်လထုတ်နဲ့ ဩဂုတ်လထုတ်တွေမှာပါတဲ့ ခွေးကလေးတွေနဲ့ အနုပညာရှင်တွေရဲ့ ပုံတွေရော၊ ဩဂုတ်လမှာပါတဲ့ သမီးကြိုက်တဲ့ အနုပညာရှင်တွေရဲ့ ဒီဇိုင်းဆန်းတွေကိုရော ကြိုက်တဲ့အပြင် ဝတ္ထုတွေ၊ ကဗျာတွေပါ ဖတ်ရတာ အရမ်းကြိုက်ပါတယ်၊ 'ခြောက်ရက် ခြောက်လ ခြောက်နာရီ' ဆိုတဲ့ ပဥ္စလက်ဆန်တဲ့စာမျိုးတွေလည်း ဖတ်ရတာ တစ်မျိုးဆန်းနေတယ်လို့ ခံစားရပါတယ်။ နောက်ပြီး အနုပညာရှင်တွေနဲ့ အင်တာဗျူးတွေကိုလည်း ဒီထက်ပို ဖတ်ချင်ပါသေးတယ်မမရတီ။ အဲဒါလေးလည်း ပြောပေးပါဦးနော် မမရတီ။

ရတီဂွင်းဆက်လက်အောင်မြင်ပါစေလို့
ဆုတောင်းလျက်. . . ရွှေဇင်(ပခုက္ကူ)

**A**

ရတီရဲ့ အထူးလစဉ်အထူးကဏ္ဍတွေကို ကြိုက်တယ်ဆိုရင် ရတီပိုင်းတော်သားတွေက အတိုင်းမသိ ဝမ်းသာကြပါတယ် ညီမလေး ရွှေဇင်ရေ၊ တောင်းဆိုထားတာတွေကိုလည်း အယ်ဒီတာအဖွဲ့က ကြိုးစားပေးပါမယ်တဲ့။

**Q**

မမရတီ မင်္ဂလာပါခင်ဗျာ

ကျွန်တော်က မိုးထက်ကျော်(ကွင်းကောက်)ပါ။ ဇူလိုင်လထုတ် ရတီရဲ့ ရည်ညွှန်းဖွဲ့သီမှာ ကျွန်တော့်ရဲ့ 'မိုးညကဗျာ' ဝတ္ထုကို အသုံးပြုပေးခဲ့တဲ့အတွက် အရမ်းကျေးဇူးတင်ပါတယ်။ ရတီမှာ ပါခင်ခွင့်ရတဲ့အတွက်လည်း ဝမ်းသာပါတယ်။ ပိုပြီးဝမ်းသာကြည်နူးရတာကတော့ စာမူပါလို့ မမတ္တာလက်ဆောင်စာအုပ်၊ စာမူခကို နယ်အရောက်လှမ်းပို့ပေးတာကိုပါပဲ။ တကယ်ကျေးဇူးတင်တာပါ မမရတီ၊ ထိုးထက်သွားတဲ့ စာမူနှုန်းထားတွေကြောင့် မဂ္ဂဇင်းတိုက်တိုင်းက နယ်ကလောင်တွေဆီကို စာအုပ်မပို့ကြတော့ပါဘူး။ ရတီကတော့ အစဉ်အလာမပျက် ပို့ပေးဆဲဆိုတာ သိလိုက်ရတဲ့အတွက် အရမ်းလေးစားပါတယ်၊ နောက်ပြီးတော့လည်း အစဉ်အလာမပျက် ချီတက်နိုင်ပါစေ။

လေးစားစွာဖြင့် မိုးထက်ကျော်(ကွင်းကောက်)
ကွင်းကောက်မြို့၊ ကွင်းကောက်စာတိုက်၊ ဟင်္သာတခရိုင်၊
ဧရာဝတီတိုင်းဒေသကြီး။

**A**

ရတီကလည်း ရသအားကောင်းပြီး စာဖတ်သူကို တစ်စုံတစ်ရာ အကျိုး ပြုနိုင်မယ့်စာမျိုးတွေကို ဖော်ပြနိုင်ဖို့ အစဉ်တစိုက် ကြိုးစားနေပါတယ်။ ဒါကြောင့် အနယ်နယ်အရပ်ရပ်က ရောက်ရှိလာတဲ့ စာရေးဆရာတွေရဲ့ စာမူတွေကို ဖော်ပြတဲ့အခါ ရုံးခွဲရှိတဲ့မြို့နယ်တွေမှာ ရုံးခွဲကတစ်ဆင့် ထုတ်ယူနိုင်ပြီး ရုံးခွဲမရှိတဲ့ နေရာတွေအတွက် ပြည့်စုံတဲ့ လိပ်စာပါရှိတယ်ဆိုရင် စာအုပ်နဲ့ စာမူခကို ပြန်လည်ပို့ပေးနေတာပါ။ ဒါကြောင့် စာမူရှင်တွေနဲ့ စာဖတ်သူတွေကြားမှာ ကျေနပ်မှုရှိတယ်ဆိုရင် ရတီကပေးဆပ်ရကျိုးနပ်ပါတယ်။ ရတီကလည်း ပရိသတ်တွေအတွက် အစဉ်အလာမပျက် ချီတက်နေမှာပါ။



Asian Fame Media Group
MEDIA GROUP



## စစ်ကိုင်းတိုင်းအောက်ပိုင်း

သီးနှံနဲ့ ရာသီဥတုဟာ
ကြိုးရဲ့တစ်ဖက်စီမှာ လွန်ဆွဲလို့
94W နဲ့ မဟာစင်ကိုလည်း
အဝေးကနေ လေသေနတ်ပစ်တာပဲ
ဧရာဝတီနဲ့ သယန်းဆိပ်ရဲ့ အရိပ်မှာ
ကိုယ့်အပူ ကိုယ်ပိုက်ပြီး အိပ်နေရ
ရေးကျိန်းစာလို့ ဆိုရအောင်လည်း
တိမ်ထူထပ်ပြီး မိုးခေါင်နေတော့တယ်။ ။

ကိုဂျိုး(ဝက်လက်)

MEDIA GROUP
Asia Frame Media Group



## ည

ဒီလောကကြီးရဲ့ဂုဏ်ရည်ကို
ဖြတ်တိုက်လာတဲ့ လေပြည်ဟာ
တိမ်ရောင်တောက်နေတဲ့ ညနေခင်းရဲ့
ကျိန်းစပ်စပ်မျက်လုံးတွေကို
ထွေးယမ်းပိတ်ပစ်လိုက်တဲ့အခါ
ရုတ်ချက်ပြင်းပြင်းနဲ့ 'အမှောင်'
တစ်ရောင်တည်းခြယ်တဲ့
ပဟေဠိအရိပ်အငွေ့က သိမ်သိမ်မွေ့မွေ့
လှုပ်ဝင်လာတယ်။

အမှောင်ရဲ့ အရောင်ထဲ
ကိုယ့်ကိုယ်ကိုယ်နစ်ကြည့်ရင်း
အရိပ်မဲ့နေတဲ့ အမှောင်ရဲ့ အလင်းမှာ
'ည'ဟာ တဖြည်းဖြည်းနေသားကျလာ။

'လ'ရဲ့ ဆလိုက်မီးကိုမျှော်ရင်း
အချိန်ရင့်လာတော့
အတိတ်သမိုင်းအောက်
အလွမ်းချက်ကြွေကောက်ဖို့
ကြယ်တွေကို အဖော်ပြုရင်းစောင့်ဆိုင်းခြင်းဟာ
'ည'ရဲ့ ပြုမြဲ အထိမ်းအမှတ်တစ်ခု ဖြစ်တယ်။

ဒီအချိန်မှာ
ဦးနှောက်ကွန်ပျူတာစက်ကြီးထဲ
'အတွေး' ဒေတာတွေ ထပ်မံဖြည့်တော့တဲ့
စက်ရုပ်ဆန်ဆန် လူသားတွေဟာ
အသိစိတ်ရဲ့ အခြားတစ်ဖက်ကို
အိပ်စက်ခြင်းနဲ့ နယ်လွန်နေခဲ့ကြတယ်
ပြီးချုပ်ရွာပဲ ပေါ့။

'ဝမ်းစာ'နဲ့ 'ဂဏန်းသင်္ချာ'
နေရောင်ခြည်အောက်မှာ မီးခိုးအပြည့်နဲ့
တောက်လောင်ဖို့ထားခဲ့ကြ။

အိုင်တီခေတ်မှာ မမွေးတဲ့
အင်နီမေးရှင်းအတတ်ကို
တစ်ဖက်ကမ်းခတ်တတ်တဲ့
ကြယ်ပွင့်ကလေးတွေကတော့
ကောင်းကင်ပရိုဂျက်တာမှာ ခုန်ပေါက်လို့။

ဒီလိုနဲ့
ကောင်းကင်မျက်နှာကြက်ထက်
အသက်ဝင်နေတဲ့ ကြယ်တွေရဲ့ ရှုခင်းကို
တိတ်တိတ်ကလေး ခံစားရင်း
'ည' ဟာ
တစ်ချိန်လုံး ငြိမ်နေခဲ့တယ်။ ။

လေပြည်ရှမ်းချမ်း



## မရေရာ

အမှောင်ထဲမှာ အရောင်တွေတူနေသည်
အားလုံးဟာ စမ်းတဝါးနဲ့
တဝဲတနား မရှိကြ
ဟိုနားမှာ ဘယ်သူတွေ ဘာလုပ်နေပြီ
ခလုတ်တိုက်မိတော့မှ
ကျောက်ခဲလား အုတ်ခဲလား
သစ်ငုတ်တိုလား ဘာများလဲမသိ
အားလုံးဟာ အမှောင်မှာ
အယောင်ဆောင်နေကြ
ဘာအလင်းသစ် ထွန်းပြချိန်ရောက်မှ
မိတ်ကပ် မျက်နှာများ
အလင်းထဲမှာ အရောင်တွေကွဲသွားသည်။

ထက်သခင်(သုံးဆယ်)

## အချစ်ကဗျာ

လေးငါးကြောင်း ထုတ်ရေးရင်
အချစ်ဆိုတာ
စာရွက်ပေါ်မှာ ဆားပေါ့တယ်။

လူတစ်ယောက်ကို ချစ်တယ်ဆိုတာ
ကိုယ့်ရှေ့မှာ
နာကျင်နေတဲ့ သူတွေကိုမြင်ရလို့
ဝဲလိုက်လာတဲ့
မျက်ရည်လည်း ဖြစ်နိုင်တယ်။
အေးမကြား ဒေါ်မကြား
ဖုံးနှံအာရှုသည်တွေရဲ့
တုန်နေတဲ့ လက်ကလေးတွေကို
ဖေးမတဲ့ လက်ကလေးတစ်ဖက်လည်းဖြစ်နိုင်တယ်။

အချစ်အချစ်ဆိုတာနဲ့
လူတွေမေ့ထွက်သွားတဲ့အခါ
ဒီကမ္ဘာမှာ
မျက်စိကန်းတဲ့သူတွေ
မြင်အောင်ပြလို့ရတာ
မေတ္တာတစ်ခုပဲရှိတယ်။

မျိုးဝင်း



Asian Fame Media Group
MEDIA GROUP

# ဖူးနုသစ်လွင် **ကဗျာဥယျာဉ်**

## ဆင်းချိန်ရောက်ရင်

သားတို့ ကားတစ်စီးနဲ့ ခရီးသွားနေကြတာပါ အမေရယ်
မိသားတစ်စု ပျော်ပျော်ပါးပါးပေါ့
ရယ်လိုက် မောလိုက် ချစ်လိုက် ခင်လိုက်နဲ့
ကားအချင်းချင်းတွေ့ရင် လက်ပြရတာလည်း အမောပဲနော်

ဘဝတစ်လျှောက်မှာ
သား မျှော်လင့်ချက် တစ်ဝက်တစ်ပျက်ကို
ပျက်စီးခြင်းတချို့ ဖြည့်ပြီး
မရဲတရဲ ပျော်တုန်းပေါ့
သားမန်းမို့လို့ အရာထင်ထင်လည်း မတွေးခဲ့ကူးနော်
မောင်နှမတစ်စု အမေ့မျက်နှာတစ်ဖက်နဲ့
မြိုင်တစ်ခါ နှစ်တစ်လှည့်
သိုင်းဝိုင်းပျော်မော်ခဲ့ကြတယ်လေ

မိုးတစ်ညပေါ့ အမေရယ်
မိုးသည်းသည်းမှာ
ကားလေးလည်း မောင်းနေဆဲလေ
မှောင်မှောင်မည်းမည်း
ဘေးဘီလည်း မမြင်ရတော့
မိသားစုလည်း အိပ်ပျော်ဆဲပေါ့



အမှတ်မထင်တဲ့ ကြိုမသိတဲ့ သူ့မှတ်တိုင်မှာ
သူဆင်းခဲ့ပြီ အမေ
ခရီးကျကြားထဲ ဝိုးတဝါးနဲ့
နှုတ်ဆက်ဖို့အချိန် ရုတ်တရက်ထဲမှာ
လက်ပြဖို့ သူမသိခဲ့ဘူး အမေ

ဝိုပါအမေရယ်
အဆင်းရောက်ချိန် မရှိတော့တဲ့သားအတွက်
ရင်ကမြစ်တဲ့ နှင့်တွယ်သွေးစက်
မခန့်မျက်ရည် တားဆီးမရှိဘူး အမေ

ဒါပေမဲ့ အမေရယ်
မှတ်တိုင်ကိုယ်စီ ဆင်းမယ့်ချိန်ရောက်
အားလုံး နှုတ်ဆက်ဖို့ကြောက်လည်း
ဆင်းရမယ့်အချိန် မရောက်တဲ့မနေပါဘူး အမေ

နှုတ်ဆက်ခွင့် ရ မရ
မကျိန်းသေတဲ့ ဒီခရီးလမ်းတစ်လျှောက်မှာ
ကျန်ခဲ့သူတွေအတွက်
ပြင်ဆင်ချိန်ဆိုတာ ရှိသေးတယ်လေ

ဆင်းသွားတဲ့ နေရာအတွက်
လှည့်လည်ကြည့် သက်ပြင်းချတတ်မယ့်
မိသားတစ်စု ရှိသေးတယ် အမေ

အမေ . . .
မှတ်တိုင်ကိုယ်စီ ဆင်းချိန်ရောက်ရင်
တိတ်ဆိတ် ညှို့မှိုက်နေမလား
ချစ်ခြင်းတွေများ ရှိနေမလား အမေ
ဖော်ဝေခြင်း... ကမ်းတလျှယ်
လွန်ရှိမရှိ ကျွန်မတင်
ကိုယ့်ကိုယ်ကိုယ် ကိုင်ပြီး
သွားရမယ့် ဒီလမ်းအတွက်
သံသရာဝဲ ဆိုတာလည်းမရှိဘူးလေ

သိသူမရှိ ဒီခရီးအတွက်
ကျန်ရှိအချိန် ခဏခဏမှာ
အထိတရားတစ်ခုကိုဖက်
နောက်ဆုံးခရီးအတွက်
ခပ်လွှက်လွှက် 'ပြုံး' ရမယ်... အမေ။

ဖော်ဖိမ်း

## ဘူတာရုံ

ဘဝရဲ့အမိုးကို
အုတ်ကြွပ်တွေ ခပ်ကျဲကျဲမိုးလို့
နံရံကိုတော့
မြူခင်ခြင်းတွေ လိမ်းကျံထားပါတယ်

ရေမျက်နှာစာမှာ
အလံတစ်ခုစိုက်လို့
ခံစားချက်တွေ မှူခလို
စလောင်းတစ်ခုကို တင်ထားပါတယ်။

ဒါတောင်မှ
ထွက်ခွာခြင်း ခရီးသည်ကြားတိုင်း
နှလုံးသားက အနီရောင်တွေ ဖိတ်ဖိတ်တောက်တယ်။ ။

ထွဏ်းနေသွေး



'ဖူးနုသစ်လွင်ကဗျာဥယျာဉ်'၏ ပရိသတ်များဖြစ်သည့် ကဗျာဝါသနာရှင်များအတွက် အထူးအစီအစဉ်တစ်ရပ်အနေဖြင့် ပေးပို့လာသော ကဗျာများအနက်မှ သင့်တော်ရာအချို့ကို ရတီမဂ္ဂဇင်း၏ Face Book စာမျက်နှာထက်တွင် အပိုဆောင်း ကဗျာအဖြစ် ဖော်ပြပေးသွားမည်ဖြစ်သောကြောင့် စာမျက်နှာထက်တွင် ပုံနှိပ်ဖော်ပြခြင်း မခံရသူများအနေဖြင့် အွန်လိုင်းတွင် မိမိတို့၏ ကဗျာများကို စောင့်မျှော်ဖတ်ရှုနိုင်ပါကြောင်း. . . . .

Asian Fame Media Group

# ဖူးနုသစ်လွင် **ကဗျာဥယျာဉ်**



## ဘာမှမဟုတ်တာတွေရောနေတဲ့

### မြို့စျေး

ဒါကဘာမှမဟုတ်ပါဘူးဆိုနေမှ
ဘာမှမဟုတ်တာတွေက
ဖိုက်ကြည့်ပြီး သွားဖြဲပြနေကြ
ဟုတ်တာတွေပြောတဲ့ ပါးစပ်တွေလည်း
ဒီမြို့ထဲမှာ မရှိတော့ဘူး
နှုတ်ချိုချိုရိုက်ချက်ပြင်းပြင်းအမွှေးမှုများ
မြို့လယ်ကောင်မှာ အခန့်သားနေရာယူနေကြ
မဟုတ်တာတွေနဲ့ ထွန်းကားနေတဲ့မြို့
မဟုတ်တာတွေကို ဟုတ်ပါတယ်လို့ ပြောနေတဲ့ပါးစပ်များ
အခွန်လွတ်စျေးမှာ ရောင်းချလို့
ဒါက အဲဒီမှာ စျေးကောက်
ဒါက အဲဒီမှာ သန့်ရှင်းရေးသမား
ဒါက အဲဒီမှာ လုံခြုံရေးတာဝန်ယူနေရသူ
ဒါက အဲဒီမှာ မဖြစ်မနေလူတစ်ယောက်
ဒါက အဲဒီမှာ ဘာမှမဟုတ်တဲ့ကောင်
ဘာမှ မဟုတ်တဲ့စျေးမှာ
ဘာမှ မဟုတ်တဲ့ကောင်တွေက အာဏာတွေပြလို့
ဘာမှမသိတဲ့ ဆရာကြီးဝင်လုပ်လို့···။

မင်းသက်ထန်



### ရောဂါ

တုန်ခါမှုကို ဆာလောင်မှုတ်သိပ်တဲ့ ရောဂါတစ်ခု
စွဲကပ်လာတယ်
ဘယ်အချိန်ကလဲ...
ဘာမှာ စိတ်ခံစားချက်တွေက
အရေးပါသေးတဲ့လား...
မေးခွန်းများစွာနဲ့ ကျင်လည်နေတဲ့ ဘဝမှာ
ကိုယ့်ကိုယ်ကိုယ်မေးတဲ့ မေးခွန်းတွေက
ဖြေရအခက်ဆုံးပဲ
တစ်ယောက်သောသူရဲ့ စိတ်ထဲ ဝင်ကြည့်ဖို့ ကြိုးစားတယ်ဆိုတာ
ဟာသယ်တော့ မလွယ်ကူလှပါဘူး
အသိသတွေ ပြေပျောက်ဖို့ ဘယ်အရာကစွမ်းဆောင်နိုင်လိမ့်မှာ မဟုတ်တော့
ကိုယ့် ခေါင်းအုံးကလေးကတောင်
အလေ့အထပျောက်ဆုံးမှုတွေကို တအံ့တသြ
လူတွေကမဟုတ်တာကို ရေကြီးခွင်ကျယ် သိပ်လုပ်ချင်တာပဲတဲ့
ငယ်ဆိုက်ကဆာလောင်မှုကို ဖြေသိမ့်နိုင်ပေမယ့်
အတွင်းစိတ်ရဲ့ ဆာလောင်မှုအတွက်
ဖြေသိမ့်ဖို့က
မေးခွန်းရှိရင် အဖြေရှိတယ်ဆိုတဲ့စကားကို
တချို့နေရာတွေမှာ မသိချင်ယောင်ဆောင်မျက်ကွယ်ပြုနေရလို့
သိပ်တော့ လိပ်ပြာမလုံချင်ဘူး
ရက်စွဲတစ်ခုနဲ့တစ်ခု အပြောင်းအလဲတွေ
သတိထားမိတဲ့ အချိန်ကစပြီး
ဒါ...
တုန်ခါမှုတွေကို ဆာလောင်မှုတ်သိပ်တတ်လာတယ်။ ။

ကဥ္စနာ

ကဗျာချစ်သူ၊ ကဗျာဝါသနာရှင်မည်သူမဆို 'ဖူးနုသစ်လွင်ကဗျာဥယျာဉ်'ကဏ္ဍသို့ လိပ်မူပြီး ကဗျာများပေးပို့နိုင်ပါသည်။ ကဗျာပေးပို့ရာတွင် ကလောင်အမည်၊ အမည်ရင်း၊ နိုင်ငံသားကတ်ပြားအမှတ်၊ ပညာအရည်အချင်း၊ မွေးသက္ကရာဇ်၊ နေရပ်လိပ်စာနှင့် ဖုန်းနံပါတ်ကို အပြည့်အစုံထည့်ပေးပါရန်။ (ရွေးချယ်ခံရသည့် စာမူရှင်များကို စာမူခ ချီးမြှင့်မည်ဖြစ်ပါကြောင်း)

Asia Fame Media Group
af MEDIA GROUP



Asian Fame Media Group
MEDIA GROUP



# ညဉ့်မှောင်ယံထဲမှာ

## သော်ရှင်၊ ဗိုင်ကော်၊

ဝတ္ထုတိုရသ

**ညသည် မှောင်မိုက်လွန်းနေ**သည်။ ဘာကိုမှ သဲကွဲစွာမမြင်ရပါဘဲ ခြေလှမ်းများ ဗွက်ထဲသို့စွပ်ခနဲ စွပ်ခနဲ ဝင်ဝင်သွားသည်။ လာမိသည့်လမ်းတော့ နောက်ပြန်လှည့်ရန် သာလှစိတ်မကူး။ သည်ခရီး သည်လိုလာချင်လို့ပင် တမင်သက်သက် ကိုလှမောင်ကို ဖုန်းလှမ်းဆက်ပြီး ခေါ်ခဲ့သေးတာ။ ရှေ့တွင် မည်မျှပင် ဒုက္ခကြီးကြီး အရောက်သွားမည်ဟု စိတ်ကို ဖုံးဖုံးချထားသည်၊ သာလှ လက်ထဲတွင် ကြွပ်ကြွပ်အိတ်မည်းကြီးတစ်လုံး ဆွဲထားသည်။ ထိုအိတ်ထဲတွင် သည်ညအတွက် ရိက္ခာအပြည့်အစုံ ပါလာသည်။ ဘီယာ ၆ လုံးလောက်နှင့် အာလူးကြော်၊ ငါးမုန့်ကြော်၊ ဆေးလိပ်စသဖြင့် စုံလင်သည်။

ညကောင်းကင်ယံတွင် ကြယ်ကလေးတွေ မှိတ်တုတ်မှိတ်တုတ် လင်းနေရုံမှလွဲပြီး လမိုက်ညဖြစ်

သဖြင့် ပတ်ဝန်းကျင်အနေအထားက လည်း မည်းမည်းမှောင်နေသည်။ သာလုနှင့် ကိုလှမောင်အပါအဝင် နောက်ထပ် အဖော်လိုက်လာသူ နှစ်ယောက်ရှိသေးသည်။ ထိုနှစ်ယောက်ကား မောင်လွင်နှင့် မင်းမောင်။ သာလုနှင့် ကိုလှမောင် သွားလျှင် ငရဲအထိ ပျော်ပျော်ကြီး လိုက်မည်ဟု တွေးထားသူတွေ။ ခုလည်း ခရီးတစ်ဝက်လောက်ကစ၍ မမြင်မကန်းနှင့် စွပ်ရွတ်လာခဲ့သည့် ခရီးသည် မည်သည့်နေရာသို့ ဦးတည်နေမှန်း မသိသော်လည်း သာလုဦးဆောင်သော လမ်းခရီး ဖြစ်သဖြင့် ယုံယုံရဲရဲလိုက်လာခဲ့ခြင်း ဖြစ်သည်။ သို့သော် ရုတ်တရက် ပြောလိုက်သော သာလုစကားကြောင့် မောင်လွင်နှင့် မင်းမောင် ရှေ့ဆက်သင့်နိုး မသင့်နိုးတွေးနေရပြီ။

"ကိုသာလု ဘယ်ကိုသွားမှာလဲ"

"ဦးသောင်းလယ်တဲကို သွားမှာ"

"ဗျာ. . . အဝေးကြီးနော် ကိုသာလု ရောက်ဖူးလို့လား"

"ရောက်ဖူးပါ့ကွာ ဒါပေမဲ့ တစ်ခုပဲ"

"ဘာလဲဗျ"

"လမ်းမသိတာ"

"ဗျာ"

"ဟဲဟဲဟဲ. . . သိပ်လည်း စိတ်မပျက်သွားပါနဲ့ အရင်တစ်ခါ လာတာနေ့ဆိုပေမယ့် လမ်းတော့ မှတ်မိပါတယ်ကွာ။ ခုက လမသာတော့ ရေးတေးတေးဖြစ်ရုံလေးပါ ရှေ့ဆိုရင် ရောက်တော့မှာပါကွ"

မသေချာသော သာလု၏ စကားတွင် မျက်လုံးကလေးတွေ ကလယ်ကလယ်နှင့် ခုမှတော့ မထူးတော့သည့်ပုံစံမျိုးဖြင့် ဆက်လိုက်ရချေပြီ။

သာလု ရွာတွေကို ဖြတ်သည်။ တချို့နေရာတွေမှာ ရေတွေတောင် ဖြတ်ရသေးသည်။ တချို့နေရာတွေကတော့ ဗွက်တွေပြင်ကျယ်ကြီး ပေါက်နေသဖြင့် ပုဆိုးတွေမကာ ဆကာဖြင့် သွားရသည်။

နောက်ဆုံးတော့ ပုဆိုးတွေ မရလွှန်းသဖြင့် လက်ညှော်ဆလာသည်။ ထိုနောက်ပုဆိုးများ စလွယ်သိုင်းလျက် အတွင်းခံဘောင်းဘီတို လေးတွေနှင့် လေးဦးသား လမိုက်ညသန်းခေါင်ယံအချိန်တွင် လေသလပ်ခံရင်း လမ်းလျှောက်နေသည့် နှယ်ရှိချေသည်။

ခုထိလည်း သာလုပြောသော ဦးသောင်းလယ်ကို မရောက်သေး။



ခြေတွေတုံပြီး ညောင်းနေပြီ။

"ဘာစိတ်ဘူးပေါက်ရတာလဲ သာလုရာ။ ခုညမှ မင်းကလယ်ထဲ သွားမယ်ဆိုတော့"

"ဘာရယ်မဟုတ်ပါဘူး စိတ်ထဲ ပျင်းပျင်းရှိတာနဲ့ ကိုလှမောင်ကို ဖုန်းဆက် ဟိုနှစ်ကောင်ကိုခေါ်ပြီး ထွက်လာခဲ့တာ။ အမှန်အတိုင်း ပြောရရင် ဦးသောင်းလယ်တဲကို ကျွန်တော် ရှာနေတာ။ ခုတောင် မျက်စိလည် နေပြီထင်ပါရဲ့"

"ဘာရယ်"

"ဘယ်လို"

"ဘယ်လိုပြောလိုက်တယ်"

ကျင့်သားရနေသော ညမှောင်မှောင်တွင် သာလုက ရယ်ကျဲကျဲလုပ်နေသည်။ သို့နှင့် သာလုဘာလုပ်လုပ် စိတ်ချမ်းသာသည့် သဘောဖြင့် ကျန်သုံးဦးမှာ နောက်လိုက်လုပ်ရင်း လယ်တွေကို ဖြတ်လျှောက်ကြသည်။ မြောင်းတွေကို ခွကျော်ကြသည်။ ဗွက်တွင် ရုန်းလိုက်ကြသည်။ တစ်ယောက်ပြီးတစ်ယောက် တဗိုင်းဗိုင်းလဲကြသည်၊ လူတစ်ကိုယ်လုံးလည်း ဗွက်တွေပေကျံနေပြီ။ လယ်တစ်ကွက်အကျော်တွင်တော့ သာလု ခြေစုံရပ်လိုက်သည်။ ပါးစပ်ကလည်း

"ရောက်ပြီ. . . ဟောဟိုရှေ့က တဲပဲ"

ခုမှ စိတ်ကိုလျှော့ချလျက် သာလုညွှန်ရာ လယ်တဲကို ရောက်လာခဲ့ကြသည်။ ထိုစဉ် ကိုလှမောင် ဖုန်းက မြည်လာသည်။ ကိုလှမောင်၏ မဟေသီဖြစ်မည်မှန်းလည်း သိလိုက်ကြသည်။

"အေးပါ ငါးလား. . . မမျှားရသေးဘူး။ ဘာ. . . ဘယ်တော့ပြန်လာမှာလဲ ဟုတ်လား။ သာလုတော့ မပြောတတ်ဘူး။ ယောကျ်ားတော့ နွေပေါက်မှ ပြန်လာတော့မယ်"

ထိုစကားသည် သာလုအား ရွဲ့စောင်းပြောဆိုခြင်းဖြစ်သည်။ လာခဲ့သည့်ခရီးသည် ဗွက်တစ်ရာ၊ မြောင်းတစ်ရာ၊ လယ်တစ်ရာ မဖြတ်ခဲ့ရသော်ငြား ဤသို့နှယ် ပင်ပန်းနွမ်းနယ်နေချေပြီမဟုတ်လား။ သာလုက သူခေါ်လာသည့်လူဆိုတော့လည်း ဘာမှဝင်မပြောသာ။ တဲနားအရောက်တွင် သာလု ဦးသောင်းကို အော်ခေါ်သည်။

"ဦးလေးသောင်း ဗျို့. . . ဦးလေးသောင်း ဦးလေးသောင်း"

တဲသည် တိတ်ဆိတ်လျက်ရှိသည်။ သာလု၏စိတ်ထဲတွင် ဦးသောင်းအိပ်ပျော်နေသဖြင့် မနိုးသလားဟုထင်နေသည်။ နောက်ထပ်ခေါ်ကြည့်တော့လည်း အသံမကြားသဖြင့် တဲအနားသို့ လေးဦးသား တိုးကပ်လာကြသည်။ တဲသည် တိတ်ဆိတ်မြဲ တိတ်ဆိတ်နေသည်။

**သာလုနှင့် ကိုလှမောင် သွားလျှင် ငရဲအထိ ပျော်ပျော်ကြီးလိုက်မည်ဟု တွေးထားသူတွေ။ ခုလည်း ခရီးတစ်ဝက်လောက် ကစ၍ မမြင်မကန်းနှင့် စွပ်ရွတ်လာခဲ့သည့် ခရီးသည် မည်သည့် နေရာသို့ ဦးတည်နေမှန်း မသိသော်လည်း သာလု ဦးဆောင်သော လမ်းခရီး ဖြစ်သဖြင့် ယုံယုံရဲရဲ လိုက်လာခဲ့ခြင်း ဖြစ်သည်။**

သာလုက အိတ်ထောင်ထဲမှ မီးခြစ်ကို ထုတ်ကာ မီးခြစ်ကြည့်လိုက်သည်။ တဲအတွင်း ရှင်းလင်းလျက် ရှိသည်။ လူသူတစ်ယောက်မှ မရှိ။ ကွပ်ပျစ်ပေါ်တွင် ခေါင်းအုံးလေးလုံး ရှိသည်။ သာလုကမပြော မဆိုနှင့် မီးဖိုဘေးနားထိုင်ချလျက် အသင့်တွေ့ရသော ထင်းခြောက်များကို မီးမွှေးလိုက်သည်၊ တဲသည် အလင်းရောင် ဖျော့တော့တော့မှ လင်းရှင်းလာလေသည်။

သာလုတို့လေးဦး ပုလင်းများကိုထုတ်ကာ အာလူးကြော်နှင့်ငါးမုန့်ကြော်ထုပ်တွေ ဖောက်ကြသည်၊ ထိုအချိန်ကြမှ သူတို့လေးဦး ဗိုက်တွေဆာနေမှန်းသိကြသည်။ သာလုက

"သူငယ်ချင်းတို့ ဘာမှမပူနဲ့ ဒီတဲက ငါလာဖူးတယ်။ တဲရှင် ဦးသောင်းက သိပ်သဘောကောင်းတာ။ ခု သူမရှိလည်း တဲထဲမှာစားစရာအခြောက်အခြမ်းတော့ ရှိမှာပဲ။ နောက်နေ့မှ ပြန်ဝယ်ထည့်ပေးလိုက်တာပေါ့။ ငါရှာလိုက်ဦးမယ်"

ကျန်သုံးဦးမှာ သာလု၏ သဘောသာလျှင်ဟု သာလုသဘော



**ဘုရား...ဘုရား... သာလှ ဘီလူးသရဲများ စီးနေလေရော့လား။ ကိုလှမောင်စိတ်ထဲက တွေးနေရပြီ။ အချိန်ကလည်း လမိုက်ညဖြစ်သဖြင့် မှောင်မည်းကာ နေသည်ကိုလည်း သတိထားမိသည်။**

သာလှကို ဆောင်ခိုင်းထားသည်။ သာလှ ပန်းကန်တောင်းထဲကို ရှာကြည့်ရာ ရှားရှားပါးပါး ကြက်ဥ တစ်လုံးတွေ့သည်။ အားရဝမ်းသာဖြင့်

"တွေ့ပြီ"

ကိုလှမောင်တို့ ဝမ်းသာသွားရသည်။

"ဘာတွေ့တာလဲ သာလှ"

"ကြက်ဥ"

"ကြော်လိုက်ကွာ စားရအောင်"

"အေး"

သာလှက ဟိုလှန် ဒီရှာဖြင့် ဆီကိုတွေ့သည်။ ဆားနှင့်အချိုမှုန့်လည်းရှိသည်။ ဒယ်အိုးတစ်အိုး တင်ကာ ကြက်ဥကြော်လိုက်သည်။ ပြီးတော့ ကိုလှမောင်တို့ဝိုင်းတွင် ကြက်ဥကြော်ကို ချလိုက်သည်။

"ဟင်ဒါလား ကြက်ဥကြော်ဆိုတာ"

ဟုတ်သည်။ သာလှကြော်ထားသော ကြက်ဥတစ်လုံးမှာ ပန်းကန်ကို မှအားမနာ အလယ်တွင် ပစ်လယ်ထဲမှ ကျွန်းတစ်ကျွန်းပမာ သေးသေးကွေးကွေးလေး။

ကိုလှမောင် ကြက်ဥကြော်ပန်းကန်ကို ကြည့်လျက် စိတ်ပျက်သွားသည်။

"ဟုတ်တယ်လေ ကြက်ဥက တစ်လုံးတည်းရှိတာ။ ကြော်ဆိုလို့ ကြော်ပေးတာ"

မှတ်ရော၊ ကိုလှမောင်က ကြက်ဥတွေ့သည် ဆိုခြင်းကြောင့် လေးဦးစာတော့ ရှိလောက်သည် ဟုထင်ကာ ကြော်ခိုင်းလိုက်ခြင်းဖြစ်သည်။ ခုတော့ ဖြစ်ပုံကတလွဲ။

"သာလှထပ်ရှာပါဦး။ လယ်တဲဆိုတော့ တစ်ခုခုတော့ရှိမှာပါ"

သာလှပဲ အရှာကောင်းသည်လားတော့မသိ။ သာလှ၏ "တွေ့ပြီဗျာ" ဟူသော အသံလာရာကို ကြည့်လိုက်တော့ သာလှလက်ထဲတွင် ကြက်ကလေးသုံးကောင်။

"ဟင် ကြက်ကလေးတွေ အရွယ်တောင် မရောက်သေးဘူး။ မင်းဘာလုပ်မလို့လဲ သာလှ"

"သတ်ပြီးကြော်မလို့လေ"

"ဘုရား. . . ဘုရား မင်းကိုလယ်တဲရှင်က ခွင့်ပြုပါ့မလား။ သူလည်း သိတာမဟုတ်"

"ရပါတယ်ကွာ ငါ ကြက်သုံးကောင် ပြန်ပေးလိုက်မှာပေါ့"

ခက်ချေပြီ။ ရပါတယ်ဟုချည်း သာလှက ဆိုနေသဖြင့်ကိုလှမောင် မျက်ခုံးလှုပ်ချင်ချင်ဖြစ်လာရသည်။

"မင်းကြက်တွေက ငယ်ငယ်လေးတွေရှိသေးတာ"

"ဟာ . . . ကိုလှမောင်ကလည်း တချို့ဆိုင်းကြော်ဆိုပြီးတော့ ကြက်ပေါက်စတွေ ကြော်ရောင်းသေးတာ ခု ကျွန်တော်တော့ ကြော်တော့မယ် ဟေ့ကောင်မောင်လွင်နဲ့ မင်းမောင် ဒီလာ ကြက်သတ်ရအောင်"

ဘုရား. . . ဘုရား သာလှ ဘီလူးသရဲများ စီးနေလေရော့လား။ ကိုလှမောင်စိတ်ထဲက တွေးနေရပြီ အချိန်ကလည်း လမိုက်ညဖြစ်သဖြင့် မှောင်မည်းကာ နေသည်ကို လည်း သတိထားမိသည်။ လိုက်လာခဲ့သည်မှာ မှားများမှားနေရော့လား ခုချိန်ကြီး ကြက်သတ်ပြီး ကြော်စားကြမည်ဆိုတော့ ကောင်းပါ့မည်လားဟု စိတ်ထဲတွင် တွေးမိလာသည်။

ကိုလှမောင် သာလှမျက်နှာကို သေသေချာချာ ကြည့်လိုက်သည်။ ဒီကောင်ရှိုးရှောရှိုးရှိုးရဲ့လားဟု ကြည့်ခြင်းဖြစ်သည်။ မကြာမီတွင် ကြက်ကြော်နံ့သည် တဲအတွင်းပျံ့နှံ့လာသည်။ သွားပြီ အနီစွသဘောနှင့် ကီစွချောသွားသော ကြက်ကလေးသုံးကောင်။ အမျှ. . အမျှ. . အမျှ။ ကိုလှမောင် အမျှတွေ ဝေနေသည်။ လူချွတ်မှကျွတ်သည် ဆိုခြင်းထက် လူသတ်လို့သေရသည့်ကြက်ကလေးသုံးကောင်။

"ကိုလှမောင်"

"အောင်မလေး. . မြတ်စွာဘုရား"

"ဘာလုပ်နေတာလဲ ပုလင်းတွေဖွင့်တော့ သောက်ကြမယ် ရော့ ကြက်ကြော်"

ရှေ့တွင်ချထားသော ကြက်ကြော်ပန်းကန်ထဲတွင် ကြက်ကလေးသုံးကောင် ခြေထောက်ခြောက်ချောင်းကို မိုးပေါ်ထောင်လျက် ပက်လက်ကလေး။

သာလှစိတ်ထဲတွင် ကြက်ကြော်ပန်းကန်ကို ပြုံးကြည့်နေသော ကိုလှမောင်ကို သက်ာမကင်းဖြစ်လာသည်။ စောစောတုန်းက ကြက်ကြော်နေစဉ်ကတည်းက ကိုလှမောင်တစ်ယောက်တည်း ထိုင်ကာတွေးငေးနေသည်ကို ကြက်ကြော်နေရင်း သာလှ မြင်နေရသည်။ နောက်သူ့ကိုလည်း ကိုလှမောင် စူးစူးကြီး စိုက်ကြည့်နေသည်ကို သူ မသိချင်ယောင်ဆောင် ဆောင်လိုက်ရသေးသည်။ ကြည့်ရသည်မှာ စိတ်နှင့်ကိုယ် မကပ်သလို ဖြစ်နေသည်ဟု သာလှထင်သည်။ မျက်လုံးများကလည်း ဟိုထောင့်ဒီမှာ ပြေးလွှားနေသည်။ သာလှ ကိုလှမောင်ကို မသင်္ကာတော့။

အချိန်သည် လမိုက်ညသန်းခေါင်ယံကျော်ကျော် ဖြစ်သည်။ ရောက်နေသည့်နေရာက မြို့နှင့်အလှမ်းဝေးသော လယ်တဲတစ်နေရာတွင်ဖြစ်သဖြင့် ဘီလူးသရဲများ ဝင်စီးနေရော့သလားဟု သာလှ ထင်လာလေသည်။ ခုခနီက သာလှ ပျော်ချင်ပါးချင်၍ ဦးဆောင်လာသော အပျော်ခရီး။ သွားချင်လျှင် သွားလိုက်ရမှ ဆိုသည့် သာလှ၏ စိတ်ဓာတ်နောက်တွင် ပါရမီဖြည့်ကြကုန်သော ကိုလှမောင်၊ မောင်လွင်နှင့် မင်းမောင်တို့လေးဦးသား ဦးသောင်းလယ်တဲတွင် ဘီယာဖောက်၍ ညအား အရသာရှိရှိဖြည်းနေကြပြီ။ မောင်လွင်က လက်သိပ်ကလေးထည့်လာသော ဝီစကီတစ်ထောင့်ကို ဘီယာကုန်ခါနီးလောက်တွင် ထပ်ချသဖြင့် ဝိုင်းသည် စကားလုံးတို့ဖြင့် စည်ကားလာသည်။ ကိုလှမောင်က သာလှကို တစ်ချက်တစ်ချက်ခိုးကြည့်နေသလို သာလှကလည်း ကိုလှမောင်ကို မသိမသာချက်နေသည်။ မောင်လွင်နှင့် မင်းမောင်ကတော့ ဘာမှမသိ။ စားစားသောက်သောက်နှင့် အချိန်သည် တော်တော်ကြာခဲ့ပြီ။

ကိုလှမောင်က ကြက်ကြော်ကို မထိသဖြင့် သာလှ သံသယက ပိုမိုဝင်လာသည်။ ပို၍ထူးဆန်းသည်က မောင်လွင်ရောမင်းမောင်ပါ ကြက်ကြော်ကို ယောင်၍မှပင်မကိုင်။ ကိုလှမောင်က သာလှ ဘာကြောင့်ကြက်ကြော်ပန်းကန်ကို စိုက်ကြည့်



Asian Fame Media Group

နေသလဲဆိုတာ စဉ်းစားမရဖြစ်လာသည်။ သာလှ သူ့ကို မသိမသာ ခိုးကြည့်နေတာကိုလည်း သိသည်။

တစ်ချက်တစ်ချက် ဖယောင်းတိုင်မီးရောင်အောက်တွင် စူးရှသွားသော အကြည့်များကို သူမကြိုက်။ ဘီယာကိုမျှင်းသောက်ပြီး အနည်းငယ်ကျနေသော စိတ်ကို ဝီစကီတစ်ပက်ပြီးတစ်ပက် ထည့်ကာ ရဲဆေးတင်နေလိုက်သည်၊

"ဒါ ကိုလှမောင် မဟုတ်ဘူး"

သာလှစိတ်ထဲတွင် တစ်ယောက်တည်းပြောနေမိသည်။ မျက်လုံးတို့ ရီဝေစွာ မျက်ထောင့်နီကြီးနှင့် သူ့ကို ကြည့်နေသော ကိုလှမောင်။ သာလှ အယောင်ယောင် အမှားမှားဖြင့် ကြက်ကြော်တစ်ကောင်ကိုယူကာ စိတ်လွှတ်လွှတ်နှင့် တစ်ကိုက်ပြီး တစ်ကိုက် ပလုတ်ပလောင်း ဖွဲ့စားနေမိသည်။ နောက်ဝီစကီကို တစ်ကျိုက်တည်းမော့ချကာ နောက်ထပ် တစ်ခွက်ကိုငှဲ့ပြီး ထပ်မော့ချပစ်လိုက်သည်။ ထိုစဉ် လေသည် မြောက်ဘက်မှ တိုက်လာသဖြင့် ဖယောင်းတိုင်မီးမှာ တစ်မှေးမှိန်သွားသည်။

"ကိုသာလှတို့တော့ ကြဲကြဲဖန်ဖန် ဒီလောက်ဗွက်တွေထဲကိုလာ ပြီး အရက်လာသောက်ရတယ်လို့ ရှားရှားပါးပါး။ တကယ့်ကို ရှားရှားပါးပါးနော် မင်းမောင် အေ့"

"ဟုတ်ပ၊ လွင်ရာ ကိုသာလှက သွားမယ်ဆို တော. . . ငါတို့အစ်ကိုကြီးကိုလှမောင်က ဘယ်နေမလဲ။ ကိုလှမောင်မှမနေရင် ငါတို့ကလည်း မနေဘူးလေ။ ကိုသာလှတို့ကိုကြီးလှမောင်တို့ဆိုတာ ငါတို့အစ်ကိုအရင်းလိုချစ်ရတဲ့ ခင်ရတဲ့ လေးစားရတဲ့ အစ်ကိုတွေဆိုလည်း မမှားဘူး အေ့. . . အေ့. . ."

"ဒါတင် ဘယ်ဟုတ်မလဲ၊ ငါတို့ ကျေးရွာရှင်ဆိုလည်း ဟုတ်နေတာကိုးကွ။ ဟာ ဗေ့. . . ကိုလှမောင်ကြီး ဘာတွေ တွေဝေနေတာတုံး။ ကိုသာလှကလည်း ကြက်ကြော်ကို လွေးနေလိုက်တာ စကားတောင် မပြောဘူး"

"ဟုတ်တယ်နော်. . . အေ့ ငါတို့အစ်ကိုတို့များ အေ့. . . စကားနည်းနေလိုက်တာ။ ဒီညမှ ထူးထူးခြားခြားချို့ ကိုသာလှကြီးဘာလဲဗျာ၊ ကြက်ကြော်ကို ဘီလူးသရဲစီးနေသလို လွေးနေလိုက်တာ"

မူးမူးနှင့် မင်းမောင်ပြောသော စကား၏နောက်တွင် ကိုလှမောင်၏ သံသယသည် ပိုမိုခိုင်မာသွားခဲ့ပြီ။ ဟုတ်လောက်သည်။ ခုပင်လျှင် ကြက်ကြော်ကို အငမ်းမရကိုက်ဖဲ့ စားသောက်နေသော သာလှမှာ လူစင်စစ်မဟုတ်၊ သရဲသဘက်ဝင်စီးနေသူသာ ဖြစ်လောက်သည်။ လမ်းတွင် ရေထဲဗွက်ထဲ၌ သာလှ ခဏခဏ ချော်လဲကျသည်။ သူတို့သုံးဦးလည်း တဝိုင်းဝိုင်းပစ်လဲခဲ့ကြသည်။ ဤသို့ဆိုလျှင် မောင်လွင်နှင့်



မင်းမောင်ကရော ရှိုးပါရဲ့လား။ ဝီစကီခွက်ကို တစ်ခွက်ပြီးတစ်ခွက် မော့လျက် ကြက်ကြော်ကို တစ်ကိုက်ပြီးတစ်ကိုက်စားနေခြင်းမှာ ရိုးရိုးမဟုတ်ဟု ကိုလှမောင်ထင်သည်။ ကိုလှမောင်၏ အကြည့်များ သာလှထံမှ မခွာ၊ ထို့အတူ သာလှ၏ စူးရှသော အကြည့်များကလည်း ကိုလှမောင်ထံမှ လုံးလုံးမခွာတော့။

မောင်လွင်နှင့်မင်းမောင် တအိအိနှင့် မူးဝေကာ လေသံတွေ ပျော့လာသည်။ ထိုစဉ် ဝေးဝေးမှ ခွေးအူသံကို ကြားလိုက်ရသည်။ သာလှနှင့် ကိုလှမောင် နှစ်ဦးသား ကြက်သီးမွေးညင်းများ ဖျန်းခနဲ ထသွားကြသည်။ ဘာလုပ်ရမည်လဲ ဟူသည်ကို သာလှက ကြက်ကြော် စားရင်း တွေးနေသည်။

ကိုလှမောင်ကလည်း ကြံစည် တွေးတောရင်းဖြင့် မောင်လွင်တို့ နှစ်ကောင်မထိသော ကြက်ဥကြော်ကို တစ်လုတ်တည်း ပစ်ထည့်ဝါးလိုက်သည်။ သာလှမျက်လုံးများ ပြူးကျယ်သွားခဲ့သည်။

စောစောတုန်းက ကြက်ဥတစ်လုံးတည်းကြော်သဖြင့် စားမလောက်ဟုဆိုကာ မစားမသောက်တော့မည့်နှယ် ပြောခဲ့သော ကိုလှမောင် ယခု ကြက်ဥကြော်ကို တစ်ချက်တည်း ပါးစပ်အတွင်းသို့ ပစ်ထည့်ကာ ဝါးပစ်လိုက်ပုံက ထူးထူးဆန်းဆန်း။

"ဟုတ်ပါပြီ ကိုလှမောင် မဟုတ်ဘူး"

"ဟုတ်တယ် သာလှမဟုတ်ဘူး"

သာလှမျက်စိက စောစောတုန်းက ထင်းခွဲခဲ့သော ဓားဆီအကြည့်ရောက်နေသည်။ ဟိုငမူးနှစ်ကောင်က ဘာမှမသိသဖြင့် သူ့ကို ကိုလှမောင် ယောင်ဆောင်ထားသောအကောင်က တစ်ခုခုထလုပ်လျှင် ပြန်လည်ခုခံရန် လက်နက်တစ်ခုခုရှိနေမှ ရမည်။

ကြက်ကြော်ကို ချထားကာ လက်တို့က အသင့်အနေအထားဖြင့် ပြင်ဆင်ထားသည်။ ကိုလှမောင် ချော်လဲရင်း အသက်ပါသွားခဲ့လေသလား။ ဒါကြောင့်ပင်လျှင် ကိုလှမောင်ခန္ဓာထဲသို့ တစ်ကောင်ကောင် ပူးကပ်လိုက်သလား။ သံသယတွေ ပွားစီးလျက် မျက်စိကလည်း တစ်ချက်ကလေးမှကို မျက်တောင်မခတ်မိတော့။ နားကလည်း ကားကားစွင့်လျက် တိတ်ဆိတ်နေသောအချိန်မျိုးမှ ထွက်လာမည်ဖြစ်သော အသံတစ်သံကို နားစွင့်နေလိုက်သည်။ လက်၊ ခြေ၊ မျက်စိ၊ နားတို့မှာ တစ်ချက်ကလေးမှ သတိလက်လွှတ်၍မဖြစ်ဟု သာလှတွေးထားသည်။ ဟိုနှစ်ကောင်မှာ အိပ်ပျော်နေပြီ ဖြစ်သည်။

မျက်တောင်တောင် မခတ်တော့ပါလား။ တစ်ယောက်တည်း ထိုင်နေလိုက်သည်မှ တုတ်တုတ်ကို မလှုပ်၊ သူ့အား သာလှ စူးစိုက်ကြည့်နေလိုက်သည်မှာ ကြောက်စရာကောင်းလှသည်။ သာလှမဟုတ်သော သာလှကို ကြည့်ရသည်မှာ တစ်ခုခု ထလုပ်တော့မည့်ဟန် ပေါက်နေသည်။ ကိုလှမောင်က ကွပ်ပျစ်နောက်နားရှိ ပေါက်ပြားတစ်လက်ကို မြင်ထားသည်။ အကယ်၍ တစ်ခုခုလှုပ်ရှားမည့်ဟန် လုပ်လျှင် သာလှအရင် သူက လက်သွက်မှ ရမည်။ အားကိုးအားထားပြုရမည့် နှစ်ကောင်မှာ တုတ်တုတ်ပင် မလှုပ်တော့ဘဲ အိပ်မောကျနေသည်။ ကိုလှမောင် မျက်တောင်မခတ်ဘဲ သာလှကို စိုက်ကြည့်နေမိသည်။ အလာတုန်းက ရေကိုဖြတ်လာရသဖြင့်လားတော့မသိ။ ကိုလှမောင် နှာမွန်လာသလိုလို ခံစားလာရသည်။ လေသည် တစ်ချက်တစ်ချက် တိုက်ခတ်လာပြီး ပိုအေးသလို ခံစားလာရသည်။ နှာခေါင်းမှ မိုးသက်လေကိုပါ အနံ့ရသလိုလိုရှိသည်။ မိုးများ ရွာလာမလား။ ဖယောင်းတိုင်မှာ ငြိမ်းလုငြိမ်းခင်ဖြစ်လိုက် ပြန်လည်တောက်ပလာလိုက်။ လယ်တဲသည် လင်းသွားလိုက် မှိန်သွားလိုက်ဖြင့် တိတ်ဆိတ်ငြိမ်သက်လျက်။ တဲအတွင်းတွင်တော့ အသက်ရှူသံ ခပ်ပြင်းပြင်းနှစ်ချက်သည် စည်းနှင့်ဝါးနှယ် အချီအချ မှန်မှန်ကြီး

Asian Fame Media Group
MEDIA GROUP

ထွက်ပေါ်နေလေသည်။

ထိုစဉ် လေသည် ဟုန်ခနဲ တိုက်လိုက်သဖြင့် ဖယောင်းတိုင်မီးသည် ငြိမ်းသွားခဲ့သည်။

"မီးခြစ် ဘယ်နားမှာလဲ"

ကြားလိုက်ရသော နှာသံဝါဝါကြီးကြောင့် သာလု ကြက်သီးမွေးညင်းများ တဖျင်းဖျင်းထကာ ဦးခေါင်းတစ်ခုလုံး ဆယ်ဆမက ကြီးသွားသည့်နှယ် ခံစားလိုက်ရသည်။ ဘုရား ဘုရား ကိုလှမောင်အသံမှ မဟုတ်တော့တာ။ ဒါ ကိုလှမောင်အသံမှ မဟုတ်တာ။ မီးထွန်းရမလား၊ မီးကိုမထွန်းလျှင် အမှောင်ထဲတွင် ဘာကိုမှမမြင်ရသဖြင့် အန္တရာယ်သည် သာလုကို လက်တကမ်းအလိုမှာပင် ဝါးမျိုသွားနိုင်သည်။ မီးထွန်းလိုက်လျှင် မည်သို့



ပင်ဖြစ်စေ အလင်းကြောင့် သတ္တိတွေရှိကာ အန္တရာယ်ကို ရင်ဆိုင်ရဲမည်။ မီးခြစ် မီးခြစ် ဘယ်မှာလဲ။

လက်ကို အသံမမြည်အောင် အသာလေးလှုပ်ရှားကာ မီးခြစ်ကို လိုက်စမ်းနေရသည်။ ကိုလှမောင် ဘယ်ရောက်နေလဲ။ တိတ်ဆိတ်နေသည်။ သို့သော် အသက်ရှူသံပြင်းပြင်းကိုတော့ ကြားနေရသေးသည်။ တစ်ခါအစမ်းတွင် ပုလင်းတစ်လုံးကို တိုက်မိသဖြင့် အသံမြည်သွားခဲ့သည်။

"ခလွမ်း"

ဘာဖြစ်လို့ မီးမထွန်းသေးတာလဲ၊ သာလုဘက်က အသံတိတ်နေသည်။ မိုးသံတဖြောက်ဖြောက်ကို ကြားလာရသည်။ မိုးသည် ဖြည်းညင်းစွာ ရွာနေရာမှ တဝေါဝေါနှင့် ရွာလာတော့သည်။ ခုချိန်ထိ စောစောတုန်းက ပုလင်းတိုက်ကျကွဲသံမှလွဲ၍ သာလုဘက်မှ မည်သည့်အသံကိုမှ မကြားရ၊ ကိုလှမောင်၏ လက်တွေ ကွပ်ပျစ် နောက်ကျောကို စမ်းသပ်နေရသည်။ ခုထိ ပေါက်ပြားရိုးကို မကိုင်မိသေး။ အသက်ကို ခပ်မှန်မှန်ရှူလျက် ငြိမ်သက်နေမိသည်။ ခုမှ အမှောင်သည် သူ၏ ကြောက်စိတ်ကို ပိုမိုကြီးထွားအောင် ပင့်သပ်ပေးလိုက်သလို ရှိသည်၊ ချွေးများတဒီးဒီးကျလျက် နေရာမှ မလှုပ်ရဲ၊ အလင်းမရှိသဖြင့် မိုးထဲလေထဲတွင် လယ်တဲမှာ မှောင်နှင့်မည်းမည်း၊ တစ်ချက်တစ်ချက် လေဆောင့်တိုက်သဖြင့် မိုးကာဖျင်စမှာ ဖတ်လတ်ဖတ်လတ်ဖြင့် စည်းကျကျ လှုပ်ယမ်းနေသည်။ သာလု၏ လှုပ်ရှားသံကို နားစွင့်နေမိသည်၊ ထိုစဉ် အမှောင်ထဲတွင် တစ်ခုခု လှုပ်ရှားလိုက်သည်ကို အမှောင်ကို အသားကျနေပြီဖြစ်သော ကိုလှမောင်မျက်လုံးက မြင်လိုက်ရသည်၊ သာလုမဟုတ်သော သာလုကြီး အမှောင်ထဲတွင် မိုးတီးမတ်တပ်ရပ်လို့နေသည်၊ ဘုရား . . . ဘုရား အသက်ဇီဝိန်သည် ကြွေရတော့မည်လား။

ထိုအခိုက်အတန့်တွင် မီးခြစ်ခြစ်သံကို ကြားလိုက်ရသဖြင့် သာလု မတ်တတ်ရပ်နေရင်းမှ ရုတ်တရက် ငြိမ်ငြိမ်ကလေး နေမိလိုက်သည်။ ကိုလှမောင်မဟုတ်သော ကိုလှမောင်ဘက်အခြမ်းမှ မီးခြစ်ခြစ်သံသည် ဖြည်းညင်းနှေးကွေးစွာ တစ်ချက်ပြီး တစ်ချက် ခြစ်နေသည်။ သာလုစိတ်ကို လာဆွနေသည်လား။ နလုံးခုန်သံသည် တစ်စက္ကန့်တွင် အချက်ပေါင်း ရာချီသည်ဟုပင် ထင်နေရသည်၊ တဒုတ်ဒုတ်ခုန်နေသော နှလုံးခုန်သံနှင့် နားထင်သို့ ဆောင့်တက်နေသော သွေးကြောများ ပြတ်တောက်သွားတော့မယောင် ထင်နေရသည်။ ချွေးများသည် နဖူးပြင်မှ၊ နားထင်မှ၊ လည်ကုပ်ဆီမှ အဆက်မပြတ် တဒီးဒီးကျလျက် ရှိနေသည်။ မိုးနှင့်လေနှင့် လယ်တဲထဲတွင် သာလုသည် ပူလောင်အိုက်စပ်လျက် ရှိနေရသည်။ ခုချိန်ထိ မီးခြစ်သံမှာ မရပ်တန့်သေး။

သာလု ကိုယ့်ကိုယ်ကိုယ် မလှုပ်မယှက်ဖြင့် ရပ်နေရသည်၊ မှောင်နှင့်မည်းမည်းတွင် အရိပ်တစ်ခုက သူနှင့် လက်တစ်ကမ်းအကွာတွင် ငုတ်တုတ်ကြီးထိုင်နေသည်ကို ကျင့်သားရနေသော မျက်လုံးကမြင်၏။ တင်ပျဉ်ခွေထိုင်နေရာမှ ဆောင့်ကြောင့်ပင်ထိုင်လိုက်သည်ကို တွေ့လိုက်ရသဖြင့် သူ့လက်သည် ရုတ်ခနဲ အပြင်တွင် မီးခြစ်သံ အဆုံး မီးပွင့်ကလေး လင်းလာလေသည်။

"အား . . ."

"အား . . ."

"အား . . ."

"အား . . ."

ဆောင့်ကြောင့်ကြီးထိုင်လျက် ချွေးတွေ တဒီးဒီးကျနေသော ကိုလှမောင်နှင့် ကွပ်ပျစ်ဘေးနားတွင် မတ်တတ်ကြီးဆန့်ဆန့်ရပ်လျက် မျက်လုံးကြီးပြူးကာ ချွေးများတဒီးဒီးကျနေသော သာလုကို မြင်လိုက်ရသဖြင့် မင်းမောင်နှင့်မောင်လွင်မှ အားဟု ထအော်လိုက်ခြင်းဖြစ်ရာ သာလုနှင့် ကိုလှမောင်မှာလည်း တစ်ပြိုင်တည်း အော်လိုက်မိခြင်းဖြစ်သည်။

ထို့နောက် လူသံများကို ကြားလာရပြီး ဓာတ်မီးကိုယ်စီနှင့် လူအများရောက်လာကြသည်၊ ကိုလှမောင်နှင့် သာလုမှာ ကြောင်တောင်တောင်ကြီးဖြစ်လျက် စကားပြောဆိုနိုင်ခြင်းမရှိရာ ဆေးရုံသို့ အမြန်ပို့ရတော့သည်။ ယခုတွင်မှ သူတို့လေးဦးနေသော လယ်တဲအနီးတွင် လယ်တဲကလေးများ အစီအရီရှိနေလျက် သူတို့နေသော လယ်တဲမှာ ဦးသောင်း၏ တဲမဟုတ်ဘဲ ဦးသောင်း၏ လယ်တဲမှာမူ ယခုတဲနှင့် လယ်တစ်ကွက် ဝေးနေသေးသည်။ အနီးအနားမှ လယ်တဲများမှာ သူတို့လေးဦးရောက်လာပြီး ချက်ပြုတ်နေကတည်းက အသံတွေကို ကြားနေရပြီး လယ်တဲရှင်၏ ဧည့်သည်များဟု ထင်မှတ်နေခဲ့ကြခြင်းဖြစ်သည်၊ ကိုလှမောင်နှင့် သာလု၏စိတ်ထဲတွင် ရှိနေသော သံသယသည်ကား . . . .

သော်ဇင် (လှိုင်ကော်)

Asian Fame Media Group



Asian Fabric Media Group

# အရှုံးသည်းတဲ့ ဂိုး

ဆလိုင်းဒေ (မင်းတပ်)

ဝတ္ထုတိုရသ

သင်သည် ဘောလုံးပွဲဝါသနာပါသူ ဖြစ်ခဲ့လျှင် သင်နှစ်သက်ရာ အသင်းဘက်သို့ အားပေး၍ရသလို အမှဲ့ဝင် ဖြစ်ခွင့်လည်း ရှိပါသည်။ အကယ်၍ များ ကလပ်အသင်း ထောင်ချင်

**ပုံပြင်စာအုပ်ပေါင်းများစွာ**

ရေးသားခဲ့သော လူထုဦးလှ၏ ပုံပြင်ပေါင်းများစွာအနက်က ပုံပြင်တစ်ပုဒ်ကို ကျွန်တော်မှတ်မိနေတုန်း ပင်ဖြစ်သည်။ ထိုပုံပြင်မှာ ဘောလုံးပွဲပုံပြင်ပင်ဖြစ်သည်။ တစ်ခါက ရွာတစ်ရွာမှာ ဘောလုံးအသင်းနှစ်သင်း ရှိသတဲ့။ အဲဒီအသင်းနှစ်သင်းက 'အကန်း' အသင်းနှင့် 'အရှူး' အသင်းတို့ ဖြစ်သည်။

သပဆိုလည်း ကြိုက်သည့်အသင်းတစ်သင်းသင်းကို အလကားပဲတင်း ဝယ်ယူ၍ ရနိုင်သည်ဟု ထင်မိပါသည်။

ဒီဘောလုံးပွဲကို အားပေးဖို့ ထင်ပါရဲ့။ အသိမိတ်ဆွေတစ်ယောက် တစ်နေ့သားမှာ ကျွန်ုပ်ထံသို့ ဂစ်တာမတီး ဒရမ်မခေါက် ရေကြီးသုတ်ပျာ ကောက်ကာငင်ကာရောက်ချလာပါတော့သည်။ အသိမိတ်ဆွေဆိုသော်လည်း ဒီလောက်ကြီး တစ်ဦးနှင့်တစ်ဦး ရင်ဘတ်ချင်း ဖျက်ဝင် ထိုးကြသူတွေတော့ မဟုတ်ပါ။ ကျွန် တော်က မဖြစ်ညစ်ကျယ် ကဗျာ ရေးတတ်ပြီး သူက လည်း တစ်ခါတလေ၏ ကဗျာဆရာဖြစ်သည်။ ကဗျာဆရာတို့၏ လေသံနှင့် ဆိုရလျှင် ခေတ်ပြိုင်ဖြစ်သည်။

ကျွန်တော့်ကို ခဏဆိုပြီး လာခေါ်တော့ လက်ဖက်ရည်များ တိုက်မလားဟု ထင်ထားခဲ့သော်လည်း မီးပွိုင့်မရှိသည့် ပလက်ဖောင်းပေါ်တွင် မီးနီမိရတော့သည်။ ကျွန်တော့်ကို သူ့လက်နှစ်ချောင်းထောင်ပြပြီး အဲဒီနောက်က သူညတွေပါတဲ့ငွေကို ခဏချေးပါဟုဆိုလာသည်။ ပြီးတော့ သူက ပြောပြပါသေးသည်။ ကိုအောင်တင်ဦးထံ ငွေသွားချေးခဲ့သော်လည်း အချေးအငှားမလုပ်ဟုဆိုကာ ငွေငါးထောင်ကို အလကားပေးလိုက်ဖူးသဖြင့် သူ့ထံသို့ မသွားရဲတော့ဟု ဆိုသည်။ အလကားပေးလျှင် ယူရဲသည့်သတ္တိကို ချီးကျူးပါသည်၊ ကျွန်တော့်ထံတွင် သူပြောသည့် ငွေမရှိပါဟု ပလက်ဖောင်းပေါ်တွင် ကြေကွဲပြရာ သူက ပိုင်ပြပါလေတော့သည်။ သို့ဖြင့် ကူညီနိုင်တာတစ်ခုတော့ ရှိတယ်။ ပေါင်စရာတစ်ခုခုရှိလျှင် ပိုအဆင်ပြေနိုင်ကြောင်း သွေးတိုးစမ်းကြည့်သည်။ သူက ပေါင်စရာဆိုလို့ နာမည်ပဲရှိတယ်ဟု ဆိုလာသည်။ ကျွန်တော်က ခင်ဗျား



တကယ်ကတိတည်မယ်ဆိုလျှင် ဖန်တီးပေးလို့ရသည်ဟု ဆိုလိုက်ရာ သူပို၍ တက်ကြွလာတော့သည်။

အစကနဦးတွင် လေပြင်းမုန်တိုင်းတော့ တိုက်ခတ်ပြီပါသည်။ ငွေအဆင်ပြေဖို့သာ လိုသည်။ နှစ်ဆယ်ရာနှုန်း အတိုးပေးပါမည်ဆိုလာသည်။ ကျွန်တော်ကလည်း ဒီလောက်ကြီး အတိုးပေးစရာမလို။ သို့သော် သူ့စီးပွား ကိုယ့်စီးပွားကိုလေးစားသောအားဖြင့် ငါးရာခိုင်နှုန်း အတိုးပေးရန် ညှိပေးမည်ဆိုလိုက်ရာ ကျေးဇူးမမေ့ပါဘူးဟု ဆိုသည်။ ဤသို့ဖြင့် ငွေထုပ်ပေါ်ထိုင်နေသော ကျွန်တော့် သူငယ်ချင်းအိမ်သို့ ချီတက်ကြရသည်။ ငွေရှင်သူငယ်ချင်းက ကိုယ့်အကြောင်းနှင့်ကိုယ် ဆိုလျှင် အချိန်မရွေး လာနိုင်ကြောင်း၊ အခုပြောတဲ့ ငွေလောက်ဆိုလျှင် ပြန်မပေးလည်း အကြောင်းမဟုတ်သည့်အကြောင်း ပြောပါသည်။ သူကလည်း ပြောနိုင်ပါသည်။ ကျွန်တော့်အတွက် တံခါးဖွင့်ပေးရုံမက လမ်းပါခင်းပေးထားသည်ကို သိပါသည်။ ကျွန်တော် ဤလမ်းပေါ်မနင်းခဲ့ဖူးပါ။ ရိုးရာ သိက္ခာတရားကို ပွတ်သင်နေရသည်။

အမှန်ဆိုရလျှင် ဤသူငယ်ချင်းကို ရိုးသားစွာ ကျွန်တော် ကူညီခဲ့ဖူးသည်။ ကူညီသည်မှ တစ်နပ်စာမဟုတ်၊ တစ်သက်တာလျှောက်၍ရသော လမ်းကြောင်းတစ်ခုကို မတော်တဆ တွေ့ရှိပေးခဲ့သည်။ သူကိုယ်တိုင် ငွေကြေးတတ်နိုင်သူဖြစ်သဖြင့် ထိုလမ်းသည် ပိုမိုဖြောင့်ဖြူး

သွားခဲ့သည်။ အစက ပြန်ကောက်ရလျှင် ထိုခေတ်ပြိုင် တဖျာဆရာက သူ့နာမည်ကို ကျွန်တော့်ထံပေါင်၊ ကျွန်တော်က ကျွန်တော့်နာမည်ကို ထိုသူငယ်ချင်းထံ ထိုးအပ်ခြင်းဖြင့် လိုအပ်သည့်ငွေ အဆင်ပြေသွားတော့သည်။ ကျွန်တော်တို့နှစ်ယောက် ငွေယူပြီး ပြန်ထွက်လာကြရာတွင် ကျွန်တော်ကပဲ လက်ဖက်ရည်တိုက်ရသည်။

သူငွေယူစဉ်က အလွန်ဆုံး နှစ်လမှ ပိုပိုလိုလို သုံးလဟု သတ်မှတ်ခဲ့ကြသည်။ သို့ရာတွင် ထိုသုံးလကို နှစ်နှင့်မြှောက်ပြီး တစ်နှင့်ပေါင်းသော်လည်း ပေါ်မလာတော့ချေ။ ငွေရှင်က အိမ်ရောက်လာခဲ့သည်မှာ သုံးလေးကြိမ် မကတော့ပေ။ နောင်ဤကဲ့သို့ မိုက်မဲသည့်အလုပ်မျိုး မလုပ်ရန် ညီအစ်ကိုစိတ်ဓာတ်ဖြင့် သတိပေးသွားခဲ့သည်။ ကျွန်တော်ကလည်း ထိုနာမည်ပေါင်သွားသူထံ ဖုန်းဆက်ရသည်မှာ တစ်နေ့တစ်နေ့ စရိုက်ပုံနေတော့သည်။ နောက်တော့ သူ့ထံ ကျွန်တော်ကိုယ်တိုင် လိုက်ရတော့သည်။ သူနေထိုင်သည့်မြို့နှင့် ကျွန်တော်နေထိုင်သည့် မြို့မှာ ဆယ့်ငါးမိုင်ခန့်ဝေးသဖြင့် တော်သေးသည်ဟု ဆိုရမည်။ ကားခဆိုက်ကားခတွေကုန်ခဲ့သော်လည်း ငွေကား ရမလာခဲ့ပါ။ သို့နှင့် ငွေရှင်ထံသွားကာ ရှင်းပြတောင်းပန်ရပြန်သည်။

ကျွန်တော့် သူ့မြို့က လေးဆီသွားပြီးသည် ၏နောက် နှစ်ပတ်ကျော်မျှအချိန်တွင် ကျွန်တော့်အိမ်သို့ သူရောက်လာခဲ့သည်။ နှစ်ဆယ်ရာနှုန်း အတိုးပေးမယ်ဟု လေကောင်း ဟစ်ခဲ့သူက ငါးကျပ်တိုးပေးရန်ပင် ငွေပိုပါမလာခဲ့ပါ၊ ဒီလထဲ အတိုးအားလုံးပေါင်းကို နောင်လာပေးပါ့မယ်။ ငွေရင်းကို အရင်ပြန်ယူလိုက်ပါဟု ပြောလာသည်။ ငွေရှင်နှင့် တွေ့ကာ ကိုယ်တိုင်ရှင်းပြရန် စည်းရုံးသော်လည်း ကြည့်ပြောပေးလိုက်

ပါ ကိစ္စရှိသေးလို့ဟု ဆင်ခြေပေးကာ လစ်ထွက်သွားပါတော့သည်။ ဤအရှုပ်ထုပ်ကို ဘုရားသခင်က ထမ်းပိုးတင်ပေးခြင်း မဟုတ်ပါဘဲ ကိုယ့်ဘာသာကိုယ် ထမ်းမိသည့် ကိစ္စဖြစ်ရာ အကျိုးအကြောင်းများ စုံတကာစေ့အောင် ပြောပြရင်း မူလငွေရင်းကို ပြန်လက်ခံနိုင်းရတော့သည်။ အတိုးငွေကိစ္စကိုလည်း ဥပဒေပြင်ပ လူမှုရေး ဘောင်တွင်းက နှုတ်ဖြင့် အာမခံ ထားရပြန်တော့သည်။

အနီ့ ထိုကဖျာဆရာသည်ကား မကုန်နိုင်သောလ၏ ပြက္ခဒိန်ထဲတွင် နေထိုင်သူ ဖြစ်ပေလိမ့်မည်၊ သီးဆောင်းလတွေ အကြိမ်ကြိမ်ကုန်လွန်သွားခဲ့လည်း ပေါ်မလာတော့ပေ။ နောက်ဆုံးသတင်းအရ ရန်ကုန်ပြောင်းသွားပြီဟုသော အကျိုးတရားသာ လက်ခံရရှိလိုက်ရသည်။ ငွေရှင်ကလည်း တွေ့လိုက်တိုင်း ကျွန်တော့်အကြောင်းမမေးဘဲ သူ့အကြောင်းသာ ဖိမေးတော့သည်။ ကျွန်တော်လည်း ခေါင်းကိုက်လာသလို မိန်းမလည်း ခေါင်းကိုက်လာဟန် ရှိသည်။ ရင်းကိစ္စ ရှင်းရှင်းလိုက်ဟု ဖိအားပေးလာပါတော့သည်။ ကျွန်တော့်မှာ ဒီကောင်လာပေးသွား သည့်ဟန်နှင့် အိတ်စိုက်သွားပေး လိုက်တော့မှ အခြေအနေတည်ငြိမ် သွားတော့သည်။ ရှင်ကိုယ်တိုင်လည်း မသုံးရ၊ မိသားစုလည်း မသုံးရဘဲ ဒီလောက် ပိုက်ဆံတွေ အလဟဿဖြစ်ရပြီဟု မိန်းမညည်းတော့ စိတ်မကောင်းဖြစ်မိရသေးသည်။

အမှန်ဆိုရလျှင် သူ့နာမည်ကို ကျွန်တော့်ထံ ပေါင်နှံခဲ့ပြီးသည်၏နောက်ပြန်လည်ရွေးချယ် ခြင်းမရှိနိုင်သော ထိုအပေါင်နှံ နာမည်သည်ပင် လစဉ်ထုတ်မဂ္ဂဇင်းများတွင် ကိုယ်ပိုင်နာမည်အဖြစ် အသုံးပြုနေသည်မှာ မမြင်ချင်အဆုံး ဖြစ်နေသည်။ မဂ္ဂဇင်းကို လှန်ကြည့်လိုက်လျှင် တစ်နည်းမဟုတ် တစ်နည်း (သူသည် နှစ်လမ်းမောင်းနေသောကြောင့်) မြင်ရတွေ့ရတိုင်း ကျွန်တော့်မှာသာ ခဏခဏ မီးလောင်ခြင်းကို ခံနေရတော့သည်။



Asian Fame Media Group

**အနီးထိုကျရာသာရာသည်ကားမကျန်နိုင်သောလ၏ပြကွဒိန်ထဲတွင်နေထိုင်သူဖြစ်ပေလိမ့်မည်။သိုးဆောင်းလတွေအကြိမ်ကြိမ်ကုန်လွန်သွားခဲ့လည်းပေါ်မလာတော့ပေ။**

ကျွန်တော် ဖြတ်သန်းခဲ့ရသော ဘဝတစ်လျှောက်တွင် ဤအဖြစ်အပျက်မျိုးသည် တစ်ခု နှစ်ခု တည်းတော့ မဟုတ်ပါ။ နံပါတ်စဉ်ချပြီး ရေးပြလို့ရသည့် အဖြစ်အပျက်ပေါင်းစုံထဲက သေးသေးလေးပဲလား၊ အကြီးကြီးပဲလားတော့ မပြောတတ်တော့ပေ။ ကျွန်တော်တို့မြို့၏ စည်ပင်ဈေးထဲတွင် ဈေးရောင်းလာခဲ့သည်မှာ အပိုအလျှံကြီးမဟုတ်သော်လည်း အဆင်ပြေခဲ့ပါသည်။ တစ်နေ့တွင် ရှမ်းပြည်မြောက်ပိုင်းက တောင်ပေါ်သားတစ်ယောက် ကျွန်တော့်ထံရောက်လာပါသည်။ တောင်ပေါ်သားချင်းတွေမို့ ကျွန်တော်တို့နှစ်ယောက် လွယ်ကူစွာပင် ရင်းနှီးသွားကြသည်။

ကျွန်တော်က မြို့ခံလိုဖြစ်နေသဖြင့် လိုအပ်သော အကူအညီများပေးရသည်။ သူရောင်းချသောပစ္စည်းများကို လိုက်စပ်ပေးရသည်။ ဆိုင်ခန်းလိုသဖြင့် ဆိုင်ခန်းငှားပေးရသည်။ အိမ်လိုချင်သဖြင့် အိမ်လိုက်ငှားပေးရသည်။ ကျွန်တော်ငှားပေးသည့်အိမ်ကို သူ မကြိုက်ပါ။ သို့သော် သူရောင်းချမည့်ပစ္စည်း၏ ဈေးကွက်အခြေအနေကို ပြောပြလိုက်မှ သူလက်ခံသွားသည်။ သူကြိုက်သဖြင့် ငှားပေးလိုက်ရသော ဆိုင်ခန်းတွင် ဟုတ်တိပတ်တိ ဈေးမရောင်းရချေ။ ကိုယ်ကူညီပေးလိုက်သည့် နေရာတွင် အလုပ်မဖြစ်သဖြင့် ကျွန်တော် စိတ်မကောင်းဖြစ်ရသည်။

ဈေးထဲတွင် ဆိုင်ခန်းတစ်ခန်း ရောင်းမည့်အကြောင်း ကျွန်တော် သတင်းရထားသည်။ ထိုဆိုင်ခန်း၏ အခြေအနေကို သွားကြည့်ရာ ဈေးကွက်ကျသည်ဟု ဆိုနိုင်သည်။ ကျွန်တော်က သူ့ကိုခေါ်ပြီး "ဗိုလ်အိုက် ဒီဆိုင်ခန်းရောင်းမှာ" ဟု ပြောပြရသည်။ ဗိုလ်အိုက်က သိပ်မကြိုက်ချေ။ ကျွန်တော်ကသာ လုဝင်လူထွက်၊ ဈေးကွက်နှင့် ထိုဆိုင်ခန်းနံဘေးရှိ နှစ်ခန်းတွဲဆိုင်ခန်းပါ ရောင်းနိုင်ချေရှိသဖြင့် ဝယ်သင့်ကြောင်း တိုက်တွန်းရသည်။ ဤသို့ဖြင့် အရောင်းအဝယ် ဖြစ်သွားပါသည်၊ သူကံကောင်းချင်တော့ မျှားမကြာမီ ထိုနှစ်ခန်းတွဲဆိုင်ခန်းကိုပါ ဝယ်လိုက်နိုင်ခဲ့သည်။

ထိုအချိန်ထိ ကျွန်တော့်မှာ အခမဲ့ အကြံပေးပုဂ္ဂိုလ် ဖြစ်ရသည်။ ဆိုင်းဘုတ်ကြီးကြီးချိတ်ဖို့၊ လိုဂို တံဆိပ်ထုပ်ပိုးမှုစနစ်ကြော်ငြာစသည်တို့ကို ပြောပြရသည်။ ထိုအကြောင်းအရာများကို သိထားသော်လည်း ငွေကြေး မပြည့်စုံမှုကြောင့် ကျွန်တော်ကိုယ်တိုင်ကမူ မပြုလုပ်နိုင်ခဲ့ပါ။ ထိုအသုံးပြုထားတဲ့ ဗိုလ်အိုက်ဆိုင် ရှယ်လစ်ခေတ်ကပုံစံအတိုင်း မပြောင်းလဲချင်သူ ကရေကင်ရှာသီဖွားဆိုသည့်စကားပြော ကဏန်းလိုဘေးတိုက်သွားတတ်သည်။ ဗိုလ်အိုက်က ရည်မှန်းချက်ကြီးကြီးဖြင့် ရောက်လာခဲ့သူပင်။ ကျွန်တော် အကြံပြုချက်များကို နားထောင်ကာ ရန်ကုန်တက်ပြီး အဆင့်မြင့်ဆိုင်းဘုတ်၊ ကြော်ငြာတံဆိပ်၊ ပလတ်စတစ်အိတ်ပေါ် ပုံနှိပ်သော တံဆိပ်များ လုပ်မှလာသည်။ ဘယ်သူမှ တောင်ပေါ်လိုက်ပြီး သွားကြည့်မှာမှ မဟုတ်တာဟုပြောရင်း 'ကိုယ်ပိုင်ဖြစ်ထွက်' ဟု လုပ်ချလိုက်သည်။

ဆိုင်ခန်းကျယ်၊ တံဆိပ်ကစားနှင့် နောက်ပိုင်းတွင် တော်တော်ရောင်းကောင်းလာတော့သည်။ သူ့ဇာတိဘက်က သယ်လာရသောပစ္စည်းများကို ရန်ကုန်ပွဲရုံဈေးနှီးနှီး ရောင်းနိုင်သည်၊ ပေါင်ပိုကလည်း တစ်အိတ်လျှင် ရှစ်ဝီသာလောက် ရလိုက်သေးသည်။ ရန်ကုန်ပွဲရုံသို့မှာရသော ကျွန်တော်တို့က ပေါင်ပိုမရကြချေ။ အမှန်ကိုဆိုရလျှင် ကျွန်တော်ရောင်းသောကုန်ပစ္စည်းနှင့် သူရောင်းသော ကုန်တို့မှာ အတူတူပင် ဖြစ်သည်၊ တစ်ခါတစ်ရံတွင် ပင်လယ်ရေပဲ ဘယ်သူသောက်သောက်ဟု ဆိုတတ်ကြသော်လည်း ထိုပင်လယ်ရေသည် ကိုယ့်အတွက် အုန်းမှုတ်ခွက် တစ်ခွက်စာပင် မကျန်တတ်သည်ကို ကြုံဖူးလိုက်ရသည်။

ကျွန်တော့်လို ဆိုင်သေးလေးကို မပြောနှင့်၊ မြို့ထဲရှိဆိုင်ကြီးများကိုပင် နောက်ကောက်ကျအောင် လုပ်မည်ဟု သူကြုံးဝါးကြောင်းတော့ ပြန်ကြားလိုက်ရသည်။ သူ့အနီးအနားက ဆိုင်ခန်းသုံးခန်းကတော့ ဆိုင်ခန်းရောင်းပြီး လစ်သွားကြပြီ။ အကြောင်းသိသူတွေက ကျွန်တော့်ကို အပြစ်ဆိုကြသည်၊ ကျွန်တော်ကိုယ်တိုင်မှာလည်း ရွှေတိဂုံမှန်မှန်ပဲရှိတော့သည်၊ ယခင်နှစ်တွေက တစ်နှစ်လည်လျှင် နည်းနည်းပါးပါးကတ်ကျန်ရှိတတ်သော်လည်း ဤနှစ်နှစ်အတွင်းတွင် ရွှေသုံးကျပ်သားရောင်းထည့်လိုက်ရသည်ကို မည်သူမျှ မသိပါ။ နောင်နှစ်တွေအတွက် မစဉ်းစားရဲအောင် ဖြစ်ရသည်။


နောင်နှစ်တွေအတွက် ဆက်ပြီး မစဉ်းစားချင်တော့သော်လည်း ကျွန်တော်စဉ်းစားမိသည်က လူထုဦးလှ၏ ဘောလုံးပွဲအကြောင်းပင်ဖြစ်သည်။ ဤဘောလုံးပွဲကို ခင်ဗျားလိုက်ကြည့်ကာ အကဲဖြတ်စေချင်ပါသည်၊ ဒီပွဲမှာ ခင်ဗျားကိုယ်တိုင် ဘယ်အသင်းဘက်မှာ ပါဝင်ကစားခဲ့တယ်၊ ကျွန်တော်က ဂိုးတွေ ဘယ်လိုသွင်းခဲ့တယ်ဆိုတာကို ရင်တမမနှင့် ခံစားနိုင်လိမ့်မည်ဟု မျှော်လင့်မိပါသည်၊ အဲဒီဘောလုံးပွဲရဲ့ရှုခင်းထဲ ခင်ဗျားဝင်ရောက်ခဲ့ဖူးသည်လည်း ဖြစ်နိုင်ပါသည်။

တစ်ခါက ရွာတစ်ရွာတွင် ဘောလုံးအသင်းနှစ်သင်း ရှိသည်၊ ထိုနှစ်သင်းမှာ 'အကန်း' FC နှင့် 'အရှူး' FC အသင်းတို့ ဖြစ်သည်၊ အကန်း FC ရဲ့ နည်းပြချုပ်က သူ့အသင်းသားများကို မှာရာတွင် ခြေထောက်နဲ့ ဘောလုံးတွေ့ရင် ရှေ့ကိုသာ ရောက်အောင်ကန်၊ နောက်ကိုမရောက်စေနဲ့၊ မင်းတို့ကံကောင်းရင် ဂိုးဝင်မှာပေါ့ကွာ ဟူ၍ဖြစ်သည်၊ အရူး FC ရဲ့ နည်းပြချုပ်ကတော့ မင်းတို့ဂိုးပေါက်မြင်ရင် ဝင်အောင်သာ ကန်ထည့်လိုက်ပါပဲတဲ့။

ဒီလိုနဲ့ ဒီအသင်းနှစ်သင်း အကြိတ်အနယ် ယှဉ်ပြိုင်ကြပါသည်၊ ပရိသတ်များကို စပွန်ဆာအကျီများ ဝေငှခြင်းတော့ မရှိပေ။ အကန်းတွေဘက်က မမြင်မစမ်းနဲ့မို့ အချင်းချင်း ဝင်တိုက်လိုတိုက်၊ ခလုတ်တိုက်လိုတိုက်နဲ့ အလဲလဲအပြိုပြို၊ ကိုယ့်လူသူ့လူမသိ မမြင်ရတော့ အခက်သား၊ ဒီကြားထဲ အရူးတွေဘက်ကချည်း ဂိုးဂိုးနဲ့ ထအော်ကြတော့ အကန်းတွေ စိတ်ဓာတ်ကျချင်နေပါပြီ၊ သို့သော် အကန်းသတ္တိဖြင့် ပွဲပြီးသည်အထိ သူတို့ယှဉ်ပြိုင်ခဲ့ကြသည်၊ နောက်ဆုံးပွဲပြီးလို့ အနိုင်အရှုံးကြေညာသည့်အခါ အကန်း FC က လေးဂိုး ဂိုးမရှိဖြင့် နိုင်သွားပါသတဲ့။

ဒီကစားပွဲကို ကြည့်ခြင်းအားဖြင့် ကျွန်တော်တို့ဘဝတွင် ကျွန်တော်တို့ ဘယ်အသင်းဘက်က ကိုယ်စားပြုပြီး ဝင်ရောက်ကစားဖူးကြသည်ကို ကိုယ့်ဂျာစီအကျီ ကိုယ်ငုံ့ကြည့်လျှင် သိနိုင်ပါသည်၊ ကျွန်တော်ကတော့ ကျွန်တော့်ရဲ့ ကစားသမားဘဝတစ်လျှောက်လုံး ဂိုးပေါင်းမည်မျှ သွင်းခဲ့သည်ဆိုသည်ကို မမှတ်မိနိုင်တော့ပါ။ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်တို့ရဲ့ အဆွဲထဲမှာများ ထိုဂိုးမှတ်တမ်းတွေရှိနေနိုင်မည်လား ဆိုသည်ကိုလည်း မပြောတတ်တော့ပါ။ **ဆလိုင်းနွေ(မင်းတပ်)**

Asian Fame Media Group



Asian Fame Media Group
MEDIA GROUP

# ခြေခင်းလက်ခင်းသာသော ညနေခင်း



## ပိုင်စိုးလင်း

ဝတ္ထုတိုရသ

အမေက နှုတ်ခမ်းနီကို ပါးပါးလေးဆိုးပြီး ဆံပင်ကိုဖြန့်ချလိုက်သည်။ ပြီးတော့ စုကိုတစ်ချက်ကြည့်ပြီး ပြုံးပြသည်။ အမေက သိပ်လှတယ်လို့ စုကပြောလိုက်သည်။ စုအမေသည် အသက်လေးဆယ့်ငါး လို့ မထင်ရအောင် နုပျိုလှပနေသည်။ အပြန်ကျရင် ဦးညီကို ခေါ်ခဲ့မယ်နော် သမီးလို့ အမေက ပြောသည်။ စုသည် အမေ့ကိုပြုံးပြလိုက်သည်။ အမေဘာလုပ်လုပ် စုမှာ တားဆီးပိုင်ခွင့်မရှိ။ တားလည်းမတားချင်။ အမေ စိတ်မချမ်းသာဖြစ်မှာကို စိုးရိမ်လှသည်။ အမေက အနက်ရောင် ကျောက်နားကပ် ခပ်ကြီးကြီး တစ်ရန်ကို ဝတ်လိုက်သည်။ လေးငါးထပ်ပါသော သလင်းဆွဲကြိုးအနက်ရောင်သည် အမေ့လည်ပင်းဖွေးဖွေးကနေ အင်္ကျီနှစ်ရောင် ပြောင်ပေါ် ခပ်လျောလျော သွယ်တန်းသွားသည်။ အမေသည် စုပါးကိုတစ်ချက်ဖျစ်ညှစ်ပြီး အခန်းထဲမှ ထွက်သွားသည်။

အမေသည် စကားကို လှအောင်ပြောတတ်သည်။ အမေဘာလုပ်လုပ် သူ့အကြောင်းပြချက်ကို ပြောလိုက်လျှင်ပဲ စုတို့က လက်ခံရပြီ။ အမေ့ဘဝက သမီးသိတဲ့အတိုင်းပဲ ဘာမှမှ မရှိတော့တာ။ ဒီဟာလေးတစ်ခုနဲ့ ရှင်သန်ပါရစေလို့ အမေက ပြောသည်။ စုသည် ကျေနပ်သည် မကျေနပ်သည်မရှိဘဲ အမေပျော်နေရင် ပြီးတာပဲလို့ သဘောထားပြီး နေတတ်အောင် နေခဲ့သည်။ အိမ်မှာ ဦးညီရောက်နေတဲ့ အချိန်တွေဆို စုက အခန်းထဲမှာ သီချင်းကို အကျယ်ဆုံးဖွင့်ပြီး နားကြပ်နှင့် နားထောင်ရင်ထောင် မဟုတ်ရင် လှုရှင်းတဲ့တစ်နေရာရာ သွားပြီး စာထိုင်ဖတ်နေတတ်သည်။ အရင်တုန်းကတော့ ဆွေမျိုးအိမ်တွေ သွားလည်တတ်သေးသည်။ သို့သော် အဖေ့ဘက်ဖြစ်ဖြစ် အမေ့ဘက်ဖြစ်ဖြစ် ဆွေမျိုးမှန်သမျှက အမေ့အကြောင်းကိုချည်း မေးမြန်းဆွေးနွေးလုပ်နေကြတော့ စုအတွက် အဖော်သည် အင်လျားကန်စောင်းတို့၊ မယ်လမုဘုရားတို့ ဖြစ်လာကြသည်။ တစ်ခါတစ်ရံတော့ သန်လျင်မှ နဂါးရုံဘုရားရောက်နေတတ်သည်။ စုသည် ဘုရားရိပ်မှာနေပြီး ဘုရားမရှိခိုးဖြစ်သည်ကို အားနာလှသည်။ မငြိမ်းချမ်းသောစိတ်၏ နားခိုရာအဖြစ် ဘုရားကို အသုံးမချချင်လို့

Asian Fame Media Group

ခွင့်လွှတ်ပါဘုရားလို့ စိတ်ထဲမှ တောင်းပန်နေတတ်သည်။

စုသည် အဖေရှိစဉ်ကတော့ ဘုရားတရားအလုပ်ကို အထူးတလည် မဟုတ်သော်လည်း မွေးနေ့မှာ ဘုရားဝတ်ပြုတာမျိုး၊ တစ်ခါတလေ အဖေနဲ့ ဘုန်းကြီးကျောင်းလိုက်သွားပြီး ဆွမ်းကပ်တာမျိုးတော့ လုပ်ခဲ့သည်။ အဖေဆုံးတဲ့အချိန်တုန်းက စုက ဒုတိယနှစ်ဖြေပြီးခါစပဲ ရှိသေးသည်။ စီးပွားရေးအကြောင်း ဘာမှရေရေရာရာ သိသူမဟုတ်။ အမေတစ်ယောက်တည်း အိမ်စီးပွားကို ဆက်လုပ်နေစဉ်မှာပဲ စက်ရုံမီးလောင်သည်။ မီးလောင်နေရာကို ပြန်ရဖို့လုပ်ရင်း စုတို့ ကားတစ်စီးရောင်းလိုက်ရသည်။ စက်ရုံနေရာက ပြန်မရခဲ့။ အမေသည် ခြံထဲမှာပဲ မုန့်ဖုတ်စက်တစ်ခုထောင်ပြီး စားဝတ်နေရေးအတွက် ရုန်းကန်ရသည်။ သို့သော် စီးပွားသည် အဖေရှိစဉ်ကလို တက်မလာတော့။ ဒီကြားထဲ အမေက ဦးညီနဲ့ တွေ့ခဲ့သည်၊ ဝတ္ထုတွေထဲမှာ တစ်ခုပြီး တစ်ခု အဆင်မပြေ တောက်လျှောက်ဖြစ်တတ်တာမျိုးတွေ ဖတ်ရရင် စုက အားရပါးရ ရယ်မောတတ်သည်။ ထိုသို့သော ဝတ္ထုများကို ထပ်တလဲလဲ ပြန်ဖတ်တတ်ပြီး ဇာတ်နာတွေပေါ့လို့ တစ်ယောက်တည်း ရေရွတ်တတ်သည်။

စုကျောင်းပြီးတော့ အမေက စုကို စီးပွားရေးလုပ်စေချင်သည်။ စုသည် စာပေ၊ ဂီတတို့နှင့် သာမွေ့လျော်နေတတ်ပြီး အလုပ်လုပ်ဖို့ စိတ်မဝင်စားလှ။ လောကမှာ ငွေက အရေးအကြီးဆုံးပဲလို့ နားလည်ထားလျက်က ငွေကို ဆန့်ကျင်ချင်နေသည်။ အမေပေးသလောက်ကိုသာ သုံးတတ်ပြီး ဘာလိုတယ် ညာလိုတယ်စသည်ဖြင့် ပူဆာခြင်းမရှိလှ။ စု အများဆုံးသုံးတတ်တာကလည်း စာအုပ်ဝယ်တာ သီချင်းခွေဝယ်တာ၊ တစ်ပတ်တစ်ခါ ဆံပင်ညှပ်ဆိုင်သွားပြီး ခေါင်းလျှော်တတ်တာလောက်ပဲ ရှိသည်။ အဖေရှိစဉ်ကလည်း စုက ငွေအသုံးကြမ်းလှသူ မဟုတ်။ အမေက စုမျက်နှာငယ်မှာ စိုးလို့ဆိုပြီး ပိုက်ဆံတွေ ခဏခဏပေးနေလျှင် စုက အားနာနေတတ်သည်။ ပိုက်ဆံတွေ လက်ထဲများများရှိနေချိန်ဆို စုက ပိုက်ဆံတွေကို စားပွဲပေါ်ဖြန့်ခင်းပြီး ထိုင်ကြည့်နေတတ်သည်။


တစ်ခါတော့ စုက အမေ့ဆီ သွားခါနီး ပိုက်ဆံလိုလားမေးတော့ ရှိသေးတယ်လို့ ညာပြောလိုက်သည်။ ပြီးတော့ ပိုက်ဆံကုန်လာသောအခါ အပြင်မထွက်၊ စာအုပ်ကအစ အသစ်မဝယ်၊ ခေါင်းကိုတောင် ဆိုင်မှာမလျှော်ဘဲ အခန်းထဲအောင်းနေသည်။ ငါနေတတ်သားပဲလို့ ကိုယ့်ဘာသာ ကျေနပ်မိမလို ဖြစ်တော့မည့်ဆဲ ဒါဟာ အတုအယောင် ပိုက်ဆံပြတ်ခြင်းပဲ အမေပြန်လာရင်ဖြင့်၊ အမေ့ဆီဖုန်းလှမ်းဆက်ရင်ဖြင့် ပိုက်ဆံက ရောက်လာမှာပဲလို့ ပြန်တွေးမိပြီး ရှက်စိတ်ဝင်ရသည်။ တကယ်တမ်း ငွေလုံးဝမရှိတော့ရင်၊ အမေက မပေးနိုင်တော့ရင်၊ ဒါမှမဟုတ် အမေမရှိတော့ရင် ဘာတွေဆက်ဖြစ်နိုင်သလဲ၊ ကိုယ့်ဘာသာ ဘာလုပ်မိမလဲဆိုတာကို စိတ်ဝင်စားလှသော်လည်း မတွေးရဲ၊ တွေးမိမလိုလိုဖြစ်တိုင်း အတင်းကြိုး အာရုံပြောင်းပစ်တတ်သည်။ တစ်ဖန် အဲလောက်တောင် စွန့်စားရဲတာကိုလည်း ကိုယ့်ဘာသာမကျေနပ်လှ။ အမေက စုကို အားမလိုအားမရ ဖြစ်သော်လည်း မပြောမဆိုတတ်။ စုကိုယ်တိုင်ကလည်း စုဘာသာ အားမလိုအားမရ၊ အခိုက ကိုယ့်ဘာသာ ဘာလိုချင်မှန်းမသိတာကို မုန်းတီးလှသည်၊ အမေက စု စာတိုပေစတွေ ရေးတတ်တာမြင်တော့ စာရေးချင်ရေး အမေစာအုပ်ထုတ်ပေးမယ်လို့ ဆိုလာသည်။

စုက စာရေးသူအဖြစ် ရပ်တည်ဖို့ကိုလည်း စိတ်မပါ၊ စာဆိုတာ ကိုယ် ရေးချင်လို့ ရေးနေတာပဲ။ စာအုပ်ထုတ်စားဖို့မှ မဟုတ်တာလို့ ဆိုတတ်သည်။ စုသည် သူရေးသော စာများကို မဂ္ဂဇင်းသို့ပင် မပို့တတ်။ စာအသစ် ဖတ်စရာမရှိသောအခါ ကိုယ့်ဘာသာရေးပြီး ကိုယ့်ဘာသာ ဖတ်တတ်သည်။ ပြီးတော့ ကိုယ့်ဘာသာကိုယ်လည်း ဘယ်တုန်းကမှ စိတ်တိုင်းမကျ၊ စုက ဆင်းရဲသူ လူတန်းစားအကြောင်း ရေးသောအခါ စုဖန်တီးသော ဆင်းရဲသား ဇာတ်ကောင်များသည် အသက်မဝင်လှ၊ ဆင်းရဲလွန်းလို့ စားစရာနေစရာ မရှိသည့်ကြားမှ စာပေကို စိတ်ဝင်စားသူ ဖြစ်နေတတ်သည်၊ တကယ်က အဲလောက်ထိ ဆင်းရဲသွားရင် စာပေကို စိတ်ဝင်တစားရှိဖို့ အချိန်မရပါဘူးလို့ ပြန်တွေးမိပြီး တစ်ယောက်တလေတော့ ထူးထူးခြားခြားရှိမှာပါလေလို့ တစ်ခါ ပြေတွေးရသည်။ အိမ်ထောင်ရေးအကြောင်း ရေးပြန်တော့လည်း ဖောက်ပြန်တာတွေပဲ ရေးနေမိသည်။

စုက သူ့အိမ်တွင်းရေးအကြောင်း၊ သူ တကယ် ကြုံတွေ့နေရသော ပတ်ဝန်းကျင်အကြောင်းကိုတော့ တစ်စွန်းတစ်စမျှ မရေးတတ်၊ မရေးဖူး။ စာရေးတတ်ခြင်း အတတ်ပညာနဲ့ ကိုယ့်ပတ်ဝန်းကျင်က လူတွေကို အသုံးချလိုက်တာဟာ အဲဒီလူတွေကို စော်ကားတာပဲလို့ စုက ပြောတတ်သည်။ စုသည် ဦးညီနှင့် စကားဟဟမပြောဖူးသော်လည်း ဦးညီအကြောင်းကို စိတ်ဝင်တစားရှိတတ်သည်။ ဦးညီမှာ အိမ်ထောင်သုံးခုရှိပြီး အမေသည် ဒုတိယလူသာ ဖြစ်သည်။ မိန်းမတွေကို ဘယ်လိုအစွမ်းအစတွေနဲ့ ထိန်းချုပ်ထားပြီး မိန်းမတွေကရော ဘယ်လိုအကြောင်းတွေကြောင့် ယောကျ်ားတစ်ယောက်ကို သုံးယောက်ဝေမျှနေကြသလဲဆိုတာ စုအတွေးနှင့်

အမေဟာ
အိမ်ထောင်ရေးနဲ့
ပတ်သက်ရင် ဘယ်တော့မှ
ကံမကောင်းခဲ့ဘူး
သမီးရယ်။ သာယာနေတဲ့
အိမ်ထောင်
ကျပြန်တော့လည်း
သမီး အဖေက

Asian Fame Media Group



လိုက်မမိနိုင်ဖြစ်ရသည်။ စုသည် ဦးညီအကြောင်းကို ဇာတ်ကောင်လုပ်ရေးရင် ဇာတ်လမ်းဇာတ်ကွက်က အတော်စိတ်ဝင်စားစရာကောင်းမည်မှန်းသိသော်လည်း စာထဲထည့်ရေးဖို့က အားနာပြန်သည်။ ထိုသို့သော စိတ်မျိုးနှင့်ရေးသော စုစာတို့သည် အများအမြင်မှာ စိတ်ကူးယဉ်သက်သက်သာဖြစ်ပြီး ဘယ်သော အခါမှ သက်တွေ့မဆန်တော့။ လူဆိုတာ သူထိတွေ့ဆက်ဆံနေရတဲ့ ပတ်ဝန်းကျင်အကြောင်းကို အနည်းအကျဉ်းတော့ ရေးမိမှာပဲလို့ သူများတွေက ဆင်ခြေပေးသောအခါ စုက ခါးခါးသီးသီး ငြင်းဆန်တတ်သည်။ စုသည် အချစ်နှင့်ဇာတ်သက်လျှင်လည်း သူများတကာလို မရေးတတ်။ လူတွေဟာ တစ်သက်မှာ တစ်ယောက်တည်းကို ချစ်ဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်လို့ စုယူဆသည်။ စုစာထဲမှ ဇာတ်ကောင်များသည် ကိုယ့်ဘာသာ ချစ်သူတွေချည်း ဖြစ်နေတတ်သည်။

စုမှာ ပထမနှစ်လောက်က စုကို လိုက်နေသူတစ်ယောက် ရှိခဲ့သည်။ ထိုသူကို စုကိုယ်တိုင်က ရင်ခုန်ဖူးသည်။ ထိုစဉ်ကတော့ စုရေးသော အချစ်ဝတ္ထုတို့သည် နူးညံ့ပီပြင်ဖူးသည်လို့ ထင်၏။

လူတစ်ဦးတစ်ယောက်ကို နှစ်နှစ်ကာကာချစ်တယ်ဆိုတာမျိုးကို ပုံပေါ်အောင် ရေးနိုင်ခဲ့သည်လို့ ယူဆရ၏။ ဒုတိယနှစ် နှစ်ဝက်လောက်မှာ စုချစ်သူက စားပွဲပေါ် ပြုတ်ကျသွားသော အသားဖတ်ကို ကောက်စားတာ တွေ့ရသည်နှင့် အချစ်ဆိုသော အရာတို့သည်လည်း စုထံမှ လုံးဝပျောက်ကွယ်သွားတော့သည်။ ခင်ဗျားက လွတ်လပ်သလိုလိုနဲ့ အတော်လေး ဘောင်များတဲ့ မိန်းမ၊ ခင်ဗျားမှာ ခင်ဗျားသတ်မှတ်ထားတဲ့ စည်းတွေ ရှိတယ်၊ ကြည့်လိုက်ရင်တော့ ဘာမှဂရုမစိုက်သလိုလိုနဲ့ ခင်ဗျားဂရုစိုက်ချင်တဲ့ဟာကျ စိုက်တယ်လို့ စုမိတ်ဆွေတစ်ယောက်က စုကို ဝေဖန်ဖူးသည်ကိုလည်း သတိရပြီး တစ်ညလုံးမအိပ်ဘဲ တစ်ယောက်တည်း ရယ်မောနေခဲ့သည်။

အမေသည် စုကို အိမ်ထောင်ရေးနှင့်ပတ်သက်ပြီး ချုပ်ချယ်ခြင်း မရှိ။ သမီးက လိမ္မာပြီးသား၊ သမီးရွေးတဲ့လူဟာ အမေရှာတာထက်တောင် ပိုကောင်းမယ်လို့ အမေက ဆိုသည်။ စုကတော့ ကိုယ့်အကြောင်း ကိုယ်သိလျက် အမေ ထိုသို့ပြောတိုင်း ရယ်လို့သာနေတတ်သည်။ စုသည် ရည်းစားအတည်တကျ မထားသော်လည်း စိတ်ဝင်စားသူများကို စမ်းတွဲကြည့်ဖူးသည်၊ အချစ်ဆိုသော အရာသည် အင်္ဂလိပ်စကားကို အသေအချာမပြောတတ်မှန်းသိသောအခါမှာလည်း ပျောက်ကွယ်သွားနိုင်ကြောင်း၊ နှလုံးသားအာဟာရတို့လို ငါ့ချိစ်ခဲကို ဘယ်သူနေရာရွှေ့သလဲလိုမျိုး လူပြိန်းကြိုက်စာပေများ ဖတ်တတ်မှန်းသိသောအခါမှာလည်း ပျောက်ကွယ်သွားနိုင်ကြောင်း၊ နိုင်ငံရေးနှင့်ပတ်သက်ပြီး တစ်ဖက်သတ်အမြင်ရှိလျှင်လည်း ပျောက်ကွယ်နိုင်ကြောင်း အစားစားသောအခါ လျှာအရင်ထွက်လာတတ်သော အကျင့်ရှိလျှင်လည်း ပျောက်ကွယ်သွားတတ်ကြောင်း၊ နွေရာသီမှာ ချွေးထွက်များပြီး ခြင်ကိုက်ခံရလို့ အဖုအပိမ့်များ ထွက်လာတတ်သောအခါမှာလည်း ပျောက်ကွယ်သွားတတ်ကြောင်း၊ အိပ်နေရင်း ဟောက်တတ်မှန်းသိလျှင်လည်း ပျောက်ကွယ်သွားတတ်ကြောင်း စသည်တို့ကို ရှာဖွေတွေ့ရှိခဲ့သည်။

အမေ အဖေ့ကို ချစ်ခဲ့သလားလို့ စုကမေးသည်။ အမေက "သိပ်ချစ်တာပေါ့။ အမေ့ဘဝမှာ တစ်သက်လုံး မေ့လို့မရပေမယ့် ချစ်သူပေါ့" လို့ အမေက မဆိုင်းမတွ ဖြေသည်ကို စုက နည်းနည်းမှမယုံ၊ ဒီလိုဖြေမှ ဖြစ်မှာပဲလို့သာ နားလည်ပေးလိုက်သည်။ လူတိုင်း ဒီလိုပဲဖြေကြမှာပဲ မဟုတ်လား။ ဒါဖြင့် ဦးညီကိုရော အမေချစ်လားလို့ စုက ထပ်မေးသည်။ အမေသည် စုကိုကြည့်ပြီး ပြုံးသည်။ ပြီးတော့ ချက်ချင်းမျက်နှာ ညှိုးကျသွားသည်။ အမေ့ရဲ့အထီးကျန်မှုကို ဦးညီက ဖြည့်ဆည်းပေးတယ်လေ၊ ချစ်တယ်လို့ပဲ ပြောရမှာပေါ့လို့ ပြောသည်။ စုက ထိုအဖြေကိုတော့ သဘောကျသည်။ လူတစ်ဦးတစ်ယောက်ကို ချစ်တယ်ဆိုတာ ကိုယ့်ဘဝကို ဖြည့်ဆည်းချင်လို့ပဲလို့ စုက လက်ခံသည်။ အမေ့ကို အထင်မလွဲပါနဲ့ သမီးရယ်၊ သမီးအဖေကို အမေက မချစ်ခဲ့လို့ ဦးညီနဲ့တွဲရတာ မဟုတ်ပါဘူးလို့ အမေက ဆက်ပြောနေသည်။ အမေသည် ရုတ်တရက် မျက်ရည်ဝဲလာသည်။ စုသည် အမေ့အကြောင်းသိသူပီပီ အမေ ပြောလိုရာ ဆက်ပြောခွင့်ရစေဖို့ ငြိမ်နေပေးလိုက်သည်။

အမေ့ဘဝမှာ သမီးတစ်မျက်နှာကိုကြည့်ပြီး ဘာကြောင့်မနေနိုင်ရမှာလဲလို့ သမီးက ထင်ကောင်းထင်မယ်။ အမေဟာ ဦးညီနဲ့တွေ့တော့ ဦးညီအကြောင်းတွေကို သိသိကြီးနဲ့ ဒီအခြေအနေဖြစ်ခဲ့ရတယ်။ အမေဟာ အိမ်ထောင်ရေးနဲ့ပတ်သက်ရင် ဘယ်တော့မှ ကံမကောင်းခဲ့ဘူး သမီးရယ်။ သာယာနေတဲ့ အိမ်ထောင်ကျပြန်တော့လည်း သမီးအဖေက အရွယ်မတိုင်ခင် ဆုံးပါးခဲ့ရတယ်။ အမေသည် ပြောပြောဆိုဆိုနှင့် ငိုနေတော့သည်။ စုသည် ထုံးစံအတိုင်း အမေပြောသမျှကို အမေ့လက်ကိုင်ပြီး နားထောင်ပေးနေသည်၊ အမေသာ ဝတ္ထုရေးရင် အောင်မြင်မှာပဲလို့ စုက တွေးနေသည်။ ပတ်ဝန်းကျင်က အမေ့ကို ဘယ်လိုတွေပြောဆိုနေကြလဲ ဆိုတာ အမေသိပါတယ်။ အမေ့ဘက်မှာ သမီးလေးရှိနေသေးတာ တစ်ခုနဲ့ပဲ အမေက ဖြေနေရတာပါ။ အမေ့ကို နားလည်ပေးတာ ကျေးဇူးတင်ပါတယ် သမီးရယ်လို့ အမေက ဆက်ပြောသည်။ စုသည် အမေ့ကို အမှန်တကယ် နားလည်ပေးနိုင်

Asian Fame Media Group
MEDIA GROUP

မပေးနိုင် ကိုယ့်ဘာသာ သေချာမသိ။ သို့သော် သမီးနားလည်ပါတယ် အမေရယ်လို့ မကြာခဏပြောတတ်သည်။

စုရေးသောစာတို့သည် ဘဝကို အဓိပ္ပာယ်ဖွင့်ဆိုချက်မျိုးစုံဖြင့် ပြည့်နေတတ်သည်။ ထိုအဓိပ္ပာယ်တို့သည် အများတကာ ရေးတတ်ကြသည်နှင့်တော့ မတူချေ။ စုက လှသောလှသဘာဝဟု ထင်သည်များကို လူအများစုက လူမဆန်သော စိတ်ထားများဟု သတ်မှတ်ကြသည်၊ စုက ဖြစ်နေကြတွေပဲဟု ယူဆခွင့်လွှတ်သည်များကို လူအများက စိတ်ဓာတ်ပျက်ပြားမှုဟု ဆိုကြသည်။ စုက ချစ်သူတစ်ဦးအဖြစ် ပေါင်းဖက်ဖို့ လက်မခံနိုင်သော အချက်များကိုတော့ အများက အသေးအမွှားဟု အရေးမထားကြပြန်။ စုဘက်က မှန်မှန်ကန်ကန် ဆက်ဆံလေ လူမှုဆက်ဆံရေး မတတ်သူလို့ သတ်မှတ်ခံရလေဖြစ်လာသည်၊ စုက အမေ့ဘေးမှာ ရပ်တည်ပေးနေခြင်းကပင် အများအမြင်မှာ အဆိပ်ပင်ရေလောင်းခြင်း ဖြစ်နေတော့သည်။ စုသည် လူများနှင့် ဝေးကွာလာသည်။

တစ်ပင်လဲလို့ တစ်ပင်ထူတာကို အပြစ်မပြောလိုပါဘူး။ ဒီလိုလူမျိုးနဲ့မှ ဖြစ်ရတာကို နားမလည်နိုင်တာပါ။ ကောင်းကောင်းမွန်မွန် သင့်တော်တဲ့လူဆိုရင် ဦးလေးတို့ကတောင် တင့်တောင့်တင့်တယ် ဖြစ်အောင်စီစဉ်ပေးမှာပါလို့ စုဦးလေးက ပြောသည်။ စုသည် ဦးလေးပြောသမျှကို ခေါင်းငုံ့နားထောင်နေရသည်၊ နောက်ထပ်လည်း တစ်ယောက်ထပ်ယူတယ်ဆိုတာက ဘယ်လိုမှ ခွင့်မလွှတ်နိုင်တာဘဲလို့ ဦးလေးက ဆက်ပြောသည်။ စုသည် ဦးညီနှင့်ပတ်သက်ပြီး ဆိုးသည် ကောင်းသည်ကို ဘယ်တော့မှမဝေဖန်လေ့မရှိ။

အမေ့အပေါ်ကြင်ကြင်နာနာ ဆက်ဆံတာကိုတော့ ကျေးဇူးတင်သည်။ သူ့ဘာသာ ဘာပဲဖြစ်နေနေ အမေကကျေနပ်နေဖို့က အဓိကမဟုတ်လားလို့တွေးသည်။ အမေကိုယ်တိုင်က မကျေနပ်ဘူးဆိုရင်တော့ စုကလည်း လက်ခံနိုင်စရာမရှိ။ ပါကလည်း စုကအမေနဲ့ ပတ်သက်နေလို့၊ ပြီးတော့ အမေက ဦးညီနဲ့ ပတ်သက်နေလို့ဖြစ်သည်။ ဦးညီက စုတို့နှင့် လုံးဝပတ်သက်သူမဟုတ်ဘူးဆိုရင်တော့ သူ့ဘာသာသာယူနိုင်လို့က မိန်းမသုံးယောက်မကလို့ ဆယ့်ငါးယောက်ပဲယူယူ ဘာမှကဲ့ရဲ့စရာမရှိလို့မြင်သည်။ စုရဲ့သဘောထားကို တစ်မျိုးလုံးတစ်ဆွေလုံးက သိလျှင် စုကိုမကျေနပ်ဖြစ်ကြလိမ့်ဦးမည်။

လူဆိုရင် လူ့ကျင့်ဝတ်တွေကို လိုက်နာရမယ်။ လူ့ကျင့်ဝတ်ကို ဖောက်ဖျက်တာဟာ လူမဟုတ်တာပဲ လူမဆန်တာပဲလို့ ဦးလေးက ပြောသည်။ စုသည် လူ့ကျင့်ဝတ်ဆိုသည်ကို အကျယ်တဝင့်တွေးနေသည်။ လူတွေဖြစ်ပျက်နေသမျှဟာ လူပီသတာပဲလို့ စုကထင်သည်။ ကိုယ့်အနေနဲ့ဆို လက်ထပ်ဖို့လက်မခံနိုင်တာနဲ့၊ ကိုယ်နဲ့မသင့်တော်တာနဲ့၊ ကိုယ်မကြိုက်တဲ့အချက်တွေ ရှိတာနဲ့ လူတစ်ယောက်ကို လူမပီသဘူးလို့ ပြောတတ်တာကလည်း လူ့သဘာဝလားလို့တွေးပြီး ထိတ်လန့်ရသည်။ လူအများက လက်မခံနိုင်တာနဲ့ပဲ လူတစ်ယောက်ဟာ လူအဖြစ်က လျှောဆင်းသွားရတယ်လို့ စုက မထင်။ လျှောဆင်းတယ်ဆိုတဲ့စကားကိုတောင် တကယ်တော့ မသုံးသင့်လို့တွေးသည်။ ဟိုလူ့ရဲ့ဖြစ် ဒီလူ့ရဲ့ဖြစ် သစ္စာဆိုတာ လုံးလုံးမရှိတာက တိရစ္ဆာန်နဲ့ ဘာခြားသေးလို့လဲလို့ ဦးလေးက ဆက် ပြောနေသည်။ လူနဲ့ တိရစ္ဆာန်ဟာ ဒီဝတ္ထုစည်းမှုအရ ခွဲခြားထားတာ မဟုတ်ဘူးလားလို့ စုကပြန်မေးချင်နေသည်၊ သမီးအနေနဲ့ဆက်နေရင် သမီးပါပျက်စီးမှာ စိုးရတယ်၊ ဘယ့်နှယ် အိမ်မှာ သမီးပျိုလေးကိုထားပြီး ဟိုကောင် လာလာနေတာကို သဘောမကျဘူး။ တစ်ခုခုဖြင့်ရင် ဦးလေးတို့ပါ လူပြောသူပြောလွတ်မှာ မဟုတ်ဘူးလို့ ဦးလေးက ပြောသည်။

စုသည် အမေပြန်လာတော့ ဦးလေးပြောခဲ့တာတွေကို ဘာမှ ပြန်မပြော။ သို့သော် ဦးလေးက အမေ့ကို ဖုန်းဆက်ထားပုံရသည်။ သမီးလေးလည်း အမေ့ကြောင့် မျက်နှာငယ်ရပါပြီလို့ ပြောပြီး ငိုသည်။ အမေက စုသည်ဦးညီကို သဘောမကျတဲ့အတွက် အိမ်မှာ မနေချင်လို့ထင်နေပုံရသည်၊ စုက အမေ့ကို နှစ်သိမ့်ဖို့စကားရှာမရ။ အမေထင်နေတာတွေ တစ်ခုမှ မဟုတ်ဘူးလို့ ပြောချင်လှသော်လည်း ပြောမထွက်ပြန်။ သမီးစိတ်ထဲမှာ အမေ့ကို နာကြည်းနေလားဟင်လို့ အမေက မေးသည်။ စုက မဟုတ်ဘူးလို့ဖြေသည်၊ အမေက စုအားနာ၍ ညာပြောသည်လို့ပဲ ထင်နေတော့သည်၊ ဦးညီကို အိမ်မလာစေချင်ဘူးဆိုလည်း မလာနိုင်းတော့ပါဘူးသမီးရယ် သမီးလေးအိမ်က ထွက်မသွားပါနဲ့လို့ အမေက ပြောသည်။ စုသည် အမေ့ကိုလည်း ဘာစကားမှ မပြောချင်တော့။ တစ်လောကလုံးကို စိတ်ကုန်လှ၏။

စုသည် ထိုတစ်ညနေလုံး ကမ်းပေါ်မှာ လျှောက်သွားပစ်သည်၊ ခြေထောက်တွေ နာကျင်ကိုက်ခဲလာသည်အထိ မရပ်မနားလျှောက်သည်။ စုလက်ထဲမှာ ဘာစာအုပ်မှလည်း ပါမလာခဲ့။ ပိုက်ဆံလည်း အနည်းအကျဉ်းသာပါသည်၊ ဒီလိုအခြေအနေတွေဟာ ဝတ္ထုတွေထဲမှာတော့ မိန်းကလေးတစ်ယောက်ကို လမ်းမှားရောက်သွားစေတဲ့ အခြေအနေပေါ့လို့တွေးပြီး ပြုံးသည်။ လမ်းမှားလမ်းမှန်ဆိုတာတွေကို တွေးပြီးရယ်သည်။ စုသည် ဝါးတန်းလမ်းကမ်းနားမှာ သွားထိုင်ပြီး ဆေးလိပ်သောက်နေသည်။ စုက ဆေးလိပ်သောက်တတ်သူ မဟုတ်။ စိတ်ကူးပေါက်လာလို့ ထသောက်ကြည့်တာဖြစ်သည်။ သူများတွေလို သောက်ခါစ ချောင်းဆိုတာ မွန်တာ ဘာမှမဖြစ်ဘဲ ဆေးလိပ်ကို ကျကျနနသောက်တတ်လို့နေတာကို ကိုယ့်ဘာသာ အံ့ဩရသည်။ တစ်ဖက်ကမ်းက မီးရောင်ကို မှိန်ပျပျသာ မြင်ရသည်။ ဆိပ်ကမ်းမှာ သင်္ဘောတချို့တလေ ရပ်ထားသည်၊ စုက သင်္ဘောများကိုကြည့်ပြီး ခရီးဝေးကြီး သွားလိုစိတ်ဖြစ်နေမိသည်။ လူသူလေးပါးမရှိရာအရပ်ကို သွားချင်လှသည်။ ပျင်းစရာတော့ ကောင်းမှာပဲလို့လည်း တွေးသည်။ လူ့လောကဟာ လူမျိုးစုံရှိနေလို့ပဲ ပျင်းစရာမကောင်းတာလို့ စုထင်သည်။ လူတွေဟာ

တစ်ယောက်နဲ့တစ်ယောက် သဘောသဘာဝအားဖြင့် အကုန်တူနေကြရင် ကမ္ဘာကြီးဟာ ခြောက်ကပ်နေမှာပဲလို့ စုက တွေးသည်။

စုသည် ကမ်းနားကအပြန်မှာ အလျှိုလျှိုခေါင်းချင်းဆိုင်နေသော နှမ်းရှပ်နေသော စုံတွဲများကိုကြည့်ပြီး လူဆိုတာ မိတ်လိုက်သတ္တဝါပဲလို့ ကောက်ချက်ချသည်။ ဆန့်ကျင်ဘက်လိင်ရဲ့ အထိအတွေ့ဟာ လူတိုင်းအတွက် လိုအပ်တယ်။ ဒါဟာ တစ်ယောက်တည်းရဲ့ အထိအတွေ့ဖြစ်ကောင်းဖြစ်မယ်၊ အများလည်း ဖြစ်ကောင်းဖြစ်မယ်။ ဒါကို ဘာလို့များ ဖုံးကွယ်နေကြတာလဲလို့ စုက မကျေနပ်။ စုဘေးမှ ဖြတ်သွားသော ဆိုက်ကားသမားတစ်ယောက်က စုကို တစ်ယောက်တည်းလားလို့ မကြားတကြား လှမ်းမေးသည်။ စုသည် လူ့အဆင့်အတန်းဆိုတာကို ရုတ်တရက် တွေးမိသွားသော ကိုယ့်ဘာသာ စက်ဆုပ်ရသည်။ မိတ်လိုက်တာမှာ ဘာအဆင့်အတန်းမှ မလိုဘူးမဟုတ်လား။ ဖြစ်ချင်တဲ့လူနဲ့ ဖြစ်ချင်သလို စိတ်ဖြေလိုက်ဖို့ သိပ်လွယ်တာမဟုတ်လား။ တစ်ဖန် လူတစ်ယောက်ဟာ အထူးသဖြင့် အမျိုးသမီးတစ်ယောက်ဟာ ပညာအဆင့်အတန်း စာပေအနုပညာကို လိုက်စားတာနဲ့ လိင်ဆက်ဆံခြင်းမှာလည်း ကွဲပြားနိုင်တယ်မဟုတ်လား။ ဒီတော့ ဖြစ်ချင်တဲ့လူနဲ့ ဖြစ်ချင်သလိုဆိုတာမျိုးက တကယ်ရော စိတ်ဖြေရာ ရောက်ပါ့မလားလို့ ဆက်တွေးပြန်သည်။

စု အိမ်ပြန်ရောက်တော့ ဆယ့်နှစ်နာရီကျော်နေပြီ။ အမေက မအိပ်ဘဲ ထိုင်စောင့်နေတာ တွေ့ရသည်။ စုသည် အမေ့ကို ပြုံးပြလိုက်သည်။ အမေက စုကိုမြင်သည်နှင့် ငိုတော့သည်။ သမီးဟာ တကယ်ပဲ အမေ့ကို မုန်းနေပြီလားလို့မေးသည်။ စုက မဟုတ်ကြောင်း အထပ်ထပ်ပြောသည်။ စုသည် အမေ့ကို မမုန်းချေ။ သို့သော် စုက အမေ့ကိုနားလည်သော ပုံစံသည် အမေက စုကို နားလည်စေချင်သော ပုံစံနှင့် ထပ်တူကျမကျသေး။ အမေ ဦးညီနဲ့ ကွဲလိုက်ရမှာလားလို့ အမေက မေးသည်။ အမေ့စိတ်ထဲက မကြိုက်တော့တဲ့ တစ်နေ့ကျရင်တော့ ကွဲချင်ကွဲပါ၊ သမီးကြောင့်ဖြစ်ဖြစ်၊ ပတ်ဝန်းကျင်ကြောင့်ဖြစ်ဖြစ် ကွဲစရာမလိုပါဘူးလို့ စုက ပြောလိုက်သည်။ ဒါဆိုရင် အမေက ဘယ်လိုလုပ်တရားပါ့မလဲလို့ အမေက ပြန်မေးသည်။ လူတစ်ယောက်ကို အမေ့စိတ်ထဲက လက်ခံနိုင်သေးရင် ဆက်တွဲပါ၊ လက်မခံနိုင်တော့ဘူးဆိုရင်တော့ ဘာကိုမှ ထောက်ထားနေစရာ မလိုပါဘူး။ ဦးညီကို မနှစ်သက်တော့လို့ ဦးညီနဲ့ကွဲလည်း နောက်တစ်ယောက် သဘောကျတဲ့လူတွေ့လာရင် အမေ လက်ခံနိုင်ပါတယ်။ ဘဝမှာ လူတွေဟာ ကိုယ့်စိတ်ရှင်သန်နေဖို့အတွက်ပဲ ဦးစားပေးသင့်တယ်လို့ စုက ပြောလိုက်သည်။ စုသည် စုကို ငေးကြောင်ကြည့်နေသော အမေ့ကိုထားပြီး အခန်းထဲဝင် တံခါးပိတ်လိုက်သည်။

စုသည် ရေချိုးခန်းထဲမှာ ရေနွေးနှင့်စိမ်နေရင်းက မိန်းမတစ်ဦးအတွက် လုပ်ပိုင်ခွင့်နည်းမှုကို တွေးနေသည်။ အမေဟာ ငွေရယ်၊ ဂုဏ်ရယ်လို့ ဘာမှ ခြေခြေမြစ်မြစ် မရှိတဲ့ ဦးညီကို ဘာကြောင့်မပြတ်နိုင်ဖြစ်နေရသလဲဆိုတာ အနည်းငယ် တွေးလို့ရလာသည်။ စုက စုနားလည်ကြောင်းကို အမေ့ကို ပြောပြချင်လှသည်။ ဘောင်တွေ စည်းတွေဆိုတာတွေ၊ မိဘနဲ့သားသမီးအကြား ပြောသင့်မပြောသင့်ဆိုတာတွေကို မုန်းတီးနေမိသည်။

လူတွေဟာ ဘယ်သူနဲ့ဘယ်သူမှ သွေးသားတော်စပ်မှုမရှိဘူးဆိုရင် သိပ်ကောင်းမှာပဲလို့ စုတွေးနေမိသည်။ လူတွေအကုန်လုံးဟာ လမှသီးထဲက ထွက်လာတာဆို လောကကြီးဟာ ဒီထက်ပိုသာယာမယ်လို့လည်း တွေးမိသေးသည်။ ဒီလိုသာဆို လက်ထပ်တယ်ဆိုတာတွေဟာလည်း အတူတူနေချင်ခြင်းဆိုတာတစ်ခုကလွဲရင် ဘာမှမရှိတော့ဘူး၊ မလိုတော့တဲ့အခါမှာ ကွာရှင်းလိုက်ရုံပဲ မဟုတ်လား။ လက်ထပ်တယ်ဆိုတာတောင် ရှိချင်မှ ရှိတော့မှာပါလေလို့ စိတ်ကူးကာ ပျော်နေတော့သည်။ စုသည် လက်ဖျားလေးတွေ တွန့်လာသည်ထိ ရေထဲမှာ စိမ်နေသည်။

သမီးချစ်ခင်တဲ့လူရှိရင် လက်ထပ်ပါ၊ အမေခွင့်ပေးပါတယ်လို့ အမေကပြောလာသည်။ စုလျှောက်လျှောက်သွားနေပြီး ညနက်မှ ပြန်လာတတ်တာကို ရည်းစားရှိလို့လို့ အမေက ထင်နေပုံရသည်။ စုသည် လက်ထပ်ခြင်းတစ်ခု သူ့အတွက် မလိုအပ်ကြောင်း၊ လက်ထပ်ခြင်းအပေါ်မှာ အယုံအကြည်မရှိကြောင်းကို အမေနားလည်အောင် ဘယ်ပုံဘယ်နည်းဖြင့် ရှင်းပြရမည်မသိ ဖြစ်နေသည်။ သမီးလည်း အရွယ်ရောက်ပြီပဲ၊ ဘယ်လိုလူကိုပင် သမီးရွေးချယ်ပါစေ၊ အမေကန့်ကွက်ဘူးလို့ ဆိုလာသည်။ စုက စုမှာ လက်ထပ်ဖို့ရည်ရွယ်ထားသူ မရှိဘူးလို့ ပြောလိုက်သည်။ အမေက အံ့သြဟန်ပြသည်။ ဒါဆို အမေကပဲ သင့်တော်သူထဲက ရွေးချယ်ပေးရမှာလားလို့ မေးလာသည်။ စုသည် အမေ ပေးစားသူနှင့် ဖြစ်ချင်ရာဖြစ် လက်ထပ်ပစ်ဖို့ စဉ်းစားကြည့်သည်။ တစ်ဖန် စုကိုယ်တိုင် သတ်မှတ်ထားသော ဘောင်တွေကို စုက ဖောက်ဖျက်နိုင်မှာ မဟုတ်တာလည်း သိနေပြန်သည်၊ လက်ထပ်တယ်ဆိုတာ သိပ်လွယ်တယ်၊ လူတစ်ယောက်နဲ့ တစ်သက်လုံး တူတူနေဖို့ကျတော့ သမီးအတွက် ဖြစ်နိုင်မဖြစ်နိုင် မသိဘူး။ မနေနိုင်တော့တဲ့အခါ အဲဒီလူကို အနားက အလွယ်တကူခွာမရမှာ သမီးကြောက်တယ်။ ပြီးတော့ အိမ်ထောင့်တာဝန်ဆိုတာတွေကို သမီး မထိန်းသိမ်းနိုင်ဘူး၊ ငွေလည်း မရှာနိုင်ဘူးလို့ စုက ပြောလိုက်သည်။ အမေသည် စုစကားအဆုံးမှာ ရင်ဘတ်ကို လက်နှင့်ဖိလိုက်သည်။

စုသည် အဝတ်အစားအနည်းငယ်နှင့် ပိုက်ဆံတော်တော်များများ ယူပြီး သင်္ဘောတစ်စီးပေါ် တက်လာခဲ့သည်။ လက်မှတ်ဝယ်တုန်းက သင်္ဘောက ပုသိမ်ကို သွားမည် သင်္ဘောမှန်းသိခဲ့ရသည်၊ ယူထားသော အိပ်ခန်းထဲ ဝင်လိုက်ပြီးမှ သင်္ဘောပေါ်မှ ပြန်ဆင်းခဲ့ပြန်သည်၊ သည်လိုမျိုးက ပြီးစလွယ်နိုင်တယ် မဟုတ်လား၊ ညလေညင်းသည် စုဆံပင်များကြားမှ ခပ်သော့သော့ ဖြတ်တိုက်သွားသည်။

ခိုင်စိုးလင်း

Asian Fame Media Group
MEDIA GROUP

ခင်မေသစ်၊ဖြိုးဖြိုး၊စုမီအောင်
## ဝတ္ထုတိုသုံးယောက်

မြန်မာစာပေလောကတွင်းမှ ကလောင်ထက်သော အမျိုးသမီးစာရေးဆရာသုံးဦး၏ ဝတ္ထုများကို စုပေါင်းကာ ထုတ်ဝေလိုက်သော စာအုပ်ဖြစ်သည်။ မေမေခင်မေသစ်၊ ညီမလေးဖြိုးဖြိုး နှင့် အတူ ဆရာမစုမီအောင်၏ ကလောင်စုတ်တံမှ ဟန်ချက်ညီညီ ပေါင်းစပ်ထွက်ပေါ်လာသော စာအုပ်လည်း ဖြစ်သည်။ ဤအချက်က ဤစာအုပ်၏ အဓိက ထူးခြားချက်ပင်ဖြစ်နေသည်။ စာ၏ ရသကို ပံ့ပိုးမည့် သရုပ်ဖော်ပန်းချီများကို ဆရာမင်းသူရိန်၊ ညီညီဝင်းနိုင် နှင့် Nenad Vuckovic(Serbian artist) တို့ကရေးဆွဲပြီး မျက်နှာဖုံးပန်းချီကိုမူ ဆရာညီညီဝင်းနိုင်က ရေးဆွဲပေးထားသည်။ ကောက်ကြောင်း ပန်းချီကမူ ဆရာမ ညိုပြာဝိုင်၏ လက်ရာဖြစ်သည်။ တစ်မိုးအောက်တွင် မိသားစုဝင်အဖြစ် နှစ်ရှည်လများ သက်ဝင်ရှင်သန်ခဲ့ကြသည့် သားအမိတစ်ဖြစ်လဲ စာရေးဆရာမ သုံးဦး၏ စာပေလက်စွမ်းကို နှစ်လိုဖွယ် ခံစားကြရမည် ဖြစ်သည်။ ဤစာအုပ်ကို ခရမ်းပြာစာပေမှ တန်ဖိုး ၂၀၀၀ ကျပ်ဖြင့် ထုတ်ဝေလိုက်ပြီဖြစ်သည်။

လုလုလက်ျာ
## မွေးကင်းစပိညာဉ်တစ်ကောင်နှင့် အတူနေထိုင်ခြင်း

ရန်းကန်ခြင်း၏ အနှစ်သာရကို ရှာဖွေနေသူ ရှင်သန်ကျန်ရစ်ဖို့ အသက်ဇီဝကို တန်ဖိုးထားဆင်ခြင်ရန် ကြိုးစားခဲ့သူ၊ လောကသစ်ကို ဖောက်ထွက်ရန် ပူတာအိုမှ ရန်ကုန်လေဆိပ်သို့ နေ့တွင်းချင်းရောက်ရှိလာသူ၊ ကဗျာဆရာ လုလုလက်ျာ၏ ကဗျာစုစည်းမှုဖြစ်သည်။ ကဗျာ ၁၈ ပုဒ်ကို အထူးပြုလုပ်ချက် ၁ မှ ၆ အထိ အခန်းများခွဲ၍ ပုံဖော်ထားသည်။ မျက်နှာဖုံးနှင့် အတွင်းပန်းချီများကို ဖူးသစ်စ (၈) နှစ်သမီးလေး နှင်းထက်တာရာက ရေးဆွဲပေးထားကာ ဒီဇိုင်း D-SARR က စာအုပ်ပြင်ဆင်ပေးထားသည်။ တန်ဖိုး ကျပ် ၂၀၀၀ ဖြစ်သည်။

ဦးဘုန်း(ဓာတု)မန္တလေး
## သတ္တိရှိတဲ့မြက်ပင်များ

တွေးစရာဒဿနတစ်စုံစွက်သော တက်ကျမ်းများကို ရေးသားလေ့ရှိသော ဆရာ ဦးဘုန်း(ဓာတု)မန္တလေး၏ အတွေးရသစာများ စုစည်းထားသည့် စာအုပ်ဖြစ်သည်။ ကြက်ရိုးဒဿနအလွန်တွင် ဦးဘုန်း(ဓာတု)မန္တလေးနှင့် လင်းလွန်းခင် စာပေတို့ ထပ်မံတွေ့ဆုံကြသော ဆုံမှတ်လည်းဖြစ်သည်။ ဓာတုဗေဒဆရာတစ်ဦးအဖြစ် ကျောင်းသားလူငယ်များကို သူတများမှုဝေသည့်ဟန်ဖြင့် ရေးသားထားသည်။ မြန်မာ့ရေမြေနှင့် ကမ္ဘာတစ်လွှားတွင် နိုင်ငံရေးသမိုင်း၊ စာပေသမိုင်းများ၌ မှတ်တမ်းဝင်ခဲ့သော အထင်ကရ ပုဂ္ဂိုလ်များ အကြောင်းဖြစ်ပြီး အမှတ်တရ နေ့စွဲများအလိုက်၊ အကြောင်းအရာ အလိုက် ပြန်လည် ဝေမျှထားခြင်း ဖြစ်သည်။ စုစုပေါင်း ပုဂ္ဂိုလ် ၁၂ ဦး အကြောင်းတို့ ပါဝင်သည်။ တန်ဖိုးမှာ ၂၀၀၀ ကျပ်ဖြစ်သည်။




Asian Fame Media Group

### မာမာအေး
## ပြောပြစရာတွေလည်းတစ်ပုံကြီး

မြန်မာသံအဆိုတော် မာမာအေး၏ တစ်ချိန် က အောင်မြင်ကျော်ကြားခဲ့ဖူးသော အသံလွှင့်ကဏ္ဍအစီအစဉ်ကို ပြန်လည် ပုံနှိပ် ထုတ်ဝေထားသော ဒုတိယပိုင်းဖြစ်သည်။ အပိုင်း ၄၁ မှ ၁၀၀ အထိ ပါဝင်သည်။ BBC အသံလွှင့်လိုင်းကို နားထောင်သူပရိသတ်များ နှစ်မြိုက်ခဲ့ဖူးသော အသံလွှင့်ချက်များ ဖြစ်သည်။ ဂီတခံစားမှုသက်သက်မဟုတ်ဘဲ မြန်မာစာပေနှင့် ဂီတသဘောတရား၊ ပရိသတ်များ၏ ပေးစာပါ အကြောင်းအရာများ၊ ဖြတ်သန်းခဲ့ဖူးသော နိုင်ငံရေးစနစ်တွင်းမှ မထိခလုတ်သရော်စရာများကို မှတ်သားဖွယ်၊ ရယ်မောဖွယ်ဖြစ်အောင် တင်ပြထားခြင်းဖြစ်သဖြင့် ပြန်လည်ဖတ်ရှုရသူများ အတွက် ရသနှင့်သုတကို ပေါ့ပါးစွာ တွဲဖက်ခံစားရမည် ဖြစ်သည်။ လင်းလွန်းခင်စာပေမှ တန်ဖိုးကျပ် ၃၀၀၀ ဖြင့် ထုတ်ဝေလိုက်ပြီဖြစ်သည်။

### ဦးတင်ဦး(ကျူရှင်)
## ဘဝဖလားနှင့်အခြားဆောင်းပါးများ

လူငယ်များအတွက် ဘဝအားမာန်တက်ကြွ လာစေမည့် ဆောင်းပါးများကို မဂ္ဂဇင်းစာမျက်နှာများထက်တွင် ရေးသားလေ့ရှိသော ဦးတင်ဦး (ကျူရှင်) ၏ ဆောင်းပါးများကို စုစည်းထားခြင်း ဖြစ်သည်။ ဘဝကိုတိုက်ပွဲဟု အန္တုအနိုင်ဖြင့် သတ်မှတ်သော လောကဓမ္မတာကို ရင်ဆိုင်မည့် နည်းလမ်းများ တစ်စွန်းတစ်စ ရရှိစေသော စာများ ဖြစ်သည်။ မိမိ၏ ဘဝအတွေ့အကြုံများ၊ ကိုယ်တွေ့ ဖြစ်ရပ်များနှင့် ခံယူချက်များကို ဘွင်းဘွင်းရှင်းရှင်း ရေးသားထားသဖြင့် ထင်းခနဲလင်းခနဲ မြင်သာစေသည့် အဘိဓမ္မာများ ဖြစ်သည်။ ဝိတောက်နွယ်၊ Family ၊ ရုပ်ရှင်တေးကဗျာ၊ Eternal Light ၊ စရဏ အစရှိသော မဂ္ဂဇင်းများတွင် ဖော်ပြခဲ့သည့် ဆောင်းပါးများဖြစ်သည်။ လင်းလွန်းခင်စာပေမှ ထုတ်ဝေ၍ တန်ဖိုးမှာ ၂၅၀၀ ကျပ်ဖြစ်သည်။

### ပေလင်းသစ်
## တန်ဖိုးမဖြတ်နိုင်တဲ့အရာ

ဓတ်သစ်ပုံပြင်များဟု စာအုပ်မျက်နှာဖုံးတွင် ဖော်ပြထားသော်လည်း ပုံပြင်ထက်အတွေးသစ်ကို ဟန်သစ်ဖြင့် ပေးခြင်းဖြစ်သည့်အတွက် အတွေးပုံပြင်များဟု သတ်မှတ်ရမည်ဖြစ်သည်။ ရှေးမိုးအစဉ်အလာပုံပြင်များ မဟုတ်ဘဲ စဉ်းစား ဆင်ခြင်စရာများကို စကားဝိုင်းလေးများတွင်ပြောသော ပုံတိုပတ်စများမှ တစ်ဆင့် နှီးနှောလိုက်ခြင်း ဖြစ်သည်။ ကြားဖူးနားဝ ဆိုရိုးစကားများလည်း ယခုမှ ပေါ်ပေါက်ခေတ်စားလာသော ပုံပြင်သစ်များလည်း ပါဝင်သည်။ စကားဝိုင်းအတွင်း စကား စပ်မိသမျှ ပြောပြသော ယင်းပုံပြင်များတွင် တွေးတောစရာများ၊ အတုယူစရာများ၊ ပြုံးစရာများ ပါသကဲ့သို့ ငြင်းချက်ထုတ်ဖွယ်ရာများရှိလျှင်လည်း လွတ်လပ်စွာ ဆက်လက် တွေးဆနိုင်အောင် လမ်းဖွင့်ထားသည့် တစ်မျက်ပွင့်ပုံပြင်များဖြစ်သည်။ လင်းလွန်းခင်စာပေမှ ထုတ်ဝေ၍ တန်ဖိုး ၂၅၀၀ ကျပ်ဖြစ်သည်။



# သက်တမ်းကုန်ခဲ့ရက်

ဝတ္ထုတိုရသ



# နွယ်နွယ်

မှာ ချိတ်ချတို ဝေခွဲမရ ဖြစ်နေရသည်။ ကိုသန့်ဇင် မကြည်သာနေသော ဘယ်အလုပ်မဆို သူက ကြည်သာမှာ မဟုတ်လေသောကြောင့် နွယ်နွယ်က ယတိပြတ် နုတ်ထွက်ပစ်လိုက်ရတော့မလား။ သို့တည်းမဟုတ် အလုပ်ကိုပဲ ဇွတ်မှိတ်ပြီး ဆက်လုပ်နေရဦးမှာလား။

တစ်နေ့တစ်လုံး၊ တစ်လစား ဆေးကတ်ကလေး၏ထောင့်တွင် ရေးနှိပ်ထားသော သက်တမ်းကုန်ဆုံးရက်အား နွယ်နွယ်သည် မှုန်ရီရီ မျက်လုံးများဖြင့် ငေးစိုက်ကြည့်နေမိသည်၊ ရက်လွန်ခါနီးတဲတဲကလေးမှာမှ အချိန်မီတွေ့မြင်ဖတ်ရှုမိသောကြောင့် တော်ပေသေးသည်ဟုလည်း တွေးမိနေ၏။

ကိုသန့်ဇင်ပေးခဲ့သော စာအိတ်ပြာကလေးက နွယ်နွယ့်လက်ပ်တော့ပ်နံဘေးမှာ ကျနေသည်၊ သူရေးသမျှ နွယ်ဖတ်ကြည့်ပြီးပါပြီ။

မင်းမိသားစုနဲ့ ကိုယ်ဆက်မနေနိုင်တော့ဘူး၊ တစ်လနေဖို့ အခန်းငှားလာပြီ။

ကိုယ်တို့မှာ အချိန်တစ်လတိတိပဲ ရှိတယ်ဆိုတာ မမေ့နဲ့လေ။ အမြန်ဆုံးဖြစ်ပါ။ သူစောင့်နိုင်သည့် အချိန်အတိုင်းအတာအထိသာ နွယ်နွယ် စဉ်းစားချိန်ရရှိမည်ဟု သူ့ပုံစံ သူ့စနစ်အတိုင်း အမိန့်ပေးခြိမ်းခြောက်နေတာပါပဲ။

အတူနေမလား။ ကွာရှင်းမလား။ အဲသလို အစီပွာယ်ပေါက်နေ၏။

နွယ် အော့ချင်အန်ချင်ဖြစ်လာပြန်သဖြင့် ထိုင်ခုံကိုစားပွဲမှခွာပြီး ရေချိုးခန်းသို့ တဟုတ်တနိုက် ဦးတည်ပြေးလွှားလာခဲ့ရသည်။

ဆေးကတ်ထုတ်လုပ်သောနာမည်ကြီးကုမ္ပဏီ၏ တိကျမှုအပေါ် နွယ်နွယ်စိတ်ချသည်။ ယခု အော့အန်ချင်နေမှုသည် နွယ်နွယ်စိတ်တွေ မတည်မငြိမ် ထောင်းထုသည့်အတွက်၊ ခန္ဓာကျန်းမာရေး ကျေပျက်ကာ၊ အစာမကြေ၊ ရင်ပြည့်မှုးမော်နေခြင်းသာ ဖြစ်ပါလိမ့်မည်။

အစာကြေဆေးစားရမလား။ အမူးပြေဆေးစားရမလား။

နွယ်နွယ့်မှာ တစ်လခံတားဆေးစားနေသည်ကိုဖြတ်မလား ဆက်စားမလားဆိုသည်မှာ ကိုသန့်ဇင်နှင့် ဆက်ပေါင်းမလား၊ ကွာရှင်းမလား ဆိုသောအချက်အပေါ်မှာ မူတည်နေသည်။

တစ်ဖန် နွယ်နွယ်တစ်နှစ်နီးပါး စောင့်မျှော်လာခဲ့သော စကော်လားရှစ် ထောက်ပံ့ကြေးငွေရမရအပေါ် မူတည်နေပါသည်၊ (ထိုင်းနိုင်ငံရှိ AIT Asian Institute of Technology အာရှနိုင်ငံ နည်းပညာသင်ကြားရေး တက္ကသိုလ်တွင် ဘွဲ့လွန်ယူနိုင်ရန်အလို့ငှာ ကမ္ဘာ့ဘက်သို့ နွယ်က လျှောက်ထားခဲ့တာပါ။) ဆက်စောင့်ဦးမလား၊ သံယောဇဉ်ဖြတ်လိုက်တော့မလား။

အဲဒါဟာလည်း သက်တမ်းကုန်ဆုံးရက်ရှိတာပဲလေ။

အဝေးသင်မှ နွယ်နွယ် ဘွဲ့ရထားသည်မှာ ဖြစ်နှစ်သာရှိသေးသည်။



နွယ်နွယ်မျှော်မှန်းသော လစာသည် ရနိုင်သည်ထက် တစ်ဆိတ်များပြားနေသည်။ သို့စေကာမူ နွယ်နွယ်တို့ မိသားစုအတွက် စားဝတ်နေရေး လိုအပ်ငွေကလည်း ရနိုင်တာထက် များပြားနေသည်။

သင့်လျော်သည်၊ လက်ရှိ အလုပ်ထက် ပိုပြီးအဆင်ပြေသည်ဟု ထင်သော အလုပ်တွေခေါ်တိုင်း နွယ်နွယ် လျှောက်လွှာတင်သည်။ လူတွေ့စစ်ဆေးသည့် အဆင့်ရောက်တာလည်း ရောက်ခဲ့နှင့်။

နောက်ဆုံးရရှိသော အလုပ်မှာ 'အဝမြင်ကွင်း' အမည်ရှိ အင်ဂျီအို (အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်း)တစ်ခု။

သည်အလုပ်ရရှိပြီးသည်မှစ၍ နွယ်နွယ်သည် အတွေးအမြင်တွေ ပြောင်းလဲလာသည်။ ပညာပေးသင်တန်းတွေကို တက်ရောက်ဆည်းပူး၊ ကျရာနေရာမှာ ကိုယ်လည်း တာဝန်ယူ၊ သည်လိုနှင့် ပြည်သူတွေ ပညာတတ်ကြဖို့ စာဖတ်ကြဖို့လိုအပ်သလို စားနပ်ရိက္ခာပြည့်စုံဖို့နှင့် တစ်ကိုယ်ရေ သန့်ရှင်းရန်၊ ပတ်ဝန်းကျင်သန့်ရှင်းရန် လူနေမှုအဆင့်မြင့်မားရန် လိုအပ်ကြောင်းစသည် ဖတ်ရင်းပြောရင်း တတ်နိုင်သမျှ လိုက်နာကျင့်သုံး တတ်လာခဲ့သည်။

ဘွဲ့လွန်သွားတက်မည်ဆိုလျှင် နိုင်ငံမှခွဲခွာပြီး နှစ်နှစ်လောက် ကြာလိမ့်မည်။ ကျောင်းပိတ်ရက်တွေမှာ လေယာဉ်ပျံစီးပြီး ပြန်လာနိုင်သားပေသီ၊ ရမည့်ထောက်ပံ့ကြေးမှ သိပ်များများ ပွန်းပွဲမသွားစေချင်ပါ။ စာသင်နှစ်တွေ ကုန်ဆုံးသွားပြီးလျှင် သိန်းလေးငါးဆယ်ကျန်မှာမို့ အိုးအိမ်သန့်သန့် ဝယ်နိုင်လိမ့်မည်ဟု နွယ်က စိတ်ကူးမိနေသည်။ အဲဒါမှလည်း တစ်အိုးတစ်အိမ်သီးခြားခွဲ

Asian Fame Media Group

နေနိုင်ကြမှာလေ။

တစ်အိုးတစ်အိမ်။

နွယ့်ကိုယ်ရေးမှတ်တမ်းအရ နွယ့်ဖခင်သည် ယာဉ်မောင်းတစ်ဦး ဖြစ်ပြီး နွယ်တို့က မောင်နှမခြောက် ယောက် ရှိသည်ဆိုသောဘဝ ဇာတ် လမ်းဖြင့် စတင်ရပါလိမ့်မည်။

နွယ်နွယ့်မိဘတွေသည် အိမ် ပိုင်ရာပိုင် သီးသန့်မဝယ်နိုင်ခဲ့ကြပါ။ မြို့စွန်ရပ်ကွက်တွင် အိမ်ခန်းငှား ရမ်းကာ မိသားစုနေထိုင်ခဲ့ရသည်။

အစ်မအကြီးဆုံးမမစုသည် ဆယ်တန်းပင် မရောက်လိုက်ရဘဲ အမေ့ကို အိမ်ထောင်ထိန်းသိမ်းရာ မှာ ကူညီရင်း၊ အငယ်တွေကိုပိုင်းဝန်း ထိန်းကျောင်းရင်း၊ အချိန်တွေ ကုန်ဆုံးခဲ့တာများသည်။ မမစုကို ချစ်ကြိုက် တောင်းရမ်းလာသော လုပ်ငန်းရှင်တစ်ဦးနှင့် မမစု အိမ် ထောင်ပြုလိုက်လျှင် မိသားစုအနေ နှင့် ငွေကြေးအကူအညီ အထောက် အပံ့ရပြီး သင့်တင့်ချောင်လည်လာ မည်ဟု မိဘတွေက ယူဆတိုက်တွန်း သောကြောင့် မမစုသည်စောစော စီးစီး အိမ်ထောင်ကျသွားခဲ့သည်။

မမစု၏ ခင်ပွန်းက လှည်းတန်း တွင် တိုက်ခန်းဝယ်လိုက်ပြီးနောက် နွယ်နွယ်တို့ မိဘမောင်နှမအားလုံး သည် မမစုတို့၏တိုက်ခန်းသို့ ရွှေ့ ပြောင်းလာကြသည်။ ပတ်ဝန်းကျင် သန့်ရှင်းရေးမရှိခဲ့သော မြို့စွန်တုန်း က အိမ်ခန်းနှင့်စာလျှင် လေးလွှာမှာ သန့်သန့်ပြန့်ပြန့် နေထိုင်ရသည့် အတွက် လူနေမှုအဆင့်မြင့်လာ သည်။ ကျဉ်းကျဉ်းကျပ်ကျပ်နေကြရ သည်ကတော့ အတူတူပါပဲ။

ရှိသောအခန်းတွေအနက် အိမ်ရှေ့ခန်းမှာ ဘုရားစင်ထားကာ ညသည်လာလျှင် ညခံစကား ပြောကြ၊ ညတိုင်ကျလျှင် နွယ်နွယ့် ဖခင်နှင့် မောင်နှစ်ယောက်က အိပ်ရာခင်းပြီးအိပ်၊ မနက်ဆိုပြန် လိပ်။ မမစုတို့လင်မယားကတစ်ခန်း၊ နောက်တစ်ခန်းမှာ နွယ်နွယ့်မိခင်နှင့် နွယ်နွယ်တို့ ညီအစ်မသုံးယောက် အိပ်စက်ကြလေသည်။

ဆယ်စုနှစ်တစ်စုမက ကြာမြင့် ခဲ့ကြပြီးနောက် မမစုတို့အိမ်ထောင် ပျက်ကာ မမစုနှင့် ကလေးသုံး ယောက်ကျန်ရစ်သည်။ သူရရှိသော တိုက်ခန်းပေမယ့် ကလေးတွေအား

လာခဲ့ကြ၏။ သို့တစေအစ်ကိုက သူ့ရည်းစားစောင့်နေတာ ငါးနှစ်ရှိ ပြီမို့ အားနာသည့်အကြောင်းပြချက် ဖြင့် အိမ်ထောင်ပြုသွားပြန်တော့ သည်။

ကျောင်းနေလက်စ ညီအစ်မ နှစ်ယောက်နှင့် ကလေးသုံးယောက် အမေ။ မမစုကိုများ အထောက်အကူ ရမလားဟု မျှော်လင့်ထားကြသော မိခင်ကြီးနှင့် မမစုတို့မှာ အမောကြီး မောကြရလေသည်။

နွယ်နွယ် ဘွဲ့ရသည်။ မရွေး မနှောင်းမှာပဲ စီးတီးမတ်မှာ နွယ် နွယ်က အရောင်းဝန်ထမ်း အလုပ် ရရှိသည်။ စားရေးသောက်ရေး

**မိခင်ကြီး:စိတ်ပူသလိုတော့ ကိုသန့်ဇင် ပြန်မလာဘဲ မနေ။ ညဥ့်နက်တာက တစ်ခု၊ အခါးရည်အနံ့ မိုးမွှန်တာလေးက နောက်တစ်ခု၊ အရင်ကလည်း သူသည် အရက်၊ စီးကရက် မကင်းခဲ့ပါ။ ခုတော့ . . . .**

ငဲ့ကွက်ပြီး သူသာဆင်းသွားသည် ကိုပဲ ကျေးဇူးတင်ရမလိုဖြစ်ခဲ့ကြရ သည်။ အစ်မ၏ခင်ပွန်း ဆင်းသွားပြီး နောက်အိမ်ထောင်ပြုသွားသော အခါ မမစုသည်ချစ်လွန်း၍ လက် ထပ်ခဲ့သောယောကျာ်း မဟုတ်သော ကြောင့်လားမသိ၊ တမ်းတမ်းတတ မရှိလှ။

ကလေးတွေရှေ့ရေးအတွက် မမစုရုန်းကန်ရသည်ကို တူ၊ တူမ လေးတွေကို နွယ်တို့ကဝိုင်းပြီးချစ် ကြ သနားကြသည်။

မကြာမတင်မှာပဲ နွယ်နွယ့် အောက်က မောင်အငယ်သည် ဆေးမတိုးသော တီဘီရောဂါအား ကုသခံရင်းမှ သေဆုံးသွားခဲ့သည်။ ရှေ့ဆင့်နောက်ဆင့်ဆိုသလို နွယ်တို့ ဖခင်ဆုံးပါးသွားပြန်သည်မှာ စိတ် ဆင်းရဲစရာတွေ များခဲ့တာက တစ်ကြောင်း ပါဝင်ပေလိမ့်မည်။

မမစုအောက်မှ အစ်ကိုငယ် ဘွဲ့ရ၊ အလုပ်လည်းရသောကြောင့် မိသားစု မျှော်လင့်ချက်တွေ ဝေဆာ

အထောက်အကူရပြီဟု မိသားစု အားတက်လာကြပြန်လေသည်။

အဲသည်အချိန်မှာ နွယ်နွယ် က ကိုသန့်ဇင်နှင့် တွေ့လေသည်။

ကိုသန့်ဇင်သည် ဟိတ်ဟန်ရိုက် ဆိုက်ကောင်းသူမို့ နွယ်ကအထင် တကြီးရှိခဲ့သည်။ ကိုသန့်ဇင်သည် ရုပ်ရည်သန့်ပြီး အပြောအဆို ရည်မွန်တာမှတစ်ပါး ဘီအက်စီဘွဲ့ တစ်ခုသာ အပိုင်ရှိလေသည်။ သူ မောင်းပြီးလာနေကျ ဒတ်ဆန်းဆန်နီ မော်တော်ကားကို မိသားစုနှင့်အတူ နွယ်နွယ်လည်း သူ့ကားဟု ထင်မှတ် ဝမ်းသာနေခဲ့ကြသည်။ သူ့အစ်ကို ပိုင်ဆိုင်သည်ဟု သိသောအခါ နွယ် နွယ်တို့မိသားစု၏ ဝမ်းမြောက်ပီတိ တွေ ပျက်သုဉ်းသွားခဲ့ရသည်။ အထိုက်လျောက် စုဆောင်းပြီးသား တစ်နိုင်တစ်ပိုင် ရှိမည်၊ နှစ်ယောက် သား တစ်အိုးတစ်အိမ် နေထိုင်နိုင် မည်ဟု နွယ်နွယ်ထင်မှတ်ခဲ့သော် လည်း တကယ်တော့၊ မုန်းချက်နှင့် နှမ်းထွက်က တက်တက်စင်လွဲခဲ့



သည်။

နေရေးထိုင်ရေး တွက်ချက်ကြံဆကြသောအခါမှာဖြင့် နွယ်နွယ်တို့လက်ထပ်ထိမ်းမြားဖို့ နေ့ကောင်းရက်သာကို ကြိုတင်ရွေးချယ်ပြီးနှင့်လေပြီ။

"ကိုကို မြှုပ်နှံထားတာ များသွားတယ်။ ရုတ်တရက် ပြန်ဖော်လို့မရဘဲ ဖြစ်နေတာပေါ့။ မကြာတော့တဲ့ အနာဂတ်မှာ ပြန်ပေါ်မှာပါကွာ"

နွယ်နွယ် မျက်ရည်ကျသည်ကို အမေ နှင့် အစ်မက နားလည်ပေးခဲ့ကြရှာပါ၏။

နွယ်တို့အိမ်ထောင်ကျသောအခါ မမစုအိမ်မှာပဲ ကပ်ရပ်နေကြရပြန်သည်။ မမစုတို့သားအမိလေးယောက်၊ နွယ်တို့၏မိခင်၊ နွယ့်ညီမနှစ်ယောက်ကတစ်ခန်း စုပေါင်းနေထိုင်ကြသည်။ မသိသားဆိုးရွားစွာ၊ အားနာစွာနှင့်ပင် ကိုသန့်ဇင်နှင့် နွယ်နွယ်တို့က တစ်ခန်းယူကြရလေ၏။ ဆယ်ပေ၊ ပေလေးဆယ်တိုက်ခန်းတွင် နေထိုင်သူများအနက် လူသုံးယောက် လျော့သွားသော်လည်း လူတစ်ယောက် အသစ်ဝင်လာသည်။

ထို့ကြောင့်လျှင် လက်ရှိနေထိုင်သူပေါင်း ကိုးယောက်။

ကလေးသုံးယောက်၏ ကျောင်းစရိတ်၊ ကျူရှင်စရိတ်၊ ကျန်းမာရေးစရိတ်တွေက ပိသည်။ ညီမနှစ်ယောက်မှာ ဆယ်တန်းကျောင်းသားတွေကို ဂိုက်လုပ်သူနှင့် အထည်ချုပ်စက်ရုံတွင် အလုပ်လုပ်သူနှင့် အဝေးသင်တက်ကြရင်း တစ်ဖက်တစ်လမ်းမှ ဝမ်းစာရှာဖွေကြလေသည်။

မသိနားမလည်သော ကလေးငယ်တွေမှအစ လူတိုင်းငြိုးငြင်ရမြဲဖြစ်ရုံမက လွတ်လပ်ခွင့်နည်းပါးသော ကျဉ်းကျဉ်းကျပ်ကျပ်အခန်းတွင် သည်တစ်သက်မြင့် ဆင်းရဲတွင်းမှ လွတ်လမ်းမမြင်တော့ပြီဟု နွယ်နွယ်စိတ်ကျရောဂါ ရချင်သလို ရှိနေမိလေသည်။

အိမ်ထောင်ကျပြီးမှ သာ ကိုသန့်ဇင်၏ စီးပွားရေးနှင့် လုပ်ငန်းကိုင်ငန်းတို့ နွယ်နွယ်သိနားလည်လာ၏။ တယ်လီဖုန်းဆင်ပေး၊ တီဗီစလောင်းအင်တာနာ တပ်ဆင်ပေးချိန်ပေးဖြင့် အလုပ်ရှိသည့်ရက်တွေမှာ တစ်နေ့လေးငါးထောင် ဝင်ပါရဲ့။ တစ်လမှာ သုံးလေးရက်သာ အလုပ်ရှိတတ်ပြီး သူ၏စားသောက်စရိတ် လမ်းစရိတ်နုတ်လိုက်လျှင် အိမ်သို့ နှစ်ထောင်လောက် ပြန်ပါလာလျှင် ကံကောင်း။

နွယ်နွယ်ကပဲ သူ့နေစရိတ် စားစရိတ်တာဝန်ယူထားရသည် ဆိုကြပါစို့ရဲ့။

"ကိုကို့မှာ အလုပ်ခန်းမရှိတော့ အဆက်အသွယ်တွေကိုပဲ အားကိုးနေရတာကွာ၊ တကယ်လို့သာ အိမ်ရှေ့ခန်းမှာ အလုပ်ခန်းဖွင့်နိုင်မယ်ဆိုရင်"

"ကိုယ်ပိုင်တိုက်ခန်းကလေး ရှိတဲ့အခါပေါ့ ကိုကို"

အဲသည်စကားသည် ဖြစ်သင့်ဖြစ်ထိုက်တာကို နိုးနိုးရှင်းရှင်းပြောခြင်းသာ ဖြစ်ပါသည်။ သို့တစေ ကိုသန့်ဇင်က စိတ်ဆိုး၏။

"ဒါတော့ နွယ်က အရှုံ့တိုက်တာပဲ၊ မဖြစ်နိုင်သေးတဲ့တိုက်ခန်းအကြောင်း ထည့်မပြောပါနဲ့ကွာ"

"မမစုဘဝနဲ့ ရင်းထားရတဲ့ သူ့တိုက်ခန်းမှာ နွယ်တို့အလုပ်ခန်း မဖွင့်ချင်ဘူးလေ၊ ရှင်းရှင်းလေး"

"လုပ်ငန်းစပ်တာလုပ်ရင် သူတို့လည်း ငွေဝင်မှာပေါ့၊ ဒါမှမဟုတ် ဆိုင်ခန်းလခပေးမှာပေါ့"

"မဖြစ်နိုင်ဘူးထင်တယ် ကိုကို၊ လခပေးမယ်ဆိုတဲ့ မက်လုံးဟာ တကယ်လက်တွေ့ ဖြစ်မလာနိုင်ဘူး ထင်တယ်"

သူ့အပေါ်တွင် နွယ်နွယ်အထင်မကြီးတော့ပြီဆိုတာ သူမသိသေး။

နွယ်နွယ့်ကို စိတ်ဆိုးမာန်ဆိုးထိုင်ခုံတွေ ဝုန်းဒိုင်းကြဲပြီး လှေကားထစ်တွေကို ဆောင့်ကြီးအောင့်ကြီးနင်းကာ ဆင်းသွားတော့သည်။

"ဟဲ့ သမီးရယ်၊ တော်ကြာ ပြန်မလာရင် အခက်"

"ထမင်းစားမယ့်သူတစ်ယောက် လျော့မှာပေါ့ အမေရယ်"

"သမီးရယ် မပြောကောင်းတာ"

ခေတ်နှင့်အညီ ရင်ပေါင်တန်း မလိုက်နိုင်သေးသော မိခင်ကြီးမှာ ရှေးရိုးအစဉ်အလာအတိုင်း သည်လင်သည်မယားကသာ သားသမီးတွေကို အတူတကွ ပျိုးထောင်စေချင်သည်။

"အဖေတို့ခေတ်တုန်းကလို ခုခေတ်မှာ ကိုသန့်ဇင်လိုယောက်ျားတွေက အလုပ်လက်ကြောတင်းအောင် မလုပ်တော့ဘူး"

မိခင်ကြီးစိတ်ပူသလိုတော့ ကိုသန့်ဇင် ပြန်မလာဘဲ မနေ။ ညဉ့်နက်တာက တစ်ခု၊ အခါးရည်အနံ့ မှိုမှုန်တာလေးက နောက်တစ်ခု၊ အရင်တလည်း သူသည် အရက်စီးကရက်မကင်းခဲ့ပါ။ ခုတော့ ပိုစိပ်၊ ပိုများလာလေသည်။

ထိုစဉ်ကစပြီး နွယ်နွယ့်ရှေ့ရေးအိပ်မက်တွင် တူနှစ်ကိုယ်တိုက်ခန်း ငှားဖို့၊ ဝယ်ဖို့၊ တည်ဆောက်ဖို့ ဘယ်အဆင့်မှ အကောင်အထည်ဖော်နိုင်ခြင်း မရှိတော့။

ကိုယ်ပိုင်တိုက်ခန်းကလေး ရှိလာမှ သားသမီးမွေးတော့မည်ဟု သောအတွေးသည် မှေးမှိန်သည်။ သားသမီးရှိလာလျှင် သဘောထားခြင်း မတိုက်ဆိုင် အိမ်ထောင်ကို အသက်ဆက်နေရမှာ စိုးလေသည်။

မမစုတို့၏အိမ်ထောင်လို ပြိုကွဲသွားရင်ကော သားသမီးတွေ ကံမဆိုးကြရပေဘူးလား။

အဲသည်အတွေးက နွယ့်ကို တစ်လခံတားဆေး မှန်မှန်စားဖြစ်စေ၏။ ထိုစဉ်ကတည်းကလည်း သက်တမ်းကုန်ဆုံးရက်သည် နွယ်နွယ့်အတွက် ရင်းနှီးကျွမ်းကျင်သော စာတန်းကလေး ဖြစ်ကိုဖြစ်လာရတော့သည်။

'ဘဝမြင်ကွင်း' သို့ ရောက်လာပြီးနောက်မှာ ပိုမိုရရှိလာသောလစာသည် မိသားစုအား အသက်ရှူချောင်လာစေခဲ့သည်။ ဘဝနှင့်ပတ်သက်သမျှ နွယ်နွယ်တစ်ယောက် အမှန်ပင် ပိုပြီးအမြင်ကျယ်လာခဲ့သည်။ ခြေလှမ်းတွေလည်း ကျယ်ခဲ့သည်။ အလုပ်နှင့်ပတ်သက်ပြီး မြန်မာနိုင်ငံ တစ်ဝန်းသာမက ထိုင်းနိုင်ငံ၊ စင်ကာပူနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံသို့လည်း နွယ်နွယ်ရောက်ဖူးခဲ့လေပြီ။

ပြဿနာဖြစ်ရသည့်အထဲတွင် နွယ်နွယ်တို့မှာ ရုံးမှအချိန်မှန် အကြိုအပို့ကား ရှိတာကလည်း အပါအဝင်ဖြစ်ခဲ့ရတာ အံ့ဩစရာဖြစ်သည်။

Asian Fame Media Group

ဖယ်ရီကြိုတိုင်း ပို့တိုင်း နွယ်နွယ့်မိခင်ဖြစ်စေ၊ မမစုဖြစ်စေ၊ မမစု၏ သားသမီးတစ်ယောက်ဖြစ်စေ ဝရန်တာမှ စောင့်ကြည့်ပီတိဖြာနေလေ့ရှိသည်။ ထိုအခါမျိုးတွေမှာ နွယ်နွယ်သည် ရှက်သလို အနေခက်သလို ဖြစ်သည်မှအပ မိသားစုဂုဏ်ယူနေကြသည်ကို တစ်ခါမှ မကန့်ကွက်ခဲ့ပါ။

သူတို့သည် ရန်ကုန်မြို့လယ်ရှိ နွယ်နွယ်တို့ရုံးသို့ သွားမည့်ဖယ်ရီနှင့် နွယ်နွယ်နှင့်အတူ ကားကြုံလိုက်ချင်တတ်သည်။

"မလိုက်နဲ့နော်၊ လူပိုတင်လို့မရဘူး။ ရုံးက ငါ့ကို သတိပေးလိမ့်မယ်။ ကိုယ့်ဘာသာကိုယ် ကားခပေးစီးလိုက်တာပဲ ကောင်းပါတယ်ဟယ်"

အဲသလောက် တားမြစ်လိုက်ရုံနှင့် မိသားစုသည် ဖယ်ရီကပ်စီးရန် မကြိုးစားကြတော့ပါ။ အမှန်တလည်း သူတို့သည် ဖယ်ရီစီးချင်နေတာ မဟုတ်။ ယနေ့ခေတ်ကြီးမှာ ဘတ်စ်ကား၊ တက္ကစီ၊ ကားအမျိုးမျိုး စီးဖူးနေကျမို့ ကားစီးရတာကို အားကျနေကြတာမဟုတ်၊ အဲသည် ဖယ်ရီစီးခွင့်ရှိသူသည် ငါတို့မိသားစုဖြစ်သည်ဟု ဂုဏ်ယူချင်နေကြခြင်းဖြစ်ပါလိမ့်မည်။

အဆိုးရွားဆုံးပြဿနာသည်ကား ကိုသန့်ဇင်၏ အမြင်စောင်းခြင်းဖြစ်လေသည်။

"ငါက လမ်းကြုံနေလို့ လိုက်မလို့ပါကွ၊ မင်းရဲ့ဒနိုင်ဘာလိုချင်ရင် ငါ တက္ကစီခပေးမယ်ကွာ"

"ဝန်ထမ်းကလွဲပြီး အပြင်လူမတင်ရဘူးဆိုတဲ့ စည်းကမ်းရှိလို့ပါ ကိုကိုရဲ့"

"မင်းကောင်တွေက လူကိုလူမိုက်ကြည့် ကြည့်တာ ငါမကျေနပ်ဘူး ထထိုးမိလိမ့်မယ်"

"ဖယ်ရီလာချိန်မှာ ကိုကိုရှောင်နေလိုက်ပေါ့။ ရုံးကားကတော့ လာကြိုပြန်ပို့မှာပဲ၊ ဒါ သူတို့အလုပ်လေ၊ နွယ်က ဝန်ထမ်း၊ နွယ်စီးနေသရွေ့ ဖယ်ရီအကြိုအပို့ လုပ်နေမှာ"

အဲသည်မှာ လင်မယား အခြေအတင်ဖြစ်ကြရသည်၊ ကလေးတွေရှေ့မှာ နင်ပဲငဆပြောတာ ဆိုတာမကြားဖြစ်အောင် အသွားက ခေါ်ထုတ်သွားရလေသည်။

"မမစုရဲ့၊ နွယ်နွယ့်ကို သူကမင်းနဲ့ ငါနဲ့ စကားပြောနိုင်းလာတယ်၊ နွယ်နွယ့်ကို မနာလိုဖြစ်နေတာသိလား"

နွယ်နွယ်နှင့် မမစုတို့၏ အာဘော်ကို မိခင်ကြီးက ဘဝင်မကျ။

"သမီးတို့ကလည်းကွယ်၊ လင်မယားချင်း မနာလိုဖြစ်ပါ့မလား"

"ဖြစ်တယ်အမေ၊ သူစိမ်းတစ်ယောက် အောင်မြင်အဆင်ပြေနေတာကို မနာလိုမရှုစိမ့်ဖြစ်ကောင်းဖြစ်နိုင်ပေမယ့် အဝေးကဆိုတော့ အမနာပ ပြောရုံလောက်ပဲ၊ လင်မယားချင်းကျတော့ ယောကျ်ားကသူသာပိုပြီး တော်ချင်တတ်ချင်နေတယ်၊ ဇနီးဖြစ်သူ တော်နေအောင်မြင်နေတာကို သူက ဂုဏ်မယူလို့မဟုတ်ဘူး၊ သူကိုကျော်တက်သွားရင် ဇနီးက အထင်သေးမှာ သူစိုးရိမ်တယ်၊ သူ[illegible]တွေ အထင်သေးမှာ စိုးရိမ်တယ်။ သူ့ဇနီးက အထင်သေးမှာ မခံနိုင်ဘူး"

ဖယ်ရီအကြိုအပို့မှာ ကိုသန့်ဇင်မကျေချမ်းသည့် သူ့စကားထဲမှ နောက်တစ်ချက်ပေါ်လာသည်က နွယ်နွယ်သည် အလုပ်ခွင်မှ ဝန်ထမ်းတွေနှင့် အဆက်အသွယ် များလာတာပါ။

"ဝန်ထမ်းချင်း ဆွေးနွေးတိုင်ပင်စရာတွေ ရှိတာပေါ့ မမစုရယ်။ နွယ်နွယ့်မှာ မရိုးမသားအကြံအစည်ရှိရင် ဒီအိမ်ကလူတွေရှေ့မှာ အမြင်ခံမလား"

"မောင်သန့်ဇင် မှုန်ထူနေလို့ပါကွယ်၊ နွယ်နွယ်က အေးအေးဖျောင်းဖျပြောပြပေါ့"

မိသားစုဆိုင်ရာ ပြဿနာ။

အဲဒါကတော့ ဆယ်တန်းစာမေးပွဲအတွက် ပြင်ဆင်နေကြခြင်းအတွက် အိမ်တွင် လူငယ်မိန်းကလေး ယောကျ်ားလေး တရုန်းရုန်းဖြစ်နေကြသောကြောင့် ကိုသန့်ဇင်မကျေနပ်တာ။

"ငါ အေးအေးဆေးဆေး ရုပ်မြင်သံကြားကြည့် သတင်းနားထောင်လို့ မရဘူး၊ ဒီလိုသာ သူတို့လာနေ ဆူညံနေမယ်ဆိုရင် ဒီအိမ်မှာ ငါ မနေဘူး"

ကိုသန့်ဇင်၏ ခြိမ်းခြောက်သံကြောင့် သမီးဖြစ်သူ ထိခိုက်ခံစားရလေမလားဖြင့် နွယ်နွယ့်မိခင်က စိုးရိမ်တကြီး အကဲခတ်သည်။ နွယ်နွယ်ကား မမစုနှင့်ဆင်တူလာခဲ့ပြီ။ အိမ်ထောင်ဖက်နှင့် ပတ်သက်၍ စွဲစွဲမက်မက် ခံစားနေရခြင်းမရှိလှတော့ပြီဖြစ်ကြောင်းဖြင့် ကိုယ့်ကိုယ်ကိုယ် ဆန်းစစ်မိလိုက်လေ၏။

နွယ်နွယ်သည် ထင်ထားသည်ထက်ပင် တည်ငြိမ်နေသည့်အတွက် ကိုယ့်ကိုယ်ကိုယ် အားရနေမိလေ၏။

"ကိုကို အဆင်ပြေသလို လုပ်ပါ။ နွယ်တို့ကတော့ အငယ်တွေရဲ့ ပညာရေးကို ဦးစားပေးရမှာလေ။ နွယ်နွယ်တို့အဖေက ရိုးရိုးသားသားနဲ့ပဲ ဒီထက်ပိုပြီး ဝင်ငွေကိုမရှာတတ်ခဲ့လို့ နွယ်တို့ဆင်းရဲတွင်းနက်ခဲ့ရတယ်၊ စာသင်ပေးဖို့တာဝန်ကိုတော့ အဖေကို့ ယူတတ်ခဲ့ကြလို့ နွယ်တို့တွေ ဒုလိုတွင်းထဲက တစ်ထစ်ချင်း ဆက်လာနေနိုင်တာ။ သူတို့ စတတ်ရမယ် ကိုကိုရဲ့"

အဲသလို နွယ်နွယ်တည်ငြိမ်နေတာကိုက သူ့အပေါ် အေးစက်သည်၊ စိမ်းကားသည်ဟု ကိုသန့်ဇင်က ယူမှတ်လေသလားမသိ၊ သူသည် ခြေသံပြင်းပြင်းနင်းကာ အခန်းထဲဝင်သွားတော့သည်။

မိသားစုမှာ တိတ်ဆိတ်ငြိမ်သက်သွားကြလေသည်။ မမစုက သူ့ကလေးတွေအား စောစောစီးစီး သွားအိပ်ခိုင်းထားနှင့်တော့၏။

ကျောင်းသူ၊ ကျောင်းသားတွေကို ကိုယ့်သင်ခန်းစာတွေ ဆက်လုပ်ကြဖို့ နွယ်နွယ်က မျက်ရိပ်ပြထားလိုက်သည်၊ ပျော်ရွှင်မှုတင်းမဲ့သွားကြရတာကိုတော့ မပြုပြင်တတ်ကြလေပြီ။

အခန်းထဲမှ အသံတွေ ဆူညံလှုပ်ရှားမှုတွေ ပွက်လောရိုက်ပြီးသကာလ နောက်ဆုံးမှာတော့ အိပ်ရာလိပ်တစ်လိပ်၊ အဝတ်အစားအိတ်တစ်လုံးနှင့် ကိုသန့်ဇင်ထွက်လာတော့သည်။

မိသားစုအားလုံးပင် သရုပ်ဆောင်တစ်ယောက်အပေါ် စိတ်ဝင်စားအာရုံစိုက်သလို ထိတ်လန့်ခြင်း

Asian Fame Media Group

လည်း ရောနှောလျက်နှင့် ကိုသန့်ဇင်အား မျက်တောင်မခတ်ငေးစိုက်နေကြလေသည်။

မည်သူ့အကူအညီမှ မခေါ်ဘဲ သူ့ဘာသာသူ သံပန်းတံခါးသော့ကို ဖွင့်သည်။ ပြီးတော့ သံတံခါးကို ဂျုံးဂျိုင်းမြည်အောင် ဆောင့်ကြီးအောင့်ကြီး ဆွဲဖွင့်သည်။

"သော့ပြန်မခတ်နဲ့၊ ပစ္စည်းတွေ လာယူဦးမယ်"

ခုတ်လေ့ကားမရှိသော ကြောင့် ခပ်ပြင်းပြင်းခြေနင်းသွားသံကို လှေကားရင်းဘက်တိုင် တစ်စစ ဝေးကွာသွားသည်အထိ ကြားကြလေသည်။

"သိပ်အရေးကြီးပါဘူး၊ တော်နေပြီးသွားမှာပါ၊ စာလုပ်ကြလေ"

စာလာကျက်သူတွေသာ ပြန်သွားသည်။ ကိုသန့်ဇင် ပေါ်မလာသေး။

"သူပြန်စဉ်းစားပြီး သွေးအေးသွားတော့ သူ့အထုပ်တွေပြန်ဖြည်မှာပါ၊ သမီးတို့ဝိုင်းဖြည်ပေးလိုက်မှာပေါ့"

မိခင်ကြီး စိတ်သက်သာရာရစေတော့ဟု မစုက အစ်မကြီးအမိအရာ ပြေရာပြေကြောင်းပြော သည်။

နွယ်နွယ်ကား တစ်စုံတစ်ရာ ထင်မြင်ချက်မပေးဘဲ နှုတ်ဆိတ်နေလေသည်။

ညီမတွေရော အမေရော အခန်းထဲ ဝင်သွားပြီးလေမှ သူပြန်ရောက်လာသည်။ သူ့နောက်မှာ လူငယ်တစ်ဦး လိုက်ပါလာ၏။

"အဲဒီအထုပ်တွေ ဆွဲသွားကွ ငါ့ညီ"

လူငယ်ကရှေ့မှ ထွက်ခွာစဉ် ကိုသန့်ဇင်က အခန်းထဲသို့ မိနစ်အနည်းငယ်ကြာမျှ ဝင်သွားသေး သည်။

သူထွက်လာတော့လက်ထဲမှာ သွားတိုက်ဆေးနှင့်သွားတိုက်တံ ပါလာသည်။ နွယ့်အတွက် မနက်ဖြန်မှ ထပ်ဝယ်လိုက်ပါ့မည်တွေးကာ တစ်စုံတစ်ရာ မကန့်ကွက်။

နောက်မှလိုက်သွားရင်း လည်ပြန်ကြည့်ကာ လေသံခပ်မာမာနှင့် ပြောခဲ့သည်မှာ

"တံခါးပိတ်လိုက်တော့ နွယ်၊ ငါပြန်လာမှာမဟုတ်ဘူး၊ လက်ပ်တော့ပေါ်မှာ စာတစ်စောင် ရေးခဲ့တယ်"

ကိုသန့်ဇင်က "ပြန်လာမှာ မဟုတ်ဘူး" ဟု လေသံမာကျော ကျောနှင့် ပြောသွားသည့်အတွက် သိပ်မခံစားတတ်တော့ဘူးဆိုသော နွယ်နွယ့်ရင်ထဲမှာ တစ်မျိုးတစ်မည် လေးလံသွားသည်။ မြန်မာမပီသစွာပင် အိမ်ထောင်ပျက်ရသည့်အဖြစ်မျိုးကို ရင်မဆိုင်ချင်တတ်။

ငြိမ်ကျသွားသော နွယ်နွယ့်အား "သူဒီညပြန်မလာတော့ဘူးလို့ ပြောတာလား" ဟု မစုကမေးသည်။ "ဟုတ်ချင်ဟုတ်မှာပေါ့ မမစုရယ်။ ဒါပေမဲ့ သူက အဝတ်အစားအိတ်ပါသွားတယ်၊ နောက်နေ့မှပြန်လာမှာလို့ ပြောချင်တာဖြစ်မလားဘဲ"

နောက်နေ့သည် ရုံးဖွင့်ရက်ဖြစ်သည်။ ရုံးသွားဖို့ပြင်ဆင်ရ အလုပ်ရှုပ်မှုနှင့် ကိုသန့်ဇင်ပြန်လာမလား မလာဘူးလား ဆိုတာကို သတိမရအား။

ပြီးတော့လည်း အေအိုင်တီမှာ ဂျန်ဒါတက်နေသော အစ်မကြီးတစ်ယောက်အား စာပြန်နေရသေးသည်။ စာပေးစာယူ အားဖြင့် မြန်မာစာအဓိကယူကာ အဝေးသင်ပြီး ဘွဲ့ရလာသူမို့ အင်္ဂလိပ်စာတက်မှာ အားနည်းသည်။ အတော်ကြီး အချိန်ပေးပြီးမှ စာတစ်စောင်ရေးပို့နိုင်တာပါ။ အဲသည်အစ်မကြီးက ကမ္ဘာ့ဘဏ်မှ အကြောင်းပြန်သလားဆိုတာကို ဂျီမေးလ်ဖြင့် လှမ်းမေးသဖြင့် ခုချိန်ထိတိုင် ပြန်စာမရသေးကြောင်းဆိုတာ သူသာရှိလျှင်မနာလို တိုရှည်တက်ပြီး ဘွဲ့လွန်များမှန်းရတယ်လို့ ဘာညာနှင့် နွယ်နွယ့်အား အမနာပဆွမ်းကြီးလောင်းနေဦးတော့မှာပါ။ သူရှိမနေတာက ပိုကောင်းသလိုရှိ နေပါတော့၏။

ဆေးကုတ် ဆက်စားဖို့မစားဖို့က သူနှင့်ဆက်ပေါင်းမလားဆိုသော အချက်အပေါ် မူတည်နေသည်။

'ဘဝမြင်ကွင်း' အင်ဂျီအိုမှာ နွယ်နွယ်ဆက်လုပ်နေဖို့တော့ လိုအပ်တာအမှန်ပါပဲ၊ နွယ်နွယ့်ဘဝ ရှင်သန်ဖို့ အလုပ်တစ်ခုလုပ်နေရမည်။ ဝင်ငွေနှင့် တက်လမ်းအရ နိုင်ဆုံး ဖြည့်တင်းပေးသည်။

နွယ်နွယ်နှင့်အတူ မိသားစုဂုဏ်တက်သည်၊ တကယ်ဆို ဇနီးဖြစ်သူက အင်ဂျီအို ဝန်ထမ်းတစ်ဦးဖြစ်နေတာကို ကိုသန့်ဇင်လည်း ဂုဏ်ယူပေးသင့်လှသည်။

အိမ်သားလူစုံပြီမို့ သံတံခါးကို သော့ခတ်ပြီးလေပြီ၊ မမစု၏ကလေးတွေလည်း အခန်းအောင်းလေပြီ။

အိမ်ရှေ့ခန်းတွင် ညီမတွေစာလုပ်နေနိုက်၊ သူတို့လည်းအဖော်ရ၊ နွယ်နွယ်လည်း အလုပ်လုပ်ဖြစ်အောင် ပေါင်ပေါ်မှာ လက်ပ်တော့ကိုင်ပြီး ခလုတ်တွေနှိပ်နေခဲ့သည်။


သံပန်းတံခါးမှ ညင်သာသော လှုပ်ခတ်သံ တစ်ချက်ကြားရသည်။

ကိုသန့်ဇင် ပြန်လာကြောင်းကို နွယ် ခံစားသိရှိလေသည်။ "ရတယ်၊ မမဖွင့်လိုက်မယ်" ပြောပြီး တံခါးသော့ဖွင့်ပေးလိုက်သောအခါ အသူရာရနံ့တသင်းသင်းနှင့် အဝတ်တစ်ထည်ကိုယ်တစ်ခုနှင့် ကိုသန့်ဇင်ဝင်ရောက်လာ၏။ နွယ်နွယ်က လက်ပ်တော့သိမ်း၊ ညီမတွေကလည်း စာအုပ်တွေသိမ်းပြီး သူတို့၏ အိပ်ခန်းသို့ဝင်ကြ။ "ခြင်သိပ်ကိုက်တယ်ကွ၊ ကြမ်းပိုးတွေလည်း ဗိုသတ်လို့ မကုန်အောင်ဘဲ" ဆိုတာက သူ့ဖြေရှင်းချက်၊ "ကိုကို့အဝတ်မှာ ကြမ်းပိုးပါလာရင် တစ်အိမ်လုံးပျံ့သွားမှာ စိုးရတယ်" ဆိုတာက သူ၏ သက်ဆိုင်ကြောင့်ကြမှု။ "နက်ဖြန်ကျမှ အိပ်ရာလိပ်ရော၊ အဝတ်အိတ်ပါသွားယူပြီး ကြမ်းပိုးဆေးရည် စိမ်လိုက်မယ်" ဆိုသောစကားအဆုံးတွင် သူက အိပ်ခန်းထဲဝင်သွားတော့သည်။

သည်တော့မှပင် သူ့နောက်ကျောကို ကြည့်ရင်း သည်တစ်ခေါက်အဖို့ သူအပြီးပြန်လာသေးသည်မို့ သက်တမ်းတုန်ဆုံးရက်သို့ မဆိုက်ရောက်သေးပါလားဟု နွယ်နွယ် သဘောပေါက်လိုက်ရပါလေ၏။

**မြနှောင်းညို**

Asian Fame Media Group




Asian Fame Media Group
AF MEDIA GROUP

# ဥက္ကာရိ ပုံပြင်ထဲမှာ

နှင်း

(၁)

ကျွန်တော် မူလတန်းကျောင်းသားဘဝတုန်းက ကျောင်းဆင်းချိန်ရောက်တိုင်း ကျောင်းနဲ့မလှမ်းမကမ်းက ခြံကျယ်ကြီးရှေ့မှာ ဂေါ်ဇီလာ ကြည့်ဖို့ ဘယ်တုန်းကမှ မမေ့ခဲ့ဘူး။ ကျွန်တော်တို့ကလေးတစ်သိုက် တံတိုင်းအမြင့်ကြီး ခတ်ထားတဲ့ ခြံကြီးရဲ့ဂိတ်တံခါးဝ သံပန်းတံခါးတွေကြားကနေ ဂေါ်ဇီလာနှစ်ကောင် ထွက်လာမယ့်အချိန်ကို မမောတမ်း စောင့်ကြည့်ခဲ့ဖူးတယ်။ ညနေစောင်းဆိုရင် ခြံကျယ်ကြီးထဲက နန်းတော်ကြီးလို ခမ်းနားလွန်းတဲ့ အိမ်ကြီးထဲကနေ လူတစ်ယောက် ဂေါ်ဇီလာနှစ်ကောင်ကိုဆွဲပြီး ခြံထဲမှာ လမ်းဆင်းလျှောက်တတ်တယ်။ သူတို့လမ်းလျှောက်တဲ့အချိန်က ကျွန်တော်တို့ ကျောင်းဆင်းတဲ့အချိန်နဲ့ တိုက်ဆိုင်နေတော့ ကျွန်တော်တို့ ဂေါ်ဇီလာတွေကို ခပ်လှမ်းလှမ်းက မြင်ရဖို့ အခွင့်အရေးရခဲ့တာပေါ့။ ဒီဂေါ်ဇီလာကြီးနှစ်ကောင်ကတော့ ကျွန်တော်တို့လို မူလတန်းကျောင်းသားတွေရဲ့ နှုတ်ဖျားမှာ တသသ ဖြစ်စေလောက်အောင်ကို နာမည် ကြီးလွန်းပါတယ်။

အချိန်တွေအတော်ကြာပြီး ကျွန်တော်အရွယ် ရောက်လာတော့မှ ကျွန်တော်တို့စိတ်ဝင်တစားနဲ့ စေ့စေ့စောင့်ကြည့်နေတဲ့ သတ္တဝါတစ်ကောင်ဟာ ကျွန်တော်တို့စိတ်ထဲမှာ မသိမသာ စွဲလမ်းနေခဲ့တဲ့ ဒဏ္ဍာရီထဲက ဝေါ်ဇီလာတစ်ကောင်မဟုတ်ဘဲ ရေခမ ခွေးဘီလူးကြီးတစ်ကောင်ဆိုတာ သိခဲ့ရတယ်။ ဒါပေမဲ့ အခု ကျွန်တော်ကိုယ်တိုင် ကျောင်းဆရာဖြစ်ပြီး ကျောင်းကအပြန် အဲဒီမြဲကြီး ရှေ့ကနေဖြတ်သွားတိုင်း မူလတန်းအရွယ်ကျောင်းသားလေးတွေက ဝေါ်ဇီလာ ဝေါ်ဇီလာလို့ အချင်းချင်း လက်တို့ပြီး ခွေးဘီလူးကြီးကို စောင့်ကြည့်နေကြတုန်းပဲ။

ဒါပေမဲ့ ဒီကလေးတွေကို ကျွန်တော် ဘယ်တုန်းကမှ မတားမြစ်ခဲ့ဘူး။ ဒါဟာ ဝေါ်ဇီလာမဟုတ်ဘူး လူတစ်ရပ်နီးပါး ထွားကျိုင်းလှတဲ့ ခွေးဘီလူးနွယ်ဝင် ခွေးတွေဆိုတာ သူတို့ကို ဘယ်တုန်းကမှ မပြောဖြစ်ခဲ့ဘူး။ သူတို့နားက ဖြတ်သွားတဲ့အချိန်တိုင်းကြားရလေ့ရှိတဲ့ ဝေါ်ဇီလာ ဝေါ်ဇီလာဆိုပြီး မျှော်လင့်ချက်တကြီးနဲ့ စောင့်စားနေရှာတဲ့ အပြစ်ကင်းလွန်းတဲ့ အသံလေးတွေကိုပဲ နားထောင်လို့မဝခဲ့ဘူး။ ဒီခွေးဘီလူးဟာ ဝေါ်ဇီလာမဟုတ်ဘူးဆိုတာ တစ်နေ့မှာ ကျွန်တော့်လိုပဲ သူတို့လေးတွေကိုယ်တိုင် နားလည်လာမယ်ဆိုတာ ကျွန်တော်သိနေခဲ့တယ်။

အဲလိုနားလည်လာမယ့် အချိန်ကိုပဲ ကျွန်တော်စောင့်နေခဲ့တယ်။ ကလေးတွေ သူတို့ကိုယ်ပိုင်အတွေးအခေါ်တွေနဲ့ အမှန်တရားကို လက်ခံလာနိုင်ဖို့ကို ကျွန်တော် မျှော်လင့်တယ်။ လွတ်လပ်စွာ တုံးစမ်းတဲ့ သူတို့ရဲ့ ပင်ကိုစရိုက်လေးတွေကို ကျွန်တော်ချစ်တယ်။ သူတို့ကို လွတ်လပ်စွာ တွေးခေါ်စေချင်တယ် လွတ်လပ်စွာ ရှင်သန်စေချင်တယ်၊ ဒါကြောင့်လည်း ကျောင်းဆရာဆိုတဲ့ အလုပ်ကို ကျွန်တော် မက်မက်မောမော ရွေးချယ်ခဲ့တာပါ။

(၂)

မနက်ငါးနာရီမှာ မြည်လာတဲ့ နိုးစက်ကို ပြန်ပိတ်ပြီး အိပ်ရာထဲက နေ ရှန်းထဖို့ကြိုးစားမိတယ်၊ ရုတ်တရက်ဝင်လာတဲ့ အသိတစ်ခုက ချက်ချင်းဆိုသလို ကျွန်မရဲ့တက်ကြွနေတဲ့စိတ်တွေကို ယိုင်ကျသွားစေခဲ့တယ်။ ကျွန်မ အိပ်မက်မက်နေတာလားလို့ တွေးလိုက်မိတဲ့အချိန်မှာ ကျွန်မရဲ့ပါးပြင်တစ်ဖက်မှာ နွေးခနဲဖြစ်သွားခဲ့တယ်၊ ကျွန်မ အိပ်မက်မက်နေတာ မဟုတ်တော့ပါဘူး၊ ကျွန်မ မနက်ငါးနာရီမှာ အိပ်ရာကထဖို့ မလိုတော့ဘူးလေ။ ၃၉ နှစ်လုံးလုံး မပျက်မကွက် မက်နေခဲ့တဲ့ အိပ်မက်ထဲမှာ ကျွန်မမရှိတော့ဘူး၊ ကျွန်မ ကျောင်းကို သွားစရာမလိုတော့ဘူးလေ၊

နွမ်းလျလွန်းစွာနဲ့ အိပ်ရာပေါ်ကို ပြန်လဲလျောင်းမိချိန်မှာ ၃၉ နှစ်လုံးလုံး လှုပ်ရှားအသက်ဝင်ခဲ့ဖူးတဲ့ ကျွန်မရဲ့စာသင်ခန်းလေးကို ပြန်မြင်လာခဲ့တယ်။

"မင်္ဂလာနံနက်ခင်းလေးပါ၊ ကျွန်မ မာဂရက်ပါ . . . ဒီစာသင်ခန်းမှာ ကလေးတို့ကို စာသင်ပေးရမယ့် ဆရာမ အရမ်းကိုပျော်ပါတယ်" စာသင်နှစ်စချင်း ပထမဆုံးနေ့ ပထမဆုံးအတန်းမှာ ပထမဆုံး နှုတ်ခွန်းဆက်မိခဲ့တဲ့ အချိန်တွေဟာ ကျွန်မသေသွားတော့မှ မေ့လို့မရတော့မယ့် အချိန်တွေပါပဲ။

ပြီးတော့ ကျွန်မ အတန်းကနေ အောင်မြင်သွားတဲ့ ကလေးတွေ ကျွန်မကို ဝမ်းသာအားရပြေးပြီး ပွေ့ဖက်လာမယ့် အထိအတွေ့လေးတွေ၊ ကျွန်မအတန်းထဲက ကလေးတွေရဲ့ စိတ်အားထက်သန်လွန်းတဲ့ အကြည့်လေးတွေ စူးစမ်းလွန်းတဲ့ မေးခွန်းလေးတွေ၊ ကျွန်မရဲ့လုပ်ဖော်ကိုင်ဖက် ဆရာ၊ ဆရာမတွေဆီက ကြားနေကျ ပုံပြင်လေးတွေ အတွေ့အကြုံလေးတွေ အကြံဉာဏ်ကောင်းလေးတွေ ကျွန်မ ပြန်မရနိုင်တော့ဘူးလေ။

ကျွန်မရဲ့ စာသင်ခန်းထဲမှာ ကလေးတွေကို ဉာဏ်စမ်းမေးခွန်းလေးတွေမေးရတဲ့ အချိန်လေးတွေဟာ ဆရာမတစ်ယောက်ရဲ့ အတွေ့အကြုံတွေထဲက အကောင်းဆုံးအချိန်လေးတွေလေ။ မျက်တောင်လေးတွေ ပုတ်ခတ်ပြီး နှုတ်ခမ်းလေးတပြင်ပြင်နဲ့ အဖြေမှန်ကိုရှာနေတဲ့

**ကျွန်မ အတန်းကနေ**
**အောင်မြင်သွားတဲ့**
**ကလေးတွေ ကျွန်မကို**
**ဝမ်းသာအားရပြေးပြီး**
**ပွေ့ဖက်လာမယ့်**
**အထိအတွေ့လေးတွေ၊**
**ကျွန်မအတန်းထဲက**
**ကလေးတွေရဲ့**
**စိတ်အားထက်သန်လွန်းတဲ့**
**အကြည့်လေးတွေ၊**
**စူးစမ်းလွန်းတဲ့**
**မေးခွန်းလေးတွေ . . .**



Asian Fame Media Group

အချိန်ဟာ သူတို့အတွက် ပျော်စရာ အကောင်းဆုံး အချိန်လေးတွေလို့ တညီတညွတ်တည်း ပြောတတ်ကြသေးတယ်။

"ဟုတ်ပြီ ဟုတ်ပြီ နီးစပ်လာပြီ။ ချာလီပြောတာ မှန်တော့မှန်တယ် နည်းနည်းလေး လိုနေသေးတယ်၊ ဒေးဗစ်ရေ နောက်တစ်မျိုးပြောင်းပြီး ဖြေကြည့်လေ၊ စူဆန်လေးရဲ့အဖြေက ဟုတ်တော့ဟုတ်တယ် နည်းနည်းလေး တိတိကျကျလေး ပြောကြည့်လေ"

သင်ရိုးထဲမှာမပါတဲ့ ပြင်ပဗဟုသုတလေးတွေ ဉာဏ်စမ်းပုစ္ဆာလေးတွေကို ကလေးတွေ ပိုစိတ်ဝင်စားကြတယ်။ စာသင်ခန်းရဲ့ ပြင်ပကအားကစားနဲ့ အနုပညာခန်းမတွေကို သူတို့လေးတွေ ပိုပြီး ခုံမင်ကြတယ်။ စာသင်ချိန်တွေကြာလာရင် သူတို့ ငြီးငွေ့လာကြတယ်။ စာသင်ခန်းရဲ့ အပြင်ကို အာရုံတွေ ရောက်သွားတတ်တယ်။

တစ်ခါက ကိုးတန်းကျောင်းသားတွေကို စာသင်ပေးနေတဲ့အချိန်မှာ မက်သရူးက စာသင်ခန်းပြတင်းပေါက်ကနေ အပြင်ကို ငေးနေတယ်။ သူ့ဘာကို ငေးနေတယ်ဆိုတာကိုလည်း သိနေသလို သင်ပေးနေတဲ့ သချာၤပုစ္ဆာပေါ်မှာ စိတ်မဝင်စားဘူးဆိုတာကိုလည်း အတွေ့အကြုံအရ သိနေတော့ ပိုဆိုးတယ်။

"မက်သရူးရေ မင်းတင်းနစ်ကစားတာကို စိတ်ဝင်စားလို့လား။ မနက်ဖြန်ကျရင် တင်းနစ်နည်းပြဆီသွားပြီး တီချယ်မာဂရက်က လွှတ်လိုက်တယ်လို့ပြော၊ မင်းအားတဲ့အချိန်တွေမှာ ဆရာ့ဆီမှာ တင်းနစ်သင်ဖို့ စာရင်းပေးခဲ့ချေ။ ခုတော့ ဆရာမသင်နေတဲ့ သချာၤကို သေသေချာချာ လိုက်တွက်ပါဦး"

ကျွန်မရဲ့ စကားတွေကြောင့် ရုတ်တရက် ဖျတ်ခနဲ လင်းလက်သွားတဲ့ မက်သရူးရဲ့မျက်ဝန်းလေးကို ကျွန်မ အမြဲတမ်းအမှတ်ရနေခဲ့တယ်။ အခုဆိုရင် မက်သရူးလေးက ကျွန်မတို့မြို့လေးရဲ့ ကျက်သရေဆောင် တင်းနစ်အကျော်အမော် တစ်ယောက် ဖြစ်နေခဲ့ပြီ။ သူ့ရဲ့ အောင်မြင်မှုတွေ နားမဆံ့အောင် ကြားရသလို တစ်ချိန်တည်းမှာပဲ ကျွန်မရဲ့ကျောင်းမှာ တင်းနစ်အချိန်ပိုင်းနည်းပြအဖြစ် တာဝန်ယူလို့ ကျွန်မတို့ကို ကျေးဇူးဆပ်ခဲ့သေးတယ်။

ကျွန်မကိုတွေ့တိုင်း သူတဖွဖွ ကျေးဇူးစကားဆိုခဲ့တယ်။ သူ့မိသားစု သူ့မိတ်ဆွေတွေနဲ့ မိတ်ဆက်ပေးတိုင်း တီချယ်မာဂရက်ရဲ့ကျေးဇူးကြောင့် သူအခုလို အောင်မြင်နေတာလို့ ဂုဏ်ယူလို့ မဆုံးခဲ့ဘူး။

သင့်ရာ အပ်ဖို့ဆိုတဲ့ ဆရာတွေရဲ့ တာဝန်ကို ကျွန်မ ကျေခဲ့ပါတယ်။ ကလေးတွေရဲ့ အိပ်မက်တွေဟာ ကျွန်မတို့ရဲ့ လက်ထဲမှာဆိုတာ ကျွန်မ ဘယ်တုန်းကမှ မေ့မထားခဲ့ဘူး။ စာသင်ခန်းထဲမှာ အောင်မြင်နေမှ အောင်မြင်တဲ့ ဘဝကိုရတာ မဟုတ်ဘူးဆိုတာ ကျွန်မရဲ့အတွေ့အကြုံတွေက ကျွန်မကို သင်ပေးခဲ့တယ်လေ။

ကျွန်မတို့လက်ထဲက ထွန်းပေါက်သွားကြတဲ့ အိပ်မက်လှလှလေးတွေကို မြင်တိုင်း ဆရာမတစ်ယောက် ဖြစ်ခဲ့တဲ့အပေါ် ဝမ်းသာဂုဏ်ယူလို့ မဆုံးနိုင်ခဲ့ဘူး။

ဘယ်သူကတော့ ဘယ်မှာ ဘယ်လိုအောင်မြင်နေတယ် ဘယ်သူကတော့ ဘယ်လိုရာထူးတွေ ရနေပြီ ဘယ်သူကတော့ စီးပွားရေးလုပ်ငန်းရှင်ကြီးဖြစ်နေပြီ ဆိုတဲ့ သတင်းတွေ နားမဆံ့အောင်ကြားရတိုင်း မျက်ရည်ဝဲမတတ် ဝမ်းသာရတယ်။

အခုတော့ ၃၉ နှစ်လုံးလုံး ကျွန်မခြေရာတွေနဲ့ ပြည့်နေခဲ့တဲ့ ကျောင်းလေးကို ကျွန်မ ကျောခိုင်းခဲ့ရပြီပြီ။

ကျွန်မရဲ့ဘဝတစ်ခုလုံး ရင်းနှီးမြုပ်နှံခဲ့ရတဲ့ နေရာတစ်ခုကို ကျွန်မ ခြေလှမ်းတွေနဲ့ မရောက်နိုင်တော့ပေမယ့် ကျွန်မစိတ်အစဉ်က စာသင်ခန်းတွေဆီမှာ၊ ဆရာမတွေစုစည်းတဲ့ ရုံးခန်းတွေဆီမှာ၊ ကျွန်မကိုယ်တိုင်ကတော့ နေရောင်တွေ ဖြာကျနေတဲ့ အခန်းလေးထဲက အိပ်ရာတစ်ခုပေါ်မှာ၊ ဝိတိအပြုံးတွေ. . . လွမ်းဆွတ်ခြင်းတွေနဲ့ပေါ့။

(၃)

မနက်စောစော အလုပ်သွားဖို့ ကားပေါ်တက်ပြီး စက်နှိုးလိုက်တဲ့ အချိန်မှာ ကျွန်တော့်ကားဘေးက ဖြတ်လျှောက်သွားခဲ့တဲ့ အရိပ်တစ်ခုကို အမှတ်အထင်တွေ့လိုက်ရတယ်။ ကားသော့ကို ကိုင်ထားတဲ့ကျွန်တော့်လက်တွေ ထုံကျဉ်အေးစက်သွားသလို ကျွန်တော့်ဦးနှောက်တွေလည်း အေးခဲသွားခဲ့တယ်။

ပန္နည်းပန္နယ်တွေ အပြည့်ထည့်ထားတဲ့ ခြင်းတောင်းကြီးကို ထမ်းပြီး အိမ်ရှေ့ကနေ တလှုပ်လှုပ်နဲ့ဖြတ်လျှောက်သွားတဲ့ အရိပ်တစ်ခုက ကျွန်တော့်ကို တစ်ချိန်လုံး ခြောက်လှန့်နေခဲ့တာ နှစ်ပေါင်းသုံးဆယ်ကျော်ခဲ့ပြီ။ မနက်စောစောမှာ စောင့်ကြည့်စရာမလိုဘဲ တွေ့ရတတ်တဲ့ အရိပ်တစ်ခုကို သွေးအေးအေးနဲ့ မမြင်ချင်ယောင်ဆောင်ဖို့ မသိမသာ ဖြတ်ကျော်သွားဖို့ ကျွန်တော့်နှလုံးသားက အခုချိန်ထိ လက်မခံနိုင်သေးဘူး။

တလှုပ်လှုပ်နဲ့ ကျော်ဖြတ်သွားမယ့် အရိပ်တစ်ခုက ကျွန်တော် ကားမောင်းသွားမယ့် လမ်းပေါ်မှာ နောက်ဆယ်မိနစ်လောက်အထိ ရှိနေဦးမှာမို့ ဒီအရိပ်တစ်ခု ပျောက်သွားတဲ့အထိ ကျွန်တော်စောင့်ရဦးမယ်။

ဘယ်သူတွေဘာပဲ ပြောပြော သူဟာ ကျွန်တော့်ဆရာတစ်ယောက်လေ၊ မနက်စောစောမှာ မိသားစု

တပည့်ဆိုတာ
ဆရာထက် တော်နေရမယ်
ဆရာထက် ခြေတစ်လှမ်း
သာနေရမယ်ကွလို့
စာသင်ခန်းထဲမှာ
အားတက်သရော
အားပေးတတ်တဲ့ ဆရာက
ကိုယ်ပိုင်ကားစီးပြီး
သူ့ဘေးက
ဖြတ်ကျော်သွားတတ်တဲ့
တပည့်တွေကို
အပြင်မှာတွေ့တိုင်း
မျက်မှန်ထူကြီးအောက်က
မျက်လုံးတွေက
အရောင်မပြောင်းဘဲ
တစ်သမတ်တည်း
ရှိနေတတ်သေးတယ်....



Asian Fame Media Group



စားဝတ်နေရေးအတွက် ကျွန်တော်တို့အိမ်နဲ့ မလှမ်းမကမ်းက ဈေးတစ်ခုမှာ အိမ်ရှင်မကိုကူညီပြီး ဈေးရောင်းပေးတတ်တဲ့ ဆရာ။ နေ့လယ်ခင်းမှာတော့ ဆေးလိပ်မီးပေါက်တွေ ဖွာရာကြနေတဲ့ တက်ထရွန်အကျီအဖြူနဲ့ ပုဆိုးစိမ်းကို ခြေသလုံးပေါ်အောင်ဝတ်လို့ စာသင်ခန်းတွေထဲမှာ မြန်မာ့သမိုင်းကို ပုံပြောသလို ပြောပြတတ်တဲ့ဆရာ။

တစ်ခါတလေ ချောင်းတဟွတ်ဟွတ်ဆိုးနေပေမယ့် ဆေးပေါ့လိပ်ကို လက်ဖျားက မချတမ်းဖွာနေတတ်တဲ့ဆရာက မျက်မှန်ထူကြီးတပ်လို့ ဘဝကို ရိုးရိုးစင်းစင်း မြင်တတ်လွန်းတယ်။

နှစ်ပေါင်းနှစ်ဆယ် သုံးဆယ်အတွင်း သူ့တပည့်တွေ ဘယ်တွေရောက်လို့ ဘာတွေဖြစ်နေတယ်ဆိုတာ သူစိတ်မဝင်စားဘူး။ ဘယ်ဌာနက ဘယ်ရာထူးမှာ ဘယ်သူရှိနေလို့ သူဘယ်တုန်းကမှ မငဲ့ရှဘူး။ သူ့မျက်စိရှေ့ကို သွားပြီး ဆရာနေကောင်းရဲ့လားလို့ သွားနှုတ်ဆက်ရင်တောင် "ဟေ့ကောင်းပါတယ်ကွ" လို့ ခပ်တိုတို ခပ်ရှင်းရှင်းပြန်ဖြေကတတ်တဲ့ဆရာ။

တပည့်ဆိုတာ ဆရာ့ထက်တော်နေရမယ် ဆရာ့ထက်ခြေတစ်လှမ်းသာနေရမယ်ကွလို့ စာသင်ခန်းထဲမှာ အားတက်သရော အားပေးတတ်တဲ့ဆရာက ကိုယ်ပိုင်ကားစီးပြီး သူ့အေးက ဖြတ်ကျော်သွားတတ်တဲ့ တပည့်တွေကို အပြင်မှာတွေ့တိုင်း မျက်မှန်ထူကြီးအောက်ကမျက်လုံးတွေက အရောင်မပြောင်းဘဲ တစ်သမတ်တည်း ရှိနေတတ်သေးတယ်။

တကယ်ဆို ဆရာ့ရဲ့ ကျောင်းဆရာ သက်တမ်းတစ်လျှောက်လုံး ဆရာ့ရဲ့အရိပ်မှာ ခိုဝင်ခဲ့ဖူးတဲ့ တပည့်တွေ ထောင်နဲ့ချီပြီး ရှိနေခဲ့ပြီပဲ။ ထောင်နဲ့ချီတဲ့ တပည့်တပန်းတွေကြားမှာက ကျွန်တော်က ကံဆိုးလွန်းစွာ ဆရာ့အရိပ်တွေကို ရင်နာနာနဲ့ ငေးမောကြည့်နေပြီး သက်မမောတွေ နာနာချနေခဲ့ရတဲ့သူ။

အလုပ်ထဲမှာ နိုင်ငံတကာ သတင်းတွေဖလှယ်ရင်း လက်ရှိတာဝန်ထမ်းဆောင်နေတဲ့ အမေရိကန်သမ္မတကြီးက သမ္မတရာထူးက အနားယူပြီးရင် ကျောင်းဆရာ ပြန်လုပ်မယ်လို့ သူငယ်ချင်းတစ်ယောက်က ပြောတော့ မဆီမဆိုင် ကျွန်တော့်ဆရာကိုပဲ ပြေးမြင်မိတယ်။

အမေရိကန်သမ္မတဖြစ်လာတဲ့ ကျောင်းဆရာဟာ ကျောင်းမှာ စာအသင်အပြကောင်းလွန်းလို့ ကျောင်းသားတွေရဲ့ အသည်းစွဲဆရာ တစ်ယောက် ဖြစ်ခဲ့တယ်လို့ ဆိုကြတယ်။ စာသင်ချိန်တစ်ချိန်မှာ ဆယ့်ငါးမိနစ်ထက်နောက်ကျပြီးမှ ရောက်လာတတ်တဲ့ ဆရာတွေကို ကျောင်းသားတွေက စောင့်လေ့စောင့်ထ မရှိပေမယ့် သမ္မတဖြစ်လာတဲ့ ဆရာရဲ့လက်ချာကို ယူဖို့အတွက်တော့ လေးဆယ့်ငါးမိနစ်လောက်အထိ စောင့်ခဲ့ဖူးတယ်လို့ ဆိုကြတယ်။ တစ္ဆာကျော် ကျောင်းဆရာ တစ်ယောက်ရယ်လို့ သမ္မတကြီးကို ရာဇဝင်နဲ့ချီပြီး ချီးကျူးသံတွေကြားရချိန်မှာ ကျွန်တော်က ကျွန်တော့်သမိုင်းဆရာလေးကို အသိတိတ်ပြီး ချီးမွမ်းစကား အခါခါဆိုမိတယ်။

ကျွန်တော့်ဆရာလောက် စာအသင်အပြကောင်းတဲ့သူ ဘယ်မှာ ရှိဦးမလဲလို့ တစ်ယောက်တည်း ဆရာ့ကို အမှတ်တွေပေးမိတယ်။ ကျွန်တော်ကတော့ သမိုင်းသင်ခန်းစာတွေကို စာအုပ်မကိုင်ဘဲ ဇာတ်ရှာရှိ ပုံပြင်တွေလို ပြောတတ်လွန်းတဲ့ ဆရာ့ကို အခုချိန်ထိ လေးစားအားကျလို့ ကောင်းတုန်း။ ကံရာဇာကြီး ကံရာဇာငယ်၊ ဗျတ်ဝိ၊ ဗျတ္တ၊ ရွှေအိမ်စည်နဲ့ ဗဋိကွရားမင်းသား၊ ကျန်စစ်သား၊ ငထွေရုး. . . ပြီးတော့ ဆရာ့ပုံပြင်ထဲက စကူ၊ စလင်း၊ စကိုင်းမြို့တွေ ပါးစပ်ရာဇဝင်တွေ နန်းတွင်းအရှုပ်တော်ပုံတွေကို မျက်စိထဲမှာ ကွက်ကွက်ကွင်းကွင်းမြင်နေတုန်း။

အင်္ဂလန်နိုင်ငံက ကျောင်းဆရာတွေဟာ ကမ္ဘာပေါ်မှာ ဝင်ငွေအကောင်းဆုံးဆရာတွေလို့ သူငယ်ချင်းတွေကပြောတော့လည်း မနက်စောစောမှာ ဈေးခြင်းတောင်းကြီးထမ်းလို့ အိမ်ရှေ့ကဖြတ်သွားတဲ့ ဆရာ့ရဲ့ဝင်ငွေကို ကယ်ကူလေတာမလိုပဲ တွက်မိပြန်တယ်။

အင်္ဂလန်က ကျောင်းဆရာတစ်ယောက်က တစ်နာရီကို ပေါင်လေးဆယ်ရလို့ ဝင်ငွေကောင်းတယ်လို့ ပြောနေကြချိန်မှာ လူဇန်ဘတ်က ဆရာတစ်ယောက်က တစ်နာရီကို ၇၂ ပေါင်ရပြီး ဒိန်းမတ်က ကျောင်းဆရာတစ်ယောက်က တစ်နာရီကို လေးဆယ့်ရှစ်ပေါင်အထိ ရတယ်လို့ပြောကြတော့ ကျွန်တော် အသက်ရှူဖို့ မေ့လျော့သွားမိတယ်။

ဒီလောက် ဝင်ငွေကောင်းတာတောင် ဒီဆရာတွေက စာသင်ခန်းထဲမှာ အချိန်အများကြီး မပေးကြဘူးလို့ ဝေဖန်သံတွေ ထွက်လာတော့ တစ်နေ့ကို ငါးနာရီလုံးလုံး ကျောင်းမှာ တစ်ခန်းဝင်တစ်ခန်းထွက် အပြေးအလွှားစာသင်နေတဲ့ ဆရာ့ကို ကရုဏာဖြစ်မိပြန်တယ်။

ကျောင်းဆရာဘဝကနေ သမ္မတဖြစ်သွားကြတဲ့ အမေရိကန်သမ္မတကြီးတချို့ရဲ့ ရာဇဝင်ကို ဖတ်မိလေတိုင်း ကျွန်တော်တို့ ကြားဖူးနေတဲ့ စေတနာ၊ ဝါသနာ၊ အနစ်နာဆိုတဲ့ နာသုံးနာကို သိသိယဝင်မိတယ်။

"တပည့်မရှား တစ်ပြားမရှိ ပီတိကိုစား အားရှိပါ၏" လို့ဆိုပေမယ့်လည်း မနက်စောစောစီးစီး ဝန်စည်စလယ်တွေ သယ်ပိုးပြီး အိမ်ရှင်မရဲ့ တစ်နိုင်တစ်ပိုင် စီးပွားရေးကို ကူနေရှာတဲ့ ဆရာ့ကို နားလည်နိုင်ဖို့ ကျွန်တော် အကြိမ်ကြိမ် ကြိုးစားမိပြန်တယ်။

နိုင်ငံတကာမှာ ကျောင်းဆရာမဟုတ်တဲ့ ဘာသာစကားသင်တဲ့ ဆရာတွေတောင် ကော်ဖီဆိုင်လေးမှာ တစ်နာရီလောက် အချိန်ပေးရုံနဲ့ ဒေါ်လာငါးဆယ်လောက် အသာလေးရနေတဲ့ အချိန်လေ။ တိုက်တိုက်ဆိုင်ဆိုင်ပဲ တစ်နေ့က ပုစွန်တုပ်ဝယ်လာတဲ့ အိမ်ရှင်မရဲ့အဆိုအရ မြန်မာပြည်ကုန်ဈေးနှုန်းက နိုင်ငံတကာကို မီနေတဲ့အချိန်မှာ ကျွန်တော့်ရဲ့ဆရာကတော့ ဇာတ်ရှာရှိ ပုံပြင်တွေထဲက ရုန်းမထွက်နိုင်သေးဘူး။

**နှင်း**

International

Teachers' Day

05 Oct 2013

Asian Fame Media Group

# ဂြိုဟ်သိမ်၊ ဂြိုဟ်ပဲ့နှင့် ကြယ်တံခွန် အန္တရာယ်

ကျော်ဦး

လွန်ခဲ့သောနှစ်သန်းပေါင်း ၄၆၀၀ ခန့်အချိန် ကမ္ဘာအပါအဝင် နေအဖွဲ့အစည်း စတင် ဖြစ်တည်ခဲ့စဉ်ကတည်းက ကမ္ဘာပေါ်သို့ ဂြိုဟ်သိမ်ငယ်များဂြိုဟ်ပဲ့များနှင့် ကြယ်တံခွန်များ စဉ်ဆက်မပြတ်ကျရောက်ခဲ့ကြသည်။

'ဂြိုဟ်သိမ်များ' ဆိုသည်မှာ အင်္ဂါဂြိုဟ်၏ နေပတ်လမ်းနှင့် ကြာသပတေးဂြိုဟ်တို့၏ နေပတ်လမ်းနှစ်ခုအကြား နေကို စုဝေးလှည့်ပတ်နေကြသည့် အစိုင်အခဲများ ဖြစ်သည်။ ယင်းအစိုင်အခဲများသည် နေကို လှည့်ပတ်နေကြပုံခြင်း အခြားသော ဂြိုဟ်များနှင့် တူသော်လည်း အရွယ်အစားအား ဖြင့် အကြီးဆုံးအချင်းမိုင် ၆၀၀ မှ အသေးဆုံး ကျောက်တုံးအရွယ်ခန့်သာရှိကြ၍ ဂြိုဟ်ဟု မခေါ်နိုင်သဖြင့် ဂြိုဟ်သိမ်များဟု ခေါ်သည်။ အချို့ဂြိုဟ်သိမ်များသည် အနီးရှိဂြိုဟ်တို့၏ ဆွဲအားကြောင့် မူလဒေသကို စွန့်ခွာကာ စနေဂြိုဟ်စသည့် နေနှင့်ပိုဝေးရာ အရပ်များသို့ လည်းကောင်း၊ ကမ္ဘာစသည့်နေနှင့် ပိုနီးရာ အရပ်များသို့ လည်းကောင်း ရောက်ရှိတတ်သည်။

ဂြိုဟ်ပဲ့များသည် မူလဂြိုဟ်နှင့် ဂြိုဟ်ရံလများ အကြောင်းအမျိုးမျိုးကြောင့် ပေါက်ကွဲပျက်စီး ရာမှ ပဲ့ထွက်လာသော အစိတ်အပိုင်း အစအနများ ဖြစ်သည်။

ကြယ်တံခွန်များတွင် နေနှင့် အလွန်ဝေး၍ အေးစက်သော

**၁၉၉၄ ခုနှစ်က နေအဖွဲ့အစည်းဝင် ဂြိုဟ်တစ်လုံးဖြစ်သည့် ကြာသပတေးဂြိုဟ်ကို ရှူးမိတ် ကာလီဗိုင်း ၉ ဟု အမည်ပေးထားသော ကြယ်တံခွန်တစ်စုက ဝင်တိုက် မိခဲ့သည်၊ တိုက်မိသော အဟုန်ကြောင့် ကြယ်တံခွန်သည် ၂၁ စိတ်ကွဲသွားသည်..**



MEDIA GROUP
Asian Fame Media Group

အရပ်ရှိ ဖုန်မှုန်များ၊ ရေခဲမှုန်များ၊ ကာဗွန်ဓာတ်ပေါင်းများ ပါဝင်ဖွဲ့စည်းထားပြီး ယင်းတို့ထဲမှ ရာဂဏန်းမျှရှိသော ကြယ်တံခွန်များသည် နေအဖွဲ့အစည်းအတွင်းပိုင်း အထိရောက်ကာ အချို့မှာ ကမ္ဘာနှင့် နီးကပ်စွာ ရောက်ရှိတတ်ကြသည်။

ကမ္ဘာအနီးရောက် ဂြိုဟ်သိမ်များ၊ ဂြိုဟ်ပုံများ၊ ကြယ်တံခွန်များသည် ကမ္ဘာနှင့်လမ်းကြောင်းချင်း ထိပ်တိုက်ဆုံမိကာ ဝင်တိုက်မိခြင်းမျိုး ကမ္ဘာ၏သက်တမ်း တစ်လျှောက်တွင် မကြာခဏ ဖြစ်ပေါ်ခဲ့ဖူးသည်။ အရွယ်အစား သေးငယ်သော အရာများသည် ကမ္ဘာ့လေထုထဲ အဝင်တွင် လေထု၏ ပွတ်တိုက်အားကြောင့် မီးလောင်ပျက်စီးကြသော်လည်း အတော်အတန်ကြီးမားလျှင်မူ တချို့တစ်ဝက်သာ မီးလောင်ပြီး ကျန်ရှိသောအပိုင်းသည် ကမ္ဘာ့မျက်နှာပြင်ပေါ်သို့တိုင်ကျရောက်လာကာ ဧရာမတွင်းကြီးများကို ဖြစ်ပေါ်စေသည်။

ထိုသို့ ရောက်လာရင်း လွန်ခဲ့သော နှစ် ၆၅ သန်းက ကမ္ဘာနှင့် ကြယ်တံခွန်တစ်ခုတို့ ထိပ်တိုက်တိုးမိကြရာ ကြယ်တံခွန်တွင်ပါသော အစိုင်အခဲများ ကမ္ဘာမြေပြင်ပေါ် ကျရောက်မှုကြောင့် ဒိုင်နိုဆောများ အပါအဝင် ကမ္ဘာ့သက်ရှိသတ္တဝါများ ၄ ပုံ ၃ ပုံခန့် မျိုးသုဉ်းပျောက်ကွယ်သွားခဲ့ဖူးသည်။

၁၉၉၄ ခုနှစ်က နေအဖွဲ့အစည်းဝင်ဂြိုဟ်တစ်လုံးဖြစ်သည့် ကြာသပတေးဂြိုဟ်ကို ရှူးမိတ်ကာလီဗိုင်း ၉ ဟု အမည်ပေးထားသော ကြယ်တံခွန်တစ်ခုက ဝင်တိုက်မိခဲ့သည်။ တိုက်မိသော အဟုန်ကြောင့် ကြယ်တံခွန်သည် ၂၀ စိတ်ကွဲသွားသည်။ အချို့အစိတ်အပိုင်းများသည် အချင်းနှစ်ကီလိုမီတာခန့်မျှရှိကာ ကြာသပတေးဂြိုဟ်၏ လေထုတွင်း ဝင်ရောက်ပွတ်တိုက်မှုကြောင့် လေထုတွင်း အကွက်ကြီးတစ်ခု ဖြစ်ပေါ်သည်ကို ယနေ့တိုင်မြင်တွေ့နေရသည်။ အကယ်၍သာ ယင်းကြယ်တံခွန်သည် ကမ္ဘာ့လေထုတွင်း ဝင်ရောက်ခဲ့ပါက ကမ္ဘာတွင် ဧရာမအပျက်အစီးများ ပေါ်ပေါက်ခဲ့မည်မှာ အသေအချာပင်ဖြစ်သည်။

ကမ္ဘာသည် အနာဂတ်တွင် ယင်းဖြစ်ရပ်မျိုးနှင့် မရင်ဆိုင်ရဟု မပြောနိုင်ချေ။ ဖြစ်နိုင်ခြေရှိသော အန္တရာယ်တစ်ခုအဖြစ် ရပ်တည်နေသည်။ သို့သော် မည်သည့်အချိန်တွင် ပေါ်ပေါက်ကာ မည်မျှပျက်စီးမည်ကိုမူ အတိအကျ ခန့်မှန်း၍ မရနိုင်သေးချေ။ ထိုသို့ ဖြစ်လာနိုင်သည့် အလားအလာများကြောင့် ယင်းတို့ကို သိပ္ပံပညာရှင်တို့ အထူး



**ကမ္ဘာသည် အနာဂတ်တွင် ယင်းဖြစ်ရပ်မျိုးနှင့် မရင်ဆိုင်ရဟု မပြောနိုင်ချေ။ ဖြစ်နိုင်ခြေရှိသော အန္တရာယ်တစ်ခုအဖြစ် ရပ်တည်နေသည်။ သို့သော် မည်သည့် အချိန်တွင် ပေါ်ပေါက်ကာ မည်မျှပျက်စီးမည်ကိုမူ အတိအကျ ခန့်မှန်း၍မရ နိုင်သေးချေ....**

သတိဖြင့် စောင့်ကြည့်လေ့လာနေကြသည်။

အမေရိကန် ကွန်ဂရက် လွှတ်တော်သည် အမေရိကန် အာကာသအဖွဲ့အစည်း(နာဆာ)အား ဂြိုဟ်ပုံနှင့် ကြယ်တံခွန်များ၏ ကမ္ဘာနှင့် ထိပ်တိုက်တိုးမိနိုင်သည့် အန္တရာယ်ကို လေ့လာရန် ညွှန်ကြားခဲ့သည်။ ယင်းညွှန်ကြားချက်အရ အချင်း တစ်ကီလိုမီတာနှင့် အထက်ရှိသော ဂြိုဟ်ပုံနှင့် ကြယ်တံခွန်များထဲမှာ ကမ္ဘာသွားရာလမ်းနှင့် ဆုံမိနိုင်သည့် အရာများကို မှတ်တမ်းတင်သည့် လုပ်ငန်းကို စတင်ခဲ့သည်။ တစ်ဖန် ၂၀၀၅ ခုနှစ်တွင် ကွန်ဂရက်လွှတ်တော်သည် နာဆာအဖွဲ့အား ကမ္ဘာအနီးရောက်အရာများအနက် မီတာ ၁၄၀ ထက်ပိုကြီးသော အရာအားလုံး၏ ၉၀ ရာခိုင်နှုန်း၏ သွားရာလမ်းကြောင်းကို ၂၀၂၀ ခုနှစ် မတိုင်မီ မှတ်တမ်းပြုလေ့လာရန် ညွှန်ကြားခဲ့သည်။

ကမ္ဘာအနီးသို့ ရောက်ရှိလာကြသော ဂြိုဟ်သိမ်၊ ဂြိုဟ်ပုံနှင့် ကြယ်တံခွန်များကို "ကမ္ဘာ့အနီးရောက်အရာများ" (Near Earth Objects) သို့မဟုတ် အတိုကောက် နီယို (Neos) ဟုခေါ်ကြသည်။ အထက်ပါ စီမံချက်များ၏ ရလဒ်အဖြစ် နီယိုထောင်ပေါင်းများ စွာကို တိုင်းတာသိရှိနိုင်ခဲ့သည်။ အထူးသဖြင့် ကမ္ဘာနှင့် ဝင်တိုက်မိလျှင် အပျက်အစီး ကြီးမားစေနိုင်သော ၁ ကီလိုမီတာနှင့်အထက် အရာဝတ္ထုအများစုပါဝင်သည်။

ယင်းအရာဝတ္ထုများ၏ သွားရာလမ်းကြောင်းကို စဉ်ဆက်မပြတ် မှတ်တမ်းတင်လေ့လာလျက်ရှိရာ ဆယ်စုနှစ် အနည်းငယ်အတွင်း ကမ္ဘာနှင့် ဝင်တိုက်နိုင်ခြေ မြင့်မားသော အရာမရှိသေးချေ။ သို့သော် ဂြိုဟ်သိမ်များနှင့် ကြယ်တံခွန်များ၏ လမ်းကြောင်းသည် အစဉ်ပြောင်းလဲလျက်ရှိရာ ကမ္ဘာနှင့်ဝင်တိုက်နိုင်ခြေ မြင့်မားခဲ့ရာမှ တိုက်နိုင်ခြေမရှိတော့သော အရာများလည်း ရှိသကဲ့သို့ တိုက်နိုင်ခြေ နည်းနေရာမှ ကမ္ဘာဆီသို့ ဦးတည်လာနိုင်သော အရာများလည်း ရှိနေသည်။

တစ်ချိန်တွင် ယင်းတို့ကို တွေ့လာခဲ့လျှင် မည်သို့လုပ်ဆောင်ကြ မည်နည်း။ ပညာရှင်တို့က နည်းလမ်းမျိုးစုံကို စဉ်းစားတင်ပြကြရာ အဖြစ်နိုင်ဆုံးနည်းမှာ ကမ္ဘာကို ဝင်တိုက်နိုင်မည့် အလားအလာ ရှိနေသေးလျှင် အာကာသ ယာဉ်တစ်စီးဖြင့် ဂြိုဟ်သိမ်ကို ဝင်တိုက်ဖြိုခွဲရန် ကြံစည်ထားသည်။

ပညာရှင်အချို့ကမူ ဂြိုဟ်သိမ်ကို ယင်းသို့ ဝင်တိုက်၍ ဖြိုခွဲရန် သဘောမတူကြချေ။ ဝင်တိုက်ခြင်းဖြင့် ဂြိုဟ်သိမ်သည် အစိုင်အခဲငယ်များ အဖြစ်သို့ ကွဲထွက်သွားမည်၊ ဖြစ်ပေါ်လာသော အစိုင်အခဲငယ်များသည်ပင် ကမ္ဘာနှင့် ထိပ်တိုက်တိုးနိုင်သေးသည်။ မူလ ဂြိုဟ်သိမ်ကဲ့သို့ အန္တရာယ် မကြီးတော့သော်လည်း အနည်းနှင့်အများ အန္တရာယ် ပေးနိုင်သေး၍ ယင်းအစီအစဉ်ကို ကန့်ကွက်ကြခြင်းဖြစ်သည်။

ထို့ကြောင့် ဂြိုဟ်သိမ်ကို ဝင်တိုက်ခြင်းထက် ပိုမိုစိတ်ချရသော နည်းဖြစ်သည့် ဂြိုဟ်သိမ်ကို မူလလမ်းကြောင်းမှ ဆွဲယူဖမ်းရှားသည့် နည်းကိုသုံးရန် အကြံပြုသည်။ ယင်းအကြံပြုချက်အရ တန် ၂၀ လေးသော လူမဲ့အာကာသယာဉ် တစ်စီးကို ဂြိုဟ်သိမ်ရှိရာသို့ ချဉ်းကပ်စေမည်။ ဖြပ်ထုရှိသော အရာအချင်းချင်း တစ်ခုနှင့်တစ်ခု ဆွဲငင်သော သဘောရှိရာ ချဉ်းကပ်လာသော အာကာသယာဉ်နှင့် ဂြိုဟ်သိမ်တို့ကြားတွင် မမြင်ရသည့် ဆွဲငင်အားများဖြစ်ပေါ်မည်။ ယင်း ဆွဲငင်အားဖြင့် အာကာသယာဉ်သည် ဂြိုဟ်သိမ်ကို ဖြည်းဖြည်းချင်း "ဆွဲယူ"ကာ ကမ္ဘာနှင့် ကင်းလွတ်သော လမ်းကြောင်းသို့ ပို့ပေးမည်။ ဤနည်းဖြင့် ဂြိုဟ်သိမ်ကို ၁ နှစ်လျှင် မီတာ ၆၀၀ မျှ အဝေးအထိ ဆွဲသွားနိုင်မည်ဟု ဆိုသည်။

ကျော်ဦး

**"မိန်းကလေးချင်းတောင် မပြောတာ သူ့ကို ဘာလို့** ပြောရလဲဆိုတော့ မိန်းကလေးချင်းမှာ အားလုံးလိုလိုက ရွှန်းလဲ့ကို အထင်ကြီးနေကြတာလေ၊ အစ်ကိုကလည်း အိမ်ကို ဝင်ထွက်နေတာ မဟုတ်လား၊ ဒါကို အမှန်တရားကဘာဆိုတာ ဖွင့် ပြောရဲတဲ့ သတ္တိ ရွှန်းလဲ့မှာမရှိဘူး၊ ညိုအောင်ကတော့ ရွှန်းလဲ့ကို တကယ်ချစ်တာမို့ သူ ဘယ်သူ့မှ ပြောမှာမဟုတ်ဘူး ဆိုတာ သိတယ်၊ ပြီးတော့ သူ့ကို ဘာကြောင့် မချစ်နိုင်တာလဲ ဆိုတာကို တစ်ခါတည်း သူသိသွားစေချင်တာ၊ ညိုအောင် ဘယ်လို ခံစားရမလဲ ဆိုတာတော့ ရွှန်းလဲ့မစဉ်းစားခဲ့ မိတာအမှန်ပါ၊ ဒါပေမဲ့ ညိုအောင်က ရွှန်းလဲ့ကို ဘာအခွင့်အရေးမှ မယူဘဲ ရွှန်းလဲ့ ရင်ဖွင့်သမျှကို လက်ခံပေးတယ်၊ ပြီးတော့ ရွှန်းလဲ့ မျှော်လင့်သလို ဖြစ်လာနိုင်ပါသေးတယ်လို့တောင် အားပေးခဲ့ပါတယ်၊ အမှန်တော့လည်း ရွှန်းလဲ့မျှော်လင့်တဲ့ အိပ်မက်ဟာ တစ်နေ့မှာ တကယ်ဖြစ်လာခဲ့ပါတယ် အစ်ကို"

# မောင်သစ်ဆင်း (ကသာ)

## နှံနှစ်နှလုံးသား ပတ္တမြားဖြစ်စေ

အခန်းဆက်ဝတ္ထုရှည်



Asian Fame Media Group
MEDIA GROUP

ရွှန်းလဲ့ပြောတာကို ကျွန်တော် နားမလည်။ အူကြောင်ကြောင် ဖြင့်သာ နားထောင်နေမိသည်။ ရွှန်းလဲ့ရဲ့ အိပ်မက်ဆိုတာက. . .

"ဒီလိုပါအစ်ကို၊ အစ်ကို သိတဲ့ အတိုင်း အဲဒီကာလက ရွှန်းလဲ့တို့က မြစ်ဆိပ်မှာ ရေသွားချိုး ကြတာလေ၊ အဲဒီတော့ တစ်နေ့မှာ ရွှန်းလဲ့ ရေချိုးဖို့ မြစ်ဆိပ်ကိုထွက်လာတာ၊ ရွှန်းလဲ့က စိတ်တခြား လူတခြားဖြစ်နေတော့ ဆပ်ပြာခွက်ပါ မလာဘူး၊ ဒါကြောင့် ပြန်ယူရတယ်၊ အဲဒီမှာ အစ်ကို ကိုစိုးငြိမ်းက မီးဖိုထဲမှာ အမေ့ကို ရွှန်းလဲ့နဲ့ပတ်သက်ပြီး တိုင်ပင်ပြောဆိုနေတာတွေ ရွှန်းလဲ့ ကြားရတယ်၊ သူတို့ကညီအောင်နဲ့ရွှန်းလဲ့ ရက်ခြားစာအုပ်အပေးအယူလုပ်ပြီး နီးစပ်နေတာကို မသင်္ကာဘူး၊ ညီအောင်နဲ့ ရွှန်းလဲ့ ကျိတ်ပြီးရည်းစားဖြစ်နေတယ်လို့ အစ်ကိုစိုးငြိမ်းက ထင်ပုံရတယ်၊ ညီအောင်နဲ့ ဆိုမဖြစ်ဘူး၊ ညီအောင်က စိတ်ရင်းလေးကောင်းပေမယ့် ဆယ်တန်းလည်း မအောင်၊ မိဘကလည်း ဝန်ထမ်းဆိုတော့ မပြည့်စုံ၊ ဒီတော့ ရွှန်းလဲ့ကို တစ်ခုခုတော့ ဖွတ်စီစဉ်မှ ရတော့မယ်ဆိုပြီးတော့ အစ်ကိုရယ်၊ စိတ်ချရမယ့်သူ တစ်ယောက်ယောက်နဲ့၊ ပြီးတော့ ရွှန်းလဲ့ကို ထိန်းနိုင်တဲ့သူမှဖြစ်မယ် ဆိုပြီးတော့လေ. . ."

ရွှန်းလဲ့စကားက ချက်တရက် ရပ်ဆိုင်းသွားသည်။ ပြီးတော့မှ နှုတ်ခမ်းတစ်ချက်ကိုက်ကာ ပင့်သက်တစ်ချက်ရှိုက်ရင်း . . .

"အစ်ကိုကလည်း ဘွဲ့ရတော့မှာမို့ အစ်ကိုဘွဲ့ရရင် အလုပ်မရှိသေးရင်နေ၊ အစ်ကိုနဲ့ ရွှန်းလဲ့ကို ပေးစားပြီး. . ."

ရွှန်းလဲ့ စကားတန့်သွားချိန် ကိုယ်က ကြက်သေသေနေပြီး သူကသာ စကားကိုဆက်သည်။

"အိမ်က စီးပွားတစ်ခုခု စီစဉ်ပေး၊ ဒါမှမဟုတ် မကြာခင် အစ်ကို အလုပ်ရရင်တော့ အစ်ကို့အိမ်ကို ထည့်လိုက်တဲ့၊ အစ်ကို့အလုပ်က မြို့တွေဘာတွေ ပြောင်းရရင်လည်း ရွှန်းလဲ့ကို လိုက်သွားပစေတဲ့၊ ပြောနေတာ က. . . အစ်ကိုရယ်၊ ရွှန်းလဲ့ဖြင့် မြစ်ဆိပ်ဘက်ကို အပြေးပြန်ထွက်လာရင်း လေထဲမှာ လွင့်မျောသွားသလိုပဲ၊ ဒါဆို ရွှန်းလဲ့အိပ်မက်က တကယ်ဖြစ်လာတာလား၊ အစ်ကို့ကို ပိုင်ရတော့မယ်ဆိုတာ တကယ်ဟုတ်ရဲ့လားဆိုပြီး. . ."

ဆို့နစ်ကြေကွဲစွာ ရွှန်းလဲ့ ပြောသမျှကို တခြားသူစိမ်းတစ်ဦး၏ ဇာတ်လမ်းကို နားထောင်နေရသလို အံ့ဩတကြီး နားထောင်ရင်း ကျွန်တော် ဘာမှမပြောနိုင်ဘဲ မှင်တက်မိနေခိုက် ရွှန်းလဲ့က ကျွန်တော့်မျက်နှာကို မကြည့်ဘဲ ပြတင်းပေါက်မှ အဝေးဆီ လှမ်းကြည့်ရင်း မျက်ရည်စကိုသုတ်လျက် စကားဆက်သည်၊

"ရွှန်းလဲ့ မြစ်ကမ်းဘေးမှာ အတော်ကြာ ထိုင်နေမိခဲ့တယ်၊ တကယ်တော့ ရွှန်းလဲ့ပျော်ရမယ့် အချိန်၊ ရွှန်းလဲ့ကို ကံကြမ္မာက မျက်နှာသာပေးလိုက်ချိန်မှာ ရွှန်းလဲ့ ဒီနေ့ကစပြီး လိမ်လိမ်မာမာနေတော့ မယ်လို့ ပျော်ပျော်ရွှင်ရွှင် ဆုံးဖြတ်ရမယ့် အချိန်လေ၊ ဒါပေမဲ့ ရွှန်းလဲ့ မပျော်နိုင်ဘူး၊ ဘာဖြစ်လို့လဲလို့ ရွှန်းလဲ့ကိုယ်ရွှန်းလဲ့ ပြန်မေးကြည့်တော့ အစ်ကိုက ရွှန်းလဲ့ကို မချစ်တာ၊ အဲဒါကို အခုအခိုက်အတန့်မှာ မေ့နေတာလေ၊ ဒီတော့မှ အဖြေတွေ့သွားတယ်၊ အစ်ကို့ကို ရွှန်းလဲ့မိဘတွေက ရွှန်းလဲ့ကိုလက်ထပ်ဖို့ ပြောလာရင် အစ်ကိုက ရွှန်းလဲ့ကိုမချစ်တဲ့တိုင် ရွှန်းလဲ့ကို မယူနိုင်ဘူးလို့ ပြောရက်ပါ့မလားလို့ တွေးနေမိတယ်၊ တကယ်တော့ အစ်ကိုက ရွှန်းလဲ့တို့ရဲ့ မိသားစုဝင်လိုမဟုတ်လား၊ ပြီးတော့ အစ်ကို့မှာလည်း ချစ်သူရှိချင်ရှိနေမှာလို့ တွေးမိတယ်၊ တစ်ဖက်ကလည်း အစ်ကို့မှာချစ်သူရှိတယ်လို့ ဘယ်သူကမှမပြောဘူးလို့ ဒီလိုတော့မဟုတ်သေးဘူးထင်ပါတယ်လို့လည်း တွေးမိပြန်တယ်"

"အစ်ကို့မှာ ချစ်သူမရှိခဲ့ပါဘူးကွယ်၊ ပြီးတော့ အစ်ကိုရွှန်းလဲ့ကို မချစ်ဘူးဆိုတာလည်း မဟုတ်ပါဘူးကွာ"

ဒါကတော့ ကိုယ့်ရင်ထဲက ပြောမထွက်သော အသံတိတ်တုံ့ပြန်ချက်ဖြစ်ပါသည်။ ခြောက်ကပ်ကပ် အသံဖြင့် တကယ် ပြောဖြစ်လိုက်သည်ကတော့. . .



**ဒီတော့မှ အဖြေတွေ့သွားတယ်၊ အစ်ကို့ကို ရွှန်းလဲ့ မိဘတွေက ရွှန်းလဲ့ကို လက်ထပ်ဖို့ ပြောလာရင် အစ်ကိုက ရွှန်းလဲ့ကို မချစ် တဲ့တိုင် ရွှန်းလဲ့ကို မယူနိုင် ဘူးလို့ ပြောရက်ပါ့မလား လို့ တွေးနေမိတယ်၊**

"ဒါတွေ ကိုယ်တကယ်မသိခဲ့ပါဘူး ရွှန်းလဲ့"ဟု ဖြစ်သည်။

"ဟုတ်တယ်၊ အစ်ကိုမသိသလို သိသူက အလွန်နည်းပါတယ်၊ ရွှန်းလဲ့မိသားစုအပြင် သိတာဆိုလို့ ညီအောင်ပဲရှိတယ်၊ ဒါကလည်း ညီအောင့်ကို ရွှန်းလဲ့က ဖွင့်တိုင်ပင်လိုက်မိလို့ပါ၊ တကယ်တော့ ရွှန်းလဲ့ ပျော်ချင်ပေမယ့် အစ်ကို စိတ်ဆင်းရဲမှာ အရမ်းစိုးပါတယ်၊ ချစ်သူမရှိဘူး ဘဲထား၊ ရွှန်းလဲ့ကိုမချစ်ဘဲတော့ အစ်ကို လက်မထပ်စေချင်ဘူး၊ ဒါကြောင့် ညီအောင့်ကို အကျိုးအကြောင်း ပြောပြတိုင်ပင်လိုက်တယ်၊ အမှန်တော့ ညီအောင်ကို အခုလိုပြောပြတာဟာ ရက်စက်ရာကျသလို တိုင်ပင်လို့ အဖြေမှန်လည်း မရနိုင်ဘူးလို့ ထင်စရာရှိပါတယ်၊ ဒါပေမဲ့ ညီအောင်က အံ့ဩစရာ အဖြေတစ်ခုကိုပေးခဲ့တာ၊ ညီအောင်က အစ်ကိုနဲ့ အခွင့်အရေးရတုန်း လက်ထပ်လိုက်ပါတဲ့၊ ပြီးတော့ အစ်ကိုက ရွှန်းလဲ့ကို ချစ်ချင်မှ ချစ်မှာပေမယ့် မမုန်းတာတော့ သေချာပါတယ်တဲ့၊ ဒီတော့ ရွှန်းလဲ့ တစ်နေ့ သူ့စိတ်တိုင်းကျ မိန်းကလေးသာ ဖြစ်လာမယ်ဆိုရင်. . အစ်ကိုက ရွှန်းလဲ့ကို ချစ်လာမှာပါတဲ့၊ ဒီတော့ လူကြီးတွေ စီစဉ်တာကို လက်ခံလိုက်ပါ၊ အဲဒါ ရွှန်းလဲ့ ပျော်ရမှာပါတဲ့၊ ရွှန်းလဲ့ပျော်ရင် သူလည်း ပျော်ပါတယ်လို့ ညီအောင်က စာပြန်ပါတယ်၊ အဲဒီတော့ ပထမဆုံး အကြိမ် ညီအောင့်ကို သနားမိတယ်၊ ပြီးတော့ ညီအောင်က ရွှန်းလဲ့ကို ချစ်တာဟာ ဘာမျှော်လင့်ချက်မှ မပါဘဲ ဖြည့်ဆည်းပေးချင်တဲ့ စိတ်မျိုးနဲ့ဆိုရင် အစ်ကို့ကိုရော ရွှန်းလဲ့က ဘာလို့ အဲဒီလို မဖြည့်ဆည်းနိုင်ရတာလဲလို့ ရွှန်းလဲ့ဘာသာ မေးမိတာ၊ တကယ်တော့ ရွှန်းလဲ့က စိန်ခဲရွှေခဲ မဟုတ်ဘူးလေ၊ လမ်းခင်းတဲ့ ကျောက်ခဲလို့ ကိုယ့်ဘာသာ ထင်နေတာမဟုတ်လား၊ အဲဒါဘာဖြစ်လို့ အစ်ကို့အတွက် လမ်းမခင်းပေးနိုင်တာလဲလို့ စဉ်းစားနေမိတာလေ၊ တစ်ခုကလည်း အစ်ကိုကတစ်နေ့မှာ အောင်မြင်တဲ့ဘဝကို ပိုင်ဆိုင်မယ့် သူ၊ အစ်ကို့ဇနီးက ဆယ်တန်း မအောင်၊ ဘွဲ့မရဘူးဆိုရင် အစ်ကို

မျက်နှာမငယ်ဘူးလား၊ အဲဒါကို စဉ်းစားနေခဲ့မိတာ"

ဒီတစ်ခါတော့ ကိုယ့်ဘာသာ မသိလိုက်ခင်မှာပင်

"ဪ . . . ရွှန်းလဲ့ရယ်၊ ဒါတွေးရမယ့်ဟာမှ မဟုတ်တာ"ဟု ပြောလိုက်မိသည်။

"ရွှန်းလဲ့အတွက်ကတော့ အဲဒီကာလက ဘဝနဲ့ရင်းပြီး တွေးခဲ့ရတဲ့ ကိစ္စပါ၊ နောက်ဆုံးတော့ အစ်ကိုနဲ့ထိုက်တန်တဲ့ မိန်းကလေးမျိုးသာ ထိုင်ထိုက်တဲ့နေရာမျိုးကို ရွှန်းလဲ့က အစ်ကို့ကိုမငဲ့ဘဲ ဝင်မယူသင့်ဘူးလို့ မျက်ရည်စက်လက်နဲ့ ဆုံးဖြတ်လိုက်တာ၊ ဒါကြောင့် ညိုအောင့်ကို ကမ်းလှမ်းမှုတစ်ခု လုပ်ခဲ့တယ်။ ဒါကလည်း လူကြီးတွေရဲ့အစီအမံကို ဆန့်ကျင်ဖို့မှာ သူ့ကို အသုံးချတာရော၊ သူ ရွှန်းလဲ့အပေါ် ထားတဲ့ အချစ်ရဲ့ တန်ဖိုးကို အသိအမှတ်ပြုတဲ့ အနေနဲ့ပါ။ ညိုအောင်ကို ရွှန်းလဲ့ မချစ်ပေမယ့် လက်ထပ်နိုင်ပါတယ်၊ အဲဒါကို ညိုအောင်က သိရက်နဲ့ လက်ခံပြီး ရွှန်းလဲ့ကို လက်ထပ်မယ်ဆိုရင် ညိုအောင် ခေါ်ရာကို ရွှန်းလဲ့ လိုက်လာမယ်"လို့ ကမ်းလှမ်းခဲ့တာပါ"

"ဪ. . . ရွှန်းလဲ့ရယ်"

"ဒါပေမဲ့ ညိုအောင်က ရွှန်းလဲ့ ပြောတာကို ချက်ချင်းလက်ခံခဲ့တာ မဟုတ်ပါဘူး၊ ချက်ချင်း စိတ်လိုက်မာန်ပါ မဆုံးဖြတ်ဘဲ တစ်သက်လုံး အတွက် စဉ်းစားဖို့ ပြောပါသေးတယ်၊ အဲဒါကို ရွှန်းလဲ့က နင့်ကို ငါကမချစ်ဘဲဆိုရင်တော့ လက်မထပ်နိုင်ဘူး မဟုတ်လားလို့ မေးလိုက်လို့ ညိုအောင် မခံနိုင်ဖြစ်သွားပြီး တကယ်စိတ်လိုက်မာန်ပါ ဆုံးဖြတ်တာက သူဖြစ်သွားတာလေ"

"အဲဒါ ရွှန်းလဲ့တမင်သူ့စိတ်ကို ဆွပေးလိုက်တာပေါ့ ဟုတ်လား"

"ဟုတ်တယ်၊ ရွှန်းလဲ့မှာ အချိန်သိပ်မရဘူးလေ၊ အစ်ကိုက မကြာခင် ကျောင်းပြီးတော့မှာကိုး၊ ပြီးတော့ ညိုအောင်နဲ့ကလည်း နောင်ဆို အခုလိုဆက်သွယ်ဖို့ လွယ်ချင်မှလွယ်တော့မယ်လေ၊ ဒါကြောင့် အစ်ကို့အတွက် အကောင်းဆုံး ဖြစ်မယ်ထင်လို့ ရွှန်းလဲ့လုပ်ခဲ့မိတာ၊ အစ်ကို အခုထင်နေသလို အစ်ကို့ကို အရွဲ့တိုက်တဲ့သဘောတော့ လုံးဝ မဟုတ်ပါဘူး အစ်ကိုရယ်"

ရုတ်တရက် ဘာပြန်ပြောရမှန်း မသိဘဲ နှစ်ဦးသားကြား အတန်ကြာတိတ်ဆိတ်သွားခဲ့သည်။ ခဏကြာမှ သူ့ကို စကားထောက်ပေးဖြစ်သည်။

"ဒါဆို မိဘတွေက ပစ်ထားတော့ ရွှန်းလဲ့တို့ အိမ်ထောင်ဦးမှာ အရမ်းဒုက္ခ ရောက်မှာပေါ့ နော်"

"ရောက်တော့ ရောက်ပါတယ်၊ ဒါပေမဲ့ အင်းတော်မှာ ညိုအောင့် အဒေါ်တစ်ယောက်ရှိတော့ သူက



အတော်ကူညီပါတယ်၊ ရွှန်းလဲ့က ဆယ်တန်းဘီနဲ့ အောင်ထားတော့ မြို့နယ်သမအသင်းမှာ အလုပ်ဝင်လို့ ရတယ်၊ ညိုအောင်က အဲဒီကာလမှာ ကက်ဆက်အခွေငှားဆိုင်ကလေး တစ်ခုဖွင့်တယ်၊ ဒီလိုနဲ့ပဲ ဘဝကို ရုန်းကန်ရတာပေါ့၊ ဘဝမှာ ရုန်းကန်မှုအခက်အခဲအပြင် ပိုပိုပြီး သိသာလာတာကတော့ ညိုအောင်က ရွှန်းလဲ့က သူ့ကို လုံးလုံးမချစ်ဘဲ ယူထားတယ်လို့ ထင်နေပုံရတာပါပဲ"

"ရွှန်းလဲ့ကရော သူ့ကို ချစ်လို့လား"

"အမှန်တော့ အစ်ကိုရယ်၊ မိန်းမတစ်ယောက်ဟာ ယောကျ်ား တစ်ယောက်ကို လုံးလုံးမချစ်ဘဲနဲ့တော့ ဘယ်လက်ထပ်တဲ့အထိ စဉ်းစားပါ့မလဲ၊ ဘယ်အတိုင်းအတာ အထိဆိုတာတော့ ရှိမယ်လေ၊ နှင်းဆီကို ပန်ချင်တဲ့မိန်းကလေးက နှင်းဆီမရရင်လည်း စံပယ်ပဲ ပန်မှာ ပေါ့ဆိုတာက စံပယ်ကိုလည်း မမှန်လို့ပါ၊ ဘာဖြစ်လို့လဲဆိုတော့ နှင်းဆီလည်းမဟုတ်၊ စံပယ်လည်း မဟုတ်တဲ့ ပန်းမျိုးကိုလည်း သူပန်ခွင့်ရှိတယ်၊ ပြီးတော့ ဘာကိုမှလည်း သူမပန်ဘဲ နေခွင့်ရှိတာပဲလေ၊ ဒါပေမဲ့ ဒါကို ညိုအောင့်ကို တစ်ခါမှ ရှင်းမပြခဲ့ရဘူး"

"ဘာဖြစ်လို့ ရွှန်းလဲ့ သူ့ကို မပြောခဲ့တာလဲ"

"အမှန်တော့ အဲဒီတုန်းကတော့ ရွှန်းလဲ့ဘာသာလည်း သူ့ကို လုံးလုံးမချစ်ဘူးလို့ ထင်နေခဲ့တာကိုး။ နောင် သွေးအေး လာတဲ့အခါ ကိုယ့်ဘာသာ နားလည်လာပေမယ့် သူ့ကို ရှင်းပြပြောခွင့်မသာခဲ့ဘူး၊ သူက ဒီကိစ္စကို တစ်ခါမှ ပြဿနာ မလုပ်တော့ ကိုယ့်ဘက်က အသားလွတ် စပြောဖို့ခက်ခဲ့တာလေ၊ နောက်ဆုံး တစ်ခါတလေ မူးလာလို့တောင် ဒါကို ရင်ဖွင့်ပြောတာမျိုး မရှိခဲ့ဘူး၊ ဒါပေမဲ့ သူ့ကိုရွှန်းလဲ့ နားလည်နေတယ်၊ ဒါကြောင့် နောက်ပိုင်းမှာ သူ မိန်းကလေးကိစ္စ ရှုပ်တာတို့ ဘာတို့ ရှိလာတာတောင် ရွှန်းလဲ့ခွင့်လွှတ်နိုင်ခဲ့တယ်၊ ဒါက လည်း အတော်ကြီးကြာမှပါ၊ အစောပိုင်းမှာတော့ ရွှန်းလဲ့ကို အရမ်း ဂရုစိုက်တာပါ၊ အိမ်ထောင်သက် ငါးနှစ်လောက်အရမှာ သူ ဖားကန့်ကို အလုပ်လုပ်ဖို့ ထွက်သွားတယ်၊ အဲဒီအချိန်မှာ ပထမကိုယ်ဝန်ကို လွယ်ထားရပြီး ရွှန်းလဲ့တစ်ယောက်တည်း အရမ်းအထီးကျန်တယ်၊ ဖားကန့်မှာကလည်း လုံခြုံရေးအခြေအနေက သိပ်မကောင်းသေးဘူးလေ၊ ဒီကာလမှာပဲ အစ်ကိုလက်ထပ်တဲ့ သတင်းကိုကြားရတယ်၊ အဲဒီမှာ ရွှန်းလဲ့ကိုယ်ရွှန်းလဲ့ ဟုတ်လှပြီထင်ပြီး လုပ်ခဲ့တာတွေဟာ အရမ်းမှားခဲ့ပြီ ဆိုတာ ရွှန်းလဲ့စသိတာပဲ"

Asian Fame Media Group

ရွှန်းလဲ့ ဘာတွေမှားပြီး ဘာကို စသိပါလိမ့်။ ဇဝေဇဝါဖြင့် သူ့ကို ငေးကြည့်မိပြန်သည်။ ရွှန်းလဲ့ကတော့ ကိုယ့်ကိုမကြည့်ဘဲ အဝေးကိုသာ လှမ်းငေးရင်း စကားကိုဆက်သည်။

"အစ်ကိုလက်ထပ်လိုက်တဲ့ မမစိမ့်က ရွှန်းလဲ့ထက် တစ်တန်းပဲကြီးတယ်လေ၊ သူ့ကို ရွှန်းလဲ့ ကောင်းကောင်း သိနေတာပဲ၊ သူက အဖေငယ်ငယ်က ဆုံးသွားပြီး အမေကို လုပ်ကျွေးနေတာ၊ အဓိက ရွှန်းလဲ့စိတ်ထိခိုက်ရတာက မမစိမ့်က အမေ့ကိုလုပ်ကျွေးဖို့ ဆယ်တန်းဘီနဲ့အောင်ပြီး အလုပ်ဝင်လိုက်တော့ အေနဲ့အောင်အောင် ပြန်မဖြေဖြစ်ဘူးလို့ထင်တယ်၊ ဘွဲ့ရတဲ့သူ မဟုတ်တာတော့ သေချာတယ်၊ နောက်တစ်ခုက မမစိမ့်က ချစ်စရာမိန်းကလေးပါ၊ ဒါပေမဲ့ ရွှန်းလဲ့လို မြို့မှာ၊ ကျောင်းထဲမှာ လူသိများခဲ့တဲ့ မိန်းကလေးမျိုး မဟုတ်ဘူးလေ၊ အစ်ကိုရွေးတဲ့ မိန်းကလေးက ဒီလိုဆိုတော့ အဲဒီလိုမျိုးဖြစ်ဖို့ ရွှန်းလဲ့လည်း ကြိုးစားနိုင်တာမျိုး ဆိုတာ သိလိုက်ရလို့ ရွှန်းလဲ့ဝမ်းနည်းမိတာ ထင်ပါတယ်၊ ဘာနဲ့တူလဲဆိုတော့ ကိုယ်သိပ်လိုချင်တာ တစ်ခုခုကို မဝယ်နိုင်ဘူးထင်လို့ ထားခဲ့ပြီးမှ ကိုယ်ပေးနိုင်တဲ့ ဈေးမျိုးနဲ့ တစ်ယောက်ယောက် ဝယ်သွားတာ မြင်တော့ ငါမှားသွားပြီလို့ ကြေကွဲကျန်ရစ်ရတာမျိုးဖြစ်မှာပါ၊ အဲဒီအချိန်မှာ ရွှန်းလဲ့က ညီအောင်နဲ့ ဝေးပြီး အထီးကျန်တဲ့အချိန်၊ အခုလို ခံစားနေရတာကို အရင်လို သူ့ကို စာရေးဖွင့်ပြောပြဖို့ မကောင်းတာမျိုးဆိုတော့ ရွှန်းလဲ့တစ်ယောက်တည်း ကြေကွဲရတယ်၊ အပြန်တော့ ရွှန်းလဲ့ အချစ်သူရဲကောင်းလိုလို ဘာလိုလို အရှုံးထဲမိတာဟာ အများကြီးတစ်ခုဆိုတာ ပထမဆုံး အမှန်အတိုင်း သိလိုက်ရတာပါပဲ၊ ရွှန်းလဲ့ မျက်ရည်ကျမိပါတယ်၊ အံ့ဩစရာကောင်းတာက ရွှန်းလဲ့အစ်ကိုနဲ့ရောမိတာနဲ့ပါခဲ့ပြီး ညီအောင်နောက်လိုက်ခဲ့ရမယ့် ညီအောင်ကလည်း ဂရုစိုက်၊ အိမ်ထောင်ဦးမှာ အဆင်ပြေဖို့ ရုန်းကန်ရတာလည်းရှိဆိုတော့ ငိုရတာမျိုး မရှိခဲ့ဖူးပါဘူး၊ အစ်ကိုနဲ့ ခွဲရတာကိုပဲ ဒါဟာ ငါလုပ်သင့်တာ လုပ်ခဲ့တယ်ဆိုတဲ့အတွေးက မာန်တင်းပြီး ဖြေသာစေခဲ့တာပါ၊ ဒါပေမဲ့ အခုတော့ အစ်ကို လက်ထပ်တယ်၊ ဘယ်သူနဲ့ လက်ထပ်တယ်ဆိုတာ လည်းသိရော ရွှန်းလဲ့ မျက်ရည် မဆည်နိုင် ဖြစ်ရတော့တာပဲ"

"ဩော်... ကိုယ်တကယ် စိတ်မကောင်းဘူး ရွှန်းလဲ့၊ အစ်ကိုကတော့ ရွှန်းလဲ့ဟာ ညီအောင့်ကို စိတ်တိုင်းကျ ရွေးချယ်ပြီး ပျော်နေခဲ့တယ်လို့ပဲ ထင်ခဲ့တာပါ"

ဝန်ခံစကားတချို့ ကိုယ့်နှုတ်က ထွက်ကျသွားခဲ့သည်။

"အစ်ကို ဘင် မတပါဘူး၊ အားလုံးလိုလိုက ဒီလိုပဲ ထင်ကြတာပါ၊ ဒါပေမဲ့ ပျော်တယ် မဟုတ်ပေမယ့် အခုပြောခဲ့သလို ဖြေသာနေသာခဲ့ပါတယ်၊ အဲဒီကာလကျမှ ရွှန်းလဲ့ဟာ ရေကာတာကျိုးသလို ပြုတ်ကျသွားတာပဲ၊ ကျန်းမာရေးလည်း နည်းနည်းထိခိုက်သွားတယ်၊ ကျန်းမာရေးချို့တဲ့တာနဲ့ ဆိုင်တာပဲလား၊ ကံဆိုးတာတစ်ခု ထပ်ဖြစ်တာလားတော့ မသိဘူး၊ အဲဒီကိုယ်ဝန်က အဲဒီအချိန်မှာ ပျက်ကျသွားတယ်လေ"

"ဩော်... ရွှန်းလဲ့ရယ်၊ ဖြစ်မှဖြစ်ရပလေ"

ကြေကွဲစိတ်ဖြင့် ရေရွတ်မိသည်။

"နောက်တော့ အစ်ကို ရန်ကုန်ပြောင်းသွားတယ်၊ နောက် မမစိမ့်နဲ့ သမီးနဲ့ လိုက်သွားတယ်၊ အဲဒါတွေ ကြားပါတယ်၊ နောက်တော့ ညီအောင်လည်း ကျောက်အရောင်းအဝယ်အောင်မြင်လာပြီး စီးပွားရေး အဆင်ပြေလာတယ်၊ အိမ်နဲ့လည်း အဆက်အသွယ်ပြန်ရတယ်၊ အဖေဆုံးခါနီး တစ်နှစ်လောက်မှာမှ အမေတို့က ပြန်လက်ခံဝင်ထွက်စေတယ်လေ၊ သမီးကိုလည်း မွေးတော့ ညီအောင်က ခရီးထွက်တာ များပေမယ့် အထီးမကျန်တော့ဘူး၊ အဖော်ရလာတယ်၊ ဒါပေမဲ့ အစ်ကို့ကိုတော့ မကြာခဏ သတိရနေပါတယ်၊ အစ်ကို့သတင်းတွေလည်း အကောင်းအဆိုး ကြားရပါတယ်၊ ကောင်းသတင်းကြားရင် ဝမ်းသာရသလို ဆိုးသတင်းကြားရင်လည်း စိတ်ပူရတာပါပဲ။ ဒါပေမဲ့ ညီအောင်ရှိတုန်းက သူ့ကို စိတ်အနှောင့်အယှက်မဖြစ်စေချင်လို့ အစ်ကို့ကို ဘယ်တော့မှ မဆက်သွယ်မိဘူး၊ ညီအောင်မရှိပြန်တော့ မမစိမ့်က အစ်ကိုနဲ့ ရွှန်းလဲ့တို့ ငယ်ဘဝဆက်ဆံရေးကို ဘယ်လိုနားလည်ထားမှန်း မသိတော့ သူ့ကိုစိတ်အနှောင့်အယှက် ဖြစ်မှာစိုးတာနဲ့ မဆက်သွယ်ဖြစ်ဘူး၊ အစ်ကို့ကို အမြဲသတိရနေတာ မဟုတ်ပေမယ့် ပတ်သက်ဆက်နွှယ်မှု ရှိတာမျိုးနဲ့ တိုက်ဆိုင်တိုင်း အမြဲ သတိရနေမိတယ်၊ ဒီလိုနဲ့ သမီးပြန်အလာ အစ်ကိုနဲ့ ရထားပေါ်မှာတွေ့တာလေ၊ သမီးက မေမေ ရထားပေါ်မှာ မေမေ့အသိတစ်ယောက် တွေ့လာတယ်ဆိုပြီး ဦးစိုးသူငယ်ချင်းလို့ ပြောတယ်ဆိုတာနဲ့ ကိုရီနိုင်လားလို့ တန်းမေးလိုက်တာ သမီးတောင် အရမ်းအံ့သြသွားတာ၊ မေမေ ဘယ်လိုသိတာလဲဆိုလို့ ဟုတ်လား၊ သူနဲ့တွေ့ခဲ့တာလားဆိုတော့ ဟုတ်တယ်တဲ့၊ မေမေ ဘယ်လိုသိတာလဲလို့ ထပ်မေးလို့ အစ်ကို့ စိုးငြိမ်း သူငယ်ချင်းတွေနဲ့ မေမေနဲ့ ရင်းနှီးတာက မန္တလေးမှာနေတဲ့ ကိုမိုးနှင်းနဲ့ ရန်ကုန်မှာနေတဲ့ ကိုရီနိုင်ပဲ ရှိတာလေ၊ အဲဒီထဲမှာ ကိုမိုးနှင်းကို သမီး သိနေတော့ သမီးမသိသေးတဲ့ တစ်ယောက်ဖြစ်မှာပေါ့လို့ ပြောလိုက်တော့မှ သမီးက ကျေနပ်သွားတယ်၊ ဒါပေမဲ့ သမီးက မေမေပြောတော့ ဦးစိုးသူငယ်ချင်းတွေထဲ ဒီနှစ်ယောက်ပဲ မေမေနဲ့ သိသလိုပဲ၊ အဲဒီဦးကပြောတာတော့ ဦးစိုးသူငယ်ချင်းလို့ ပြောလိုက်ရင် မေမေက ဘယ်တစ်ယောက်ပါလိမ့်လို့ စဉ်းစားရင် စဉ်းစားနေမှာလို့ ပြောတယ်တဲ့၊ အမေက မေ့ချင်မေ့လောက်ရောပေါ့လို့ ပြောတယ်ဆိုလို့ သမီးကို ဟန်မဆောင်နိုင်အောင်ကို မျက်နှာပျက်ချင်သွားတာ၊ အစ်ကိုက ရက်စက်လိုက်တာ၊ ရက်စက်လိုက်တာလို့ ရင်ထဲမှာ မြည်တည်းသွားသလိုပဲ"

**ဒီနေ့ မမျှော်လင့်ဘဲနဲ့ အစ်ကို တစ်စွန်း တစ်စတောင် သိမထားတဲ့ ရွှန်းလဲ့နဲ့ အစ်ကိုတို့ရဲ့ တိမ်မြုပ်နေတဲ့ အကြောင်းတချို့ သိလိုက်ရတာ အတော် စိတ်မကောင်းဘူး။ ဒါပေမဲ့ အစ်ကို အခုလို သိခွင့်ရအောင် သတ္တိရှိရှိနဲ့ ပြောပြတာကိုပဲ ရွှန်းလဲ့ကို အတော်ကျေးဇူးတင်ရမှာ။**

"ဩော်... ရွှန်းလဲ့ရယ်၊ အစ်ကိုက ခပ်ပေါ့ပေါ့ နောက်လိုက်တာပါ၊ တကယ်တော့..."

"မဟုတ်ဘူးအစ်ကို၊ အစ်ကို မမှားပါဘူး၊ ရွှန်းလဲ့က မှားနေတာ၊ ကြီးကြီးကျယ်ကျယ် ပြောရရင်တော့ ရွှန်းလဲ့နှလုံးသားက အစ်ကိုနဲ့ ပတ်သက်ရင် သိပ်ပြီး အကဲဆတ်တယ်၊ ပြီးတော့ ဒဏ်ရာတွေက များတော့ အနာပေါ် တုတ်သေးသေးလေးကျလည်း မခံနိုင်ဘူး၊ အစ်ကို့အပြစ် မဟုတ်ပါဘူး၊ ဒါပေမဲ့ အစ်ကိုလက်ထပ်တယ်လို့ကြားတော့ တစ်ခါ မျက်ရည်ကျတယ်၊ အစ်ကို ထောင်ကျတယ်ဆိုတော့ တစ်ခါ မျက်ရည်ကျတယ်၊ အခု အစ်ကိုက ရက်စက်လိုက်တာဆိုပြီး သမီး မသိအောင်တိတ်တိတ် မျက်ရည်ကျရတာ၊ ဒါပေမဲ့ နောင်တော့ အစ်ကိုနဲ့ ပတ်သက်ပြီး မျက်ရည်မကျနိုင်တော့ပါဘူး၊ အစ်ကို့ကို ရင်ဖွင့်လိုက်ရလို့လည်း ပေါ့ပါးသွားတယ်၊ အစ်ကို နားထောင်ပေးတာ ကျေးဇူးတင်ပါတယ် အစ်ကို၊ ပြီးတော့ သမီးလေးကို စောင့်ရှောက်တာလည်း တကယ် ကျေးဇူးတင်ပါတယ်"

ရွှန်းလဲ့က တကယ် ကျေနပ်သွားပုံဖြင့် မျက်ရည်များကို သုတ်ရင်း စကားကိုအဆုံးသတ်သည်၊ ကိုယ်က မျက်ရည်သုတ်ပေးခွင့်မရှိသူ ဖြစ်သည့်ပြင် နှစ်သိမ့်စကား ဘယ်လိုပြောရမည်မသိ ဖြစ်နေခိုက် ရွှန်းလဲ့တို့ အိမ်ဆိုင်ကလေးသို့ ရုတ်တရက် ဈေးဝယ်ရောက်လာသဖြင့် တစ်မျိုးတော့ အဆင်ပြေသွားသည်၊ မျက်ရည်ကို ဟန်မပျက် သုတ်လိုက်ပြီး ဈေးဝယ်လိုတာကို ကျွမ်းကျွမ်းကျင်ကျင် ရောင်းချ

ထုပ်ပိုးပေးနေသော ရွှန်းလဲ့ကို လှမ်းကြည့်ရင်း ငယ်ငယ်ကဆို အခုလို ဈေးရောင်းသည့် ဘဝရောက်မည်ကို တစ်ခါမှ စိတ်ကူးပုံဖော်မကြည့်ဖူးသည့်ရွှန်းလဲ့ဘဝကို စိတ်မကောင်းဖြစ်သွားမိသည်၊ ဒါက လောကဓံတရားလို့ ဆိုရမှာ လား၊ ဒါမှမဟုတ်ကိုယ့်ရဲ့ ပေါ့ဆည့်ဖွင်းလွန်းမှုကြောင့်လား။

အနားကို ပြန်ရောက်လာပြီး တည်တည်ငြိမ်ငြိမ် ပြန်ဖြစ်နေသည့် ရွှန်းလဲ့ကို နှစ်သိမ့်စကား ပြောရသည်။

"အေးပါ ရွှန်းလဲ့ရယ်၊ ဒီနေ့ မမျှော်လင့်ဘဲနဲ့ အစ်ကို တစ်စွန်းတစ်စတောင်သိမထားတဲ့ ရွှန်းလဲ့နဲ့ အစ်ကို တို့ ရဲ့ တိမ်မြုပ်နေတဲ့ အကြောင်းတချို့ သိလိုက်ရတာ အတော် စိတ်မကောင်းဘူး၊ ဒါပေမဲ့ အစ်ကို အခုလို သိခွင့်ရအောင် သတ္တိရှိရှိနဲ့ ပြောပြတာကိုပဲ ရွှန်းလဲ့ကို အတော်ကျေးဇူးတင်ရမှာ၊ ဘဝမှာ ကိုယ်တစ်ဖက်သတ် မြင်ခဲ့တာတွေတချို့ဟာ အမှန်တရားမဟုတ်ဘူးဆိုတဲ့ သင်ခန်းစာကို ကိုယ်ထပ်ယူရင်းနဲ့ပေါ့။ ကဲ. . ရွှန်းလဲ့ရေ စကားပြောလို့ ကောင်းပါရဲ့၊ အိမ်က အမေတို့က ထမင်းစား မျှော်နေတော့မှာ"

"ဟုတ်ပါရဲ့ အစ်ကို့ကိုလည်း ဘာမှ မကျွေးရဘူး၊ မေ့နေလိုက်တာ"

"မလိုပါဘူး ရွှန်းလဲ့ရာ၊ အစ်ကို မပြန်ခင် ထပ်လာပါဦးမယ်၊ ဟုတ်ပြီလား"

"ဟုတ်တယ်အစ်ကို၊ ထမင်း တစ်ရက်လောက် လာစားပါလား"

"မစားတော့ဘူး ရွှန်းလဲ့ရာ၊ သိတဲ့အတိုင်း အမေတို့က အိမ်မှာပဲ စားစေချင်တာ၊ နေတဲ့ရက်ကလည်း သိပ်မများတော့လေ၊ ဒါပေမဲ့ ကိုယ် တစ်ရက်တော့ ထပ်လာခဲ့ပါဦးမယ်၊ ဟုတ်ပြီလား"

"ဆန်ခေါက်ဆွဲ လုပ်ထားလိုက်မယ် အစ်ကိုရာ၊ အစ်ကိုမပြန်ခင် တစ်ရက် သန်ဘက်ခါမနက်စောစောမှာ လာစားလိုက်ပါနော်၊ သမီးကိုလည်း ဘယ်မှမသွားခိုင်းဘဲ စောင့်ခိုင်းထားလိုက်မယ်"

ဒီတစ်ခါတော့ ခေါင်းညိတ်ဖြစ်သွားသည်၊ သူကိုယ့်ကြောင့် မပျော်ရတာများပြီဖြစ်မှာမို့ ရွှန်းလဲ့ကို စိတ်ချမ်းသာစေချင်၍လည်း ဖြစ်သည်ဆိုတာကိုတော့ ဝန်ခံရလိမ့်မည်ထင်ပါသည်။

ဒီလိုဖြင့် ပြန်ခါနီးတစ်ရက်မှာ မနက်စောစော ရွှန်းလဲ့အိမ်ကို ထပ်ရောက်သည်။ သမီး ညိုလဲ့ရည်ကိုလည်းတွေ့ရပြီး သူကွန်ပျူတာ ပညာထပ်ဆည်းပူးခွင့်ရမည်ဆို၍ ပျော်နေပုံပေါ်သည်၊ သူက ဆော့ဖ်ဝဲလ်ပိုင်းကို သင်ချင်ပြီး ဖြစ်နိုင်လျှင် ပရိုဂရမ်ရေးချင်သည်ဆိုသဖြင့် ဦးလှကောင်းဆီ ဆက်သွယ်ပြီး ထပ်ပြောရသည်။

ဦးလှကောင်းက ဖုန်းထဲမှာ သူတတ်နိုင်သမျှတော့ ကူညီမည်၊ ပရိုဂရမ်အခြေခံပိုင်းကို သူသင်ပေးနိုင်ပေမယ့် နောက်ပိုင်းမှာ ယင်းကိစ္စကို အထူးပြုသင်သည့် သင်တန်းများကို တက်ရလိမ့်မည်ဟု ဆိုသည်။

"ကဲ. . . ကဲ တခုရှပ်မှနောင် ရှင်း တစ်ခါတည်းပြောလိုက်မယ်၊ အဲဒီကျရင် အကုန်အကျတွေ ဘာတွေရှိလာတဲ့ အခါ [illegible]ဆရာနဲ့ မဆိုင်[illegible]ကျောင်းအပ်[illegible]တာဝန်ပဲသိလား"ဟု ဆိုသည်။

၈၈ အရေးအခင်းမှာတုန်းက နိုင်ငံရေးလုပ်ဖော်၊ အလုပ်ပြုတ်ဖက်တွေ ဖြစ်ခဲ့ပြီး အခုလည်းတွေ့တာနဲ့ တစ်ယောက်နှင့် တစ်ယောက် နောက်ပြောင်နေကျ ကိုလှကောင်း ဖုန်းထဲကပြောနေသမျှကို အပြင်က ရွှန်းလဲ့တို့သားအမိက ကြားသည်မဟုတ်တော့ ကိုယ်က...

"အေးပါဗျာ တစ်ပြားမှ မကုန်စေရဘူးဆိုတာ ခင်ဗျားမပြောလည်း ကျွန်တော်က ပြောထားပြီးသားပါ၊ ဒါကြောင့် အားကိုးတာပေါ့ဗျာ၊ ကဲ. . . ညိုလဲ့ရည်ကြားတဲ့အတိုင်းပဲနော်"ဟု ဆိုလိုက်ရာ တစ်ဖက်က ဖုန်းထဲမှ "ဟေ့. . ဟေ့ စာရေးဆရာ အဲဒီလို လူလည်မကျနဲ့နော်" ဟု ရယ်ချင်ပက်ကျိဖြင့် လှမ်းပြောသံကို ကြားရသည်။ ကိုယ်လည်း ခပ်တည်တည်ဖြင့် . . .

"အေးပါဗျာ၊ ကျေးဇူးတင်စရာ မလိုဘူးဆိုလည်း တင်ရမှာပါပဲ၊ အင်းပေါ့ သူစိမ်းတွေ မဟုတ်ပေမယ့်လည်း ကျေးဇူးက ကျေးဇူးပေါ့ဗျာ၊ ခင်ဗျားမေ့ဗျာ၊ စေတနာတွေ ဘယ်တော့မှ မမေ့ဘူး အဟုတ်" ဟု ပြောလိုက်ရာ တစ်ဖက်က "တော်ပြီ တော်ပြီ လူလည်ကြီး၊ ဆက်မပြောတော့ဘူး ကိုယ့်ဘက်ကိုယ်ယက်တဲ့ လိပ်ကြီး"ဟု ပြောကာ ရယ်ရယ်မောမောဖြင့် ဖုန်းချသွားသည်။ ရွှန်းလဲ့တို့ကတော့ မသိရှာ။

"ဆရာက အတော်သဘော ကောင်းပုံပဲနော်"ဟု ဆိုသည်၊ ကိုယ်က ဟုတ်တယ်ဟုဆိုတာ စိတ်မပါတစ်ပါ ခေါင်းညိတ်ရင်း တကယ် ကုန်ကျစရိတ်ရှိလာခဲ့ရင် ကိုယ် ဘယ်အတိုင်းအတာ အထိပေးနိုင်မလဲ၊ ဘယ်လိုပေးရမလဲဟု တွေးနေမိသည်။

ထိုစဉ်မှာပင် ရုတ်တရက်သတိရသွားပြီး လွယ်အိတ်ထဲက စာအုပ်တစ်အုပ်ကို ထုတ်လိုက်ကာ

"ဒါ ရွှန်းလဲ့နဲ့သမီးဖတ်ဖို့ မနှစ်ကထုတ်ဖြစ်တဲ့ ကိုယ့်ရဲ့ တစ်အုပ်တည်းသော ဝတ္ထုတိုပေါင်းချုပ် စာအုပ်ယူလာတယ်၊ ရွှန်းလဲ့အရင်ဖတ်လိုက်ပေါ့၊ ပြီးတော့မှ သမီးမပြန်ခင် ရွှန်းလဲ့ဖတ်ပြီးရင်လည်း သူ့ကိုပေးလိုက်၊ သမီး ပြန်တာ မမီရင်လည်း နောက်မှ လူကြုံနဲ့ လှမ်းပေးလိုက်ပေါ့၊ စာအုပ်က အခုကိုယ့်ဆီမှာ တစ်အုပ်ပဲ ပါလာလို့"ဟု ပြောရင်း ပေးလိုက်သည်။

ရွှန်းလဲ့က "ရပါတယ်၊ တစ်အုပ်ဆို တော်ပြီပေါ့၊ သမီးနဲ့အတူတူ ဖတ်မှာပေါ့"ဟု ဆိုသည်။ သမီးကလည်း ကောက်ယူလှန်လှောကြည့်ပြီး "မေမေ အေးအေးဆေးဆေး ဖတ်ပြီးမှ သမီးဆီပို့ ပေးလိုက်ပါ" ဟု ဆိုသည်။ ပြီးတော့မှ

"ဦးစားဖို့ ဆန်ခေါက်ဆွဲသွားပြင်လိုက်ဦးမယ်" ဟုဆိုကာ မီးဖိုဆီ ထွက်သွားသည်။ သမီးကို ကူဖို့ နောက်က လိုက်သွားဖို့ ဟန်ပြင်နေသည့် ရွှန်းလဲ့ကို မျက်နိုင်ပြ ခေါ်ထားလိုက်ပြီး. . .

"ရွှန်းလဲ့. . . စာအုပ်ဖုံးနောက်ဘက်အခေါက်ထဲမှာ စာတစ်စောင်ထည့်ထားတယ်၊ အဲဒါထုတ်ယူပြီး



Asian Fame Media Group

ဖတ်ကြည့်လိုက်ပါဦး၊ သမီးမသိအောင် ခိုးပေးရမယ့်စာမျိုး မဟုတ်ပေမယ့် သမီးမသိသေးတာတွေ ပါနိုင်လို့ အဲဒီထဲခေါက်ထည့်ပြီး ပိတ်ပေးလိုက်တာ၊ ပြီးတော့ ရွှန်းလဲ့လည်း စာအုပ်ဖုံးထဲက စာထုတ်မဖတ်ရတာ ကြာပြီမဟုတ်လား၊ ညီအောင့်ကို အလွမ်းပြေပေါ့"ဟု ပြောလိုက်ရာ

"အစ်ကိုကနော် ရွှန်းလဲ့ကို စပြန်ပြီ၊ တခြားလူက စရင်စ၊ အစ်ကို စလို့တော့ မရဘူးနော်"ဟု ဆိုသဖြင့် "အေးပါကွာ၊ ဆောရီး၊ ဆောရီး" ဟု ပြောလိုက်ရသည်။

နှစ်ဦးသားကြား ခဏတာ တိတ်ဆိတ်သွားပြီးမှ

"ဒါပေမဲ့ စာထဲမှာ အစ်ကို ဘာရေးထားထား၊ အစ်ကို့ကို ကျေးဇူးတင်ပါတယ်"ဟု ဆိုပြန်သဖြင့် ခေါင်းညိတ်လိုက်ရသည်။ ထိုစဉ် ခေါက်ဆွဲပန်းကန်နှင့် ပြန်ထွက်လာသော သမီး ရောက်လာသဖြင့် သူ့ဆီက ပန်းကန်ကိုလှမ်းယူလိုက်ရသည်။

"ကိုယ်က ကသာဆန်ခေါက်ဆွဲကိုတော့ မမေ့ဘူး၊ ငယ်ငယ်ကတည်းက မက်မက်မောမောရှိခဲ့ရလို့လား မသိဘူး၊ ကသာရောက်ရင် နေ့တိုင်းစားဖြစ်တာပဲ"ဟု ပြောမိသည်။ ရွှန်းလဲ့က

"ကသာကိုပစ်သွားတဲ့ ကသာသူ၊ ကသာသားတွေခဏပြန်လာရင် အဲဒီလိုပဲလွမ်းလောက်အောင် ပြောကြတာ၊ ဒီမှာ ပြန်လာနေမလား ဆိုတော့ တစ်ယောက်မှနေနိုင်တာ မဟုတ်ဘူးလေ"ဟု စကားနာထိုးပြန်သည်။ ကိုယ်က. .

"ဒါကတော့ ရွှန်းလဲ့ရယ်၊ ကံပစ်ချရာနေရတာကိုး၊ ပျော်ရာမှာမနေရ၊ တော်ရာမှာနေရဆိုတဲ့ စကားလည်း ရှိတာပဲဟာ၊ မပျော်ပေမယ့်လည်း နေရတာပေါ့၊ မယုံရင် သမီးကို မေးကြည့်ပါလား၊ ဟုတ်တယ်မဟုတ်လား သမီး" ဆိုတော့

"သိပ်မှန်တာပေါ့ ဦးရာ"တဲ့။

ရွှန်းလဲ့က "ဩော်. . . အငြိမ်းပြတ်ပြီးသား အကောင်တစ်ကောင်က ငါ့အနားတင်ရှိနေတာ ငါကမေ့နေတာကိုး"ဟု ပြောတော့ အားလုံး သဘောကျ ရယ်မော

**ဆယ်စုနှစ်တစ်နှစ်လောက် အာဏာရပါတီထဲဝင်ပြီး ခေတ်ကြီးကိုကန့်လန့်တိုက်နေထိုင်တာကလွဲရင် ကိုယ် ဘာနိုင်ငံရေး လှုပ်ရှားမှုမှ မလုပ်နိုင်ခဲ့ပါဘူး။ အခြေအနေကလည်း မပေးဘူးလို့ ပြောချင်လည်း ရတာပေါ့လေ။**

ဖြစ်ကြသည်။

နောက်ရက်မှာတော့ ရန်ကုန်ကို ပြန်လာဖြစ်ပါသည်။ မြို့ကလေးကိုခွဲရလျှင် ကျောင်းတက်စဉ်ကာလတတည်းက လွမ်းသလိုဖြစ်ခဲ့နေကျအတိုင်း ခံစားရရာမှာ ယခုတစ်ခေါက် ပိုလွမ်းသလို ရင်ထဲဟာနေသည်။

ရထားပေါ်မှာ အဖော်လည်း မပါသဖြင့် ဟိုသည်တွေးရင်း ရွှန်းလဲ့ ထံရေးခဲ့သောစာကို သတိတရ ပြန်တွေးမိသည်။

ရွှန်းလဲ့ရေ. . . ကိုယ် အိပ်မပျော်တာနဲ့ ရွှန်းလဲ့ဆီ စာထိုင်ရေးနေမိတာ၊ ရွှန်းလဲ့ပြောတာတွေ နားထောင်ရတာ အလွမ်းရုပ်ရှင်တစ်ကားကို ကြည့်ရသလိုပဲ၊ ဒီအထဲမှာ ကိုယ်တိုင်က ဇာတ်ကောင်ဖြစ်နေ တော့ ပိုခံစားရပါတယ်၊ ရွှန်းလဲ့တစ်ယောက် အခုအထိ ခံစားနေရတာ တချို့အတွက်တော့ ကိုယ် အတော် စိတ်မကောင်းဖြစ်မိတယ်၊ အထူးသဖြင့် ရွှန်းလဲ့ရဲ့ ဖေဖေနဲ့ မေမေက ရွှန်းလဲ့စိတ်နဲ့အသက်ထိ သွားရတယ်၊ ရွှန်းလဲ့ နိုက်လို့သာ ကျန်းမာရေးတွေ ထိခိုက်သွားခဲ့ရတယ် ဆိုတာလေ။

အဲဒါ ဟုတ်မယ်မထင်ပါဘူး၊ ပြီးတော့ အစ်ကိုတို့ ဗုဒ္ဓဘာသာမှာ အရေးကြီးဆုံးက စေတနာပဲ၊ စေတနာမပါရင် ကံမမြောက်ဘူး၊ ကောင်းစေချင်တဲ့ စေတနာမပါဘဲ ကောင်းမှုကို ဟန်ဆောင်ပန်ဆောင် လုပ်လို့ ကုသိုလ်သိပ်ရမှာ မဟုတ်သလို ဆိုးစေချင်တဲ့ ရည်ရွယ်ချက်မပါဘဲ လုပ်မိတဲ့ အမှားဟာ အကုသိုလ်ဖြစ်တယ်လို့ အစ်ကို မထင်ပါဘူး၊ ပြီးတော့ အဲဒီတုန်းက ညီမရဲ့ ဆုံးဖြတ်ချက်မှာ တစ်စုံတစ်ယောက်ကို ပိုကောင်းသွားစေချင်တဲ့စေတနာနဲ့ ကိုယ်အနစ်နာခံလုပ်ပေးချင်တဲ့စိတ်ကလေး ရှိနေတယ်၊ အဲဒီစေတနာက ကုသိုလ်စိတ်ကို ဖြစ်စေမှာပါ၊ ဒီလိုအနစ်နာခံခဲ့ပေမယ့် နောက်ပိုင်းမှာ ဒီစေတနာက အဟောသိကံ ဖြစ်သွားတယ်လို့ ရွှန်းလဲ့ထင်တဲ့အတွက်တော့ စိတ်ထဲမှာ ဖြေရခက်အောင် သောကတွေ ရောက်ခဲ့မှာပါပဲ။

အမှန်တော့ ရွှန်းလဲ့ရဲ့စေတနာကြောင့် အဲဒီလူရဲ့ဘဝ ချမ်းမြေ့သင့်သလောက် ချမ်းမြေ့ခဲ့ပါတယ်၊ ဒါပေမဲ့ ရွှန်းလဲ့က အဲဒီစေတနာအပေါ် နောင်တရနေပြီး 'ဒါဟာ အချစ်သူရဲကောင်း လုပ်ချင်တဲ့ ရှူးမူးတဲ့ စိတ်မျိုးပဲ"လို့ အခု မြင်နေတာပေါ့၊ ဒါဟာ ရွှန်းလဲ့ပြောသလိုလည်း ဟုတ်ကောင်းဟုတ်မှာပေါ့၊ ဒါပေမဲ့ ရွှန်းလဲ့ရယ်၊ အဲဒီတုန်းက အစ်ကိုတို့ဟာ အတော်ငယ်သေးတယ်၊ ငယ်သေးတော့ အဆုံးအဖြတ်တွေ မှားနိုင်တယ်၊ ဒါပေမဲ့ သူ့ရဲ့ကောင်းလုပ်ချင်တယ်ပဲ ပြောပြော၊ အရှူးထတယ်ပဲ ဆိုချင်ဆို၊ သေချာတာ တစ်ခုကတော့ အဲဒီစိတ်မှာ အတ္တကင်းတယ် ဆိုတာပါပဲ၊

အစ်ကိုမှာလည်း အဲဒီလို အရူးထတယ်ဆိုဆို၊ သူ့ရဲကောင်းလုပ်တယ် ပြောပြော၊ လွန်ကဲစိတ်နဲ့ ဆုံးဖြတ်ခဲ့တာမျိုးတွေ ရှိပါတယ်၊ အဲဒီထဲက တစ်ခုကိုပြောရရင် အဲဒီတုန်းက အစ်ကိုမှာ ချစ်သူမရှိခဲ့ပါဘူး၊ ဒါဆို အစ်ကို ဘယ်သူ့ကိုမှ မချစ်ခဲ့ဘူးလားဆိုရင် ဒီလိုတော့ မဟုတ်ဘူးထင်တယ်၊ ဒါဆို ဘယ်သူ့ကို ချစ်ခဲ့တာလဲဆိုရင်လည်း အစ်ကို မဖြေတတ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ အစ်ကိုဘာသာ အဲဒီမေးခွန်းကို တစ်ခါမှမေးမကြည့်ခဲ့လို့ဘဲ၊ ကိုယ်က ဒီမေးခွန်းနဲ့ဝေးအောင် စည်းခြားနေထိုင်ခဲ့တယ်။

တကယ်တော့ ကိုယ်လည်း လူငယ်ပီပီ ကိုယ်နဲ့ အထက်တန်းကျောင်းတက်ဖက်ထဲမှာ၊ တက္ကသိုလ်တက်ဖက်ထဲမှာ၊ ပြီးတော့ ကိုယ်ခင်တွယ်တဲ့ဝန်းကျင်များမှာ ကိုယ့်ကို စိတ်လှုပ်ရှားစေတဲ့ မိန်းကလေးတွေ ရှိခဲ့တာပါပဲ။ ဒါကို စည်းခြားနေထိုင်ခဲ့တယ်ဆိုတာ လွယ်လွယ်လေး လုပ်လို့ ရခဲ့တာမျိုးတော့ မဟုတ်ဘူး။ ဆင်ခြင်ခဲ့ရ၊ မျိုသိပ်ခဲ့ရ၊ တုံ့ဆိုင်းခဲ့ရ၊ ချုပ်ထိန်းခဲ့ရ၊ ဟန်ဆောင်ခဲ့ရ ဆိုတာမျိုး အများကြီးနဲ့ပါကွယ်။

ကိုယ့်မှာ လုပ်စရာတွေ ရှိနေတာ၊ ဒါကြောင့် ဒါတွေကို ရင်ဆိုင်ဖြတ်သန်းရာမှာ ကိုယ့် ဘယ်သူ့ကိုမှ မတွယ်တာမှသာ လွတ်လပ်မယ်လို့ ထင်ခဲ့တယ်။ ကိုယ်လုပ်သင့်တယ်ထင်တာတွေကို လုပ်ရာမှာ တစ်ယောက်ယောက်ကို ငြိတွယ်တဲ့

MEDIA GROUP
Asian Fame Media Group

စိတ်ကြောင့် တွန့်ဆုတ်မနေချင်သလို ကိုယ်ဆုံးဖြတ်လုပ်ကိုင်မှုက ဖြစ်လာနိုင်တဲ့ ဒုက္ခတွေကိုလည်း ဘယ်မိန်းကလေးကိုမှ မျှမပေးချင်လို့ပါ။ ဒါဟာလည်း အခုပြန်ကြည့်တော့ ရူးမိုက်တာတစ်ခု ဖြစ်ချင်ဖြစ်မှာပေါ့။

ဒါပေမဲ့ သမိုင်းမှာ အပြောင်းအလဲတစ်ခုခုအတွက် ပါဝင်ကြိုးပမ်းကြသူ အတော်များများမှာ အချစ်ရေးကိစ္စကို ဦးစားမပေးဘဲ နှလုံးသားကိုသော့ခတ်ထားတာတွေ ရှိခဲ့မှာပါပဲ၊ ဒီလိုဟာတွေကို ကိုယ်ဖတ်ဖူးသိဖူးပြီး အားကျလို့လုပ်ခဲ့မိတာမျိုးလည်း ဖြစ်ချင်ဖြစ်မယ်၊ ဘာပဲဖြစ်ဖြစ် ကိုယ်ပြောခဲ့သလိုပဲ အများ အတွက် ကောင်းစေချင်စိတ်နဲ့ ငယ်ရွယ်တဲ့ အလျောက် အလွန်အကျွံစိတ်ကူးယဉ်ပြီး ဆုံးဖြတ်မှားခဲ့ရင်တောင် ကိုယ်တို့မှာ အတ္တမပါဘူးဆိုတာကို ရွှန်းလဲ့ မြင် စေချင်တာပါ။

တကယ်တမ်းကျတော့ ကိုယ် ချက်နဲ့ကိုယ် ပြတ်သားတယ် ပြောပြော၊ ရူးတယ်မိုက်တယ်ပြောပြော နေဖြစ်ခဲ့တာလို့ ဆိုရမယ်၊ မိန်းကလေးတိုင်းနဲ့ ပတ်သက်ပြီး ကိုယ့်စည်းကလေးနဲ့ကိုယ် အခုလို ထိန်းသိမ်းနေမိခဲ့တာဟာ ရွှန်းလဲ့ဘက်ကကြည့်တော့ ရွှန်းလဲ့ကိုပဲ လူရာမသွင်းသလို၊ ဒါမှမဟုတ် တန်းတူ သဘောမထားနိုင်သလိုလို ဖြစ်ခဲ့တာ၊ ဒါမှမဟုတ် ရက်စက်စိမ်းကားတဲ့ပုံမျိုးဖြစ်ခဲ့တယ် ဆိုတာ ကိုယ်လုံးလုံး မသိခဲ့ပါဘူး၊ ဒါတွေကြောင့် ရွှန်းလဲ့စိတ်ထဲမှာ အားငယ်ခဲ့ရတယ်၊ ကိုယ့်ဘာသာ မယုံမကြည်ဖြစ်တယ်၊ ဒီကတစ်ဆင့် အသိအမှတ်ပြုမခံရတဲ့ နှလုံးသားကို စတေးပြီး ပေးဆပ်ခြင်းနဲ့သာ ကျေနပ်ရမယ့် ဘဝကို ရောက်သွားရတယ်ဆိုတာ အိပ်မောကျရာကနေ ကြိမ်နဲ့ရိုက်အနှိုးခံလိုက်ရသလို ဒီနေ့မှ ကိုယ်သိလိုက်ရတာပါ။

ကဲပါ . . . ရွှန်းလဲ့ရယ်၊ ဒါတွေ



**ရွှန်းလဲ့ပြောတာတွေ နားထောင်ရတာ အလွမ်းရုပ်ရှင် တစ်ခုကို ကြည့်ရသလိုပဲ၊ ဒီအထဲမှာ ကိုယ်တိုင်က ဇာတ်ကောင် ဖြစ်နေတော့ . . . .**

လည်း ခေတ်ကြီးကိုပြောင်းအောင် တစ်ယောက်တည်း လုပ်နိုင်ခဲ့တာ မဟုတ်ပါဘူး၊ ဘွဲ့ရပြီး အလုပ်ခွင်ထဲရောက်တဲ့အခါ ဆယ်စုနှစ်တစ်နှစ်လောက် အာဏာရပါတီထဲဝင်ပြီး ခေတ်ကြီးကို ကန့်လန့်တိုက်နေထိုင်တာကလွဲရင် ကိုယ်ဘာ နိုင်ငံရေးလှုပ်ရှားမှုမှ မလုပ်နိုင်ခဲ့ပါဘူး၊ အခြေအနေကလည်း မပေးဘူးလို့ ပြောချင်လည်း ရတာပေါ့လေ၊ နိုင်ငံရေး လှုပ်ရှားရုံမကဘဲ ကိုယ်က ဒီကာလမှာ အချစ်ကိုတွေ့ခဲ့တယ်၊ လက်ထပ်ဖြစ်ခဲ့တယ်။

ဒါဆို စောစောတုန်းကတော့ ကိုယ်အချစ်ကို မတွေ့တာလားဆိုတော့ တွေ့ရင်တောင် ကိုယ့်ဆုံးဖြတ်ထပ်မပြောချင်တော့ဘူး၊ ကိုယ်ပြောချင်တာက ရွှန်းလဲ့ရဲ့ အဲဒီကာလက ဆုံးဖြတ်ချက်ကို အခု ပြန်ကြည့်တော့ မိုက်လိုက်တာ ရူးလိုက်တာဆိုပြီး ရွှန်းလဲ့ တွေးသလိုမျိုး မတွေးစေချင်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ရွှန်းလဲ့ရဲ့ နှလုံးသားမှာ အဲဒီကာလက သူများကောင်းဖို့အတွက် အနစ်နာခံစတေးလိုက်ချင်တဲ့ မေတ္တာကလေး ကိန်းနေခဲ့တာဟာ အဖိုးအရမ်းတန်ပါတယ်၊ ကိုယ့်ပိုင်ဆိုင်နိုင်ခွင့်ကို စွန့်ပြီး သူများအတွက် လုပ်ပေးမယ်ဆိုတဲ့ စိတ်ကလေးကို ငယ်ရွယ်လို့ ရူးတာပဲလို့ တန်ဖိုးဖြတ်ရင် ရက်စက်ရာကျပါတယ် ရွှန်းလဲ့ရယ်။

ကိုယ်ကတော့ ကိုယ်ဆုံးဖြတ်နေထိုင်ခဲ့တာကို စိတ်ကူးယဉ်တာပဲလို့ ကိုယ့်ဘာသာမြင်ရင်တောင် ရူးတာပဲလို့တော့ မပြောချင်ဘူး၊ အခု အချိန်မှာ ဒါကို နောင်တစိတ်နဲ့ ပြန်တန်ဖိုးဖြတ်ရင် ကိုယ်တို့ရဲ့ အတ္တကင်းပြီး အများအတွက်၊ ဒါမှမဟုတ် သူများအတွက် အနစ်နာခံလိုက်မယ် ဆိုတဲ့စိတ်ကလေးရဲ့ ပတ္တမြားရောင်တောက်နေတဲ့ တန်ဖိုးကို နှံ့ထဲ နှစ်လိုက်သလို ဖြစ်သွားလိမ့်မယ်။

ကိုယ်ရဲ့ အဲဒီတုန်းကကာလကို ပြန်ကြည့်တော့ "ဒါငါလုပ်ရမယ့်ဟာပဲ၊ ကျန်တာတွေကို ငါစဉ်းစားလို့ မဖြစ်ဘူး" ဆိုပြီး သူ့ကိုယ်သူ ဇွတ်တားနေတဲ့ ကောင်လေးတစ်ယောက်ကို မြင်ရတယ်၊ ရွှန်းလဲ့လည်း အဲဒီကာလကိုပြန်ကြည့်ရင် "ငါတစ်ကိုယ်ကောင်းဆန်လို့ မဖြစ်ဘူး၊ အနစ်နာခံရမယ်" လို့ မျက်ရည်စက်လက်နဲ့ ဆုံးဖြတ်နေတဲ့ မိန်းကလေး တစ်ယောက်ကို မြင်ရလိမ့်မယ်၊ သူတို့ကို သူများတွေက ရူးတာမိုက်တာလို့ ပြောချင်ပြောကြပါစေ၊ ကိုယ်တို့က ကိုယ့်ဘာသာ မပြောကြရအောင်။

ဘာဖြစ်လို့လဲဆိုတော့ ရွှန်းလဲ့က ဒီကာလအကြောင်း ပြန်ပြောဖို့ အရမ်းခက်သလို ကိုယ်ဆိုလည်း ဘယ်သူ့ကိုမှ အခု ပြန်မပြောရဲခဲ့ပါဘူး။ နားထောင်မယ့် သူတွေက ရူးပါ့ကွာလို့ ပြောနိုင်တယ်ဆိုတာ ကိုယ်တို့သိနေတာကိုး။ ဒါပေမဲ့ ဒီလို

Asian Fame Media Group



ဆုံးဖြတ်ချက်တွေကို ရှုးရှူးမိုက်မိုက် လုပ်ခဲ့တာလား၊ အကြိမ်ကြိမ်စဉ်းစား ပြီးမှ လုပ်ခဲ့ကြတာလားဆိုတာ ကိုယ်တို့တွေ အသိဆုံးပဲ၊ ဘာဖြစ်လို့ ကိုယ့်ဘာသာ ရက်ရက်စက်စက် တန်ဖိုးဖြတ်ရမှာလဲ။

ဒီလိုနည်းနဲ့သာ ကိုယ်တို့ဟာ ကိုယ်တို့ရဲ့ငယ်ဘဝက ပထ္တမြား ရောင်နှလုံးသားကို တစ်ဘဝလုံး အတွက် သယ်ဆောင် နိုင်လိမ့်မယ်၊ ဘဝမှာက အများအတွက် လုပ်စရာ တွေ လူသိသည်ဖြစ်စေ၊ မသိသည် ဖြစ်စေ အနစ်နာခံလုပ်စရာတွေက ရှိနေဦးမှာ ရွှန်းလဲ့ရေ အဲဒီလိုကိစ္စ မျိုးတွေကြုံလာတိုင်း တို့ငယ်ငယ် ကတည်းက အခုလို အနစ်နာခံဖူးခဲ့ တာပဲ ဆိုတာက ကိုယ်တို့ကို အားမာန်ဖြစ်စေပါလိမ့်မယ်။

ရွှန်းလဲ့က ငယ်ငယ်တုန်းက ဆုံးဖြတ်ခဲ့တာရဲ့ အကျိုးဆက်တွေ ကြောင့် ကိုယ့်ဘာသာမှားတယ်လို့ ထင်နေတယ်ဆိုရင် ကိုယ့်မှာလည်း နောင်တရစရာတွေ အတော်များ လိမ့်မယ်၊ ဘာကြောင့်ဆိုတော့ ရွှန်းလဲ့ရဲ့အမှားဟာ ကိုယ့်ဆီက မြစ်ဖျားခံလာတာမို့ပဲ၊ ကိုယ်သာ စိတ်ကူးယဉ် ဆုံးဖြတ်ခဲ့တာမျိုး မရှိ ရင် ရွှန်းလဲ့မှာ အခုလို ဆုံးဖြတ်စရာ အကြောင်း မရှိလို့ပါဘဲ။ ဒီတော့ ဒီလိုသာ ပြောကြစတမ်းဆိုရင် ရွှန်းလဲ့ရဲ့မိသားစု စိတ်ဆင်းရဲတာ၊ ရွှန်းလဲ့တစ်ဘဝလုံး စိတ်ဆင်းရဲရ တာတွေဟာ ကိုယ့်ကြောင့်လို့ပဲ ကိုယ့်ဘာသာ အပြစ်တင်ရတော့မလို ဖြစ်နေပါတယ်။

ဘာပဲဖြစ်ဖြစ် ငယ်ငယ် တုန်းကတည်းက အနစ် နာခံတတ်တဲ့ နှလုံးသား လေးရဲ့ ပိုင်ရှင်ဟာ ညိုလဲ့ ရည်အဖို့ အားမာန်ဖြည့် ပေးမယ့် မီးခင်ကောင်းအ ဖြစ် ဆက်ပြီး ရပ်တည်သွား မှာဆိုတာ အစ်ကို ယုံကြည် ပါတယ်။

ဒါကြောင့် ကိုယ့်ကို နောင်တ နှံ့ထဲနစ်ပြီး စိတ်ဆင်းရဲရတဲ့အဖြစ် မျိုးနဲ့ ခံစားရှင်သန်နေရတာမျိုး ရွှန်းလဲ့ဖြစ်စေချင်မှာ မဟုတ်ဘူး ထင်ပါတယ်။ ဒါကြောင့် ကိုယ်တို့ ငယ်ဘဝ နှလုံးသားလေးတွေရဲ့ ပထ္တမြားရောင်စဉ်လေးတွေကို မြင် အောင် ကြည့်ကြရအောင် ညီမလေး ရယ်၊ ပြီးတော့ ဒီအတွက် ဘယ်သူ့ ကိုမှ ထုတ်ပြောလို့မရတဲ့ ဂုဏ်ယူခြင်း မျိုးနဲ့ ကိုယ့်ဘာသာအတွက် အားမာန် တွေ ကိုယ်တိုင်တွေ မွေးကြရ အောင်၊ ကိုယ်တို့လိုပဲ ငယ်ဘဝ ကလေးမှာ အဖေဆုံးသွားလို့ လမ်း ပျောက်သွားရတဲ့ သမီးလေးညိုလဲ့ ရည်ရဲ့ ဘဝကလေးကို လည်း နောင်တနှံ့ထဲ အနစ်မခံဘဲ ကိုယ်တို့ ဝိုင်းဆယ်ပေးကြရအောင်၊ ညိုလဲ့ ရည်ကလေးရဲ့ဘဝ အရောင်တောက် လာတဲ့အခါ ရွှန်းလဲ့ပေဖေနဲ့မေမေရဲ့ မြေးကလေးအဖြစ် သူတို့ဂုဏ်ကို လည်း ဆောင်နိုင်ပါလိမ့်မယ်။

ဘာပဲဖြစ်ဖြစ် ငယ်ငယ်တုန်း ကတည်းက အနစ်နာခံတတ်တဲ့ နှလုံးသားလေးရဲ့ပိုင်ရှင်ဟာ ညိုလဲ့ ရည်အဖို့ အားမာန်ဖြည့်ပေးမယ့် မီးခင်ကောင်းအဖြစ် ဆက်ပြီး ရပ်တည်သွားမှာဆိုတာ အစ်ကို ယုံကြည်ပါတယ်။ ဒီအတွက် အစ်ကို ကလည်း တတ်နိုင်တာကို ကူညီလုပ် ကိုင်ပေးချင်ပါတယ်။ ဒီနည်းနဲ့သာ အစ်ကို့နှလုံးသားလေးကို ပါ နောင်တနှံ့ထဲက ဆယ်ခွင့်ရမှာမို့ ဒီအခွင့်အရေးအတွက် အစ်ကိုက ဝမ်းသာ ကျေးဇူးတင်ကြောင်းပါ ပြောပါရစေကွယ်။ ရွှန်းလဲ့ကို ငယ်ငယ်ကလို ပျော်စေချင်တဲ့ . . .

အစ်ကို

♦

ရွှန်းလဲ့ ဆီရေးခဲ့သော စာ အတွက် ရွှန်းလဲ့ဆီက ပြန်စာကိုတော့ မျှော်မိပါသေးသည်။ အဲဒီကာလမှာ စာတိုက်ကစာတွေ အရင်လောက် မလာတော့ပေမယ့် အွန်လိုင်း ယဉ်ကျေးမှု မထွန်းကားသေးတာမို့ စာတိုက်နှင့်ဆက်သွယ်ရေး ရှိနေပါ သေးသည်။ ရွှန်းလဲ့အနေဖြင့် ဆို လည်း စာတိုက်ကပဲ စာပြန်မှာ ဖြစ်ပါသည်။ ကိုယ့်လိပ်စာကိုလည်း ရွှန်းလဲ့ကိုရေးသည့်စာရဲ့ စာအိတ် ပေါ်မှာ ထည့်ပေးလိုက်တာမို့ တမျှော်မျှော်ဖြစ်ခဲ့ပေမယ့် ရွှန်းလဲ့ ဆီက ပြန်စာမရပါ။

ကျောင်းတုန်းကလည်း နောက် ဆုံးနှစ်မှာ သူ့ဆီစာရေးလိုက်ပြီး ပြန်စာမရတာကို သတိရမိသည်။ မကြာခင် သူ ညိုတောင့်နောက် လိုက်သွားခဲ့သည်လေ။ အခုတော့ ဘယ်သူ့နောက်မှ ထပ်မလိုက်တန် ကောင်းပါဘူးဟုတွေးရင်း ကိုယ့် ဘာသာ ပြုံးမိသည်။

ရွှန်းလဲ့နှင့်ပက်သက်ပြီး ကိုယ် ခံစားသိရှိလာရသမျှကို ရန်ကုန် ရောက်ပြီးမကြာမီ စိမ့်ကို ပြန်ပြောပြ သည်။ စိမ့်က ကိုယ့်ရဲ့အတောင်း အဆိုးမှန်သမျှကို ခွဲဝေခံစားတတ်သူ လေ၊ ပြီးတော့ ရွှန်းလဲ့နှင့်ကိုယ်နှင့် အကြောင်းကို ကိုယ့်ဘက်က အမြင် ဖြင့် သာသိထားသူမို့ အမှန်ကို ပြောပြဖြစ်ရင်း ရင်ဖွင့်မှုဝေမိတာ လည်း ဖြစ်သည်။

"ဖြစ်မှဖြစ်ရလေ အစ်ကိုရယ်၊ ရွှန်းလဲ့ကို သနားလိုက်တာ၊ ငယ်ငယ် တုန်းက ပြုံးနေတတ်တဲ့ သူ့မျက်နှာ လေးကို မျက်စိထဲ ပြန်မြင်ယောင် တယ်" ဟုဆိုရင်း စိမ့်က မျက်ရည်ဝဲ နေသည်။

မကြာခင်တော့ မန္တလေးကို ပြန်ရောက်သွားသော ညိုလဲ့ရည် ထံက ဖုန်းရသဖြင့် ကိုလှကောင်းနှင့် ဆက်သွယ်ပေးလိုက်ရသည်။ ကိုလှ ကောင်းကိုလည်း ကုန်ကျနိုင်မည့် ပမာဏကို ပွင့်ပွင့်လင်းလင်း မေးရ သည်။

"ဒီမှာ ကိုယ့်လူ၊ ကျုပ်သင်တန်း မှာတော့ ခင်ဗျားပြောတဲ့ အလကား မတ်တင်းရေးနဲ့ သင်ပေးမယ်ဗျာ၊ လက်ဖက်ရည်ဖိုး၊ မုန့်ဖိုးတော့ မပါ ဘူးပေါ့နော်၊ အဲ အခြေခံပရိုဂရမ် ရေးတာသင်ပြီးရင်တော့ အပ်ဖိုင်တီ တို့လို တခြားသင်တန်းမှာ ဆက် သင်ဖို့ အပ်ပေးရလိမ့်မယ်"

"ကဲပါဗျာ၊ ခင်ဗျားအတွက် ကိုတော့ အစကတည်းက ပေးဖို့မရှိ တော့ ထည့်မပြောနဲ့ဗျာ၊ နောက်ထပ် ခင်ဗျား အဆက်အသွယ်နဲ့ အသက် သာဆုံးနှုန်းနဲ့ ကျောင်းဆက်အပ်ရင် အနည်းဆုံး ဘယ်လောက်ကုန်မလဲ၊ အဲဒါပဲ ပြောဗျာ"

"ဟုတ်ပါပြီ ဟုတ်ပါပြီ၊ သူကပဲ မာရေကျောရေနဲ့၊ ကဲပါ . . . နောက် ထပ်တစ်နှစ်နီးနီးဆို အက်ဒ်ဗန့်စ်ကိုစ် အထိ သင်လို့ရမယ်၊ ပိုက်ဆံကတော့ တစ်သိန်းအောက်ပဲ ကုန်မယ်၊ တစ်သိန်းပဲထားဗျာ၊ ဒါပေမဲ့ ပရိုဂရမ်သင်သူနဲ့ ပရိုဂရမ်ရေးသူက တခြားစီ၊ ဒီတော့ လက်တွေ့ပရိုဂရမ် ရေးနေတဲ့ ဈေးကွက်ကလည်း မန္တလေးမှာ သိပ်မများဘူးလေ၊ ဘာပဲဖြစ်ဖြစ် လက်တွေ့ရေးနေတဲ့ ဆရာတစ်ယောက်ဆီမှာ လက်တွေ့ ရေးဖို့အပ်ပေးမယ်၊ အားလုံး တစ်သိန်းခွဲဆို အဆင်ပြေပြီ၊ အဲဒါ ခင်ဗျား ဘယ်လိုလုပ်ချင်လဲပြော"

"အင်း. . ၊ ဘယ်လိုလုပ်မလဲ ဆိုတော့ ဒီလိုဗျာ၊ တစ်သိန်းခွဲကို ခင်ဗျားသင်တဲ့ ခြောက်လကုန်တာနဲ့ ပေးမယ်ဗျာ၊ ဒီထက်စောနိုင်ရင် လည်း စောမယ်၊ နောက်ပိုင်း လိုရင် တော့ ခင်ဗျားဘာသာ ကြည့်လုပ် ပေါ့"

"ပြောလိုက်ရ မကောင်းဘဲ နေတော့မယ်၊ ကြည့်လုပ်ဆို ကြည့် လုပ်လိုက်မယ်၊ နောက်တော့ အဆိုး မဆိုနဲ့"

"ဩော် ဆရာကလည်း ဒေါသ ချည်းပဲ၊ ဆရာက ဆရာပါဆရာရယ်၊ နောက်ထပ်လိုပြန်တော့လည်း အဲဒီ တော့မှ စဉ်းစားတာပေါ့၊ အခုတော့ ကျွန်တော် ခြောက်လအတွင်း တစ်သိန်းခွဲ ပို့ပေးလိုက်မယ်"

"အေးပါ စိတ်ချ စိတ်ချ၊ ခင်ဗျားပစ္စည်းလေးကို ကိုယ့်ပစ္စည်း လို ဂရုစိုက်လိုက်ပါမယ်"

"ဟော့လူ မဟုတ်တာတွေ

Asian Fame Media Group
MEDIA GROUP

မပြောနဲ့နော်၊ ငရဲကြီးကုန်မယ်၊ ကျုပ်ပစ္စည်းမဟုတ်ပါဘူးဗျ"

"အမယ် ငရဲတကယ်မကြောက်ဘဲ ကြောက်ချင်ယောင်ဆောင်နေပြန်ပြီ၊ မနက်က ခင်ဗျားဟာလေး လာသွားပါတယ်ဗျာ၊ သမီးမြင်တာနဲ့ အမေ့ကို မှန်းကြည့်ရင်း ဪ ကိုယ့်လူ ဒါကြောင့် ဒီလောက်ဖြစ်နေသကိုးလို့ တွေးမိပါရဲ့"

"ဟာ. . . ဟေ့လူ၊ တော်ပြီ၊ တော်ပြီ၊ ခင်ဗျား မဟုတ်တာတွေ ပြောတော့မယ်"

"မပြောပါဘူးဗျာ၊ တစ်သိန်းခွဲတော့ တန်လောက်ပါတယ်လို့ ပြောမလို့ပါ"

"တော်ပါတော့ ဆရာရယ်၊ ဒီတစ်ခါတော့ ဆရာ့ကို အရှုံးပေးပါတယ်နော်. . နော်၊ ကူညီတဲ့အတွက်လည်း ကျေးဇူးပါ ခင်ဗျ၊ ကျေးဇူးပါ"

ဖုန်းချလိုက်ပြီးမှ အမြဲစကားပြိုင် အနိုင်ရနေကျ ကိုလှကောင်းကို အရှုံးပေးလိုက်ရပေမယ့် ကိုယ်ပြုံးနေဖြစ်သည်ကို ကိုယ့်ဘာသာ သတိထားလိုက်မိသည်။ ပြောသာပြောရသည် တစ်သိန်းခွဲကို ဘယ်လိုပေးရမည်ကို ကိုယ် စဉ်းစားမရသေး။

တစ်ပတ်လောက်ကြာတော့မှ စိတ်ကူးတစ်ခု ပေါ်လာသည်နှင့် ကိုယ့်ဝတ္ထုတိုပေါင်းချုပ်ကို ထုတ်ဝေပေးခဲ့သော ထုတ်ဝေသူ ဆရာဦးလှနိုင်ထံ အကူအညီတောင်းဖို့ ဆုံးဖြတ်ခဲ့သည်။ ဆရာ့ကို ဖုန်းဆက်ပြီး အကျိုးအကြောင်းပြောပြကာ လိုနေသော ငွေတစ်သိန်းခွဲကို ဆရာကစိုက်ပေးပြီး တစ်နှစ်အတွင်း ကိုယ်က အကျေပြန်ဆပ်ပေးမည့်အကြောင်း ပြောပြပါသည်။ ဆရာက ပိုက်ဆံလည်းတတ်နိုင်၊ ကူလည်းကူညီလိုစိတ်လည်း ရှိသူမို့ အလွယ်တကူပင် သဘောတူပါသည်။ သဘောတူရုံတင်မက

"ရပါတယ်ဆရာ၊ ကူညီရမှာပေါ့။ ဆရာလည်း ကောင်းတာလုပ်တဲ့ကိစ္စပဲ၊ ပညာဒါန လုပ်ပေးရတယ်ဆိုတာ ကျွန်တော်လည်း စိတ်ဝင်စားပါတယ်၊ တကယ်တော့ ကျွန်တော် အားလုံး စိုက်ပေးလိုက်လည်း ရပါတယ်၊ ဒါပေမဲ့ ဆရာ့အလှူကျွန်တော်ဝင်ယူလို့ ဘယ်ဖြစ်မလဲ၊ ဒီတော့ ဒီလိုလုပ်ပါဆရာ၊ ကျွန်တော် ငါးသောင်းစိုက်လိုက်ပါမယ်။ ကျွန် တစ်သိန်းကို အများဆုံးတစ်လ တစ်သောင်းလောက်နဲ့ ဆရာ အဆင်ပြေသလို ပြန်ဆပ်လိုက်ပါ၊ ဒါဆို ဖြစ်မလားဆရာ"

"ဟာ ဖြစ်တာပေါ့ဆရာရယ်၊ ကျွန်တော် တစ်နှစ်အတွင်း အကျေပြန်ဆပ်ပေးပါမယ်ဆရာ၊ ဒါဆို အရမ်းအဆင်ပြေ သွားပါပြီ"

ဒီလိုနည်းဖြင့် ညီလုံ့ရည်ပညာဆက်သင်ရေးမှာ ပြေလည်



သွားသည်။ သူကလည်း သူ့အလုပ်ထဲမှ မကြာခဏ ကျွန်တော့်ထံ ဖုန်းဆက်ပါသည်။ အွန်လိုင်းက နေရင်း စာအပြန်အလှန် ရေးဖြစ်ပါသည်။ ဦးလှကောင်းဆီမှာ သင်ရတာ အဆင်ပြေကြောင်းနှင့် ဆရာက ဂရုစိုက်ကြောင်းများ ပြောပါသည်။

ကျွန်တော်ကလည်း သူ့ကို ကွန်ပျူတာ ပရိုဂရမ်မာကောင်းတစ်ယောက်ဖြစ်အောင် ကြိုးစားဖို့ အမြဲအားပေးခဲ့သည်။ မြေမလို၊ လုပ်အားမလို၊ ပညာရှင် တစ်ဦးချင်းဖြင့် နိုင်ငံခြားငွေ ရှာနိုင်သော ဆော့ဖ်ဝဲခေါ် ကွန်ပျူတာပရိုဂရမ်ရေးသည့် အလုပ်ကို ကျွန်တော်တို့နိုင်ငံက မလုပ်နိုင်ဘဲ နောက်ကျကျန်ခဲ့ပုံ၊ အိန္ဒိယက ယင်းဈေးကွက်ကို ရယူထားပြီး ငွေရှာနိုင်ပုံများကိုလည်း ပြောပြဖြစ်ပါသည်။

"သမီးက ကိုယ်တိုင်လည်း ပရိုဂရမ်မာကောင်း ဖြစ်အောင် လုပ်ရမယ်။ ပြီးတော့ အဲဒီဈေးကွက်မျိုး တစ်နေ့ တို့တိုင်းပြည်က ထိုးဖောက်နိုင်ရမယ်ဆိုတာမျိုး ဆုံးဖြတ်ချက် ရှိရမယ်။ သမီးကိုယ်တိုင် နောက်ထပ် ပရိုဂရမ်မာကောင်းတွေမွေးထုတ်ပြီး ကိုယ်တိုင်ရော နိုင်ငံအတွက်ပါ ငွေရှာပေးနိုင်သူ ဖြစ်ရမယ်လို့ ရည်ရွယ်ထားရမယ် သမီး"

"ဟုတ်ကဲ့ဦး သမီး မှတ်ထားပါမယ်"ဟု ဆိုသည်၊ ကိုယ်က ဈေးကွက်ထိုးဖောက်ဖို့ဆိုသည်မှာ ကွန်ပျူတာ ပရိုဂရမ် ရေးသည့်ပညာ တစ်ခုတည်း တတ်ရုံဖြင့် မပြီးဘဲ ကိုယ့်ကို အလုပ်အပ်မည့် နိုင်ငံများမှ စနစ်များ၊ လုပ်ငန်းလုပ်ဆောင်ပုံများကိုပါ သိထားမှသာ ရေးနိုင်မည့်အကြောင်းလည်း ပြောပြဖြစ်ပါသေးသည်။

"ဥပမာ သမီးရယ်၊ အာမခံစနစ်တို့လို အခွန်စနစ်တို့လို၊ ပြီးတော့ ဈေးသတ်မှတ်တဲ့ ပရိုဂရမ်မျိုး ရေးမယ်ဆိုရင် ရောင်းခွန်ကို ရောင်းသူကပေးမှာလား၊ ဝယ်သူကပေးမှာလားဆိုတာမျိုး၊ ပြီးတော့ ဒယ်ယ်ဘယ်လ်တက်စ်လို့ ခေါ်တဲ့ အခွန်နှစ်ထပ်ကောက်တာမျိုး မဖြစ်ရဘူး ဆိုတာမျိုး. . ."

"အဲဒီလောက်တော့ သမီးမဖြစ်နိုင်ဘူး ထင်တယ်ဦးရဲ့၊ သမီးက အဲဒီလောက်မတော်ဘူး"

"ဘာလို့မဖြစ်ရမှာလဲ၊ အဲဒါက ဟိုအဝေးကြီးမှာ၊ နောက်ထပ် သမီး ထပ်တက်ရမယ့် အဆင့်တွေမှာ အဲဒါတွေကို မစဉ်းစားနဲ့၊ သမီး အခုသင်တန်းမှာပဲ ထူးချွန်အောင် လုပ်၊ အဲဒါဆိုရင် အဲဒီဟာတွေရဲ့ ပထမလှေကားထစ်ကို ရောက်တာနဲ့ အတူတူပါပဲ"

"ဟုတ်ကဲ့ပါဦး၊ သမီးကို အခုလို ပြောပြပေးတာ ကျေးဇူးတင်ပါတယ်"

"ကျေးဇူးတင်စရာ မလိုပါဘူးကွာ၊ သမီးပဲ ဦးရဲ့သမီး လုပ်မယ်ဆို"

"ဟုတ်တယ်ဦး လုပ်မှာ၊ လုပ်မှာ"

"ဒါဆိုဖြစ်ရမှာပေါ့၊ ကဲ. . . လိုတာရှိရင် ဦးဆီဖုန်းဆက်နော်၊ သင်တန်းကြေးကိုတော့ ဦး ကြည့်စီစဉ်ပေးမယ်၊ ဟုတ်ပြီလား"

"ဟုတ်ကဲ့ ဦး သင်တန်းကြေးက သမီးသိသလောက် ဆရာ့သင်တန်းမပါဘဲ တစ်သိန်းခွဲလောက်ဆိုတော့ ဦး တာဝန်ကြီးနေမလား စိတ်ပူတယ်"

"စိတ်မပူပါနဲ့ သမီးရယ်၊ အဲဒီ တစ်သိန်းခွဲမှာ ဦးရဲ့ထုတ်ဝေသူ ဆရာဦးလှနိုင်က ငါးသောင်း ပညာဒါန ထည့်ဝင်တယ်၊ အဲဒါလေးတော့ သမီးမှတ်ထားပေါ့၊ ကျန်တဲ့တစ်သိန်းကလည်း ဒီလိုပဲ ဦးရဲ့အသိုင်းအဝိုင်းနဲ့ အဆင်ပြေ သွားမှာပါ မေမေကိုတော့ ဘာမှမပြောနဲ့နော် မေမေ စိတ်ပူနေမယ်"

"ဟုတ်ကဲ့ ဦး ဟုတ်ကဲ့၊ သမီးလည်း အောင်မြင်အောင် ကြိုးစားပါ့မယ်"

**မောင်လွင်မွန်(ကသာ)**

**ရှေ့လဆက်ရန်**

Asian Fame Media Group

# ဝေဖန်ရေးသည် အကောင်းဆုံး ဝန်ဆောင်မှုဖြစ်သည်

## ဒါရိုက်တာ ကုသိုလ်၏ 'အိမ်ဖော်'




**မောင်အိမ်စံ**

(၁)

မြန်မာဝတ္ထုများတွင် အိမ်ဖော်နှင့်ပတ်သက်ပြီး ရေးသားသောဝတ္ထုများ အများကြီးရှိသည်။ တချို့က အိမ်ဖော်ဘက်က ရပ်တည်ရေးပြီး တချို့ကျတော့ အိမ်ဖော်မကောင်းကြောင်းကို ပျစ်ပျစ်နှစ်နှစ်ရေးသည်။ မလှစုန်းယိုး၊ မရှိခိုးနိုး ထင်ကြသည်။

ယခု မောင်မောင်မြင့်သိန်း၏ အိမ်ဖော် ထားမေကမူ မရှိသော်လည်း အကျင့်သီလရှိသည်။ စိတ်ထားဖြူစင်သည်။ အထက်လွှာမှ ဂုဏ်ကြီးရှင်ဒေါ်ခင်မေကြီး (မြင့်မြင့်ခိုင်)၏ သား ကောင်းမြတ်(သူထူးစံ)၏ အကူအညီတောင်းမှုကို သူ့ဘဝတစ်ခုလုံးထိုးအပ်ပြီး ကူညီခဲ့သည်။ ထိုကူညီမှုအတွက် သူ့ဘဝတစ်ခုလုံးစာ ငွေကြေးများပေးအပ်ခဲ့သော်လည်း မယူခဲ့။ ထိုအခါ နေရှင်လူတန်းစား၏ အမြင်သည် တက်တက်စင်အောင် လွဲမှားသွားခဲ့သည်။ ဤဇာတ်ကားသည် ထားမေကဲ့သို့ ကျေးလက်မှ မိဘမဲ့၊ ခိုကိုးရာမဲ့ မိန်းမပျိုတစ်ဦး၏ ရင်ကိုခွဲပြထားသည့် ဇာတ်လမ်းဖြစ်သည်။

(၂)

ဘွားဘွားကြီး ဒေါ်မြင့်မြင့်ခင်တွင် သမီးနှစ်ယောက်ရှိသည်။ အကြီးမှာ ဒေါ်ခင်မေကြီးဖြစ်ပြီး အငယ်မှာ ဒေါ်နု (သီဂီတ္တ)ဖြစ်သည်။ သူတို့နှစ်ဦးမှာ အမျိုးဂုဏ်၊ မနဂုဏ် မော်ပြီး အိမ်မှ လုပ်သားများအပေါ် နှိမ့်ချဆက်ဆံသည်။ ယုံကြည်မှု မရှိ။ မိမိကြောင့်ဖြစ်သည့် လက်စွပ်ကိစ္စနှင့် ပတ်သက်ပြီး အိမ်ဖော်တစ်ဦး ဖြစ် သည့် ဧအေးတင်ကို သံသယဝင်သည်။ သို့နှင့်ပင် သူခိုးဟု ယိုးစွပ်ကာ ရဲလက်သို့အပ်သည်။ မိခင်ကြီး နေမကောင်းသဖြင့် မိခင်ကြီးအား ပြုစုရန် အိမ်ဖော်ပွဲစား ဒေါ်မြိုင်မှ တစ်ဆင့် ကျေးလက်မှ မိဘမဲ့ ထားမေကို ခေါ်လိုက်သည်။ ဒေါ်မြင့်မြင့်ခင်သည် ထားမေနှင့်ထိတွေ့ရာမှ ထားမေ၏ ရိုးသားပွင့်လင်းမှုကို သိရှိလာကာ အလွန်ချစ်ခင်၊ သံယောဇဉ် ရှိလာခဲ့သည်။ ထားမေအဖို့၌လည်း တစ်ကောင်ကြွက်၊ ခိုကိုးရာမဲ့ ဘဝမို့ ဘွားဘွားကြီးကို ပြုစုရင်း ဤအိမ်ကြီးတွင် နေတော့မည်ဟု ဆုံးဖြတ်ထားသည်။ ထိုစဉ် ဒေါ်ခင်မေကြီး၏ တစ်ဦးတည်းသောသား ဖြစ်သူ ကောင်းမြတ် နိုင်ငံခြားမှရောက်လာသည်။

ကောင်းမြတ်နှင့်ရတနာတို့သည် ကောင်းမြတ် နိုင်ငံခြားမှ ပြန်လာလျှင် လက်ထပ်မည်ဟု စီစဉ်ထားကြသည်။ နှစ်ဖက်မိဘများ သဘောတူကြရုံမျှမက၊ သူတို့အချင်းချင်းကလည်း ချစ်သူများဖြစ်နေကြသည်။ ကောင်းမြတ်သည် အကျင့်သီလကောင်းသည်။ သစ္စာရှိသည်။ ရိုးသားသန့်ရှင်း

Asian Media Group

သည်။ ရတနာအဖို့ကမူ ကောင်းမြတ်နှင့်မိဘများသဘောတူမစီစဉ်မီကပင် သူမတွင် ချစ်ဦးသူရှိသည်။ ကောင်းမြတ်ကသူနိုင်ငံခြားမှ ပြန်လာသည်ကို ရတနာအံ့သြသွားစေရန်၊ အကြောင်းမကြားဘဲ ရောက်ပြီးမှ ရတနာရှိရာ စားသောက်ဆိုင်သို့ သွားခဲ့ရာ ရတနာနှင့်သူချစ်သူသန်းထိုက်တို့ ဖက်နမ်းနေသည်ကို မြင်တွေ့လိုက်ရသည်။ ကောင်းမြတ်လွန်စွာထိခိုက်ကြေကွဲပြီး ရတနာကိုလက်စားချေရန်၊ အိမ်ဖော်ထားမေကို ချစ်သူအဖြစ် ဟန်ဆောင်၊ နောက်ဆုံး လက်ထပ်ပွဲကိုထားမေနှင့် ပြုလုပ်လိုက်သည်။ လက်ထပ်ပွဲတွင် ရတနာရောက်လာသည်။ ကြေကွဲထိခိုက်ရသည်ကို မြင်ရသဖြင့် ကောင်းမြတ်ကျေနပ်ဝမ်းမြောက်သည်။ လက်ထပ်ပွဲအပြီး ထားမေကို ယခုကဲ့သို့ကူညီသည့်အတွက် ကျေးဇူးတုံ့ပြန်သည့်အနေဖြင့် Bank Cheque တစ်စောင်ပေးခဲ့သည်။ ခင်မကြီးနှင့် သူက ထားမေရှိနေလျှင် ဇယားရှုပ်လာမည်စိုးသဖြင့် ထားမေကို ရွာပြန်ခိုင်းသည်။ မိခင်ကြီး ဒေါ်မြင့်မြင့်ခင်က လက်မခံ၊ သို့သော် ထားမေပြန်ရန် ဆုံးဖြတ်ပြီး အိမ်ကအထွက်တွင် ကောင်းမြတ် ရောက်လာသည်။ သူတို့နှစ်ဦးပြေလည်ပြီး ဇာတ်ပေါင်းသည်။

(၃)

ကျေးလက်မှ မြို့တော်ကြီးသို့လာပြီး အိမ်ဖော်လုပ်ကြသူမိန်းကလေး အများအပြား ရှိသည်။ ထိုသို့လာရောက်အလုပ်လုပ်ကြသည့် မိန်းကလေးများသည် လုပ်ချင်၍လုပ်ရသည် မဟုတ်။ ဘဝကိုက လုပ်မှဖြစ်မည့်အခြေအနေမျိုးကြောင့် လာလုပ်ရသူများသာဖြစ်သည်။ မောင်မောင်မြင့်သိန်းသည် ထိုမိန်းကလေးများ၏ ကိုယ်စားလှယ်အဖြစ် ထားမေကို ရွေးချယ်သည်။ ကုသိုလ်သည် သူ့အတတ်ပညာဖြင့် အရုပ်များကို အသက်သွင်းရိုက်ကူးပြသည်။ ထိုအခါ ထားမေသည် ငွေမှလွဲ၍ အရာရာ ချမ်းသာသူ တစ်ဦးဖြစ်လာခဲ့ပါ၏။

သည်ကဲ့သို့ ဇာတ်လမ်းမျိုးသည် ဤလောကထဲတွင် သိပ်မရှိနိုင်။ သို့ရာတွင် အိမ်ဖော်မလေး ထားမေကဲ့သို့ ဖြူစင်ရိုးသားသော အိမ်ဖော်များကမူ ဤလောက၌ ရှိနေပါ၏။ ကောင်းမြတ်သည် ထားမေ၏အခြမ်းသို့ ရိုးသားစွာ မကြည့်ဖြစ်ခဲ့။ အောင်သော်(ဇင်မျိုး) ပြောပြသောအခါမှ သူနှင့်ချစ်သူအဖြစ်၊ လင်မယားအဖြစ် သရုပ်ဆောင်ရစဉ်၊ နှလုံးသားပါသည်ကို သိမြင်လာသည်။ ထိုအခါ မူလက စိတ်သဘောထားကောင်းသူ တစ်ဦးဖြစ်၍ ထားမေကို အမှန်တကယ် လက်ထပ်လိုက်သည်။ ထားမေသည် စက်ရုပ်တစ်ရုပ် မဟုတ်။ ကောင်းမြတ်နှင့်မတွေ့ရခင်ကတည်းက ဘွားဘွားကြီးနှင့် အိမ်မှအလုပ်သမားများ အားလုံးပြောပြချက်အရ ကောင်းမြတ်သည် စိတ်သဘောထား နူးညံ့သိမ်မွေ့သူဟု သိထားသည်။ ရတနာကိုစွဖြင့် ခံစားပြီး အရက်ချည်းသောက်နေသည်ကို မြင်ရသောအခါ သနားစိတ်ဝင်လာသည်။ ထို့ကြောင့်ပင် ကောင်းမြတ်ကို စိတ်ပါလက်ပါ အကူအညီပေးခဲ့သည်။

(၄)

ရတနာဖောက်ပြန်သည်ကို သိရသောအခါ ကောင်းမြတ်သည် အရက်ကိုချည်းဖိသောက်နေခဲ့သည်။ လူငယ်တစ်ဦးစိတ်ညစ်တိုင်း မြန်မာဇာတ်ကားများတွင် အရက်သောက်သည်ကိုပဲပြသည်။ ယခု ဇာတ်လမ်းတွင် ကောင်းမြတ်သည် သူအလွန်ချစ်သော ရတနာဖောက်ပြန်သဖြင့် ထိခိုက်ကြေကွဲရသည်မှာ မှန်သော်လည်း ဇာတ်ကောင်ကောင်းမြတ်သည် နိုင်ငံခြားပြန်၊ စိတ်ကောင်းနှလုံးကောင်းရှိသူ၊ ပြီးရတနာကို လက်စားချေလိုသူ ဖြစ်နေသဖြင့် အရက်သောက်သည့် အခန်းများနေခြင်းကမူ မသင့်တော်ပါ။ ထိုအတွက်မူ စာရေးဆရာ မောင်မောင်မြင့်သိန်း၊ ဇာတ်ညွှန်းဆရာမြင့်ဆောင်နှင့် ဒါရိုက်တာကုသိုလ်၊ သုံးယောက်စလုံးတွင် တာဝန်ရှိပါသည်။

အမှန်တရားကို မြတ်နိုးမွေ့ပိုက်သူ၊ သမီးနှစ်ယောက်၏ မောက်မာမှုကိုသိသူ၊ ရောဂါသည် မိခင်ကြီးအဖြစ် သရုပ်ဆောင်ရသော ဒေါ်မြင့်မြင့်ခင်သည် ဝါရင့်သရုပ်ဆောင်ကြီး တစ်ဦးပီပီ အလွန်ပီပြင်သည်။ ဤကဲ့သို့ ဝါရင့်သရုပ်ဆောင်များကို လိုက်ပြီး အိမ်ဖော်မလေးထားမေအဖြစ် သရုပ်ဆောင်ရသော နိုင်နှင်းဝေသည် တကယ့်အိမ်ဖော်မလေး ဖြစ်နေသည်ကိုတွေ့ရသည်။ အထူးသဖြင့် လက်ထပ်ပြီးဒေါ်မြင့်မြင့်ခင်နှင့် တွေ့သည့်အခန်းနှင့် သတို့သား၊ သတို့သမီးအား ရိုက်ထားသောဓာတ်ပုံကို ကြည့်သည့်အခန်းတွင် အလွန်ကောင်းသည်။ ခိုင်နှင်းဝေသည် ပိတ်ကားပေါ်မှ အတော်လေးပျောက်သွားပြီး ယခုပြန်ပေါ်လာသောအခါ သရုပ်ဆောင်ပိုကောင်းလာသည်။ အထူးသဖြင့် မျက်လုံး၊ မျက်နှာအမူအရာသည် သရုပ်ဆောင်မှုအတွက် အဓိကကျပါ၏။ သူထူးစံသည် ကောင်းမြတ်အဖြစ် သရုပ်ဆောင်နိုင်ပါ၏။ ဆိုရသော် ဇာတ်ပို့အားလုံး သူနေရာနှင့် သူ ထောင့်စေ့သရုပ်ဆောင်နိုင်ရန် ဒါရိုက်တာ ညွှန်ကြားနိုင်ခဲ့ပါသည်။

ကုသိုလ်၏ဇာတ်ကားအများစုသည် အပိုမပါ။ သူသည် တည်းဖြတ်မှုကို အထူးဂရုစိုက်သည်။ ယခုဇာတ်ကားတွင်လည်း အရုပ်ပိုများမပါ။ မလိုသော cute များကိုသူကမသုံး။ ထို့ကြောင့်လည်း ဇာတ်ကားသည်ကြည့်၍ ကောင်းနေသည်။

Dialogue များသည်လည်း လူ့ပါးစပ်က နတ်စကားပြောမျိုးမရှိ။ အထူးသဖြင့် ထားမေ၏ 'စကားပြော'များသည် အိမ်ဖော်တစ်ယောက်၏ စကားမျိုးဖြင့်ပါသည်။

ခြုံ၍ဆိုရလျှင် အလုပ်ကအိမ်ဖော်ဖြစ်သည်။ ပညာလည်း မတတ်။ ငွေလို၍ အိမ်ဖော်ဘဝဖြင့် အသက်မွေးခဲ့ရသော ထားမေသည် သူ့ဘဝတစ်ခုလုံးကို ပေးဆပ်ထိုးအပ်ခဲ့ရပါ၏။ ထို့အတွက် သူ့ဘဝတွင် အမှန်တကယ်လိုအပ်နေသော 'ငွေ' အများကြီး ရလိုက်ပါ၏။ သို့သော် မယူခဲ့။ ကျေးလက်သမီးပျိုတစ်ဦး၏ ဖြူစင်မှု၊ သန့်ရှင်းမှု၊ ရိုးသားမှုတို့ကို မနုရှင်လူတန်းစားများ သိအောင် လက်တွေ့ပြသနိုင်ခဲ့သော ဇာတ်ကားတစ်ကားဖြစ်သဖြင့် ပရိသတ်ကြိုက်လိမ့်မည်ထင်ပါသည်။

**ယခုလအညွှန်း**

၁။ ရယ်သံမထွက်တဲ့ မျက်ရည်စက်

၂။ ရာဇဝင်ထဲက ပုဂံသူ

၃။ ချစ်မိလို့


**မောင်အိမ်စံ**

Asian Fame Media Group

ကျောက်မျက်ရတနာများဖြင့် ဆေးကုသခြင်းသည် ရှေးပဝေသဏီမတိုင်မီကပင် ဂန္ထိရအစွမ်းများဖြင့် ပြည့်လျှမ်းနေသည့် အနုပညာ မြောက်သမိုင်းကြောင်း တစ်ခုဖြစ်ပါသည်။ ဆေးကုသမှု ခံယူနေစဉ်အတောအတွင်း တစ်စုံတစ်ခုသည် လူနာ၏ ကိုယ်တွင်းရှိ အသိစိတ်နှင့် အရှိအတိုင်း တိတိကျကျ ဖြစ်ပေါ် လာပြီး ဆက်စပ်မှုရှိသည်ဟု **"Etruscans"** ကပြောဆိုခဲ့ပါသည်။

ရှေးခေတ်ဂရိနိုင်ငံတော် (ယခု ဂျော်ဒန်) ရှိ " **Petra**" အရပ်မှသမားတော်ကြီးများသည် ရေပူ၊ ရေအေးနှင့် သဲပူ၊ သဲအေးများကို မည်ကဲ့သို့ အသုံးပြုရမည်ကို သိရှိခဲ့ကြပြီး အပူချိန်ပြောင်းလဲမှုကြောင့် စိတ်ခံစားမှုကို ထိန်းချုပ်ရာတွင် အသုံးပြုခဲ့ကြပါသည်။ တစ်ခါတစ်ရံယင်း ရှေးကျသော သမားတော်ကြီးများက သူတို့၏ ဘဝတစ်ခုလုံးအား သူတို့၏လူနာများအတွက် ပေးအပ်ထားပြီး လူနာများ ပြန်လည် ကောင်းမွန်လာခြင်း (သို့) သေသွားသည့်တိုင်အောင် မြို့ကြီး၊ ပြကြီးများ၏ အပြင်ဘက် ဝေးလံသောဒေသရှိ ကျောက်ဂူများထဲတွင်ပင် နေထိုင်သွားကြပါသည်၊ တစ်စုံတစ်ယောက်သည် ဖျားနာခြင်း(သို့) ရောဂါဝေဒနာ တစ်ခုခု ဖြစ်ပွားပါက အဝေးတွင် သွားရောက် ကုသရသဖြင့် တစ်ခါတစ်ရံ ဆေးဆရာကိုယ်တိုင် ရောဂါကူးစက်ခံရပြီး ဆေးဆရာပါ သေဆုံးသွားသည်လည်းရှိပါသည်။

တစ်ခါတစ်ရံ အသက်တစ်ချောင်းကို လူနာများအတွက် ပေးဆပ်ရန် စိတ်ဓာတ်သည် ချက်ချင်းကုသပေးမှုနှင့် များစွာသော ထူးဆန်းအံ့ဩဖွယ်ရာကုသနည်းများကြောင့် ရလဒ်ကောင်းများကို ရရှိစေပါသည်။ သို့သော်လည်း ယင်းသမားတော်ကြီးများသည် စကြဝဠာနိယာမများနှင့်အတူ မည်ကဲ့သို့ လုပ်ဆောင်ရမည်ကိုလည်း သိရှိကြပြီး အပြင်းအထန်ကျင့်သားရပြီးသားသူများလည်းဖြစ်ပါသည်။



# တွင်းထွက်ပုံဆောင်ခဲများနှင့် ကျောက်မျက်တို့၏ ဆေးကုသနိုင်စွမ်း

သိန်းပိုင်(M. Engg.Geol)

Asian Fame Media Group

ရှေးခေတ်အီဂျစ်ဘုရားကျောင်းများတွင် ခန္ဓာကိုယ်အတွင်းရှိစွမ်းအင်များတိုက်ရိုက်စီးဆင်းမှုနှင့်ထိန်းချုပ်မှုကို နားလည်လာစေရန်အတွက် လေ့ကျင့်သင်ကြားရာတွင် မြွေများကို အသုံးပြုခဲ့ ကြပါသည်။ သင်ခန်းစာ၏ အစိတ်အပိုင်းတစ်ရပ်အနေဖြင့် သူတို့ကိုယ်တိုင် မြွေများကို ထိန်းချုပ် အမိန့်ပေးနိုင်ရန်အတွက် မိမိ၏စိတ်ကိုပိုင်စိုးနိုင်ရန် လေ့ကျင့်သင်ကြားခြင်းများလည်း ပါဝင်ပါ သည်။ စမ်းသပ်မှုအနေဖြင့် အစပိုင်းတွင် မြွေများနှင့်အတူ အခန်းတစ်ခုထဲတွင် အလုံပိတ်ထားပြီး အကယ်၍မြွေများ၏စိတ်ကိုညှို့ယူမထားနိုင်ပါက သူတို့သည် သေကြရမည်ဖြစ်ပါသည်။ မြွေများသည် သူတို့၏ အရေခွံကို အသုံးပြု၍ ရွေ့လျား နိုင်ခြင်းသည် အဟောင်းမှအသစ်သို့(သို့) အတိတ်မှပစ္စုပ္ပန်သို့ ပြောင်းလဲလိုက်ခြင်းပင်ဖြစ်ပါသည်။

အားလုံးသော ရှေးခေတ်သမားတော်များသည် ရုပ်ခန္ဓာချည်းသက်သက်ကို ဆေးကု၍ မရဟု နားလည်ကြပြီးဆေးကုသသည့် သမားတော်ကြီးတိုင်းသည် ဆေးကုသပေးသော သာသနာပိုင်သမားတော်ကြီးတစ်ယောက်ဖြစ်ရန် အထိ ရည်ရွယ်ကြပါသည်။ လူသတ္တဝါသည် အခြားသတ္တဝါများနှင့် မတူဘဲ ထူးခြားဆန်းပြားရှုပ်ထွေးသည့် အလျောက် လူသား၏ စိတ်သည် နာမ်ပိုင်းဆိုင်ရာမှ ခွဲထွက်လာကာ စိတ်ပိုင်းနှင့် နာမ်ပိုင်းသည်လည်း ခန္ဓာကိုယ်တစ်လျှောက်ပျံ့နှံ့နေပါသည်။ ဆရာသမားများက သင်ကြားပြသခဲ့သည်မှာ ဆေးဆရာများက ရောဂါလက္ခဏာများကို ကုသနေစဉ် သာသနာပိုင်ဆရာတော်များက နာမ်ပိုင်းဆိုင်ရာကို တိုးတက်ကောင်းမွန်လာစေရန် ကြိုးစားအားထုတ်ကြပါသည်။ အဆင့်တိုင်းတွင် ပြီးပြည့်စုံသော ကုသမှုကို ပြုလုပ်ရန်အတွက် ရုပ်ပိုင်းဆိုင်ရာ နယ်ပယ်ပြင်ပရှိ စိတ်နှင့် ခံစားမှုများထဲမှ အနာရောဂါဖြစ်တည်နေမှုကို ပထမဦးစွာသိရှိအောင် ပြုလုပ်ရန် လိုအပ်ပါသည်။ တစ်ခါတစ်ရံ ခန္ဓာကိုယ်ထဲ၌သိသာထင်ရှားမှုများ မဖြစ်ပေါ်မီနာမ်ပိုင်းဆိုင်ရာထဲ၌ ကိန်းအောင်းနေတတ်ပါသည်။ ယင်းသည် လူတစ်ယောက်လုံးကို မဖြစ်မနေစမ်းသပ်စစ်ဆေးရန်လိုအပ်ပြီး ရောဂါလက္ခဏာများမပြသသော်လည်း ရောဂါဖြစ်ခြင်း အကြောင်းအရင်းကို ကုသနိုင်မည် ဖြစ်ပါသည်။

ယခုအခါ အားလုံးသော ဆေးကုသနည်းများတွင် သဘာဝတွင်းထွက်ကျောက်မျက်များသည် အထွက်အမြတ်ထားသည့် နည်းစနစ်ဖြစ်လာပြီး မြင့်မြတ်၍ ပြည့်စုံစေပါသည်။ တော်ဝင်ဆေးကုသမှုအခန်းကဏ္ဍတွင် ခရစ္စတယ်ပုံဆောင်ခဲများသည် တန်ဖိုးမဖြတ်နိုင်ပါ။ အဘယ့်ကြောင့်ဆိုသော် သူတို့၏စွမ်းရည်သတ္တိများသည် တုန်ခါမှု အဆင့်တိုင်းအတွက် သက်ရောက်မှုရှိသလို လူတစ်ဦးခြင်းစီ၏ ပုံပန်းသဏ္ဍာန်အလိုက် ဖြစ် ပေါ်နေသော ရုပ်ပိုင်း၊ စိတ်ပိုင်း၊ စိတ်ခံစားမှု (သို့) နာမ်ပိုင်းဆိုင်ရာများအပေါ် သက်ရောက်မှု ရှိသောကြောင့် ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ခန္ဓာကိုယ်အစိတ်အပိုင်းတိုင်းသည် အခြားအစိတ်အပိုင်းတိုင်းနှင့် ဆက်သွယ်လျက်ရှိပါသည်။ ဘက်ထရီအားကုန်သွားသကဲ့သို့ ဆက်သွယ်ထားသည့် လမ်းကြောင်းများ ပြတ်တောက်သွားလျှင်လည်း စွမ်းအင်များ မစီးဆင်းနိုင်တော့ပါ။ ခရစ္စတယ်ပုံဆောင်ခဲများမှ ထွက်ပေါ်လာသော တုန်ခါလှိုင်းများသည် ရောဂါဘယများ(သို့) ပိတ်ဆို့တားဆီးထားသည့် အရာများကိုဖြတ်သန်းစီးဆင်း၍ ချေဖျက်ပစ်လိုက်ပါသည်။ ခရစ္စတယ်ပုံဆောင်ခဲများ၏ စွမ်းရည်များသည် ရုပ်ပိုင်းရော စိတ်ပိုင်းနှစ်ခုစလုံးကိုပါ

**ဝင်သက်ထွက်သက်ဖြင့် ခရစ္စတယ်ကို သန့်ရှင်းစင်ကြယ်အောင် ပြုလုပ်ပြီး မိမိကိုယ်တိုင်လည်း အလင်းရောင်နှင့်အတူ ခရစ္စတယ်ကို အသုံးပြု၍ စွမ်းအင်များကို ပြန်လည် ဖြည့်တင်းနိုင်ပါသည်။ ယင်းသည် နာကျင်ကိုက်ခဲခြင်းများကို ကုသရာတွင် ထူးဆန်းအံ့သြဖွယ် ကောင်းသည့် နည်းစနစ်တစ်ခု ဖြစ်သလို စိတ်သောကများကိုလည်း လျှော့ချပေးနိုင်ပါသည်။**



ထိုးဖောက်သွားနိုင်သောကြောင့် အနာဂတ်ကာလတွင် ခရစ္စတယ်များသည် ခွဲစိတ်ကိရိယာများကဲ့သို့ ဖြစ်လာနိုင်ချေရှိပါသည်။

ယနေ့ခေတ်တွင် စာပေအထောက်အထားများအရ ခရစ္စတယ်ပုံဆောင်ခဲများဖြင့် ဆေးဝါးကုသသည် နည်းစနစ်ပေါင်းရာနှင့်ချီ၍ ရှိနေပြီဖြစ်ပါသည်။ ယခုအခါ နလုံးနှင့် အဆုတ်အစားထိုးကုသခြင်းကို ကမ္ဘာတစ်ဝန်းလုံးတွင် လည်းကောင်း၊ စိတ်ပိုင်းဆိုင်ရာ ကုသမှုများကို ဖိလစ်ပိုင်တွင်လည်းကောင်း၊ ဂျာမန်ဟိုမီဖိုပသီ နည်း၊ တရုတ်ဓာတ် အပ်စိုက်နည်း၊ အမွှေးရနံ့များပေါင်းစပ်၍ နှိပ်နယ်ပေးခြင်း၊ ယောဂကျင့်စဉ်များဖြင့် ကုသခြင်း၊ ပန်းရနံ့များဖြင့် ကုသခြင်းစသည် စနစ်များအားလုံးဖြင့် ကုသနိုင်ပြီဖြစ်ပါသည်။

**ကုသနိုင်မှုစွမ်းအား**

ဆေးကုသရမည့်စွမ်းအားဆိုသည်မှာ စွမ်းအားကို ထိန်းချုပ်ရန်နှင့်စွမ်းအင်ကို ရွေ့လျားရန် ဖြစ်ပြီး လူတစ်ယောက်မှ အခြားသူတစ်ယောက် (သို့) ခန္ဓာကိုယ်အစိတ်အပိုင်းတစ်ခုမှ အခြား ခန္ဓာကိုယ်အစိတ်အပိုင်းတစ်ခုသို့ ယင်းစွမ်းအားများကို ထိန်းချုပ်ပြောင်းလဲပေးရန်ဖြစ်ပါသည်။ မည်သည့်ဆေးကုသသည့်နည်းစနစ်မဆို လူနှစ်ယောက် (သို့) နှစ်ယောက်ထက်ပိုသောလူများ အကြားအလဲအလှယ်လုပ်၍ ကုသရပါသည်။ ထိုကဲ့သို့ အလဲအလှယ်ဖြင့် ပြုလုပ်ရာတွင် လက်ဖြင့်ထိတွေ့ခြင်း၊ စဉ်းစားဆင်ခြင်ခြင်း၊ ညွှန်ကြားချက်အတိုင်းပြုလုပ်ဆောင်ရွက်ခြင်း(သို့) မည်သည့်နည်းစနစ်အရေအတွက်တိုင်းမဆို ပြုလုပ်နိုင်ပါသည်။ ခရစ္စတယ်ပုံဆောင်ခဲများနှင့် ဆက်စပ်၍ အသုံးပြုသောအခါ မိမိယုံကြည်သည့် သီးသန့်ကုသနည်းစနစ်များကို အသုံးပြု၍ ကုသခြင်းဖြင့် ပို၍ကောင်းမွန်လာစေပါသည်။

သို့သော်လည်း ခရစ္စတယ်ပုံဆောင်ခဲများနှင့် အတူကုသခြင်းသည် မမြင်နိုင်သောစွမ်းအားများ ပါဝင်နေပြီး ယင်းမှာ မေတ္တာတရား(သို့)စိတ်ရင်းဖြင့် ပြုစုစောင့်ရှောက်ခြင်းပင်ဖြစ်ပါသည်။ ဤနည်းလမ်းမှာ လူသားများတွင်သာမက ပန်းပင်နှင့်အခြား အပင်များပေါ်တွင်လည်း ရှင်သန်ကြီးထွားမှုအပေါ် အကျိုးသက်ရောက်မှု ရှိပါသည်။ အချို့သောသူများသည် သာမန်သူများထက် ဆေးကုသနိုင်သည့်စွမ်းအင်များ ထုတ်လွှတ်နိုင်မှု သာလွန်နိုင်သော်လည်း အထက်ဖော်ပြပါအချက်မှာ ဆေးကုသပေးမည့်သူတိုင်းအတွက် အရေးတကြီး မှတ်သားထားရမည့် အချက်ဖြစ်ပါသည်။ အခြားသောသူများကိုလည်း ဆေးကုသနိုင်သည့် စွမ်းအင်များမျှဝေပေးနိုင်ခြင်းသည်လည်း မေတ္တာတရားနှင့် စိတ်ရင်းဖြင့် ပြုစုစောင့်ရှောက်ပေးခြင်းသာ ဖြစ်ပါသည်။

ဆံပင်အလှပြုပြင်သူများက သူတို့၏ အလှပြုပြင်သူများအား စိတ်ရင်းဖြင့် လှပအောင်ပြုပြင်ပေးခြင်းသည်လည်း တစ်နည်းအားဖြင့် ကုသမှုပေးနေခြင်းပင် ဖြစ်ပါသည်။ ထိုနည်းတူစွာပင် သရုပ်ဆောင်များ၊ အဆိုတော်များ၊ ဂီတပညာ

Asian Fame Media Group

ရှင်များနှင့် ကချေသည်များသည်လည်း အတူတူပင် ဖြစ်ပါသည်။ အင်္ဂုံအရှယ်လောကကြီးတွင် လောဘ၊ ဒေါသ၊ မောဟတရားများဖြင့် နှိုးထလာခဲ့သော လူသားသည် ပျော်ရွှင်မှုဟူသော ဓာတ်ကူပစ္စည်းများကြောင့် ခန္ဓာကိုယ်ထဲတွင် ဓာတုဗေဒသဘောအရဓာတ်ပြောင်းလဲမှုများကို ဖြစ်ပေါ်စေပါသည်။ ကျွန်ုပ်တို့သည် ဝင်သွားတုန်းက တစ်ယောက်နှင့်ထွက်လာသောအခါ နောက်တစ်ယောက်ဖြစ်နေပါသည်။ လူရွှင်တော်များသည် အံ့ဩဖွယ်ကောင်းသောဆေးကုသသူများဖြစ်ပြီး ရယ်မောခြင်းသည် စွမ်းအားအရှိဆုံးဆေးတစ်လက်ပင် ဖြစ်ပါသည်၊ လက်တွေ့သုတေသနပြုချက်များအရ ဟာသရုပ်ရှင်ဇာတ်လမ်းတွဲများသည် ခန္ဓာကိုယ်၏ ဇီဝဓာတုဖြစ်စဉ်များအပေါ် သက်ရောက်မှုရှိပြီး နာကျင်မှုကို သက်သာစေပါသည်။ တစ်နေ့လျှင် သုံးကြိမ်နှင့်အချိန် ၂ နာရီကြာအောင်ရယ်မောသူသည် နောက်ဆုံး၌ လုံးဝနေပြန်ကောင်းလာသည်ဟု ဖော်ပြထားပါသည်။

လူတိုင်းပျော်ရွှင်စေရန်ရည်ရွယ်၍ အစားအသောက်များချက်ပြုတ်ကျွေးမွေးခြင်း၊ အများပြည်သူအပန်းဖြေရန်အတွက် အိမ်ထဲတွင်(သို့) ပန်းခြံထဲတွင် နေရာလေးတစ်ခုဖန်တီးပေးခြင်း၊ သူတစ်ပါး၏ ခံစားချက်များကို ကောင်းမွန်စွာ နားထောင်ပေးခြင်းတို့သည်လည်း နှစ်သိမ့်စေသောနည်းဖြင့် ဆေးကုသပေးနေခြင်းဖြစ်ပါသည်။ ယင်းမှာ စွမ်းအင်များသည် စိတ်အတွေး နှင့်အတူလိုက်ပါသွားပြီး မိတ်ဖြစ်ဆွေဖြစ်သဘော သတင်းအချက်အလက်များပေးပို့ကာ သတ်မှတ်ထားသည့် နေရာသို့ အသက်ဇီဝနှင့် သက်ဆိုင်သည့် စွမ်းအင်များကို ရွေ့လျားသွားစေခြင်းပင်ဖြစ်ပါသည်။ ခရစ္စတယ်ပုံဆောင်ခဲများကို အသုံးပြု၍ စွမ်းအားများကို ထုတ်လွှတ်သောအခါ လျှပ်စစ်မီးခလုတ်ကို ဖွင့်လိုက်သည်နှင့် အတူတူပင်ဖြစ်ပါသည်၊ ဆေးကုသမှုများနှင့် လူနာများအကြား နှစ်ဦးစလုံးတွင်ကြီးမားသော ကွာခြားမှုများရှိပြီး လူတိုင်းသည် စွမ်းအင်များပြန်လည် ဖြည့်တင်းရန် လိုအပ်ပါသည်။

ခရစ္စတယ်ပုံဆောင်ခဲများသည် စိတ်ကူးအတွေးများကို ကျယ်ပြန့်စေသောကြောင့် အထူးသဖြင့် နေမကောင်းသောအခါများနှင့် စိတ်ဓာတ်ကျဆင်းနေသောအခါများတွင် ယင်းတို့ကို အသုံးပြုပါက မိမိကိုယ်တိုင်သန့်ရှင်းစင်ကြယ် နေစေရန် အရေးကြီးပါသည်။ အရိုးစင်းဆုံး နည်းလမ်းတစ်ခုမှာ ခရစ္စတယ်ပုံဆောင်ခဲကို ကိုင်ဆောင်သည့်အခါ လက်မနှင့် လက်ညှိုးကြား တွင်ထား၍ ကိုင်ဆောင်ပြီး ပြဿနာအခက်အခဲကို စိတ်ကူးထဲတွင် မြင်အောင်ကြည့်၍ ခရစ္စတယ် မျက်နှာပြင်များထဲသို့ အသက်ကို ပြင်းပြင်းရှူထုတ်ခြင်းအားဖြင့် စွမ်းအင်များကို ထုတ်လွှတ်ပေးပါ။ ဤနည်းအတိုင်း ခရစ္စတယ်ကို အပြန်ပြန်အလှန်လှန်လှည့်၍ အနည်းဆုံး ၃ကြိမ်ပြုလုပ်ပေးပါ။ လေထုထဲ(သို့) အလင်းရောင်ထဲတွင်ရှိနေသော မကောင်းသည့် အငွေ့အသက်များကို သေချာပေါက်ပြောင်းလဲပစ်နိုင်သည်ဟုဆိုပါသည်။ ဝင်သက်ထွက်သက်ဖြင့် ခရစ္စတယ်ကို သန့်ရှင်းစင်ကြယ်အောင်ပြုလုပ်ပြီး မိမိကိုယ်တိုင်လည်း အလင်းရောင်နှင့်အတူ ခရစ္စတယ်ကို အသုံးပြု၍ စွမ်းအင်များကို ပြန်လည်ဖြည့်တင်းနိုင်ပါသည်။ ယင်းသည်နာကျင်ကိုက်ခဲခြင်းများကို ကုသရာတွင် ထူးဆန်းအံ့ဩဖွယ်ကောင်းသည့် နည်းစနစ်တစ်ခုဖြစ်သလို စိတ်သောကများကိုလည်း လျော့ချပေးနိုင်ပါသည်။ စိတ်ဖိအားများ တဖြည်းဖြည်းစုစည်းလာသောအခါ စိတ်သောကဝေဒနာများ အဖြစ်သို့ ရောက်ရှိသွားပြီးအကျိုးဆက်အားဖြင့်နေထိုင်မကောင်းဖြစ်ခြင်း(သို့) မတော်တဆမှုများကို ဖြစ်ပွားစေပါသည်။ ထိုအခါခရစ္စတယ်မှထွက် ရှိလာသော အတင်းအကျပ် ဆေးကုသခြင်းမလုပ်မိစေရန်လည်း သတိထားနေရမည်ဖြစ်ပါသည်၊ ဥပမာ လူနာတစ်ယောက်သည် ရောဂါလက္ခဏာများ တိုးပွားလာနေပြီး အခြေအနေဆိုးလာသည်ဆိုပါစို့။ ထိုအခါ ယင်းလူနာ၏ ဖျားနာသည့်ပုံစံ၊ အနေအထားပြောင်းလဲလာမှု၊ အနားရခြင်း(သို့) တုံ့ပြန်လာမည့်အချိန်စသည်တို့ကို နားလည်ထားရန် လိုအပ်ပါသည်၊ လူတစ်ယောက်အတွက် စိတ်ချမ်းသာမှု လုံးဝကောင်းမွန်လာရန်မှာ ခန္ဓာကိုယ်တွင် တွေ့ကြုံခံစားနေရသည့်ရောဂါလက္ခဏာများကို ခံနိုင်ရည်စွမ်းရှိရန်နှင့် ယင်းရောဂါလက္ခဏာများကို တုံ့ပြန်ရန်လိုအပ်ပြီး အခြား သောအခြေအနေများသို့ ပြောင်းလဲပစ်ရန် ဖြစ်ပါသည်၊ ဆိုလိုသည်မှာ လုံးဝလူကောင်းပကတိ ပြန် ဖြစ်လာခြင်း(သို့) သေဆုံးသွားသည့်တိုင်အောင် ဖြစ်ပါသည်၊ နေထိုင်မကောင်းခြင်းသည်



စွမ်းအင်များကို အသုံးပြုခြင်းအားဖြင့် စိတ်သောကများကို အဝေးသို့ ရောက်ရှိသွားစေပါသည်။

ထို့နောက် ခရစ္စတယ်ကို သန့်ရှင်းစင်ကြယ်အောင်ပြုလုပ်ရန် အရေးကြီးပြီး မိမိကိုယ်တိုင်လည်း အလင်းဓာတ်များဖြင့် စွမ်းအင်ကို ပြန်လည်ဖြည့်တင်းထားရန် လိုအပ်ပါသည်၊ ဤနည်းအားဖြင့် တစ်နေ့တာ၏ မွန်းကျပ်နေမှုများကို ညဘက်အိပ်ရာဝင်သောအခါ အရေးတကြီး ဖယ်ရှားပစ်နိုင်ပါသည်၊ တစ်နေ့တာလုံး လွတ်လပ်ပေါ့ပါးနေစေရန်အတွက်လည်း ဤနည်းကို နံနက်စောစောအိပ်ရာထသည့်အခါ၌လည်း အသုံးပြုနိုင်ပါသည်။ မိမိကိုယ်တိုင်နှင့်မိမိ၏ ခရစ္စတယ်မှာ သန့်ရှင်းစင်ကြယ်အောင်ထားရန် အရေးကြီးပြီး ယခုအချိန်တွင် အခြားသူများအတွက် အကောင်းဆုံး မည်ကဲ့သို့ လုပ်ကိုင်ပေးရမည်ကို စဉ်းစားကာ ကျွန်ုပ်တို့အားဆာဝရသင်ကြားပေးနေပြီး မိမိတို့ကလည်း အတွေ့အကြုံများကို သင်ယူနေရတာ တစ်ခါတစ်ရံ ရောဂါဘယများနှင့် ပတ်သက်သည့် ကန့်သတ်ချက်များကို ပိုမိုလေ့လာ သင်ယူရန်လိုအပ်ပြီး ကျန်းမာစေရန် တောက်လျှောက်ပြုလုပ် နေရမည်ဖြစ်ပါသည်၊ ပြည့်ဝသော စိတ်ချမ်းသာမှုဆိုသည်မှာ ခန္ဓာကိုယ်တွင် ရုပ်ပိုင်းဆိုင်ရာအရ ပြည့်စုံနေမှုကိုဆိုလိုခြင်းမဟုတ်ဘဲ တစ်ခါတစ်ရံ နေထိုင်မကောင်းခြင်းသည် တစ်ဦးတစ်ယောက်ကိုရော အခြားသူများကိုပါ သင်ကြားပေးလျက်ရှိပါသည်။

**သိန်းဝိုင်(M. Engg.Geol)**

Ref: Soozi Holbeche, "The Power of Gems and Crystals", PP.129-134, First Published in Great Britain in 1989.



Asian Fame Media Group



ရည်ညွှန်းဖွဲ့ သီချစ်သူဆီ

(၁)

စည့်ခန်းထဲက ဧရင်းဘက်ပေါ်မှာ နှစ်နှစ်ဖြိုက်ဖြိုက် အိပ်ပျော်နေသူက မလေးဖြူသိပ်ချစ်ရသည့် ခင်ပွန်းသည် တက်လူမော်။ ကြည့်ပါဦး အိပ်နေလိုက်တာ။ ညဖဲဝိုင်းမှာ တစ်ညလုံး ဖဲထိုင်ရိုက်တုန်းက အိပ်ရမှန်း၊ စားရမှန်း သတိမရဘူး။ အခု သူများတွေ ကက်ကက်ကြဲကြဲ အလုပ်လုပ်နေတဲ့ အချိန်အခါကျ သူက အိပ်နေသတဲ့။ ခြော် တကယ်တော့ သူ ဒီလိုနေနေတာ ဒီနေ့တစ်ရက်မှ မဟုတ်ဘဲ။ မလေးဖြူနှင့် သူ အိမ်ထောင်သက်တမ်း တစ်နှစ်ကျော်မှာ သူ့ဇာတိက ပြခဲ့သည်ပဲလေ။ တက္ကသိုလ်ဒုတိယနှစ်မှာ သူငယ်ချင်းများ၏ နောက်ပြောင်ကျီစယ်မှု၊ နှစ်ဦးစလုံး၏ ရင်ခုန်သံချင်း ထပ်တူကျမှုကြောင့် မလေးဖြူနှင့်သူ ချစ်သူတွေ ဖြစ်ခဲ့ကြသည်။ အနေအေးပြီး အသောက်အစားကင်းသောသူ့ကို မလေးဖြူ ကြည်ဖြူသလို နှစ်ဖက်မိဘတွေကလည်း လက်ခံသဘောတူပေးခဲ့ကြသည်။ ဒါပေမဲ့လေ. . .

"မလေးဖြူ မောင်တက်လူက အလုပ်မလုပ်တော့ဘူးလား။ ကိုယ်က ကိုယ်ဝန်ကြီးနဲ့ မွေးစရိတ်လေး ဘာလေးကြိုရှာထား ငါ့တူမ၊ အရေးကြုံလာတော့ သူများခ စရာမလိုဘူးကွဲ့"

အိမ်နီးချင်း အဒေါ်ကြီးအေးငွေ၏ စကားကို မလေးဖြူ အလေးထားပေမယ့် သူ အလေးမထားပေ။



Asian Fame Media Group



Asian Fame Media Group

"မလေးဖြူရယ် ရှေ့ရေးကို ကြိုတွေးပြီး စိတ်မပူစမ်းပါနဲ့၊ မလေးဖြူက ကိုယ်ဝန်သည် စိတ်ပေါ့ပေါ့ ပါးပါးထားမှပေါ့၊ အချိန်ကျရင် သူ့ဟာနဲ့သူ အဆင်ပြေသွားပါလိမ့်မယ်"

သူ့ဟာနဲ့သူ အဆင်ပြေသွားမယ်တဲ့။ ဒီလိုဆိုရင် မလေးဖြူတို့ အိမ်ထိုင်ဈေးရောင်းစရာမလိုတော့။ ဒါ အိမ်ထောင်ဦးစီးတစ်ယောက်က ဇနီးသည်ကို ပြောသည့် စကားလေ။ မလေးဖြူ ငိုချင်မိသည်။ မလေးဖြူကို ဆူပူငေါက်ငမ်းခြင်း၊ ရိုက်နှက်ခြင်းမရှိသော်လည်း ဘဝကို အလုပ်မလုပ်ဘဲဖြစ်သလို လွယ်လွယ် ဖြတ်သန်းနေခြင်းက သူ့ရဲ့ အကြီးမားဆုံး အပြစ်ပင်။ သူ့မိဘများက အစိုးရဝန်ထမ်းလခစားများမို့ အပိုအလျှံကြီး မဟုတ်သော်လည်း လူတန်းစေ့နေနိုင်ကြသည်။ မလေးဖြူ၏ မိဘများကတော့ ဈေးထဲမှာ ကုန်ခြောက်ဆိုင် ဖွင့်ထားသော်လည်း မိသားစုခြောက်ယောက်

အိုးကြီးဖြစ်၍ သိပ်အဆင်မပြေလှ။ တစ်အိုးတစ်အိမ် ထူထောင်ပြီးပြီမို့ အပူဒုက္ခတွေ့တိုင်း မိဘဆီကို အပူကပ် လက်ဖြန့်တောင်းရမှာလောက် မလေးဖြူ ဝန်လေးသိမ်ငယ်မိတာ မရှိပေ။

"မောင် ကျောင်းပြီးသွားရင် ဘာအလုပ်လုပ်မယ် စိတ်ကူးသလဲဟင်"

ချစ်သူဘဝ နှစ်ကိုယ်တွေ့စဉ်က မလေးဖြူ သူ့ကိုမေးခဲ့သည့်စကား။

"မောင့်မှာ လုပ်စရာတစ်ခုပဲရှိတယ်။ အဲဒါ ဘာလဲ သိလား။ ဟောဒီ ချစ်ရတဲ့ မလေးဖြူကို လက်ထပ်ဖို့ပေါ့"

ထိုအချိန်တုန်းက ရယ်မောပြောခဲ့သည်မို့ သူ့စကားကို မလေးဖြူကပါ သဘောကျ ရယ်မောခဲ့သည်။ ရတနာပုံတက္ကသိုလ်ကျောင်းဝင်းမှာ၊ ဦးပိန်တံတားပေါ်မှာ ကန်တင်းက ထန်းတဲလေးတွေအောက်မှာ မလေးဖြူနှင့်သူ့ခြေရာတွေထပ်ခဲ့သလို ချစ်စကားတွေလည်း သီကျူးမဝနိုင်ခဲ့။ နှစ်ကိုယ်တူဘဝ ထူထောင်ဖို့အရေးမှာလည်း သားသားလေး၊ မီးမီးလေးတွေသာ ပါဝင်ခဲ့ပြီး အဓိကကျသော ငွေကြေးစီးပွားရေးက ဘယ်သောအခါမှ ပါမလာခဲ့ပေ။ တကယ့်တကယ် အိမ်ထောင်သည်ဘဝကို ရောက်သည့်အခါ နှစ်ဖက်မိဘများ၏ ဖြည့်ဆည်းပေးမှုကြောင့် သာ အိမ်လေးတစ်လုံးငှား၍ ရပ်ကွက်ထဲမှာ အိမ်ဆိုင်လေး ဖွင့်နိုင်ခဲ့ပါသည်။ သူက လျှောက်လိုက်သည့် အလုပ်တွေကလည်း တစ်ခုမှ မအောင်မြင်။

သည်ခေတ်မှာ အလုပ်တစ်ခုရဖို့ကလည်း အတော်ခဲယဉ်းလှ၏။ အင်္ဂလိပ်စကားပြော ကျွမ်းကျင်သူ၊ ကွန်ပျူတာ ကျွမ်းကျင်သူ၊ စာရင်းကိုင်လက်မှတ်ရှိသူနှင့် လုပ်ငန်းအတွေ့အကြုံရှိသူများကိုသာ ဦးစားပေးခေါ်ယူတော့ သူ့အလုပ်မရတာ မဆန်းပါ။ ရရာအလုပ်ကလေး ဝင်လုပ်ပါဆိုတော့ အကြောင်းအမျိုးမျိုးပြပြီး ငြင်းဆန်တတ်တာကလည်း အကြိမ်ကြိမ်မို့ မလေးဖြူ ဆက်မပြောချင်တော့။ အိမ်လခ၊ ဆိုင်ဖြည့်စရိတ်နှင့် စားသောက်စရိတ်ကို ဆိုင်အမြတ်ငွေနှင့် နေ့ပြန်တိုးရသည့် ငွေလေးကနေ တစ်လ တစ်လ အလျင်မီအောင် ကြိုးပမ်းနေရတာကို သူသိရဲ့လား။

ချစ်သူဘဝတုန်းကလောက် အိမ်ထောင်သည်ဘဝက ပျော်ရွှင်စရာ၊ ရင်ခုန်စရာ မကောင်းတော့တာ အမှန်ပင်။ နောက်ဆုံးမှာ ရပ်ကွက်ထဲက သူ့လိုရွယ်တူ ဖဲသမားကျော်အောင်နှင့်ပေါင်းကာ ဖဲသမားဖြစ်မှန်းမသိဖြစ်သွားတော့သည်။ တစ်ခုကံကောင်းသည်မှာ သူများလို သိန်းချီပြီး သူ မကစားခြင်းပင်။

သို့ပေမဲ့ တစ်ထောင်၊ တစ်သောင်းနှင့် စလိုက်သည့်အခါ သိန်းဂဏန်းဖြစ်သွားသည် မဟုတ်ပါလား။ ဗိုက်. . . အင်း အခေါ်ကြီးပြောတာ ဟုတ်ပါရဲ့။ မီးဖွားဖို့အတွက် မလေးဖြူ မပြည့်စုံသေးပါလား။ သူ မသိအောင် ဖုံးထားလဲ တိတ်တိတ်စုထားသည့်ငွေလေးနှင့် မလုံလောက်ပါက အခက်တွေ့တော့မည်။

(၂)

"မောင် . . . မောင်၊ ထပါဦး ထဦး"

မလေးဖြူ သူ့ပခုံးကို ဆုပ်ကိုင်နှိုးလိုက်တော့ အင်း အဲလုပ်နေ၍ အတော်ကြာအောင် နှိုးရသည်။ သည်နေ့တော့ မနိုးလို့မဖြစ်၊ မီးဖွားရက်က တဖြည်းဖြည်း နီးလာပြီ။

"ဘာလဲ မလေးဖြူရယ်၊ မောင် အိပ်ရေးမဝသေးဘူး"

သည်လောက်ကြာအောင် အိပ်နေတာတောင် အိပ်ရေးမဝသေးဘူးလားလို့ စိတ်ပေါက်ပေါက်နှင့် အော်လိုက်ချင်ပေမယ့် ကိုယ့်စိတ်ကို ထိန်းထားရသည်။

"မောင်ရယ် နေ့တိုင်း ဒီလိုပဲ နေတော့မှာလား မလေးဖြူအတွက် ဘာမှ မစဉ်းစားပေးတော့ဘူးလား"

သူက မလေးဖြူကို စူးစိုက်ကြည့်ပြီး ခဏအကြာမှ နားလည်သဘောပေါက်ဟန်ဖြင့် မလေးဖြူကို သူ့ရင်ခွင်ထဲ ဆွဲသွင်းသည်။

"မလေးဖြူအတွက် စဉ်းစားလို့ မောင် မလေးဖြူအနားမှာ ရှိနေတာပေါ့၊ မောင့်ဘဝရဲ့ လွတ်လပ်ခြင်းတွေကို မလေးဖြူဆီ အပ်နှင်းပြီးပြီပဲ။ မောင်က ဘာတွေ ထပ်ပေးရဦးမှာလဲ"သူ့စကားကြောင့် မလေးဖြူ သူ့ရင်ခွင်ထဲကနေ ဆောင့်ရုန်းထွက်လိုက်သည်။

"မောင်. . . မောင်ဘယ်လို ပြောလိုက်တယ်၊ ဘဝတစ်ခုလုံးကိုရော၊ စိတ်ချမ်းသာ ပျော်ရွှင်မှုတွေကိုရော စွန့်လွှတ်ခဲ့ရတာက မလေးဖြူပါမောင်၊ ဒီနေ့ ဒီအချိန်ထိ အိမ်ထောင်ဦးစီး တစ်ယောက်အနေနဲ့ မောင် ဘာတွေလုပ်ပေးခဲ့ဖူးသလဲ၊ ဟောဒီဗိုက်ထဲက ကလေးအတွက်ရော မောင် ဘာတွေကြိုတင်ပြင်ဆင်ပေးခဲ့သလဲ၊ ရသမျှ မောင်ပဲ ဖြုန်းနေတာလေ။ မလေးဖြူ ဆိုင်အခြေအနေ ဘယ်လိုလဲ အဆင်ပြေရဲ့လားလို့ မောင်မေးဖူးသလား၊ မောင် တကယ်နေနိုင်တယ်၊ မောင်ပြန်မလာမချင်း ရင်တထိတ်ထိတ်နဲ့ စောင့်ရသူကို ဘယ်တုန်းကများ ငဲ့ညှာစဉ်းစားပေးခဲ့ဖူးလို့လဲ၊ အချိန်မတော်မှပြန်လာ၊ အလုပ်လုပ်ရမယ့် အချိန်မှာအိပ်၊ မောင့်ကို. . . မောင့်ကို ကျွန်မ ဘယ်အချိန်မှာ အားကိုးရမှာလဲ၊ ကျွန်မမှာ ဘာအပြစ်မှမရှိဘဲနဲ့ ဘာကြောင့် ဒီလိုနည်းနဲ့ နှိပ်စက်နေရသလဲ မောင်ရယ်"

ဒေါသစိတ်ကြောင့် သည်းခံထားသမျှတို့က အိတ်သွန်ဖာမှောက် ပွင့်အန်ကြကုန်တော့သည်။ ဘာတွေများထပ်ပေးရဦးမှာလဲတဲ့။ သူမို့ပြောထွက်ရက်သည်။ မိန်းမတစ်ယောက်ကို လက်ထပ်လိုက်ရုံ ထိုမိန်းမအနားရှိရုံနှင့် တာဝန်ကျေပြီလို့ သူထင်နေသလား။ သူဟာ ချစ်သူဘဝတုန်းက မလေးဖြူချစ်ခဲ့ရသည့် တက်လူမော်မှ ဟုတ်ပါလေစ။ သူ့နာမည်လေးကိုတောင် သူအားမနာဘူး

**မောင်...**
**မောင်ဘယ်လို ပြောလိုက်တယ်၊ ဘဝတစ်ခုလုံးကိုရော၊ စိတ်ချမ်းသာ ပျော်ရွှင်မှုတွေကိုရော စွန့်လွှတ်ခဲ့ရတာက မလေးဖြူပါမောင်၊ ဒီနေ့ ဒီအချိန်ထိ အိမ်ထောင်ဦးစီး တစ်ယောက်အနေနဲ့ မောင် ဘာတွေ လုပ်ပေးခဲ့ဖူးသလဲ...**



Asian Fame Media Group
MEDIA GROUP

လား။ အိမ်ထောင်သက်တမ်းတစ်နှစ် မပြည့်ခင်မှာ အဆင်မပြေမှုတွေက လှေဝမ်းပေါက်ထဲကို ရေတွေ စိမ့်ဝင်လာသလိုမျိုး တစ်စတစ်စ ဝင်ရောက်ခဲ့သော်လည်း သူ့ကိုချစ်သောစိတ် တစ်ခုတည်းနှင့် မလေးဖြူ နားလည်ခွင့်လွှတ်ပေးခဲ့သည်။ အစစအရာရာမှာ မလေးဖြူ ရှေ့ဆောင်ခဲ့ပေမယ့် သူနောက်က မလိုက်ခဲ့။ နှစ်ကိုယ်တူဘဝမှာ ဘာမှမစဉ်းစားရင်တောင် တိုးပွားလာကြမည့် ရင်သွေးလေးတွေအတွက် သူစဉ်းစားရမည်။ ဩော်. . . တကယ်တော့ဖြင့် သူ့မှာ အပြစ်မရှိပါလေ။

သူဟာ သူ့မိသားစုမှာ အငယ်ဆုံး၊ ဝန်ထမ်းမိသားစုကြားမှာ မွေးဖွားလာသူပီပီ မလေးဖြူလောက် မဆင်းရဲ မကျပ်တည်းခဲ့ဖူး၍ ဘဝမနာခဲ့။ အရာရာကို ခပ်ပေါ့ပေါ့တွေးတတ်၊ မြင်တတ်သူ။ နောင်ကျရင်ပြောင်းလဲသွားမှာဆိုတဲ့ မသေချာမှုကို ဆုပ်ကိုင်ကာ သူ့ဘဝထဲ ဝင်တိုးခဲ့တာက မလေးဖြူ။ ပြောင်းလဲသည်မှာ အမှန်ဖြစ်သော်လည်း ထိုပြောင်းလဲမှုက သူစိတ်ဓာတ်လုပ်ရပ်မဟုတ်ဘဲ ဖဲရိုက်ကစားတာကို အလွန်အမင်း ခုံမင်လာခြင်းပင်။ ကိုယ့်ကိုယ်ကိုယ် အပြစ်တင်ရမလား။ ကံကြမ္မာကိုပဲလား၊ ဝိုင်းဝန်းတွန်းအားပေးခဲ့ကြတဲ့ သူငယ်ချင်းတွေကို အပြစ်တင်ရမလား။သူတို့လည်း ဒီလိုဖြစ်လာမယ်လို့ ဘယ်ထင်မလဲလေ။ ဗီဇဆိုတာ ပင်ကိုက မကောင်းတာရှိသလို ပတ်ဝန်းကျင်ကြောင့် ထိခိုက်ပျက်စီးရသည်လည်းရှိ၏။ ဖါကို သူသိရဲ့သားနှင့် သူ့အပေါင်းအသင်းကို လက်တွဲမဖြုတ်။ သူ့ပင်ကို စိတ်ဓာတ်(ဗီဇ)ကပဲ ခပ်ညံ့ညံ့များ ဖြစ်နေရော့သလား။ မလေးဖြူ ရှေ့ဆက်လျှောက်ရမည့် လမ်းကို ချမှတ်ကြည့်သည့်အခါ ငိုတိုင်းတား သာမြင်ရလေသည်။

(၃)

သူအိမ်ပြန်မလာတာ ယနေ့ဆိုရင် (၃) ရက်ရှိပြီ။ ထုံးစံအတိုင်း လည်တဆုံဆုံမျှော်ရသူကမလေးဖြူ။ အလေးဖြူပြောခဲ့သည့်စကားတွေကြောင့် သူစိတ်ချုပြီး အိမ်ပြန်မလာတာဖြစ်မည်။ လင်နဲ့မယား လျှာနဲ့သွားဆိုသော်လည်း သည်တစ်ကြိမ်သာ လျှာနဲ့ သွား ကိုက်မိခဲ့သည်။ ဒါဟာလည်း မလေးဖြူဘက်က အကြိမ်ပေါင်းများစွာ ရှေ့နှုတ်ပိတ်တိတ်ဆိတ်နေခဲ့ခြင်းကြောင့်သာဖြစ်၏။ မဟုတ်ပါက နေ့တိုင်းညတိုင်း ရန်ဖြစ် စကားများရမည်သာ။ လူ့သဘာဝကလည်း သူတစ်ပါးကိစ္စဆိုရင် အထူးတလည် စိတ်ဝင်စားကြပြောကြသည်မို့ သူပြန်မလာတာကိုပဲ မလေးဖြူက နှင်ချလိုက်လို့ဆိုပြီး ရပ်ကွက်ထဲမှာ ပြောဆိုနေသည်။

"ငါတူမ၊ တည်ပြီးတဲ့ဘုရား လင်းတနား နားဆိုသလို ပဲ၊ အိမ်ထောင်သက်တောင် နှစ်နှစ်ပြည့်တော့မယ်ကွယ် သည်းခံလိုက်ရင်နဲ့ သည်းခံလိုက်ပါအေ၊ မွေးခါနီး ဖွားခါနီးမှာ ကိုယ့်လင်သား အနားရှိမှ အားရှိတော့မပေါ့"

အဒေါ်ကြီးက ညအတူ လာအိပ်ပေးရင်း မလေးဖြူကို သူ့စွမ်းသမျှ နားချခြင်းဖြစ်သည်။

"ကျွန်မနားလည်ပေးဖို့ ကြိုးစားနိုင်ပါတယ် အဒေါ်ရယ်၊ အခုဟာက သူကပဲ စိတ်ဆိုးရတယ်လို့၊ တကယ်တမ်း စိတ်ဆိုးရမှာကကျွန်မလေ၊ ကျော်အောင်ကိုသွားမေးတော့ သူ့ဆီလည်း မလာဘူး၊ ဖဲဝိုင်းလည်း မတွေ့ဘူး ပြောတာပဲ၊ အမေတို့ဆီပြန်တာဖြစ်မှာပေါ့"

သူ့မိဘတွေက လင်မယားချင်း စိတ်ဆိုးလို့ ပြန်လာတာကို သိခဲ့ရင်တောင် မလေးဖြူတို့ နှစ်ယောက်ကြားမှာ တော်ရုံတန်ရုံ ဝင်ပြောလေ့မရှိ။ အစစသိနားလည်သည့် အရွယ်များဖြစ်၍ ကိုယ်ပိုင်ဆုံးဖြတ်မှုကိုသာ တန်ဖိုးထားသူများဖြစ်သည်။ သူနှင့်စိတ်ဆိုး၍ မိဘအိမ်ပြန်သည့် အကျင့်လည်း မလေးဖြူ မရင်းနှီးခဲ့၊ ကိုယ်တိုင်ဆုံးဖြတ်ပြီး ရွေးချယ်လျှောက်ခဲ့သည့်လမ်းက မဖြောင့်တန်းခဲ့ရင်တောင် နှစ်ဖက်မိဘများကို စိတ်မဆင်းရဲစေချင်ပါ။ အိမ်ထောင်ရေးဟူသည် ဦးနှောက်အသိဉာဏ်နှင့် ကံတရားအပေါ် မူတည်၍ ကံကောင်း၊ ကံဆိုးရှိသည်မဟုတ်လား။ ကိုယ်နှင့် မရခင်က စည်းစိမ်ဥစ္စာပေါများပေမယ့် ကိုယ်နှင့်လည်း ရရော စီးပွားဥစ္စာ ယိုယွင်းပျက်စီးသွားတတ်သလို ပေါင်းဖက်စမှာ ပိုင်ဆိုင်မှု မရှိခဲ့သော်လည်း နှစ်ယောက်အတူ ကြိုးစားလုပ်ကိုင်မှု၊ ကံတရား၏ မျက်နှာသာပေးမှုကြောင့် စီးပွားတက်ရသူများလည်း ရှိသည်။ လူပျိုဘဝက ဆိုးသွမ်းခဲ့သလောက် ကိုယ်နှင့်ရပြီးမှ လိမ္မာကြိုးစားသူများရှိသလို နဂိုကရိုးသားကြိုးစားပေမယ့် အိမ်ထောင်ကျပြီးမှ အရက်သေစာသောက်စားဆိုးသွမ်းသူများလည်း မလေးဖြူတို့ အပေါင်းအသင်း မိတ်ဆွေတွေမှာသာမက ပတ်ဝန်းကျင်မှာပါ မြင်တွေ့ရပါ၏။

သူနှင့်လက်မထပ်ခင်က မိန်းမကို အလုပ်လုပ်မကျွေးဘဲ နိုင်ထက်စီးနင်း ရိုက်နှက်ကာ ဆဲရေးတိုင်းထွာသူများကို မြင်ရတိုင်း စိတ်မှာ ဒေါသဖြစ်ခဲ့ရသည်။ သည်လောက် အနိုင်စက်ခံနေရတာတောင်၊ သည်လောက်အကျင့်ပျက်တာကိုသိရဲ့နဲ့တောင် ဆက်ပြီးပေါင်းသင်းနေသေးတယ်။ ငါသာဆို ဒီလိုယောကျ်ားမျိုးကို မပေါင်းဘူး။ ချက်ချင်းကွာပစ်လိုက်မယ်လို့ ကြွေးကြော်ခဲ့ဖူး၏။ ကိုယ်တိုင်ကြုံတွေလာရတော့ ကွာတယ်ဆိုတာ အပြောလွယ်သလောက် ခဲယဉ်းလှသည်ကို မလေးဖြူ သိနားလည်ခဲ့ရသည်။ မိသားစုအသိုက်အဝန်းနှင့် စုံစုံညီညီဖြစ်လာသည့်အခါမျိုးဆိုရင် သားသမီးတို့၏ ရှေ့ရေးကို ထည့်စဉ်းစားရသောမလေးဖြူတို့ မိန်းမသားများဟာ 'ကွာရှင်းမယ်' ဆိုသည့် စကားလုံးဆီ မရောက်အောင် အခြေအနေ အမျိုးမျိုးကို မိခင်စိတ်နှင့်အန်တုရင်ဆိုင်ရသည် မဟုတ်လား။



**ဒေါသစိတ်ကြောင့် သည်းခံထားသမျှတို့က အိတ်သွန်ဖာမှောက် ပွင့်အန်ကြကုန်တော့သည်။ ဘာတွေများ ထပ်ပေးရဦးမှာလဲတဲ့၊ သူမို့ပြောထွက်ရက်သည်။ မိန်းမတစ်ယောက်ကို လက်ထပ်လိုက်ရုံ၊ ထိုမိန်းမအနားရှိရုံနှင့် တာဝန်ကျေပြီလို့ သူထင်နေသလား...**

Asian Fame Media Group

**မလေးဖြူ သူ့ရင်ခွင်ထဲကို တိုးဝင်ပြီး ကလေးတစ်ယောက်လို ရှိုက်ငိုလိုက်သည်။ သူ အလုပ်မလုပ်ဘဲ နေစေဦး သူ့အရိပ်ကို မလေးဖြူ ခိုဝင်ခဲ့သည်မို့ သည်အရိပ်ကလွတ်အောင် မရုန်းနိုင်ပါလေ။ မသိစိတ်အောက်မှာ ငုပ်လျှိုးနေသော မာနစိတ်ကလည်း သူ့ကို မြင်လိုက်ရသည့် တစ်ခဏအတွင်းမှာ**



"ကဲ. . မလေးဖြူ ငိုတာမ သိပ်လည်း တွေးပူမနေပါနဲ့ကွယ်၊ မောင်တက်လူ ပြန်လာမှာပါ။ အပြင်မှာ လေတိုက်တယ်၊အထဲဝင်ရအောင်"

ခေါင်းကို အသာညိတ်ပြလိုက်သော်လည်း လူက ဝရန်တာပေါ်ကနေ မခွာဖြစ်သေး။ မလေးဖြူကို သူတော်တော်များ နာကြည်းသွားသလား။ မိန်းမတစ်ယောက်ဟာ လက်ထပ်ပြီးသည်နှင့် ထိုယောကျ်ား၏ အရိုက်နှက်ခံ၊ ဆဲဆိုမှုဒဏ်ကို လွတ်သည်ဆိုလျှင် အင်မတန်ကံကောင်းသည်တဲ့။ ဒါဆို မလေးဖြူ ကံကောင်းတယ်လို့ ဆိုရမလား။ သည်နေ့အချိန်ထိ မလေးဖြူကို သူနာကျင်အောင် မလုပ်ခဲ့သလို အယုတ်ညံ့စကားများလည်း မဆိုခဲ့။ သူသည်လောက်ကောင်းရင် မလေးဖြူဘက်က နည်းနည်းလျှော့လိုက်ရကောင်းမလား။ အလုပ်မလုပ်ဘဲ ဖဲရိုက်အချိန်ဖြုန်းတတ်တာကို သည်အတိုင်း သည်းခံလက်စနဲ့ သည်းခံပေးရမလား၊ ဒို. . ဒါက မဖြစ်သင့်။ အိမ်ထောင်ဦးစီးဆိုတာ ရှေ့ကနေ မားမားမတ်မတ် ရပ်တည်ပေးရမှာ၊ သူက ရှေ့မဟုတ် နောက်ကမဟုတ် ဘေးကပဲကပ်လိုက်တတ်တဲ့ လွယ်အိတ်ပဲ၊ နေပလေ့စေ၊ ပြန်လာချင်မှ ပြန်လာလိမ့်မယ်။ တစ်ယောက်တည်းလည်း ကြုံလာတဲ့ဒဏ်ကို ခါးစည်းခံပစ်လိုက်မယ်။ မာနစိတ်ကြောင့် စိတ်က တင်းခံနေပေမယ့် ပါးပြင်မှာ မျက်ရည်တွေ လိမ့်ဆင်းကျနေသည်။

မလေးဖြူ မှားသွားပြီလား ကွယ်။ သူ တကယ် ပြန်မလာတော့ရင် ဘာလိုလုပ်ရမလဲ။ တကယ်တမ်းကျ တစ်ခုလပ်၊ မုဆိုးမဆိုတဲ့ မိန်းမသားတစ်ယောက်ရဲ့ဘဝဟာ လုံခြုံမှုမရှိသလို အထင်အမြင်သေးစွာ စော်ကားချင်သူတွေကြားမှာ အနေအထိုင် ကျစ်လျစ်သိပ်သည်းရတယ်ဆိုတာလည်း မလေးဖြူအသိ။ မလေးဖြူကို သူ ထားရစ်ခဲ့ပြီထင်သည်။ ဘာပဲဖြစ်ဖြစ် နောက်ဆုံးမှာ နာကျင်ထိခိုက်ရသူက မိန်းမသားပဲ လားကွယ်။ ပါးစပ်ကို လက်နှင့်ပိတ်၍ အားရပါးရ ငိုလိုက်၏။ ဘယ်လောက်ကြာကြာ ငိုမိသည်မသိ။ ပခုံးနှစ်ဖက်ကို လာဆုပ်ကိုင်သည့် လက်တစ်စုံ၏ အထိအတွေ့ကြောင့် မျက်ရည်ကြားကနေ မော့ကြည့်လိုက်သည်။ လရောင်အောက်မှာ သူ့မျက်နှာက ထင်ထင်ရှားရှား။

"မောင်"

မလေးဖြူ သူ့ရင်ခွင်ထဲကို တိုးဝင်ပြီး ကလေးတစ်ယောက်လို ရှိုက်ငိုလိုက်သည်။ သူ အလုပ်မလုပ်ဘဲနေစေဦး သူ့အရိပ်ကို မလေးဖြူ ခိုဝင်ခဲ့သည်မို့ သည်အရိပ်ကလွတ်အောင် မရုန်းနိုင်ပါလေ။ မသိစိတ်အောက်မှာ ငုပ်လျှိုးနေသော မာနစိတ်ကလည်း သူ့ကို မြင်လိုက်ရသည့် တစ်ခဏအတွင်းမှာ ထွက်ပြေးပျောက်ကွယ်သွားကြပြီ။

"မောင်. . . မလေးဖြူကို ဒီလိုတစ်ယောက်တည်း မထားခဲ့ပါနဲ့၊ မလေးဖြူ အားငယ်တယ်၊ မလေးဖြူ မောင့်ကို နားလည်ပေးဖို့ ဆက်ကြိုးစားပါ့မယ် မောင်ရယ်၊ မလေးဖြူလေ မလေးဖြူ မောင့်ကို. . ."

မလေးဖြူ စကားမဆုံးခင်မှာဘဲ သူက မလေးဖြူနှုတ်ခမ်းလေးတွေကို လက်နှင့်ပိတ်၍ ပါးပြင်ကို ဖွဖွနမ်းသည်။

"မောင် မလေးဖြူကို သိပ်ချစ်ပါတယ်၊ မောင့်ကိုယ်မောင်လည်း ပြုပြင်ပါ့မယ်။ ဒါပေမဲ့ မလေးဖြူ မောင့်ကို အချိန်ပေးပါ။"

အချိန်။ ပေးနိုင်ရမှာပေါ့။ မလေးဖြူဆိုသည့် ကျွန်မက မောင့်အရိပ်ကို ခိုလှုံဖို့ ရွေးချယ်ခဲ့သူ မဟုတ်လား။ မောင်တောင်းသည့် အချိန်ကို ကြည်ဖြူစွာ ပေးဆပ်ရမည်လေ။ လျှောက်ခဲ့ရသည့် ခရီးလမ်းက ကနဦးကတည်းက မညီညာ မချောမွေ့စေဦးတော့ လမ်းခရီးတစ်ဝက်တစ်ပျက်မှာ နောက်ဆုတ်အရှုံးပေးခြင်းမျိုး မလေးဖြူ ဘယ်တော့မှမလုပ်။ သူ ကိုယ့်ဘေးမှာ ရှိနေတယ်ဆိုသည့် အတွေးတစ်ခုနှင့် ခရီးလမ်းကို ဆုံးအောင်လျှောက်မည်။ ခရီးအဆုံးမှာ တစ်စုံတစ်ခုကို ရှာဖွေတွေ့ရှိမယ်ဆိုတာလည်း မလေးဖြူ ယုံကြည်နေပါသည်၊ မလေးဖြူ၏ နှလုံးသားကနေ တိုးတိတ်ရွတ်ဆိုမိသော ကဗျာလေးကို တော့ မောင်တစ်ယောက် မကြားနိုင်ပါလေ။ ကဗျာလေးက 'လျှောက်ခဲ့ပြီပေါ့ ခရီးအဆုံး'တဲ့။

တူနှစ်ကိုယ် ခရီးလမ်း
ကြမ်းသည့်ပါထား
ချစ်ခွန်အားနဲ့
အားတင်းလျှောက်မယ်။
ဘဝခရီးကြမ်း
လျှောက်သောလမ်းမှာ
ကိုယ်တစ်ယောက်သာပဲ
ဖြစ်နေဦးတော့
ခွင့်လွှတ်စိတ်နဲ့
အားတင်းလျှောက်မယ်။
သည်လိုနဲ့
လျှောက်သောလမ်းမှာ
တေးသံသာဖို့ ကိုယ့်မှာ
သူကလေးရှိခဲ့ပြီ။
နာကျင်ဝမ်းနည်း ပင်ပန်းမှုနဲ့
ဒေါသစိတ်စွဲ မာနခဲကြောင့်
သူကလေးဘဝ
အလင်းမပဲ့စေရ။
လမ်းခရီးတစ်ဝက်
နောက်အလှည့်မှာ
ကိုယ့်ရှေ့ဘေးဝဲယာ
သူမပါလည်း
ဆက်လျှောက်မှာပဲ
တစ်ယောက်တည်း
ဆက်လျှောက်မှာပဲ
တစ်ယောက်တည်း။

ကျွန်မ သည်ခရီးကို ဆုံးအောင် ဆက်လျှောက်နေမှာ အသေအချာပါပဲ။

**ခင်ဝတ်ရည်(ပညာရေး)**

A1 Fame Media Group



ကိုထွန်း(လပ်း၈၀)

# မန္တလေးအတွေး မန္တလေးအရေး

## အသက်ကြီးလာမှ...

**ဘုရား . . . ဘုရား။ ကျွန်တော်တို့မန္တလေးမြို့ကြီးမှာ ဘယ်လိုဖြစ်ကုန်ကြပြီလဲ။ မြို့လယ်ကောင်မှာ နေ့ခင်းကြောင်တောင် အနုကြမ်းစီးပြီး လူသတ်ပစ္စည်းယူသွားသတဲ့။ ကြားလိုက်ရတဲ့ သတင်းကြောင့် ကိုထွန်းတစ်ယောက် တုန်လှုပ်သွားခဲ့ရပါတယ်။**

အဲဒီသတင်းမတိုင်ခင်တစ်ရက်လောက်ကလည်း ရဲတစ်ယောက်ကပစ်ခတ်လို့ သူ့အထက်အရာရှိ သေဆုံးသွားတဲ့အကြောင်း ကြားရပြန်တော့ ဟယ်ခနဲဖြစ်သွားရပြန်ရော။ ဒီလိုပါပဲ။ မန္တလေးရဲ့ မကောင်းသတင်းတွေက နေ့စဉ်ရက်ဆက်ဆိုသလို ကြားနေရတာပါ။ မားကိုင်ရမ်းလို့ လူတွေ ထိခိုက်ဒဏ်ရာရတဲ့သတင်း၊ လူငယ်အုပ်စုတစ်စု အကြောင်းပြချက်မရှိဘဲ ဝင်ရောက်ရိုက်နှက်တဲ့သတင်း၊ မူးယစ်ဆေးဝါးတွေ ဖမ်းမိတဲ့သတင်း၊ အနိုင်ခန်းနဲ့လူကုန်ကူးမှုသတင်း၊ ရှေ့မှာ ကလေးကစားကွင်း အမည်ခံပြီး နောက်ကွယ်မှာ Money game စက်တွေနဲ့ လောင်းကစားလုပ်နေကြတဲ့သတင်း၊ ဆိုင်ကယ်စီးနေသူရဲ့ ပိုက်ဆံအိတ်ကို လုပြေးတဲ့ သတင်း၊ အမျိုးသမီးတွေ မောင်းနှင်လာတဲ့ မော်တော်ကားကို တစ်ယောက်က မော်တော်ကား အတိုက်ခံချင်

ယောင်ဆောင်ပြီး လူအုပ်စုနဲ့ လျှော်ကြေးပေးဖို့ ဝိုင်းအနိုင်ကျင့်ကြတဲ့ သတင်း၊ နေ့တိုင်းဆိုင်ကယ်တွေ တစ်ဖုံးဖုံးတိုက်ကြတဲ့သတင်း။ သတင်းတွေက ကြားရ၊ ကြားရနားဝမှာ မချမ်းသာစရာတွေချည်း ဖြစ်နေတာပါ။ တကယ်တော့ မန္တလေးဟာ မြန်မာမင်း နောက်ဆုံးထီးနန်းစိုက်ခဲ့တဲ့မြို့တော်၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနဲ့ အမွေအနှစ်တွေဟာ မန္တလေးမှာပဲ ရှိတော့တာပါပဲ။ တစ်ဦးနဲ့တစ်ဦး ချစ်ချစ်ခင်ခင် ပျော်ပျော်ရွှင်ရွှင်နဲ့ ရင်းနှီးနွေးထွေးတဲ့မန္တလေး။ အခုတော့ ချစ်စရာကောင်းတဲ့ မြင်ကွင်းတွေ၊ ဓလေ့စရိုက်တွေဟာ ၂၁ ရာစုရဲ့ ဆယ်စုနှစ်ကျော်လွန်ပြီးခါစမှာပဲ ပျောက်ကွယ်သွားခဲ့ပြီလား။ တွေးရင်းနဲ့ ဖူးခနဲ သက်ပြင်းမှုတ်ထုတ်ရင်း ခေါင်းခါရမ်းလိုက်မိပါတယ်၊

ဒီကနေ့က ဥပုသ်နေ့မို့ ဈေးတွေ၊ ကျောင်းတွေပိတ်တာနဲ့ ထုံးစံအတိုင်း လက်ဖက်ရည်ဆိုင်မှာ ကျွန်တော်တို့ ဆုံဖြစ်ကြပါတယ်။ ဒါပေမဲ့ အရင်ကလိုမျိုးတော့ လူစုံတက်စုံ မရှိတော့ပါဘူး။ လူတိုင်းမှာ တစ်နေ့တစ်နေ့ ဆောင်ရွက်နေရတဲ့ကိစ္စဝိစ္စတွေက အများသားကလား။ ဒီတော့ ပေါ့ပေါ့ပါးပါး တွေ့ဆုံနိုင်မယ့်နေရာကလေးကို ဘယ်လာနိုင်ပါတော့မလဲ။ ဆိုင်ကယ်တွေ၊ မော်တော်ကားတွေ အရှိန်ပြင်းပြင်း မောင်းနှင်ရှုပ်ထွေးနေတဲ့ လမ်းမဆီကို ကျွန်တော်ငေးကြည့်နေပါတယ်။ နားမျက်စိ အေးစရာ တစ်စက်ကလေးမှ မရှိ၊ ဆူညံပွက်လောရိုက်နေတဲ့ မြင်ကွင်းပါ။ အဲသမှာ လွန်ခဲ့တဲ့ နှစ်သုံးဆယ်ဆီကို စိတ်အတွေးတွေ ဖျတ်ခနဲ ရောက်သွားခဲ့ပြန်ပါတယ်။ လမ်းမပေါ်မှာ ဘတ်(စ်)ကားအိုကြီး တစ်အိအိ မောင်းနှင်နေပါတယ်။

ဆိုက်ကား ဘဲ(လ်)တီးသံ တလွင်လွင်၊ စကားတပြောပြောနဲ့ အေးအေးဆေးဆေး စက်ဘီးနင်းနေကြသူတွေ၊ ကတ္တရာလမ်းမပေါ်မှာတော့ စည်းချက်မှန်မှန် ထွက်ပေါ်နေတဲ့ မြင်းခွာသံနဲ့ ခရီးသည်တွေ တင်ဆောင်လာတဲ့ မြင်းလှည်းတွေ၊ ဟော. . . လမ်းအကွေ့ဆီက တီးသံမှုတ်သံ ဗြိုင်ဗြိုင်ဆိုင်ဆိုင်နဲ့ သီဆိုဖျော်ဖြေလာတဲ့ ဗျောအဖွဲ့။ ဒါပေမဲ့ ကျွိခနဲ ဘရိတ်အုပ်သံကြီးကြောင့် ထိတ်လန့်သွားပြီး အဲဒီ လွမ်းစရာအတွေးတွေ ချက်ချင်း ပျောက်ကွယ်သွားခဲ့ရပါတယ်။ တွေ့လိုက်ရတာက သုံးယောက်စီးလာတဲ့ ဆိုင်ကယ်ကို ဆလွန်းကားတစ်စီးက တိုက်သွားတော့မလို ဖြစ်သွားတဲ့ မြင်ကွင်း။ ကံကောင်းလို့သာပေါ့၊ မော်တော်ကားမောင်းတဲ့ သူသာ သတိမရှိခဲ့ရင် သွေးသံရဲရဲနဲ့ သေပွဲဝင်ကြရတော့မှာဖြစ်ပါတယ်။ ဆိုင်ကယ်က ယာဉ်အသွားအလာမကြည့်ဘဲ လမ်းကို ဖြတ်မောင်းတာလေ။ ဒါပေမဲ့ အတိုက်ခံရတော့မလိုဖြစ်သွားတဲ့ ဆိုင်ကယ်ပေါ်က ကျေးဇူးရှင်လေး သုံးယောက်ကတော့ ဘယ်သူ့ကိုမှ ထီမထင်တဲ့ပုံစံ။ တစ်ယောက်က မော်တော်ကားမောင်းတဲ့သူကိုတောင် မျက်စောင်းခဲပြီး ကြည့်လိုက်ပါသေးတယ်။ ကျွန်တော်လေ ဆိုင်ကယ်ဦးထုပ်မဆောင်းဘဲ ၃ ယောက်စီးပြီး မထေမဲ့မြင်လုပ်နေတဲ့ အဲဒီလူငယ် ၃ ယောက်ကိုကြည့်ရင်း အူယားနေမိပါတယ်။ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ချိုးဖောက်တာ၊ အသက်အန္တရာယ်ကို ဂရုမစိုက်တာ။ သူတို့ရဲ့ အတွေးတွေထဲမှာ ဘာတွေရှိနေသလဲ။ ပုံမှတော်လို့ ဆိုးဆိုးဝါးဝါး ကြုံလာရင် မိဘတွေခမျာ ရင်ကျိုးကြရတော့မယ့်အဖြစ်ကို ကျွန်တော်တွေးလိုက်မိပါတယ်။

အင်း. . . မလွယ်ဘူး၊ မလွယ်ဘူး။ နေ့ရောညရော အပြင်ထွက်ရင် သူတို့နဲ့ ထိပ်တိုက်မတိုးမိအောင် သတိထားနေရတာဟ။

ဆိုင်ကယ်နဲ့ ထောင့်မကျိုးတဲ့ ငတိလေး ၃ ယောက်ကိုကြည့်ရင်း သူငယ်ချင်းတစ်ယောက်က မှတ်ချက်ချလိုက်ပါတယ်။ သူ့စကားကို ကျန်တဲ့ တစ်ယောက်ကလည်း ထောက်ခံရင်း သူ့အတွေ့အကြုံကို ပြောပြပါတယ်။ တစ်ရက်က ည ၁၀ နာရီကျော်လောက်မှာ အလုပ်ကိစ္စပြီးလို့ အိမ်ပြန်လာတဲ့အချိန် လမ်းတစ်နေရာရောက်တော့ လမ်းလုံးပြည့်နီးပါး ရင်ပေါင်တန်းစီးနေတဲ့ ဆိုင်ကယ်အုပ်စုနဲ့ တွေ့ရောတဲ့။ ဆိုင်ကယ်စီးနေတာက တစ်လမ်းလုံး ဘယ်သူ့ကိုမှ အရေးစိုက်စရာ မလိုသလိုမျိုးနဲ့ စီးနေကြတာ။ သူတို့က ရှေ့ကနေပြီး ရင်ပေါင်တန်းစီးပြီး ပိတ်ဆို့နေကြတော့ အိမ်ကို မြန်မြန်ရောက်ချင်နေတဲ့ ကျွန်တော့်သူငယ်ချင်းခမျာ သူတို့နောက်က အသားမေ့ပြီး လိုက်လာရပါတယ်။ တစ်နေရာရောက်တော့ ဆိုင်ကယ်တစ်စီးစာ ဖြတ်သန်းလို့ရတဲ့ နေရာလွတ်တစ်ခုရှိတာနဲ့ သူငယ်ချင်းက ဆိုင်ကယ်အရှိန်မြှင့်တင်ပြီး အဲဒီအုပ်စုကို ကျော်လိုက်ပါတယ်။ ဒါကို သူတို့အပေါ် ကျော်တယ်လို့ ယူဆဟန်တူရဲ့။ သူတို့အချင်းချင်း ပြောသလိုမျိုးနဲ့ ပျော်တောင် ဘာလုပ်လည်းလုပ်တာလဲ၊ ဆိုင်ကယ်ကို ကျော်မစီးနဲ့ကွလို့ ပြောလိုက်သတဲ့။ ကျွန်တော့်သူငယ်ချင်း ဒေါပွသွားတယ်။ တမင်သက်သက် ပြဿနာဖန်တီးနေမှန်း သိလိုက်တယ်။ စိတ်တိုတိုနဲ့ ဆိုင်ကယ်ရပ်ပြီး ဖြေရှင်းရင် ခင်ဗျားက ဘာလဲ၊ ကျွန်တော်တို့ အချင်းချင်း ပြောနေတာကို ဘာဖြစ်လို့ ရန်စတာလဲမေးပြီး ဝိုင်းသမကြပါတော့မယ်။ သူလည်း စိတ်ကိုထိန်းရင်း ဆိုင်ကယ်ကို ခပ်မြန်မြန်မောင်းလာခဲ့တော့ ကြိုတင်တွက်ထားတဲ့အတိုင်း အဲဒီဆိုင်ကယ်အုပ်က သူ့နောက်ကလိုက်လာကြပြီး မကြားတကြားနဲ့ ရန်စကြတော့တာပေါ့။ ဒီလိုနဲ့ ဆိုင်ကယ်စီးလာရင်း ရပ်ကွက်ထိပ်ရောက်တော့ သူ့ဆိုင်ကယ်ကို ရပ်လိုက်ပါတယ်။ ကိုယ့်ရပ်ကွက်ထဲရောက်လာလို့ အားတက်သွားပြီလေ။ အဲဒီအချိန်မှာပဲ ဆိုင်ကယ်အုပ်စုက သူ့ကို ဝိုင်းထားလိုက်ပါတယ်။ ဒါပေမဲ့ ဆိုင်ကယ်စက်သံ ဆူဆူညံညံတွေ ကြားရလို့ ရပ်ကွက်ထဲမှာရှိကြတဲ့ လူငယ်တွေ ထွက်လာကြတယ်။ သူ့ကိုမြင်တော့ ဘာဖြစ်တာလဲ မေးကြတာပေါ့။ ရပ်ကွက်ထဲက လူငယ်အုပ်စုတွေကို မြင်တော့ ငတိလေးတွေလည်း အခြေအနေမှန်ကို ရိပ်စားမိသွားပြီး ရူးသလို၊ ပေါသလို ဟီးဟီးဟားဟား အော်ဟစ်ပြီး ဆိုင်ကယ်တွေ မောင်းပြေးပါလေရောတဲ့။ အဲသလိုမျိုး ကြုံတွေ့ရပြီးနောက်ပိုင်း သူငယ်ချင်းလည်း ညပိုင်းအပြင်ထွက်စရာရှိရင်တောင် ညမိုးချုပ်အောင် မနေတော့ဘဲ



Asian Fame Media Group



ဆောင်ရွက်စရာရှိတာ မြန်မြန်လုပ်ပြီး ပြန်လာရတယ်လို့ ပြောပါတယ်။

မှန်ပါတယ်။ ပိုလွန်းတယ်ပဲ ပြောချင် ပြောပါတော့။ ညမိုးချုပ်တဲ့အချိန် မန္တလေးမြို့ကြီးဟာ သွားရေးလာရေးအတွက် စိတ်မချရတာ အမှန်ပါပဲ။ အဓိက လမ်းမကြီးတွေကလွဲပြီး လမ်းမီးတွေက မရှိတော့ ကံမကောင်းရင်(ကိုယ့်ဘက်က ဘယ်လိုပဲ မှန်ကန်နေပါစေ) စည်းမဲ့ကမ်းမဲ့မောင်းနှင်နေတဲ့ ဆိုင်ကယ်နဲ့ မော်တော်ကားတွေ အတိုက်ခံရနိုင်တဲ့ကိန်းနဲ့ ကြုံတွေ့နိုင်ပါတယ်။ အဲဒီထက်ကံဆိုးရင်တော့ ဆေးကြောင်တဲ့လူငယ်အုပ်စုရဲ့ အလကားနေရင်း မျက်မာန်ရှတာခံရပြီး မဆီမဆိုင် အရိုက်ခံရတာမျိုးလည်း ဖြစ်သွားနိုင်တာကော။ ဒီတော့ ကျွန်တော်တို့မှာ တစ်ချိန်က ယဉ်ကျေးသိမ်မွေ့ပါတယ်ဆိုတဲ့ မန္တလေးမြို့ကြီးထဲမှာ နေထိုင်ရပေမယ့် စိတ်လုံခြုံမှုမရတော့သလို ခံစားလိုက်ရပါတယ်။ သို့ကလို စိုးထိတ်စရာ သတင်းတွေကြားရတော့ ည ၁၀နာရီ၊ ၁၁ နာရီအထိ လက်ဖက်ရည်ဆိုင် ထိုင်တတ်တဲ့ ကျွန်တော့်အတွက် ချစ်ချစ်က စိုးရိမ်သွားပါတယ်။ အရင်တုန်းက ဘာကိစ္စပဲရှိရှိ ည ၁၁ နာရီထိုးရင် အိမ်ပြန်လာရမယ်လို့ အမိန့်ထုတ်ထားပါတယ်။ ဒါက ည ၁၁ နာရီထိုးရင် အိမ်ထဲမှအိမ်အပြင် ထွက်ခွင့်မရှိတဲ့ ကျွန်တော့်အတွက် ချစ်ချစ်ထုတ်ထားတဲ့ မာရှယ်လော ဖြစ်ပါတယ်။ အခုကျတော့ ပိုပြီးသွားပါပြီ။ သူရဲ့ မာရှယ်လောအချိန်ကို ရှေ့တိုးလိုက်ပါပြီ။ ည ၈ နာရီမှာအိမ်အရောက် ပြန်လာရမယ်တဲ့။ အချိန်ကာလကို ရှေ့တိုးပြီး သတ်မှတ်လိုက်လေကိုးနော်။ အိမ်အပြန်နောက်ကျပြီး ည ၈နာရီကျော်ခဲ့ရင် ချစ်ချစ်ရဲ့ ပွမ်ပွမ်မြည်တဲ့ အသည်းကလေးကို တွေ့ရပါတော့တယ်။ ပြောစရာရှိရင် ခြင်းအိုးပေါက်သလို တော်တော်နဲ့ မပြီးနိုင်ဘူး။ အဲသမှာ နားအေးပါးအေးနေချင်တဲ့ ကျွန်တော်နဲ့ ပြဿနာတက်ပါလေရော။ ပြဿနာဆိုတာ သူတစ်ခွန်း၊ ကိုယ်တစ်ခွန်း စကားတွေ အချီအချပြောကြ၊ စွပ်စွဲကြ၊ ဖြေရှင်းကြ။ အမှန်တော့ အခုမှ ပြန်တွေးကြည့်တော့ ကျွန်တော်တို့အဖြစ်က ကလေးတွေနဲ့ တူနေပါတယ်။ ဘယ်သူဘယ်သူမှ အလျှော့မပေးဘဲ အငြင်းပွားကြတာလေ။

တစ်နေ့က ကျွန်တော်တို့ သူငယ်ချင်းသုံးယောက် လက်ဖက်ရည်ဆိုင်မှာ ဆုံဖြစ်ကြတယ်။ အဲဒီနေ့က ကျွန်တော်တို့သုံးယောက်စလုံး စိတ်ရှုပ်စရာ ကိုယ်စီရှိနေကြသမို့ ရွှင်ရွှင်လန်းလန်းနဲ့ မပြုံးပျော်နိုင်ဘဲ ဖြစ်နေကြပါတယ်။ ပြောရရင် အိမ်က အဘွားကြီးတွေနဲ့ (ခေတ်စကားနဲ့ ပြောရရင်) ကောလာခဲ့ကြတာပါ။ အရင်တုန်းက လက်ဖက်ရည်ဆိုင်မှာ ဆုံဖြစ်ကြတိုင်း အင်တာနက်လူမှုကွန်ရက်ထဲက သတင်းတွေပြောကြ၊ ကမ္ဘာ့နိုင်ငံရေးနဲ့ မြန်မာ့နိုင်ငံရေးကို ဝေဖန်ဆွေးနွေးကြ၊ ဘောလုံးပွဲသတင်းတွေ ဖလှယ်ကြ အနိုင်အရှုံးခန့်မှန်းကြနဲ့ပါ။ ဒီတစ်ခါ လက်ဖက်ရည်ဆိုင်ထိုင်တော့ နေ့စဉ်ကြားရတဲ့ လောကဝန်းကျင်က သတင်းတွေအားလုံးကို ဘေးချိတ်ပြီး သူ့ပြဿနာ၊ ကိုယ့်ပြဿနာတွေကို ရင်ဖွင့်ကြပါတော့တယ်။ သူငယ်ချင်းတစ်ယောက်ရဲ့အဖြစ်က ဒီလို။ သူ့ရဲ့အငယ်ဆုံးသားကို သိပ်မကြည်ဘူး။ ဘွဲ့ရပြီး နောက်ထပ် ဟိုသင်တန်းတက်သလိုလို ဒီသင်တန်းတက်သလိုလိုနဲ့ လတ်လျားလတ်လျား လုပ်နေတယ်လို့ ထင်တယ်။ ပြီးတော့ ပြန်မပြော၊ နားမထောင်။ တစ်ရက်က သူ့ရဲ့သားကို အချိန်တန်အိမ်ပြန်မလာလို့ ဒေါ်ပွနေတယ်။

ဟော့ကောင်. . . ဝင်ချင်တဲ့အချိန်ဝင်၊ ထွက်ချင်တဲ့အချိန် ထွက်ရအောင် ဒါက ဇရပ်မဟုတ်ဘူးကွလို့ ဆူလိုက်တယ်။ သားတော်မောင်က သူ့အကျင့်အတိုင်း ဘာမှ ပြန်လည်ဖြေရှင်းချက်မပေး၊ မတုန်မလှုပ် ကျောက်ရုပ်လုပ်နေတော့ သူ့ရဲ့ ဒေါသဒီဂရီဟာ အမြင့်ဆုံးကို ရောက်သွားပါတယ်။ ဟော့ကောင် အိမ်ပေါ်က ခုဆင်းလို့ မောင်းချလိုက်ပါရောတဲ့။ အပ်နဲ့ထွင်းရမယ့်ကိစ္စ ပုဆိန်နဲ့ ပေါက်ရတဲ့အဖြစ်မျိုးမို့ ကျွန်တော်မျက်လုံးပြူးသွားပါတယ်။ မင်းက မောင်းချလိုက်တော့ အိမ်ပေါ်က ဆင်းသွားရောလားလို့ ကပျာကယာမေးလိုက်ပါတယ်။ သူငယ်ချင်းက ပြောရင်းနဲ့ ဒေါသထွက်လာဟန်တူရဲ့။ ဟွတ်ခနဲ နှာတစ်ချက်မှုတ် လိုက်ပါတယ်။ ဆင်းသွားတာပေါ့ကွ၊ ဒါပေမဲ့ အိမ်အပေါ်က အိမ်အောက်ထပ်ကို ဆင်းသွားတာ၊ အိမ်အပြင်ထွက်သွားတာမဟုတ်ဘူး။ ငါ့ရဲ့စကားကို တစ်သွေမတိမ်းလုပ်သလိုလိုနဲ့ ဘယ်လောက်လူလည်ကျသလဲ၊ ကျွန်တော့်မှာ မအီမလည်ဖြစ်နေတဲ့ သူ့မျက်နှာကို ကြည့်ရင်း ပြုံးမိသွားတာကလား။

အဲဒီကိစ္စအတွက် သူ့အဘွားကြီးက သူ့ကို စကားနဲ့ အိစိအိစိလုပ်သတဲ့။ ကိုယ့်သားသမီးကို အိမ်ပေါ်ကနှင်ချတဲ့ ဒီလိုအဖေမျိုး မတွေ့ဖူးသေးဘူးတဲ့။

အင်မတန်မှ ရက်စက်သတဲ့။ ဒီတော့ သူပိုပြီး ဒေါကန်သွားတာပေါ့။ သူ့မိန်းမ ပြောပေါက်မျိုးနဲ့ဆိုရင် သူ့ခမျာ လူဆိုးကြီးကိုဖြစ်လို့။ တကယ်တော့ သူ့ရဲ့ ဆန္ဒက သားနဲ့ အဖေကြားမှာ သူ့ဇနီးက ပြေရာပြေကြောင်း ပြောပြီး သံတမန်လမ်း ခင်းပေးစေချင် ရှာတာပါ။ ဒေါသ

**ဒီတော့ ကျွန်တော်တို့မှာ တစ်ချိန်က ယဉ်ကျေးသိမ်မွေ့ပါတယ်ဆိုတဲ့ မန္တလေးမြို့ကြီးထဲမှာ နေထိုင်ရပေမယ့် စိတ်လုံခြုံမှု မရတော့သလို ခံစားလိုက်ရပါတယ်။**

အလျောက် ပြောမိပေမယ့် ကိုယ့်သားသမီးပဲ၊ ဘယ်လိုလုပ် စွန့်လွှတ်လို့ရမလဲ၊ ဒါပေမဲ့ သူ့ဇနီးက မပါးနပ်၊ သားဘက်ကလိုက်တော့ ပိုပြီး ဒေါကန်သွားပါတော့တယ်။ မိန်းမနဲ့ စကားမပြောတာ သုံးရက်ရှိပြီတဲ့။ ကောင်းတယ်။ ဒါမှ နားငြီးသက်သာတယ်၊ ငါလည်း မငြီးလို့ပဲ၊ အသုံးမကျတဲ့ မိန်းမ၊ အခုချိန်အထိ ကိုယ့်ယောက်ျားအကြောင်း ဘာမှမသိဘူး။ သူငယ်ချင်းတစ်ယောက်ကလည်း သူ့ရဲ့စကားကို ထောက်ခံချက်ပေးလိုက်ရင်း ရှူးရှူးရှားရှားနဲ့ ရင်ဖွင့်ပြန်ပါတယ်။ အသက်ကြီးလာတဲ့အခါ စိတ်သွားတိုင်း ကိုယ်မပါတော့လို့ တစ်ခါတစ်ခါတော့ အလိုလိုနေရင်း စိတ်တိုနေတတ်ပါတယ်။ ပြီးတော့ (ယောက်ျားသားတွေရဲ့ စိတ်နေသဘောထားက ဘယ်လိုကြောင့် ရယ်မသိ) အသက်ကြီးလာမှ ဇနီးသည်ရဲ့အယုအယနဲ့ ဂရုစိုက်တာကို ပိုပြီး လိုချင်နေပါတယ်၊ အဲဒါကို ဒီကောင်ရဲ့ ဇနီးက သဘောမပေါက်ဘူး။ တစ်ခါတလေ မည်မည်ရရ အကြောင်းကိစ္စမရှိဘဲ စကားများကြရင် မိန်းမက နင်တို့အဖေ အသက်ကြီးလာလေ စိတ်တိုလာလေ၊ ဘယ်လိုမှ မကျေနပ်တာလို့ သမီးတွေဆီ သူ့အကြောင်း ဖော်ကောင်လုပ်ရင်း တိုင်ချက်ဖွင့်တော့ ဒီကောင် ဒေါသဖြစ်ရပါလေရော။ အမေကလည်း အဖေ့အကြောင်း သိသားနဲ့လို့ သမီးတွေက ပြောလိုက်တော့မှ ပိုဆိုးသွားပါတယ်။

"ကိုထွန်း မင်းစဉ်းစားကြည့် သူ့ကို ငါခိုးပြေးတာရော၊ လင်မယားညားခါစမှာ သူ့အိမ်က ယူလာတဲ့ လက်ဝတ်လက်စားတွေ ကုန်သွားအောင် ငါသုံးဖြုန်းပစ်တာရော၊ စုံလို့ကွာ။ ငါ့သိက္ခာကျအောင် သမီးတွေကို ပြောတာကွ။ ဘယ်လောက်တုံးတဲ့ မိန်းမလဲ၊ သမီးတွေက ငါ့အကြောင်း သိတယ်။ စိတ်တိုရင် ငါ့ကိုလာချော့တယ်။ ဒါဆို ပြီးသွားတာပဲ။ ဒီမိန်းမက အဲလိုမဟုတ်ဘူး။ အောင်မာ သမီးတွေကို ပြောလိုက်သေးတယ်။ တစ်သက်လုံး ပေါင်းသင်းလာခဲ့တာ နင်တို့အဖေ အကြောင်း အုမချေးခါး မကျန်မသိဘဲ နေပါ့မလားတဲ့။ ကလေးတွေလောက်တောင် ငါ့အကြောင်း မသိတဲ့မိန်းမ။ ဆောင့်ကန်လိုက်ချင်တာပဲကွာ"

ပြောရင်းနဲ့ ဒေါသထွက်စပြုလာတဲ့ သူငယ်ချင်းရဲ့ မျက်နှာဟာ သွေးရောင်ကြောင့် နီမြန်းစပြုလာပါတယ်။ မည်သို့ဖြစ်စေကာမူပေါ့။ သူငယ်ချင်းနှစ်ယောက်က ရင်ဖွင့်ကြတော့ ကိုယ့်ခံစားချက်ကို မပြောတော့ဘဲ အသာဘရိတ်အုပ်နေလိုက်ရတာကလား။ အမှန်ဆိုရင် အိမ်က မိန်းမတွေ ပါးရည်နပ်ရည်မဖြစ်လို့ ဒီလိုမျိုး ကြုံရတာပါ။ ချစ်ချစ်လည်း ထိုနည်းလည်းကောင်း အတိုင်းပဲ။

ဩဂုတ်လ ၂၃ရက်နေ့ (သီပေါ) နမ့်လန်မြို့ ဆရာနေဝင်းမြင့်တို့ ဇနီးမောင်နှံနဲ့ စာပေဟောပြောပွဲ ထွက်ခဲ့ပါတယ်။ အရင်တုန်းက စာပေဟောပြောပွဲ သွားရင် ချစ်ချစ်က အားလုံးဆောင်ရွက်ပေးနေကျ၊ ခရီးဆောင်အိတ်ထဲကို အဝတ်အစားနဲ့ အသုံးအဆောင်ပစ္စည်းတွေ၊ နေ့စဉ် သောက်ရမယ့်ဆေးဝါးတွေ ထည့်ပေးလေ့ရှိပါတယ်။ အခုတစ်ခါတော့ လင်မယားနှစ်ယောက် စကားများပြီး မချောက စိတ်ကောက်နေလေသမို့ မသိချင်ယောင်ဆောင်နေပါတယ်။ သူလုပ်မပေးလည်း ဘာဖြစ်လဲ။ ကိုယ့်ဘာသာလုပ်ရင်လည်း ရတာမဟုတ်လား။ ခရီးဆောင်အိတ်ထဲ အဝတ်အစားတွေ ထည့်ပြီး အချိန်တန်တော့ ရောက်လာတဲ့ မော်တော်ကားပေါ် ခွေ့ခနဲ တက်လိုက်သွားပါတယ်။ ဟွန်း . . . ။

ကျွန်တော်တို့ စာပေဟောပြောပွဲခရီးအတွက် အကြိုအပို့တာဝန်ယူထားတဲ့သူက ကိုရွှေခင်တဲ့။ ရိုးသားပွင့်လင်းတဲ့ နမ့်လန်မြို့သား ရှမ်းတစ်ယောက်ဖြစ်ပါတယ်။ သူ့ရဲ့ စီးပွားရေးလုပ်ငန်းတွေက နမ့်လန်မှာရော၊ မန္တလေးမြို့မှာရော ရှိနေပါတယ်။ ပြီးတော့ သူက မန္တလေးမှာလည်း နေခဲ့တာဆိုတော့ ခဏလေးနဲ့ ငယ်ပေါင်းတွေလို အဖွဲ့ကျသွားပါတယ်။ ကျွန်တော်ဆိုတဲ့ လူကလည်း ဘယ်လိုလူစားပါလိမ့်၊ ချေးကျရာ ပျော်ချင်တဲ့ လောက်မျိုးလား။ မော်တော်ကားပေါ်မှာ ရယ်စရာ၊ မောစရာတွေ ပြောကြ၊ စီးပွားရေးလုပ်ငန်းတွေအကြောင်း ပြောကြတော့ အိမ်မှာကျန်ရစ်တဲ့ ချစ်ချစ်ကို မေ့သွားပါတယ်။ နမ့်လန်ရောက်တော့ နေ့လယ် ၂ နာရီလောက်ရှိနေပါပြီ။ ကျွန်တော်တို့ကို ကြိုဆိုကြတဲ့ အဖွဲ့ကလည်း အားရစရာကောင်းလိုက်တာ။

အားလုံး လူငယ်တွေချည်းဖြစ်ပါတယ်။

နမ့်လန်မြို့ဟာ သီပေါမြို့နယ်ထဲမှာ ပါဝင်ပြီး အိမ်ခြေ ၃ ထောင်ခန့်ရှိသတဲ့။ လားရှိုး-မန္တလေးကားလမ်းနဲ့ တောင်ကြီးလွိုင်လင်ကားလမ်းနံဘေးမှာ တည်ရှိတဲ့ မြို့တစ်မြို့ဖြစ်ပါတယ်၊ နမ့်လန်မြို့ကို လားရှိုး-မန္တလေးအတိုင်း သီပေါမြို့ကို ကျော်လွန်ပြီး တစ်နေရာမှာ လွိုင်လင်လမ်းခွဲရောက်တော့ အဲဒီလမ်းအတိုင်း နာရီဝက်လောက် မောင်းလိုက်ရင် ရောက်သွားပါတယ်။ လမ်းတွေကလည်း ကောင်းလို့ သွားရလာရတာ လွယ်ကူပါတယ်။

ကျွန်တော်တို့ကို မြို့နယ်လျှပ်စစ်ရုံးဝင်းထဲက ဧည့်ရိပ်သာမှာ နေရာချပေးပါတယ်။ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ကိုညီညီကြည်တို့ ဇနီးမောင်နှံကလည်း ဧည့်ဝတ်ကျေပွန်လွန်းလို့ အားနာသွားရပါတယ်။ ည ၇ နာရီ ရောက်တော့ မြို့တော်ခန်းမမှာ စာပေဟောပြောပွဲ ကျင်းပတာပေါ့။ ပရိသတ်ကလည်း ခန်းလုံးပြည့်နီးပါး တက်ရောက်ကြပါတယ်။ ဆရာမခင်ခင်ထူးက ကလေးလေးတွေ ပညာတတ်ကြဖို့၊ ကျွန်တော်က ကောင်းဖို့ရွယ်သော ခေတ်ကို အထူးသဖြင့် မျှော်မိတယ်၊ ဆရာနေဝင်းမြင့်က ပညာဉာဏ်ကြီးကြပါစေ ခေါင်းစဉ်နဲ့ ဟောပြောကြပါတယ်။ ပရိသတ်က အားပေးတော့ ဟောရ ပြောရတာ ဈာန်ဝင်သွားကြပါတယ်။ ည ၁၂ နာရီထိုးမှ ဟောပြောပွဲကြီး သွားပါတယ်။ တကယ်တော့ နမ့်လန်မြို့ဟာ စိုက်ပျိုးရေးဖြစ်ထွန်းပြီး စီးပွားရေးကောင်းတဲ့ မြို့တစ်မြို့ဖြစ်ပါတယ်။ ကိုယ်ထူကိုယ်ထ အားထုတ်မှုနဲ့ တစ်မြို့လုံး လျှပ်စစ်မီးတွေ လင်းထိန်သွား

Asian Fame Media Group

အောင် ဆောင်ရွက်နိုင်ခဲ့ပါပြီ။ ရိုးရိုးသားသား အေးအေးဆေးဆေးနဲ့ ရှမ်းပြည်နယ်တောင်ပိုင်းနဲ့ မြောက်ပိုင်းရဲ့ နယ်စပ်မြို့ကလေး ဖြစ်ပါတယ်။ ဒါပေမဲ့ နောင်တစ်ချိန်မှာ ရင်ဆိုင်ကြုံတွေ့ရမယ့် ဒီမြို့ကလေးရဲ့ အနာဂတ်အတွက် စိတ်ပူမိပါတယ်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာသလို ရုပ်ဝတ္ထုတွေ ဖွံ့ဖြိုးတိုးတက်လာတဲ့ ခေတ်ရဲ့ တွန်းအားကြောင့် ဒီမြို့လေးရဲ့ အသွင်သဏ္ဌာန်ဟာ ပြောင်းလဲသွားတော့မှာလား။ သူ့ရဲ့ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံတွေ လွင့်ပျယ်သွားနိုင်သလား။

မန္တလေးလို ဖြစ်သွားမှာကို ကျွန်တော် စိုးရိမ်နေမိပါတယ်။

နမ့်လန်စာပေဟောပြောပွဲကို ဦးစီးဆောင်ရွက်တဲ့ ဦးအောင်စိုးနဲ့ အေးအေးလူလူ စကားပြောဖြစ်ကြပါတယ်။ သူကလည်း ငယ်စဉ်တုန်းက မန္တလေးမှာနေခဲ့တဲ့သူ၊ သူနဲ့ စကားပြောမှ သူ့ရဲ့ရင်ထဲမှာ အတိတ်က မန္တလေးအလွမ်းတွေကို မြင်လိုက်ရလို့ အံ့ဩသွားရပါတယ်။ "ဦးအောင်စိုးရေ ခင်ဗျားချစ်ခဲ့တဲ့ မန္တလေးပုံရိပ်တွေဟာ အဝေးမှာပဲ ကျန်ခဲ့ပါပြီဗျာ"လို့ သူ့ကို ပြောပြခဲ့ရပါတယ်၊ မှန်ပါတယ်။ ပြောင်းလဲတဲ့ ခေတ်ကို ဘယ်သူမှ တားဆီးလို့ မရပါဘူး၊ ခေတ်က ပြောင်းလဲသလို အဟောင်းအဟောင်းတွေက နောက်မှာ ကျန်ရစ်ခဲ့ပါပြီ။ ဒါပေမဲ့ ပြောင်းလဲတဲ့ခေတ်နဲ့အတူ လိုက်ရင်းခေတ်ကို ကျွန်တော်တို့လိုချင်တဲ့ ပုံစံ ဖန်တီးကြရမှာဖြစ်ပါတယ်၊ အထူးသဖြင့် ပညာအရင်းအမြစ်ကြွယ်ဝအောင် ကြိုးစားကြရမှာ ဖြစ်ပါတယ်။ ဒါမှလည်း ကျွန်တော်တို့ နိုင်ငံရဲ့အနာဂတ်ဟာ လှပသွားမှာပါ။

နောက်တစ်နေ့မနက်မှာ နမ့်လန် အ. ထ. ကမှာ ဟောပြောပါတယ်။ ရွှင်လန်းတက်ကြွနေတဲ့ နမ့်လန်ကျောင်းသူ၊ ကျောင်းသားတွေကို ကြည့်ရင်း အားတက်သွားမိပါတယ်၊ တစ်ချိန်မှာ ဒီကလေးတွေကပဲ နိုင်ငံရဲ့ ဂုဏ်ကျက်သရေကို မော်ဆောင်ပေးကြမှာမဟုတ်လား။ လျှိုင်လင်မော်တော်ကားလမ်းဘေးကနမ့်လန်အ. ထ. ကကို ကျွန်တော်ငေးကြည့်နေပါတယ်။ ကျောင်းဆီက လွင့်ပျံ့လာတဲ့ ကလေးတွေရဲ့ စာကျက်တဲ့အသံတွေဟာ လာမယ့် အနာဂတ်ကို စိန်ခေါ်နေသလိုပါပဲ။ ယနေ့အချိန်မှာ လိုအပ်ချက်တွေ ရှိကောင်းရှိနိုင်ပေမယ့် ကျောင်းက ဆရာ၊ ဆရာမတွေရဲ့ မေတ္တာ၊ စေတနာနဲ့ အားထုတ်ကြိုးစားမှုကြောင့် နမ့်လန် အ. ထ. ကဟာ အောင်မြင်ထင်ရှားမယ်လို့ ကျွန်တော် ယုံကြည်နေမိပါတယ်။

ညနေ ၄ နာရီလောက်မှ မန္တလေးကို ပြန်လာကြပါတယ်။ စာပေဟောပြောပွဲ ဖြစ်မြောက်ရေးအတွက် တစ်စိတ်တစ်ဝမ်းတည်း



ဆောင်ရွက်ကြတဲ့ လူငယ်တွေကို ကျွန်တော်ကျေးဇူးတင်တယ်။ ဖြူစင်ရိုးသားတဲ့ သူတို့ရဲ့ နှလုံးသားထဲမှာ ရပ်အကျိုး၊ ရွာအကျိုးအတွက် အားထုတ် ဆောင်ရွက်ပေးချင်တဲ့ မေတ္တာ၊ စေတနာတွေ ကိန်းအောင်းနေပါတယ်။ ဒီလူငယ်တွေဟာ တစ်ချိန်မှာ လူကြီးအရွယ်ကို ရောက်လာကြမှာပါ။ သူတို့ချစ်တဲ့ နမ့်လန်ရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို တစ်စိုက်မတ်မတ် ဆောင်ရွက်သွားကြဦးမှာဖြစ်ပါတယ်၊ နမ့်လန်က လူငယ်တွေနဲ့ ခေတ္တခဏမျှ စကားပြောဖြစ်ကြတဲ့အခါ သူတို့ဆီက ရိုးသားပွင့်လင်းမှု၊ ရင်းနှီးဖော်ရွေမှုတွေဟာ ကျွန်တော့်ရင်ထဲကို အင်အားတစ်ခုလို စီးဝင်သွားခဲ့ပါတယ်။ သူတို့ရဲ့ နာမည်တွေ အတိအကျ မမှတ်မိတော့ပေမယ့် သူတို့ရဲ့ ပုံရိပ်တွေကတော့ ကျွန်တော့် ရင်ထဲမှာ ကျန်ရစ်ခဲ့ပါတယ်။ ပြီးတော့ စိုင်းအောင်ဆင့်ဦး (နမ့်လန်) လက်ဆောင်ပေးခဲ့တဲ့ ဗီဒီယိုအခွေကို ကြည့်ရင်း နမ့်လန်ကို အမှတ်ရနေဦးမှာပါ။

အပြန်ခရီးမှာလည်း ကိုရွှေခင်နဲ့ နမ့်လန်အကြောင်း ပြောဖြစ်ကြပါတယ်။ နမ့်လန်မှာ နှစ်စဉ်ကျင်းပတဲ့ ရှမ်းနှစ်သစ်ကူးပွဲအကြောင်းကို ကိုရွှေခင်ကပြောပြတော့ ကျွန်တော့်မှာ အဲဒီပွဲကို မရောက်ဘူးဘဲ လွမ်းသွားခဲ့မိပါတယ်။ ကိုရွှေခင်ကပဲ အပြောကောင်းလို့လား၊ ကျွန်တော်ကိုက အရပ်ဒေသတွေဆီက ရိုးရာဓလေ့စရိုက်ကို စိတ်ဝင်စားပြီး စီးမျောချင်လို့လားမသိ၊ ပြောပြသူနဲ့အတူ ကြည်နူးပီတိဖြစ်သွားရတော့တာကလား၊ မန္တလေးရောက်တော့ ည ၁၀ နာရီကျော်နေပါပြီ၊ မော်တော်ကားက သိပ္ပံလမ်းကနေ ၆၁ လမ်းဖက်ကို ချိုးကွေ့လိုက်တော့ ရင်ခုန်သွားပါတယ်၊ ကိုရွှေခင်က ကျွန်တော့်ကို အဦးဆုံးလိုက်ပို့ပြီးမှ ဆရာနေဝင်းမြင့်တို့ကို လိုက်ပို့မှာတဲ့၊ ဒါနဲ့ ခဏနေရောက်တော့မှာ ဖြစ်ကြောင်း ချစ်ချစ်ဆီကို တယ်လီဖုန်းဆက် ပြောလိုက်ရပါတယ်။ ဟောပြောပွဲမသွားခင်က ချစ်ချစ်နဲ့ စကားမပြောခဲ့တာကို ကျွန်တော် မေ့သွားတယ်။ လင်နဲ့မယားဆိုတာ ဒီလိုပါပဲနော်၊ အဲသမှာ ကျွန်တော့် ဆရာ ဆရာကိုလေး (အင်းဝဂုဏ်ရည်) ရဲ့ ဟာသကြွေးသံကို ကျွန်တော် သတိရလိုက်မိပါတယ်၊ ဆရာက အမရပူရတောင်လေးလုံးမှာ ကျင်းပတဲ့ အမေလှူထူဒေါ်အမာရဲ့ မွေးနေ့မှာ အခုလို ကဗျာစပ်ပြီး ဟာသကြွေးလိုက်တာပါ။ "အသက်ကြီးလာမှ အိမ်က အဘွားကြီးကို ပိုပိုချစ်လာတယ်။ သူမပါရင် ဒီနေ့ ကိုလေးဖြစ်မလာဘူး" တဲ့၊ ဆရာက အဲသလို ပြောလိုက်တော့ (ကျွန်တော်တို့ကလည်း လူငယ်တွေမို့)ဆရာကတော့ လူစိပြီဆိုတဲ့ အတွေးနဲ့ တဝါးဝါး ရယ်လိုက်မိကြပါတယ်၊ ဒါပေမဲ့ အခုကျတော့. . . ဆရာပြောတာ အဟုတ်ပါလားလို့ တွေးမိလိုက်ပါတယ်။ ဒီနေ့ ကိုလေးဖြစ်လာသလို ဆရာသက်ရှည်ကျန်းမာပျော်ရွှင်တာကလည်း ဆရာရဲ့ ရှမပြီးတဲ့ အဘွားကြီးကြောင့်ဆိုရင် ဘယ်သူက ငြင်းနိုင်မလဲ၊ ကိုထွန်းလည်း မှန်ပါ၏လို့ ဝန်ခံရပါပြီ၊ ဒီနေ့ ကိုထွန်းလမ်း(၈၀)ဟာ ချစ်ချစ်ကြောင့် ဖြစ်လာရတာပါ။ အိမ်ပေါက်ဝက ပြုံးပြုံးရယ်ရယ်နဲ့ ကြိုဆိုနေတဲ့ ချစ်ချစ်ကို မြင်လိုက်ရတော့ ကလေးတစ်ယောက်လို မြူးပျော်သွားပါတယ်။ ကျွန်တော့်မှာ သူ့ကို ဒေါသဖြစ်စရာတွေမရှိတော့၊ သူကလည်း ကျွန်တော့်အပေါ် စိတ်ကောက်စရာတွေ မထားတော့၊ တစ်ဘဝ၊ တစ်သံသရာခရီးကို ဒီလင်နဲ့ ဒီမယားပဲ သွားကြရတာ မဟုတ်လား၊ အသက်ကြီးလာမှ တစ်ယောက်ကိုတစ်ယောက် ပိုပြီး မှီခိုချင်လာကြပါတယ်၊ သားသမီးတွေ အတောင်အလက်စုံပြီး မိဘရင်ခွင်ထဲက ခွာသွားကြတဲ့အခါ ကိုယ့်အနီးအနားမှာ သူပဲရှိနေပါတယ်။ ချစ်ချစ်ရဲ့ မျက်နှာကို ပြုံးပြုံးကြီး ကြည့်မိလိုက်ပါတယ်၊ ဒီတစ်ညမှာသာတဲ့ ငွေလမင်းက ပိုပြီးလှတယ် ထင်ပါရဲ့။ ဒါပေမဲ့ နောက်တစ်နေ့ ညရောက်ပြန်တော့ ချစ်ချစ်က သူ့ရဲ့ ဇနာရီမာရှယ်လောကို မရုပ်သိမ်းသမို့ ကျွန်တော် ဒေါကန်သွားပြန်ပါရော။ ။

**ကိုထွန်း(လမ်း၈၀)**

Asian Fame Media Group

# MRTV 4 တွင် ပြသမည့် ‘ညှို့ယူဖမ်းစားနှလုံးသားသံစဉ်များ’ သီချင်းဆိုပြိုင်ပွဲ စာနယ်ဇင်းရှင်းလင်း








MRTV 4 တွင် ရိုက်ကူးတင်ဆက်မည့် တေးရေးမေသော်၏ ‘ညှို့ယူ ဖမ်းစား နှလုံးသားသံစဉ်များ’ သီချင်းဆိုပြိုင်ပွဲနှင့် ပတ်သက်၍ စာနယ်ဇင်း ရှင်းလင်းပွဲကို စက်တင်ဘာ ၁၀ ရက်နေ့က Park Royal ဟိုတယ်၌ ကျင်းပပြုလုပ်ခဲ့သည်။ ပြိုင်ပွဲကို Baisc Level, Semifinal နှင့် Final ဟူ၍ အဆင့် ၃ ဆင့် သတ်မှတ်ထားပြီး ပထမဆုကို ၁၀ သိန်း၊ ဒုတိယဆုကို ၅ သိန်း၊ တတိယဆုကို ၃ သိန်းနှင့် အထူးဆု ၂ သိန်းစီ၊ ဖွဲ့ဆု ၁ သိန်း အသီးသီး ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။ အဆိုပါပြိုင်ပွဲကို တေးရေးမေသော်၊ MRTV 4 နှင့် Eposoft တို့မှ ပူးပေါင်းတင်ဆက်ခြင်းဖြစ်၍ မျိုးဆက်သစ် အဆိုပညာရှင်များ ထွက်ပေါ်လာစေရန် ရည်ရွယ်ပြုလုပ်ခြင်း ဖြစ်သည်။

## ကျော်ညိုသွေးနှင့် လူလူလက်ျာတို့၏စာအုပ်များမိတ်ဆက်

စာရေးဆရာကျော်ညိုသွေး၏ အက်ဆေးစာအုပ်နှင့် ကဗျာဆရာလူလူ လက်ျာတို့၏ ကဗျာအုပ်ပူးပေါင်းမိတ်ဆက်သည့်ပွဲကို ဩဂုတ်လ ၃၁ ရက် နေ့ ညနေက New Zero Art Space တွင် ကျင်းပပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် စာပေချစ်သူများ၊ ကဗျာဆရာများ တက်ရောက်ခဲ့ကြပြီး စာအုပ်များ အကြောင်းကို မိတ်ဆက်ပြောကြားခြင်း၊ ကဗျာဆရာ၊ ဆရာမများ၏ ကဗျာရွတ်ဖတ်သီဆိုခြင်းများ ပြုလုပ်ခဲ့ကြသည်။

ဆရာ ကျော်ညိုသွေး၏ ‘ချောကလက်အက်ဆေး’ စာအုပ်တွင် အက်ဆေး ၂၃ ပုဒ်ပါဝင်ပြီး AMK Creation က စာအုပ်ကို ပြင်ဆင်ဖန်တီးပေးထားသည့် ကဗျာဆရာ လူလူလက်ျာ၏ မှေးကင်းစပီညာဥ်တစ်ကောင်နှင့် အတူနေထိုင်ခြင်း ကဗျာစာအုပ်တွင်မူ အခန်း ၆ ခုခွဲထား၍ ကဗျာ ၁၈ ပုဒ်ကို စုစည်းဖော်ပြထားသည်။

## ဖြည့်စွက်ဖတ်ရှုပါရန်

ဩဂုတ်လထုတ် ရတီမဂ္ဂဇင်း အတွဲ ၁၀ အမှတ် ၁၁၃ တွင် ဖော်ပြခဲ့သော ကဗျာဆရာမောင်သင်းခိုင် ၏ ‘နွေဦး’ ကဗျာတွင် ‘တရုတ်ကဗျာဆရာ Tu Fu (713-770) ရဲ့ Spring ကို မြန်မာလို ပြန်ဆိုတယ်’ ဟူ၍ ဖြည့်စွက် ဖတ်ရှုပေးပါရန် မေတ္တာရပ်ခံပါသည်။

## လင်းလွန်းခင်စာပေတိုက်၏ အုပ် ၁၀၀ ပြည့် အထိမ်းအမှတ်စာအုပ်မိတ်ဆက်ပွဲ

လင်းလွန်းခင်စာပေတိုက်၏ အုပ် ၁၀၀ ပြည့် အထိမ်းအမှတ် စာအုပ် မိတ်ဆက်ပွဲအခမ်းအနားကို စက်တင်ဘာလ ၃ ရက် မွန်းလွဲ ၁ နာရီမှ ၃ နာရီအထိ Central Hotel တွင် ကျင်းပပြုလုပ်ခဲ့သည်။ အခမ်းအနားတွင် မြန်မာသံအဆိုရှင် ဒေါ်မာမာအေးနှင့်အတူ တေးသံရှင်များက သီဆိုဖျော်ဖြေခြင်း၊ တေးဂီတအတီးအမှုတ်များဖြင့် ဖျော်ဖြေခြင်းများ ပြုလုပ်ခဲ့ကြပြီးနောက် အမှတ်တရစကားများကို စာရေးဆရာကြည်မင်း၊ အဆိုတော်မာမာအေးတို့ က ပြောကြားခဲ့ကြသည်။ လင်းလွန်းခင်တိုက်မှ ထုတ်ဝေသော စာအုပ်များအနက် အုပ် ၁၀၀ ပြည့်စာအုပ်ဖြစ်သော လင်းလွန်းခင် စိတ်ကြိုက် ‘ခေတ် အလိုက်ဆောင်းပါးများ’ စာအုပ်နှင့်တကွ ဆရာမစမ်းစမ်းနွဲ့ (သာယာဝတီ) ၏ ‘ဝေါလ်ဝိုက်ဒ်ဝက်ဘ်ထဲမှာ စက်လည်းပျော်ပါနိုင်နှင့် မဂ္ဂဇင်းဝတ္ထုရှည်များ’၊ ဆရာမဝင်းဝင်းမြင့် (နန်းတော်ရှေ့) ၏ ‘ရင်ထဲမှာ’ စာအုပ်များကို မိတ်ဆက်ခဲ့သည်။

လစဉ်ဖော်ပြလျက်ရှိသော Audience of Celebrities' Choice ကဏ္ဍကို သရုပ်ဆောင် မယ်လိုဒီနှင့် ယခုအောက် တိုဘာလထုတ် ရတီမဂ္ဂဇင်းတွင် ပြန်လည်ဖော်ပြမည်ဟု ကြေညာခဲ့သော်လည်း သရုပ်ဆောင် မယ်လိုဒီမှာ ခရီးလွန်နေသောကြောင့် ဖော်ပြရန် အခက်အခဲရှိနေကြောင်း Audience of Celebrities' Choice ပရိသတ်များကို ဝမ်းနည်းစွာ တောင်းပန်အပ်ပါသည်။


## Just Beyond ၏ BB World Product Show



ကိုရီးယား brand တစ်ခုဖြစ်သော Just beyond brand ၏ BB World Product Show ကို ဩဂုတ်လ ၂၄ ရက်က Junction Mawtin တွင် ပြုလုပ်ခဲ့သည်။ Just beyond သည် Eco Beauty Cosmetic brand တစ်ခုဖြစ်ပြီး မြန်မာနိုင်ငံကို ယခုနှစ် ဧပြီလတွင်းက စတင်ဝင်ရောက်လာခြင်း ဖြစ်သည်။ ယခုအခါ ဆိုင်ခွဲ ၄ ဆိုင် ဖွင့်လှစ်ထားပြီးဖြစ်ကာ Junction Square, Junction Mawtin, Taw Win, Parkson တို့တွင် ဖြစ်သည်။ ယခု Event တွင် Monsoon Make Up Creation နှင့်တကွ Product Show ကိုပါ ကျင်းပပြုလုပ်ခဲ့သည်။

## Talents & Models Day 2013 ကျင်းပခြင်း




မတင်မိုးလွင် ဦးစီးတည်ထောင်သည့် Talents & Models Agency ၏ Talents & Models Day 2013 အခမ်းအနားကို ဩဂုတ်လ ၂၇ ရက်နေ့က ကုန်သည်ကြီးများ ဟိုတယ် Grand Ballroom တွင် ကျင်းပပြုလုပ်ခဲ့သည်။ အခမ်းအနားတွင် မတင်မိုးလွင်က Talents & Models Day 2013 ကျင်းပပုံအကြောင်း ရှင်းလင်းပြော ကြားခဲ့ပြီးနောက် Talents & Models မှ သင်တန်းဆင်းမော်ဒယ်များနှင့် နာမည်ကြီးမော်ဒယ်များ ဖြစ်ကြသော ယခင်သင်တန်းဆင်း စီနီယာများ၏ သရုပ်ပြတင်ဆက်မှုများ ပြုလုပ်ခဲ့ကြသည်။

Talents & Models Agency သည် မော်ဒယ်များ မွေးထုတ်ပေးနေသည့်အပြင် ဝန်ထမ်းကောင်းများစွာကို သင်ကြား မွေးထုတ်ပေးခြင်း၊ ကုမ္ပဏီ အရောင်းမြှင့်တင်ပွဲများ ပြုလုပ်ပေးခြင်း၊ Miss ရွေးချယ် ပွဲ အခမ်းအနားများအတွက် လေ့ကျင့်ပေးခြင်း၊ ဖက်ရှင် ရှိုးပွဲများ စီစဉ်ပေးခြင်းများကို ဝန်ဆောင်ပေးလျက်ရှိသည်။




Asian Fame Media Group
MEDIA GROUP



# ရတီမဂ္ဂဇင်းရဲ့ ချစ်ပရိသတ်ကြီးအတွက် သတင်းကောင်း

# Audience of Celebrities' Choice

**အစီအစဉ်**

ပရိသတ်ကြီးအားလုံး မင်္ဂလာပါ။ ရတီမဂ္ဂဇင်းကိုအားပေးနေကြတဲ့ ပရိသတ်တွေ အတွက် "Audience of Celebrities' Choice" ဆိုတဲ့ ကဏ္ဍလေးတစ်ခု ဖွင့်လှစ်ပေးထားပါတယ်။

**အခွင့်အရေး**

၂၀၁၄ ဇန်နဝါရီလထုတ် ရတီမဂ္ဂဇင်းအတွက် အေးမြတ်သူ နဲ့အတူ ရတီတမျက်နှာပေါ်မှာ အလန်းစားအိုက်တင်၊ အလန်းစား အပြင်အဆင်တွေနဲ့ ဓာတ်ပုံတွဲရိုက်ခွင့်ရမှာ ဖြစ်ပါတယ်။

**ထူးခြားချက်များ**

ဒီကဏ္ဍရဲ့ထူးခြားမှုတစ်ခုကတော့ ဓာတ်ပုံရိုက်ခွင့်ရမယ့် ပရိသတ်ကို မဂ္ဂဇင်းက ရွေးချယ်မှာမဟုတ်ဘဲ အနုပညာရှင်ကိုယ်တိုင်က ရွေးချယ်မှာဖြစ်ပါတယ်။

**မိတ်ကပ်၊ အဝတ်အစား**

ရွေးချယ်ခံရတဲ့ ပရိသတ်တွေအတွက် အဝတ်အစားနဲ့ မိတ်ကပ်ကိုတော့ ရတီမဂ္ဂဇင်းကနေစီစဉ်ပေးမှာနော်။

**စည်းကမ်းချက်များ**

(၁) အောက်ဖော်ပြပါဖြတ်ပိုင်းနဲ့တကွ 5"x7" အရွယ်ရှိ
(တစ်ကိုယ်လုံးပြည့် အလှ ဓာတ်ပုံတစ်ပုံ၊ ဘေးတိုက်မြင်ဓာတ်ပုံတစ်ပုံ၊ မျက်နှာအပြည့်ပုံတစ်ပုံ)

(၂) အသက် ၁၅ နှစ်မှ ၃၀ နှစ်အတွင်းရှိ အမျိုးသား၊ အမျိုးသမီးမည်သူမဆို

(၃) မိဘ (သို့) အုပ်ထိန်းသူခွင့်ပြုချက်လက်မှတ်

(၄) ရွေးချယ်ခံရလျှင် ရတီမဂ္ဂဇင်းမှ ဆက်သွယ်ပေးမှာဖြစ်ပြီး ရတီမဂ္ဂဇင်းမှ စီစဉ် ပေးတဲ့ အစီအစဉ် ရက်ချိန်းများအတိုင်း အတိအကျလာရောက်ပေးရန်

ချစ်ပရိသတ်ကြီးရေ . . . ကိုယ်နှစ်သက်တဲ့ သရုပ်ဆောင်နဲ့ ဓာတ်ပုံအတူ တွဲရိုက်ရမယ့် အခွင့်အရေးကို လက်လွှတ်မခံဘဲ **၂၀၁၃ နိုဝင်ဘာလ ၁၀ ရက် (တနင်္ဂနွေနေ့)** နောက်ဆုံးထားပြီး စာအိတ်ပေါ်မှာ "Audience of Celebrities' Choice" ရတီ စာပေအနုပညာမဂ္ဂဇင်းလို့ လိပ်မူပြီး အမှတ် ၁၅၀/၁၆၀၊ ၃၅ လမ်း(အလယ်) ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့သို့ အမြန်ဆုံး ပို့လိုက်ကြပါနော်။

*ပြီးခဲ့တဲ့လတွေမှာ ရွေးချယ်မခံရတဲ့ပရိသတ်တွေလည်း ဒီကဏ္ဍမှာ ကိုယ်နှစ်သက်တဲ့ သရုပ်ဆောင်တွေ ပါဝင်လာတဲ့အခါ အောက်ပါပုံစံအတိုင်း ဖြည့် စွက်ပြီး ထပ်မံပေးပို့နိုင်ကြပါတယ်။*

မှတ်ချက်

ဒီကဏ္ဍကို လစဉ်အနုပညာရှင်တစ်ယောက်စီနဲ့ အလှည့်ကျစီစဉ်ပေးသွားမှာဖြစ်လို့ ပါဝင်ချင်တဲ့ ဝါသနာရှင်ပရိသတ်တွေ စောင့်မျှော် အားပေးလိုက်ကြပါဦးနော်။



| | |
|---|---|
| အမည် | ------------------------------ |
| မွေးသက္ကရာဇ် | ------------------------------ |
| နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် | ------------------------------ |
| ပညာအရည်အချင်း | ------------------------------ |
| အလုပ်အကိုင် | ------------------------------ |
| အနုပညာလှုပ်ရှားမှု | ------------------------------ |
| အိမ်ထောင်ရှိ/မရှိ | ------------------------------ |
| အရပ်အမြင့် | ------------------------------ |
| နေရပ်လိပ်စာ | ------------------------------ |
| ဖုန်းနံပါတ် | ------------------------------ |

Asian Fame Media Group




# HOROSCOPE

DR.MYAT THIT

Asian Fame Media Group
MEDIA GROUP



**တူရာသီဖွား။ ။ စက်တင်ဘာ (၂၃) ရက်မှ အောက်တိုဘာ (၂၂) ရက်**

သင့်အတွက် လျှို့ဝှက်သောစိတ် အပြုအမူများကို ပြုပြင်ရမည်။ အလုပ်အကိုင်အတွက် လမ်းကြောင်းသစ်သို့ ပြောင်းလဲရန် အချိန်ဖြစ်မည်။ လက်ရှိအတိုင်း တိုးတက်မှုမရှိသောအလုပ်အတွက် ဝေလေလေ မလုပ်သင့်တော့ပေ။ မိခင်အိုကျန်းမာရေး စိုးရိမ်စိတ်မောရတတ်သည်။ ဘာသာစကား သင်တန်းအကျိုးရှိစေမည်။ ပညာရေးအတွက် မိဘစီစဉ်မှု အဆင်ပြေပါလိမ့် မည်။ အဆောက်အဦသစ် လုပ်ငန်းအတွက် ဆောက်ရတတ်ပေသည်။ အချစ်ရေးသတ္တိကောင်းရန် ရဲရင့်ရန်လိုအပ်သည်။ ကျန်းမာရေးအအေးမိမခံသင့်ပါ။

**ယတြာ။ ။ ဖယောင်းတိုင်နီ လှူပါ။**



**ဗြိစ္ဆာရာသီဖွား။ ။ အောက်တိုဘာ (၂၃) ရက်မှ နိုဝင်ဘာ (၂၂) ရက်**

သင့်အတွက် အနှောင့်အယှက်အခက်အခဲများရင်ဆိုင်ရတတ်သည်။ ဒုက္ခပေးသူ အနီးရောအဝေးမှာပါ တွေ့ရတတ်ပေသည်။ အမှုကြုံအကောက်ကြံခံရတတ်၍ သတိထားသင့်သည်။ ငွေကြေးဘဏ္ဍာရေး အခက်အခဲကို တစ်ပွဲတိုးဆေးမြီးတိုနည်းဖြင့် မရှင်းသင့်ပါ။ လက်ရှိနေရာတိုက်ခန်းမှ စွန့်ခွာရ တတ်သည်။ မောင်နှမသားချင်းတကွဲတပြားနေရလိမ့်မည်။ ပညာရေး တိတ်တိတ်ကြိုးစားအားထုတ် အောင်မြင်ပြေမည်။ အချစ်ရေး-အိပ်နေသော ကျား ... လိုဖြစ်တတ်သည်။ သတိပြုပါ။

**ယတြာ။ ။ ပိန်းပန်းလှူပါ။**



**ဓနုရာသီဖွား။ ။ နိုဝင်ဘာ (၂၃) ရက်မှ ဒီဇင်ဘာ (၂၁) ရက်**

ဒေသသစ်သို့ သွားလာလှုပ်ရှားမှုပြုရတတ်၏။ ကူညီမစသူတွေ့ တတ်၏။ စီးပွားမိတ်ဆွေသစ်များနှင့် ဆက်ဆံရ၍ စိတ်ချမ်းသာရ၏။ မိသားစုကျန်းမာရေးတစ်ယောက်ပြီးတစ်ယောက် ညှိုးစေတတ်၏။ ရန်တိုရန်ခြင်း မပြုသင့်ပါ။ ရောက်လေရာ အထူးစန်းပွင့်တတ်၍ သတိထားသင့်၏။ ဝင်ငွေပိုင်များစွာတိုးပွား ကံကောင်းလာတတ်၏။ ရည်းစားနှင့် ကွဲတတ်အရွဲ့တိုက် အသစ်တွဲမိတတ်ပေသည်။ ပညာရေးအတုန်အကျများမည်။ အကျိုးရှိစေတတ်သည်။

**ယတြာ။ ။ သစ်သီးကပ်လှူပါ။**



**မကာရရာသီဖွား။ ။ ဒီဇင်ဘာ (၂၂) ရက်မှ ဇန်နဝါရီ (၂၀) ရက်**

သင့်အတွက် အတွေ့အကြုံလုပ်ဆောင်ခဲ့သော နေရာဟောင်းတို့ကြောင့်ပင်လျှင် ပတ်ဝန်းကျင်သစ်တို့တွင် ကံကောင်းစေတတ်သည်။ နာမည်ရစေသလို ဝင်ငွေပိုင်းအဆင်ချော ကောင်းမွန်လာစေတတ်ပေသည်။ မိသားစု အိမ်ထောင်ဖက် အသုံးအဖြုန်းကြီးမားစေတတ်သည်။ ခရီးသွား လုပ်ငန်းအကျိုးများပေမည်။ အချစ်လက်တွဲဖော် ကောင်းနှင့် ပျော်ရတတ်သည်။ လုပ်ငန်းတွင်းလူကိုမှ ဖူးစာဆုံတတ်သည်။

**ယတြာ။ ။ နှင်းဆီနီသုံးပွင့်လှူပါ။**



**ကုမ်ရာသီဖွား။ ။ ဇန်နဝါရီ (၂၂) ရက်မှ ဖေဖော်ဝါရီ (၁၈) ရက်**

သင့်အတွက် လုပ်ငန်းသစ်တို့ အဆင်သင့်ဖြစ်နေသော်လည်း ချိန်ဆမှု ဖြစ်နေတတ်၏။ ရဲရဲဝံ့ဝံ့စွန့်ရန် စိတ်မရဲဖြစ်နေတတ်သည်။ အလှူကြီးမြင်သည်။ အပျိုလူပျိုတို့ မင်္ဂလာမြင်သည်။ လုပ်ငန်းတူချင်းလက်ထပ်ခြင်း ဖြစ်စေတတ်ပေသည်။ ပညာရေးသင်တန်းတက်ခြင်း စသည်တို့ကို အကျိုးရှိစွာပြုရတတ် သည်။ ခရီးရှည်ဆက်များလိမ့်မည်။ ပြည်ပနှင့်ဖက်စပ်စီးပွားအကျိုးရှိမည်။ အိမ်ထောင်ဖက်ကျန်းမာရေးညှိုးမည်။

**ယတြာ။ ။ အနောက်အရပ်ဘုရားတွင် ရေသပ္ပာယ်ပါ။**



**မိန်ရာသီဖွား။ ။ ဖေဖော်ဝါရီ (၁၉) ရက်မှ မတ် (၂၀) ရက်**

သင့်အတွက် ကောင်းကျိုးပြု အများအတွက် လုပ်ဆောင်ပေးရတတ်၏။ အလှူဒါနပြုရ၍ ကျေနပ်မိတတ်၏။ ခြံ၊ မြေကွက်အရောင်းအဝယ် အကျိုးရှိစေတတ်ပေသည်။ အိမ်တွင်လူဝင်လူထွက် သတိပြုပါ။ တရားအဓိဋ္ဌာန် အတွက် ကျေနပ်မိလိမ့်မည်။ ပညာရေး စာရေးစာဖတ် အဆင်ပြေလိမ့်မည်။ စီးပွားလုပ်ငန်းမလုပ်သင့်သေးပါ။ စောင့်ကြည့်သင့်ပေသည်။ အချစ်ရေးလက်တွဲဖော်ကောင်းရွေးရမည်။

**ယတြာ။ ။ ငါးလွှတ်ပေးပါ။**

Asian Fame Media Group
MEDIA GROUP



**မိဿရာသီဖွား။ ။ မတ် (၂၁) ရက်မှ ဧပြီ (၂၀) ရက်**

သင့်အတွက် စွမ်းဆောင်မှုတို့ အသိအမှတ်ပြုခံရချိန်ဖြစ်သည်။ ထင်ပေါ်၍ စင်ပေါ်ရောက်ရှိကံကောင်းလာစေလိမ့်မည်။ လုပ်ငန်းဆောင်တာချောမွေ့မည်။ ငွေအရင်းအနှီးနိုင်မာမှု ရှိစေမည်။ အရှိန်အဝါ အထူး တောက်ပစေပါမည်။ ပညာရေးနိုင်မြဲစွာ တိုးတက်လာပေမည်။ အချစ်ရေး ခွဲနေရချိန် လွမ်းမောရပေမည်။ မျက်လုံး၊ နားပိုင်းတို့ ဂရုပြုပါ။ အိမ်ထောင်ရေး ချောမွေ့မှုမရှိပါ။


**ယတြာ။ ။ ဆန်လှူပေးပါ။**



**ပြိဿရာသီဖွား။ ။ ဧပြီ (၂၁) ရက်မှ မေ (၂၁) ရက်**

သင့်အတွက် ကောင်းကျိုးနှင့်ခေတ္တဝေးကွာမှုရှိနေတတ်သည်။ လုပ်ငန်း တွင်း ရန်ကြုံတွေ့မည်။ ငွေပေးဆပ်ရန်အတွက် စိတ်မောရချိန်ဖြစ်တတ်သည်။ တာဝန်ချိန်လစ်ဟင်းမှုတို့ကြောင့် ပြဿနာများ စစ်ဆေးခံရချိန်ဖြစ်တတ်သည်။ တစ်ပါးသူငွေများဖြင့် စွန့်စား၍ အလုပ်မလုပ်သင့်သေးပါ။ ပညာရေး ကြိုးစားယူရတတ်သည်။ အချစ်ရေး ချောမွေ့မှုမရှိတတ်ပေ။ စိတ်ပျက်စရာ များဖြင့် ကြုံနေရဆဲဖြစ်တတ်ပေသည်။ ရှင်ကျပ် အအေးမိ အကြောတက်ခြင်း ဖြစ်တတ်သည်။

**ယတြာ။ ။ ပေါင်းနှံ့ငှက်ကျွေးပါ။**



**မေထုန်ရာသီဖွား။ ။ မေ (၂၂) ရက်မှ ဇွန် (၂၁) ရက်**

သင့်အတွက် တစ်စတစ်စအမှားတို့ကို ပြုလုပ်မိလာတတ်၏။ ရေရှည်တာပည့် အလုပ်သမားလက်အောက်တို့အတွက် မြေရှင်းတောင်းပန်ငွေလျော်၍ ရလိမ့်မည်မဟုတ်ပေ။ ခရီးယာယီအဝေးသွားရောက်ရခြင်းတို့ အကျိုးရှိ စေမည်။ ပညာရေး သင်တန်းတက်ရောက်ရခြင်းအကျိုးရှိမည်။ အလုပ်သစ် လျှောက်ထားမှု အဆင်ပြေမည်။ လုပ်ငန်းတွင်း ကူညီသူတွေ့ရပေမည်။ အသွင်မတူသူများကို သတိပြုပါ။ အချစ်ရေး အဆင်ချောစေသလိုအိမ်ထောင်ရေး ကိစ္စတို့ ပေါ်ပေါက်လာစေတတ်သည်။ နေရာသစ်ရွှေ့ပြောင်းမှုတို့ အဆင်ပြေမည်။

**ယတြာ။ ။ တံမြက်စည်းလှူပေးပါ။**



**ကရကဋ်ရာသီဖွား။ ။ ဇွန် (၂၂) ရက်မှ ဇူလိုင် (၂၂) ရက်**

သင့်အတွက် အလုပ်နေရာ ရွှေ့ပြောင်းမှုကြောင့် စိတ်ချမ်းသာရတတ်ပေသည်။ အိမ်နေရာရွှေ့ပြောင်းမှုတွဲ၍ ကြုံတွေ့မှုကြောင့် ကြိုးစားရတတ်ပေသည်။ ပညာရေး ပင်ပန်းခံမှုကြောင့် အခြေအနေကောင်းရောက်ရှိလာသည်။ ဘွဲ့လွန်အတွက် အကျိုးရှိမည်။ ခရီးယာယီအတွက် ရပ်ဝေးပြည်ပခရီး အထူးပင် ပိုမိုကောင်းမွန်မည်။ မြေ၊ အဆောက်အဦ စပ်တူရှယ်ယာအရောင်းအဝယ် အကျိုးရှိစေလိမ့်မည်။ အချစ်ရေး အဆင်ချောရှိမက အိမ်ထောင်ကျတတ်သည်။ ကျန်းမာရေး နှလုံးဂရုပြုပါ။

**ယတြာ။ ။ နွားနို့ကပ်လှူပါ။**



**သိဟ်ရာသီဖွား။ ။ ဇူလိုင် (၂၃) ရက်မှ ဩဂုတ် (၂၂) ရက်**

သင့်အတွက် နေရာတကာ မစွန့်စားနှင့် ရဲတင်းမှုပွင့်လင်းမှုကြောင့် ဒုက္ခရောက်နိုင်သည်။ စေတနာကို သူနေရာနှင့်သူသုံးတတ်အောင် ကြိုးစားလေ့ကျင့်ထားသင့်သည်။ သွေးထွက်သံယိုဖြစ်တတ်၍ ဂရုစိုက်ပါ။ တစ်ပါး သူရန်ပွဲဝင်မပါနှင့် ပညာရေးဖြေဆိုမှုကံကောင်းမည်။ စက်၊ ဖုန်း၊ ဆိုင်ကယ်၊ ကား အသစ်ဝင်စေတတ်သည်။ မိဘ၏ ကူညီအားပေးမှုကြောင့် ငွေအဆင်ပြေမည်။ ၎င်းတို့အကူအညီရယူဆဲဖြစ်မည်။ အချစ်ရေး အဆင်ချော၍ မင်္ဂလာပွဲ ညှိနိုင်းရမှုဖြစ်ပေါ်စေတတ်ပေသည်။

**ယတြာ။ ။ ဆွမ်းကပ်လှူပါ။**



**တန်ရာသီဖွား။ ။ ဩဂုတ် (၂၃) ရက်မှ စက်တင်ဘာ (၂၂) ရက်**

သင့်အတွက် လုပ်ငန်းပိုင်းအောင်မြင်မှု ဆိုင်စီးပွားရေး အထူးပင် နာမည်ရကံကောင်းလာစေတတ်ပေသည်။ အခြေအနေနိုင်မာရန် စပ်တူစီးပွားတတ်ပေ။ အလုပ်သမားဒုက္ခပေးဒဏ်ဆက်၍ခံစားရတတ်ပေသည်။ စီးပွားကောင်းသော်လည်း လက်ထဲ ငွေမမြဲအပိုအလျှံထားမရဖြစ်လိမ့်မည်။ ပညာရေးကောင်းမွန်သော လမ်းကြောင်းပေါ် ရောက်ရှိနေမည်။ အချစ်ရေး အဆင်ပြေမည်။ သားချင်းအတွက် စိတ်ညစ်ရတတ်သည်။

**ယတြာ။ ။ ကိတ်မုန့်လှူပါ။**

**ဒေါက်တာမြတ်သစ်**

Asian Fame Media Group
MEDIA GROUP

ပန်းပေးတာနဲ့ ပတ်သက်လာရင် ပန်းဆိုတာဟာ အချစ်ရဲ့ သင်္ကေတလို့ အစဉ်အဆက်လက်ခံထားကြပါတယ်။ ဒါ့အပြင် ပန်းပေးတာဟာ တစ်ဖက်သားကို အရှိန်းပေးတဲ့သင်္ကေတလည်း ဖြစ်တာကြောင့် ငြိမ်းချမ်းမှုရဲ့သင်္ကေတသဘော ဆောင်နေပါတယ်။ ပန်းမကြိုက်တဲ့ အမျိုးသမီးဆိုတာလည်း မရှိသလောက် ရှားပါတယ်။ အမျိုးသမီးမှတင် မဟုတ်ပါဘူး။ အချို့အမျိုးသားတွေကလည်း အမျိုးသမီးလောက်နီးနီး ပန်းကြိုက်တတ်ကြပါတယ်။ ဆောင်၊ သောင်း၊ သန်းမကသော ပန်းမျိုးစုတွေ၊ ပန်းမျိုးစိတ်တွေထဲမှာ ဆယ့်နှစ်ရာသီခွင် (Zodiac Sign) အလိုက် ကိုယ့်ရဲ့မွေးလနဲ့ ကိုက်ညီတဲ့ အဆောင်ပန်းကတော့ ၁၂ မျိုးပဲ ရှိပါတယ်။ ဒါကြောင့် ဒီလိုအဆောင်ပန်းလေးတွေကို တစ်သက်တာမှာ တစ်မင်္ဂလာအဖြစ် ရည်ညွှန်းပြီး သတ်မှတ်ကျင်းပတဲ့ ကိုယ့်ရဲ့ မင်္ဂလာပွဲလေးရဲ့ ပန်းအလှဆင်ခြင်းမှာ ထည့်သွင်းပေးသွားမယ်ဆိုရင်၊ ကိုယ့်ရဲ့ အရေးကြီးတဲ့ကိစ္စတွေပြုလုပ်တဲ့အခါ ဆောင်ထားမယ်ဆိုရင်၊ သီးသန့် ကိုယ့်ဘာသာ စိတ်ကြည်နူးအောင် ပန်းထိုးမယ်၊ ပန်းအလှဆင် မယ်ဆိုရင်တော့ ရာသီခွင်ရဲ့ ထူးခြားတဲ့ဂုဏ်သတ္တိတွေရဲ့ ကူညီပံ့ပိုးမှုတွေကြောင့် ပိုပြီးအဆင်ပြေသွားလိမ့်မယ်လို့ ထင်မြင်မိပါတယ်။ ဒါကြောင့် ယခုစက်တင်ဘာလထဲက ရာသီခွင်နှစ်ခုဖြစ်တဲ့ ကန်နဲ့တူရာသီဖွားကနေ စပြီးကြည့်ရအောင်ပါ။

# ရာသီခွင်အလိုက် ကိုက်မက်ညီ အဆောင်ပန်းလေးများ

ဒါယူ (Da You)



Asian Fame Media Group
MEDIA GROUP



## ကန်ရာသီဖွား
## (ဩဂုတ် ၂၃ ရက်မှ စက်တင်ဘာ ၂၂ ရက်)

ကန်ရာသီဖွားများရဲ့ သဘောသဘာဝကို ပုံဖော်ပြရရင်တော့ ကန်ရာသီဖွားများဟာ စည်းကမ်းရှိသူ၊ အချိန်တိကျမှုရှိသူတွေဖြစ်ကြပြီး အချစ်ရေးစိတ်ခံစားမှုကတော့ စိတ်နှလုံးနူးညံ့သိမ်မွေ့ကာ ချစ်သူအပေါ် နားလည်မှုပေးနိုင်သူပဲ ဖြစ်ပါတယ်။ ပညာရပ်ပိုင်းဆိုင်ရာအနေနဲ့ နက္ခတ်ဗေဒင်ပညာကို စိတ်ဝင်စားကြပါတယ်။ Virgo ဆိုတဲ့ သူငြိုဟ်ခွင်သင်္ကေတ အပျိုစင်ရုပ်အတိုင်း နူးညံ့သိမ်မွေ့တဲ့ ကန်ရာသီဖွားတွေရဲ့ အဆောင်ပန်းကတော့ ကျူးလစ်ပန်းပဲဖြစ်ပါတယ်။ ကျူးလစ်ပန်းဟာ မြန်မာပြည်မှာတော့ မရှိသေးပေမယ့် ကမ္ဘာကြီးနဲ့တစ်ပြေးညီတိုးတက်နေတဲ့ ယနေ့အခါမှာတော့ ကျူးလစ်ပန်းကို မှာယူလို့ ရနေပါပြီ။ ဒါအပြင် ပန်းအတုလေးတွေနဲ့လည်း အစားထိုးလို့ရပါတယ်။



## တူရာသီဖွား
## (စက်တင်ဘာ၂၃ ရက်မှ အောက်တိုဘာ ၂၂ ရက်)

တူရာသီရဲ့ သင်္ကေတရုပ်ကတော့ ချိန်ခွင်ပုံ ဖြစ်ပြီး တူရာသီဖွားတွေဟာ တရားမျှတမှုကို အထူးလိုလားတဲ့သူတွေပဲ ဖြစ်ပါတယ်။ အတွင်းစိတ်အေးချမ်းမှုရှိအောင် အမြဲကြိုးစားနေထိုင်သူ တူရာသီဖွားများဟာ ကိုးကွယ်ရာဘာသာတရားအပေါ်မှာ လေးလေးနက်နက် ယုံကြည်သူလည်း ဖြစ်ပါတယ်။ ဒီအတွက် သူဟာ အတွေးအခေါ်ပိုင်းမှာလည်း ရိုးရှင်းစွာ တွေးခေါ်နိုင်သူပဲဖြစ်ပါတယ်။ အချစ်ရေးစိတ်ခံစားမှုအပိုင်းမှာလည်း စိတ်နှလုံးနူးညံ့သိမ်မွေ့ပြီး ချစ်ခင်ဖွယ်ပြုမူတတ်သူလည်း ဖြစ်ပါတယ်။ ဒါကြောင့် သူတို့အနေနဲ့ သူတို့ရာသီခွင်စရိုက်နဲ့ ထပ်တူညီတဲ့အဆောင်ပန်းအနေနဲ့ နှင်းဆီပန်းကို ဆောင်သင့်ပါတယ်။

နှင်းဆီဟာ မြန်မာပြည်မှာလည်း ပေါများစွာ တွေ့နိုင်သလို ကမ္ဘာတစ်ဝန်းလုံးက ချစ်ခြင်းသင်္ကေတပြပန်းအဖြစ် သတ်မှတ်ယုံကြည်ကြတဲ့ ပန်းလည်းဖြစ်ပါတယ်။ ဒါကြောင့် တူရာသီဖွားတို့အနေနဲ့ မင်္ဂလာဆောင်၊ မွေးနေ့အထိမ်းအမှတ်ပွဲ စတာတွေမှာ နှင်းဆီနဲ့ထုံမွှမ်းပြင်ဆင်ဖို့ အကြံပေးပါရစေနော်။



## ဗြိစ္ဆာရာသီဖွား
## (အောက်တိုဘာ ၂၃ ရက်မှ နိုဝင်ဘာ ၂၁ ရက်)

ဗြိစ္ဆာရာသီဖွားများဟာ လျှို့ဝှက်သိုသိပ်စွာ နေတတ်သူများဖြစ်ကြပြီး တစ်ခါတစ်ရံများမှာတော့ ရှေ့ဖြစ်မယ့်အနာဂတ်များကို ကြိုတင်သိစိတ်များ ရနေတတ်သူတွေပါ။ ဗြိစ္ဆာရာသီဖွားများရဲ့ ချစ်စိတ်ရေးရာခံစားမှုကတော့ လက်တွေ့သိပ်ဆန်အောင် စိတ်ကူးယဉ်ဆန်နေတတ်ပါတယ်။ အချို့သောအခါတွေ၊ အရာတွေအပေါ်မှာ လျှို့ဝှက်သိုသိပ်တတ်သူ ဗြိစ္ဆာရာသီဖွားတွေဟာ အချစ်ရေးမှာတော့ စိတ်လှုပ်ရှားလွယ်ပြီး ခံစားချက်ကို မထိန်းသိမ်းနိုင်ပါဘူး။

ဒီလိုထူးခြားတဲ့ စိတ်သဘာဝရှိတဲ့ ဗြိစ္ဆာရာသီဖွားတွေရဲ့အဆောင်ပန်းက အခြားရာသီခွင်တွေရဲ့ အဆောင်ပန်းနဲ့ မတူပါဘူး။ သူတို့ရဲ့အဆောင်ပန်းကတော့ အပူပိုင်းဒေသများမှာပေါက်တဲ့ ရှားစောင်းပင်အမျိုးအစားပဲ ဖြစ်ပါတယ်။ ရှားစောင်းပင်များကို အဆောင်ထားရတာ နည်းနည်းတော့ ခေါင်းစားနိုင်ပါတယ်။ ဒါပေမဲ့လည်း လျှို့ဝှက်သိုသိပ်သလို ကြိုတင်သိစိတ်ရှိနေသူ ဗြိစ္ဆာရာသီဖွားများကတော့ အဆင်ပြေအောင် စီစဉ်နိုင်မယ်လို့ ယုံကြည်မိပါတယ်။



## ဓနုရာသီဖွား
## (နိုဝင်ဘာ ၂၂ ရက်မှ ဒီဇင်ဘာ ၂၁ ရက်)

ဓနုရာသီဖွားတွေကတော့ ဘယ်အရာကိုမဆို အကောင်းမြင်ပေးစိတ် များပါတယ်။ ဒါ့အပြင် ဘယ်ကိစ္စကိုမဆို စွန့်စားရတာကိုလည်း ဓနုရာသီဖွားတွေဟာ နှစ်သက်တတ်ပါတယ်။ အချစ်ကိစ္စနဲ့ ပတ်သက်ရင်တော့ စိတ်ကူးယဉ်ဆန်မှုများပြားသလို လျှို့ဝှက်အချစ်ဇာတ်လမ်းတွေလည်း ရှိတတ်ပါတယ်။

ဓနုရာသီဖွားတွေရဲ့ပန်းကတော့ ကြက်တူရွေးပန်းပဲ ဖြစ်ပါတယ်။ အရောင်စုံပြီး တောက်ပသလို အမြင်အာရုံကို ဆွဲဆောင်နိုင်တဲ့ ကြက်တူရွေးပန်းဟာ အနိုင်ပုံစံဖြစ်နေတာကြောင့် လက်ကိုင်ပန်းမှာ ထည့်သွင်းတာ၊ နံရံများမှာ ချိတ်ဆွဲအလှဆင်တာစသဖြင့် လှပစွာ ဆင်ပြင်လို့ရပါတယ်။



## မကာရရာသီဖွား
## (ဒီဇင်ဘာ ၂၂ ရက်မှ ဇန်နဝါရီ ၂၀ ရက်)

မကာရရာသီဖွားတွေဟာ ကရုဏာစိတ်ကြီးမားသူဖြစ်သလို ဦးနှောက်မှတ်ဉာဏ်စွမ်းရည်မြင့်မားသူပါ။ ငွေကြေးနဲ့ပတ်သက်လာရင် စီမံခန့်ခွဲမှုစွမ်းရည်မြင့်မားတဲ့ မကာရဖွားတွေဟာ အနည်းငယ်တော့ ရှေးရိုးဆန်ကြသူများပဲဖြစ်ပါတယ်။ ချစ်စိတ်ခံစားမှုအနေနဲ့လည်း ရှေးရိုးဆန်တဲ့ သူ့စရိုက်နဲ့ကိုက်ညီစွာ ချစ်သူကို လေးစားချစ်ခင်ကြင်နာတတ်သူပဲ ဖြစ်ပါတယ်။

ဒီလိုရှေးရိုးဆန်ဆန်နေတတ်တဲ့ မကာရတို့ရဲ့ အဆောင်ပန်းကတော့ ဂန္ဓမာပန်းပဲ ဖြစ်ပါတယ်။

MEDIA GROUP

ဂန္ဓမာဟာ အခမ်းအနားနဲ့ခွဲမရတဲ့ ပန်းအမျိုးအစားထဲမှာ ပါဝင်နေတာမို့ အရောင်စုံရှိသလို ဘယ်ပန်း၊ ဘယ်အရွက်နဲ့မဆို လိုက်ဖက်ညီတင့်တယ်တာမို့ မကာရတို့အတွက် အလှပဆုံးပန်းအလှဆင်ခြင်းကို ပြုလုပ်နိုင်မှာပါ။



ကုံရာသီဖွား
(ဇန်နဝါရီ ၂၂ ရက်မှ ဖေဖော်ဝါရီ ၁၈ ရက်)

ကုံရာသီဖွားတွေဟာ သဘာဝပတ်ဝန်းကျင်အလှကို နှစ်သက်ပြီး မြေကြီးနဲ့နီးကပ်စွာ သဘာဝကျကျ အပိုအလိုဟန်မလုပ်ဘဲ နေတတ်သူပါ။ အများအပေါ်မှာလည်း ပေါင်းသင်းဆက်ဆံရေ ပြေပြစ်ပြီး သဘောထားကြီးသူတွေ ဖြစ်ကြပါတယ်။ ဖြတ်ထိုးဉာဏ်ကောင်းသလို သစ္စာရှိတဲ့ ပုဂ္ဂိုလ်အဖြစ် အမြဲတမ်းစာရင်းဝင်တဲ့ ကုံရာသီဖွားတွေရဲ့ အဆောင်ပန်းကတော့ သစ်ခွပန်းပဲ ဖြစ်ပါတယ်။

သစ်ခွပန်းဟာ မြန်မာအမျိုးသမီးတို့ အကြိုက်ဆုံးပန်းတွေထဲက တစ်မျိုးဖြစ်တာကြောင့် ကုံရာသီဖွားတွေအနေနဲ့ အခြားရာသီဖွားတွေလောက် ပန်းက ရှာရမခက်ပါဘူး။ သစ်ခွဟာ မင်္ဂလာအခမ်းအနားတွေမှာ နေရာအယူဆုံးပန်း ဖြစ်နေတာမို့ ပန်းအလှဆင်ယင်သူတွေနဲ့ တိုင်ပင်ပြီး အမျိုးစုံပြင်ဆင်လို့ရသလို အရေးကြီးတဲ့ကိစ္စတွေအတွက်အဆောင်အနေနဲ့ ရင်ကပ်ပန်းလိုမျိုး အကျီမှာထိုးထားတာ၊ ခေါင်းမှာပန်တာစသဖြင့် ပြင်ဆင်သွားလို့ ရပါတယ်။

မိန်ရာသီဖွား
(ဖေဖော်ဝါရီ ၁၉ ရက်မှ မတ် ၂၀ ရက်)

မိန်ရာသီဖွားတွေဟာ စိတ်ကူးစွမ်းအားကောင်းကြသူများ ဖြစ်ပါတယ်။ သူတို့တွေရဲ့ စိတ်နေသဘောထားကို အများက အလွယ်တကူ ခန့်မှန်းလို့မရသလို သူ့ရဲ့ချစ်စိတ်ခံစားမှုကလည်း ထိမ်တွေလိုပဲ မတည်မြဲတတ်ပါဘူး။ လျှို့ဝှက်ဆန်းကြယ်မှုများ ပြည့်နှက်နေတဲ့ မိန်ရာသီဖွားတွေဟာ အဆောင်ပန်းအနေနဲ့ ကာနေးရှင်းပန်း (မြန်မာအခေါ် ဇော်မွှားပန်း) ကို ဆောင်ထားသင့်ပါတယ်။

ဇော်မွှားပန်းဟာ ရှားရခက်တဲ့အမျိုးအစားထဲ



မှာ မပါသလို အနံ့လည်း ခပ်သင်းသင်းရှိတာကြောင့် ပန်းစိုက်အိုးတွေနဲ့ အလှဆင်လို့ကောင်းတဲ့ပန်းဖြစ်တာကြောင့် မိန်ရာသီဖွားတို့အတွက် မခက်ခဲတဲ့ အဆောင်ပန်းပဲ ဖြစ်ပါတယ်။



မိဿရာသီဖွား
(မတ် ၂၁ ရက်နေ့မှ ဧပြီ ၂၀ ရက်)

မိဿရာသီဖွားတွေဟာ မွေးရာပါ ခေါင်းဆောင်စိတ်ရှိတဲ့သူတွေပဲ ဖြစ်ပါတယ်။ မိဿရာသီဖွားတွေအတော်များများဟာ ခေါင်းဆောင်အဖြစ် လူအများကြား ထင်ပေါ်သူတွေဖြစ်ကြပါတယ်။ မိဿရာသီဖွားတွေဟာ အနုပညာကို ချစ်မြတ်နိုးတတ်သူ၊ ဘာသာတရားကိုင်းရှိုင်းသူတွေ ဖြစ်ကြပါတယ်။ မိဿရာသီဖွားတွေဟာ ဆွတ်ပျံ့ဖွယ် အချစ်ဇာတ်လမ်းလေးတွေကို ဖန်တီးတတ်သူတွေချည်းဖြစ်ကြပါတယ်။ သူတို့တွေရဲ့ အဆောင်ပန်းကတော့ နှင်းပန်း (သို့) မိုးကုတ်လီလီပဲ ဖြစ်ပါတယ်။

လီလီပန်းဟာ စံကားပန်းအနံ့နဲ့တူပြီး သူ့အနံ့က မွှေးပျံ့ပါတယ်။ အရောင်ကလည်း အဖြူရောင်ဖြစ်တာကြောင့် ကမ္ဘာမှာ အခမ်းအနား၊ မင်္ဂလာပွဲတွေမှာ နှင်းပန်း (သို့) လီလီကို မင်္ဂလာပန်းအဖြစ် ရည်ရွယ်ပြီး အသုံးပြုလာတာ နှစ်ပေါင်းအတော်ကြာနေပါပြီ။ အချို့က ဘိသိက်ပန်း တစ်နည်း လက်ထပ်ပန်းလို့ခေါ်ကြတဲ့ လီလီပန်း လောက်မကြီးတဲ့ အဖြူရောင်ပန်းပွင့်တွေဟာလည်း လီလီပန်းအမျိုးအစားထဲမှာ ပါပါတယ်။



ပြိဿရာသီဖွား
(ဧပြီ ၂၁ ရက်နေ့မှ မေလ ၂၁ ရက်)

ပြိဿရာသီဖွားတွေဟာ ရာသီခွင်အားလုံးထဲမှာ မှတ်ဉာဏ်စွမ်းရည် အထူးကောင်းမွန်ဆုံးသူတွေပဲ ဖြစ်ပါတယ်။ သဘာဝပတ်ဝန်းကျင်ဂေဟစနစ်ကို လေးစားစောင့်ရှောက်သူတွေဖြစ်ကြပြီး စိတ်ရှည်တဲ့သူတွေပဲ ဖြစ်ကြပါတယ်။ ချစ်စိတ်ရေးရာအနေနဲ့ ချစ်ခင်လွယ်၊ စောင့်ရှောက်လွယ်တဲ့ စိတ်နှလုံးပိုင်ဆိုင်တဲ့သူတွေဖြစ်ပြီး အချစ်ရေးမှာ သစ္စာရှိတဲ့သူတွေဖြစ်တဲ့ ပြိဿရာသီဖွားတွေရဲ့ အဆောင်ပန်းကတော့ တရုတ်စံကားပန်းပဲ ဖြစ်ပါတယ်။

တရုတ်စံကားပန်းဟာ အဖြူနဲ့အနီမျိုးပဲ မြန်မာပြည်မှာတွေ့ရ များပါတယ်။ အနီရောင်

ထက် အဖြူရောင်တရုတ်စံကားပန်းကို ကမ်းခြေမှာ ပြုလုပ်တဲ့ Beach Wedding မှာ အသုံးပြုကြတာ များပါတယ်။ အင်ဒို၊ ဘာလီ၊ မလေးစတဲ့ နိုင်ငံများမှာ စံကားပန်းဟာ Spa များ၊ အလှဖျော်ဖြေပွဲများအပြင် မင်္ဂလာပွဲများမှာပါ အသုံးများဆုံးပန်းပဲ ဖြစ်ပါတယ်။ ပန်းပဲထိုးထိုး၊ ပန်းပွင့်တွေကို ကြိုးနဲ့သီကာ နံရံတွေ၊ တိုင်တွေမှာ ချိတ်ဆွဲအလှဆင်တာစသဖြင့် အမျိုးမျိုးပြင်ဆင်လို့ရတာကြောင့် သဘာဝပတ်ဝန်းကျင်ကို ချစ်မြတ်နိုးတဲ့ ပြိဿရာသီဖွားတို့အတွက် အကောင်းဆုံး ပြင်ဆင်လို့ ရမယ်လို့ ယုံကြည်ပါတယ်။

**ကရကဋ်ရာသီဖွား**

(ဇွန်လ ၂၂ ရက်နေ့မှ ဇူလိုင် ၂၂ ရက်နေ့)

အလွယ်တကူမချစ်တတ်သူ၊ စိတ်ကူးယဉ်ဆန်သူ၊ သစ္စာရှိသူ၊ သူတစ်ပါးမပျော်ရွှင်ချိန် စိတ်ချမ်းမြေ့အောင် လုပ်ပေးတတ်သူ ကရကဋ်ရာသီဖွားတွေရဲ့ အဆောင်ပန်းကတော့ ကြာပန်းပဲ ဖြစ်ပါတယ်။

မြန်မာနဲ့ကြာဟာ ခွဲမရပါဘူး။ ကြာမျိုးငါးပါးရှိတဲ့အတွက် ကရကဋ်တွေအဖို့ ကြာပန်းဟာ အဆင်ပြေစွာနဲ့ ပြင်ဆင်လို့ရတဲ့ ပန်းဖြစ်မှာ အသေအချာပါပဲ။





## မေထုန်ရာသီဖွား

## (မေလ ၂၂ ရက်နေ့မှ ဇွန်လ ၂၁ ရက်နေ့)

မေထုန်ရာသီဖွားတွေဟာ စိတ်နှလုံးမွှင့်လန်းသူဖြစ်ပြီး စိတ်ခံစားလွယ်ကြသူများ ဖြစ်ပါတယ်။ အမြဲလှုပ်ရှားနေတဲ့ မေထုန်ရာသီဖွားတွေဟာ စိတ်လှုပ်ရှားဖွယ်အပြည့်ရှိတဲ့ အချစ်ရေးကို မျှော်လင့်နေကြသူများဖြစ်ကြပြီး ရင်ထဲက နှစ်ပြီးမချစ်တတ်သူတွေလည်း ဖြစ်ကြပါတယ်။ ဒီမေထုန်ရာသီဖွားတွေရဲ့ အဆောင်ပန်းကတော့ ထားဝယ်မှိုင်းပန်း တစ်နည်း သကြင်္န်ပန်းပဲ ဖြစ်ပါတယ်။

ထားဝယ်မှိုင်းပန်းဟာ ဆေးဖက်ဝင် အာနိသင်အပြည့်ရှိသလို မွှေးရနံ့ရော၊ အရောင်အဆင်းကပါ ဆွဲဆောင်မှုအပြည့်ရှိတဲ့ပန်းပါ။ သူ့ရဲ့နာမည်က တကယ့်ကို မြန်မာဆန်ပါတယ်။ Rangoon Creeper လို့ သူ့ကို ခေါ်ပါတယ်။ ဧပြီလရောက်ရင် လှိုင်လှိုင်ပွင့်တာမို့ သကြင်္န်ပန်းလို့ အချို့က ခေါ်ကြပါသေးတယ်။ ခြံစည်းရိုးမှာစိုက်တဲ့ နွယ်ပင်အမျိုးအစားဖြစ်တာကြောင့် မေထုန်တို့ အနေနဲ့ ရှာရမခက်နိုင်ပါဘူး။

## သိဟ်ရာသီဖွား

## (ဇူလိုင် ၂၃ ရက်နေ့မှ ဩဂုတ်လ ၂၂ ရက်နေ့)

အမြဲတမ်းပျော်ရွှင်စွာ နေတတ်သူ၊ သဘာဝတရားကြီးကို ချစ်ခင်နှစ်သက်သူ ပေါ့ပေါ့ပါးပါး နေထိုင်တတ်လွန်းတာကြောင့် ပေါ့ပျက်ပျက်လို့ တစ်ခါတစ်ရံ သတ်မှတ်ခံရတဲ့ သိဟ်တွေရဲ့ အဆောင်ပန်းကတော့ နေကြာပန်းပဲ ဖြစ်ပါတယ်။

သိဟ်တွေရဲ့ အဆောင်ပန်းက အရွယ်အစားကြီးမားလွန်းပေမယ့် ပျော်ရွှင်တတ်တဲ့သိဟ်က ဒါကို အဆင်ပြေစွာဖြေရှင်းပြီး လှပအောင် ဆင်ယင်နိုင်မှာပါ။

လူသားတွေဟာ မွေးလာချိန်ကစပြီး ကိုယ့်မွေးဂြိုဟ်ရဲ့ စိုးမိုးမှုစွမ်းအား ၅၀၊ ကိုယ့်ရဲ့ကိုယ်ပိုင်ကြိုးစားမှု ၅၀ ရာခိုင်နှုန်းနဲ့ ဘဝကို တည်ဆောက်ကြရပါတယ်။ ဒါကြောင့် ကိုယ့်ရဲ့ကောင်းတဲ့စရိုက်တွေ ပိုပြီးတိုးတက်ကောင်းမွန်အောင် မွေးဂြိုဟ်က ဖော်ညွှန်းတဲ့ရာသီခွင်အလိုက် ဆောင်ထားရမယ့် ပန်းလေးတွေကို ဆောင်ထားခြင်းနဲ့ ပြုပြင်လို့ရပါတယ်။ ဒါကြောင့် ကိုယ့်ဘဝရဲ့ အရေးကြီးတဲ့ကိစ္စတွေ၊ တစ်သက်တာမှာ တစ်မင်္ဂလာပဲရှိမယ့် မင်္ဂလာပွဲလေးမှာ ကိုယ့်ရဲ့ အဆောင်ပန်းလေးတွေနဲ့ လိုအပ်တဲ့နေရာကို အလှဆင်လိုက်မယ်ဆိုရင် မင်္ဂလာအရှိဆုံး၊ အကောင်းဆုံးဖြစ်သွားမှာ အသေအချာပါပဲလို့ ညွှန်းလိုက်ပါတယ်နော်။

ဒါယု (Da You)

Ref : Bride Magazine



ကက်တဲလီယာ သစ်ခွသည် လေလီနီးယား (Laelineae) အုပ်စုဝင်ဖြစ်ပြီး ယင်းအုပ်စု တွင် ကက်တဲလီယာ၊ လေလီယာ၊ ဆိုဖရိုနိုက်တစ်၊ ဘရာဆာဗိုလာ၊ အဲင်နဆိုင်ကလီးယား၊ အက်ပီဒင်ဒရမ် စသဖြင့်ပါဝင်ကြ၏။ ယင်းမျိုးနွယ်စုများ ပတ်လည်လှည့်ကာ မျိုးစပ်၍ဖြစ်ပေါ်လာသော စပ်မျိုးများကို အချုပ်အားဖြင့် ကက်တဲလီယာ မျိုးနွယ်စုဟုခြုံပြီး အလွယ်တကူခေါ် ဆို လိုက်ကြ၏။ ကက်တဲလီယာ၏ ပင်ရင်းဒေသသည် တောင်အမေရိကတိုက်မှသည် မက်ဆီကိုမြောက်ဘက်ပိုင်း အထိရှိ၏။ အချို့မျိုးနွယ်စုသည် အနောက်အင်းဒီး(စ်)ဘက်မှလာ၏။ ဘရားဇီးလ်နိုင်ငံ တောင်တန်းဒေသမှ ယင်းသစ်ခွမျိုးများ အလုံးအရင်းနှင့် ရရှိဝင်ရောက်လာခဲ့ကြ၏။ ကက်တဲလီယာသစ်ခွပန်းသည် သစ်ခွများအနက် အပွင့်အကြီးဆုံးဖြစ်ပြီး တချို့ဆိုလျှင် ထမင်းစားပန်းကန်ပြားလောက်ထိရှိတတ်၏။ အရောင်အသွေးစုံပြီး စပ်မျိုးသစ်အများအပြား ထွက်ပေါ်ခဲ့သော သစ်ခွမျိုးနွယ်လည်းဖြစ်၏။

# သစ်ခွဘုရင်မ သို့မဟုတ် ကက်တဲလီယာ

နေမျိုးနိုင်



Asian Fame Media Group



**ကက်တဲလီယာ သစ်ခွသည် အပွင့်ကြီးပြီး အရောင်အသွေး စုံလင်လှပကာ မြင်ရသူတိုင်းကို ညှို့ယူဖမ်းစားနိုင်သောကြောင့် သစ်ခွဘုရင်မအဖြစ် တင်စားခြင်းခံရသောပန်းဖြစ်၏**



၁၈၁၈ခုနှစ်တွင် အင်္ဂလန်နိုင်ငံသား လန်ဒန်တောင်ဘက်ခြမ်းမှ မစ္စတာကက်တလီ ဆိုသူသည် ထုပ်ပိုးပစ္စည်းများထဲတွင် ရောနှောပါလာသည့် အပင်သစ်တစ်မျိုးကို စူးစမ်းစိုက်ပျိုးကြည့်ရာမှ သစ်ခွမျိုးသစ်တစ်ခုကို ဖော်ထုတ်နိုင်ခဲ့၏။ ယင်းသစ်ခွသည် ကက်တဲလီယာ လာဗီယေတာဖြစ်ပြီး စတင်တွေ့ရှိသူ မစ္စတာကက်တလီကိုဂုဏ်ပြုသောအားဖြင့် ယင်းအမည်နှင့်တွဲဖက်မှည့်ခေါ်ခဲ့၏။ ယင်းသစ်ခွသည် လူကြိုက်များပြီး အောင်မြင်ကျော်ကြားမှုကို ရရှိခဲ့သည်၊ ကက်တဲလီယာသစ်ခွသည် အပွင့်ကြီးပြီး အရောင်အသွေးစုံလင်လှပကာ မြင်ရသူတိုင်းကို ညှို့ယူဖမ်းစားနိုင်သောကြောင့် သစ်ခွဘုရင်မအဖြစ်တင်စားခြင်းခံရသောပန်းဖြစ်၏။ ယင်းသစ်ခွသည် မျိုးနွယ်အုပ်စုကြီးသောအနွယ်ဖြစ်သည်။ ယခုအခါ ကက်တဲလီယာမျိုးနွယ်သစ်ခွပန်းများကို ကမ္ဘာနှင့်အဝန်း သစ်ခွဝါသနာရှင်များကအထူးကြိုက်နှစ်သက်ကာ မင်္ဂလာအခမ်းအနားနှင့် ဂုဏ်သရေရှိအခမ်းအနားများတွင် အထူးဦးစားပေးသုံးစွဲကြရသော တော်ဝင်ပန်းအဖြစ် တန်ဖိုးထားနေကြဆဲဖြစ်သည်။

## အသွင်အပြင်

ကက်တဲလီယာသစ်ခွသည် စင်ပိုဒီရယ်သစ်ခွအနွယ်ဝင်ဖြစ်၏။ သန်မာတုတ်ခိုင်သော ပင်စည်ရှိ၏။ ပင်စည်ထိပ်များတွင် အရွက်တစ်ရွက်၊ နှစ်ရွက်ရှိပြီး သားရေကဲ့သို့ထူထဲသောအရွက်ရှိသည်။ အရွက်ကြားမှ ဓားသွားကဲ့သို့ အလွှာပါး တစ်ခုအရင်ထွက်၏။ ယင်းဓားသွားထဲမှ အဖူးများထွက်ကာ အပွင့်ပွင့်လေ့ရှိ၏။ ပန်းခိုင်တစ်ခိုင်လျှင် အပွင့်သေးလျှင်ငါးပွင့်၊ ခြောက်ပွင့်ပွင့်ပြီး၊ အပွင့်ကြီးလျှင် နှစ်ပွင့်ပွင့်တတ်သည်။ အပွင့်များလျှင် သေးပြီး၊ အပွင့်နည်းလျှင်ကြီးလေ့ရှိသည်။ ခရမ်းသွေးအပွင့်များတွင် သင်းပျံ့သော ရနံ့ရှိ၏။

## အရောင်အသွေး

ကက်တဲလီယာသစ်ခွပန်းတွင် ခရမ်း၊ နို့စိမ်း၊ အဖြူ၊ အဝါ၊ အနီရောင်စသည့် ပွင့်ဖတ်များရှိပြီး၊ နှုတ်ခမ်းသား သို့မဟုတ် လျှာအဖြစ် ခရမ်းရင့်၊ နီ၊ ချောကလက်၊ အဝါရင့်၊ အစိမ်းရင့်စသည့် အရောင်ရင့်များ ဖြည့်စွက်ပါဝင်၏။ အချို့အရောင်စပ်ကြားများပါဝင်တတ်၏။

## ရနံ့

များသောအားဖြင့် ကက်တဲလီယာသည် ရနံ့မရှိချေ။ ခရမ်းရောင်ပွင့်ဖတ်ရှိသော အမျိုးလောက်သာ သင်းပျံ့သောရနံ့ရှိ၏။

## စိုက်ပျိုးခြင်းနှင့် ပြုစုစောင့်ရှောက်ခြင်း

ကက်တဲလီယာကို များသောအားဖြင့် မြေအိုး၊ ပလပ်စတစ်အိုးများတွင် အုန်းဆံဖတ်၊ မီးသွေးခဲ၊ အုတ်ခဲကျိုးများ၊ အသုံးပြုပြီး စိုက်ပျိုးလေ့ရှိကြ၏။ ရေဆင်းကောင်းပြီး နေ၊ လေကောင်းစွာ ရရှိသောနေရာများတွင် စိုက်ပျိုးရမည်။ မနက်

နေရောင်ကြိုက်၏။ ကျနေမထိသော နေရာမျိုး ဆိုလျှင် ပိုကောင်းသည်။ တစ်နေကုန် နေပြင်းပြင်း ကျရောက်သည့်နေရာမျိုးကို အထူးရှောင်ရှား သင့်သည်။

### မြေဩဇာကျွေးခြင်း

ကက်တဲလီယာကို တစ်ပတ်တစ်ခါ မြေဩဇာကျွေးသင့်၏။ ရေတစ်ဂါလံလျှင် မြေဩဇာစားပွဲတင်ဇွန်းတစ်ဇွန်းနှင့် ရောစပ်ပြီး ကျွေးရမည်။ သားတက်သစ်ဘဝတွင် အပင်ကြီးထွား သန်မာလာစေရန် N နံပါတ်ကြီးသောမြေဩဇာကျွေးရမည်။ အပင်အရွယ်ရောက်လာသောအခါ P နံပါတ်အကြီးကို ကျွေးရမည်။ မိုးတွင်း၌ မှိုသတ်ဆေး၊ ပိုးသတ်ဆေး ၂ ပတ်တစ်ခါ ဖျန်းပေးဖို့လိုပါသည်။









### ရေလောင်းခြင်း

အပင်ကို နွေနှင့် ဆောင်းတွင်း၌ မနက်တစ်ခါ၊ ညနေတစ်ခါ နှစ်ကြိမ်လောင်းရမည်။ မိုးတွင်း၌ လိုအပ်ပါမှ ရေလောင်းပေးရမည်။

### အပင်၏သဘာဝ

ကက်တဲလီယာသည် သဘာဝအားဖြင့် နေ၊ လေကြိုက်သောအပင်ဖြစ်၏။ မနက်နေရောင်ကြိုက်၏၊ နေရောင်ဒဏ်ခံနိုင်သော်လည်း တစ်နေကုန်နေပြင်းပြင်းအောက်တွင်မထားရပါ။ နေ့လယ် နေပြောက်ကလေးများရသောအနေအထားကို ပိုကြိုက်ပါသည်။ ယင်းသစ်ခွမျိုးနွယ်သည် အကြမ်းခံပြီး တစ်နှစ်ပတ်လုံးပွင့်သော သစ်ခွမျိုးဖြစ်ရာ စီးပွားဖြစ်စိုက်ပျိုးသူအဖို့ ဈေးကောင်းရပြီး တွက်ခြေကိုက်သော သစ်ခွမျိုး ဖြစ်သည်။ မိုးတွင်း၌ အပွင့်များသည့် ခရမ်းရောင်သစ်ခွမှအပ ကျန်အရောင်များသည် မိုးကုန်မှ ပွင့်လေ့ရှိ၏။ သစ်ခွပင်များ၏သဘာဝနှင့် အလေ့အထကို ထဲထဲဝင်ဝင်သိအောင် လေ့လာပြီး သိအောင်လုပ်သင့်သည်။ မည်သည့်အရောင်အသွေးအမျိုးအစားကိုစိုက်လျှင် မိမိအတွက် အကျိုးရှိမည်ကို လေ့လာပြီး စီးပွားဖြစ်စိုက်ဖို့ ရွေးချယ်သင့်ပါသည်။

### အပင်ခွဲခြင်း

သစ်ခွပင်သည်အုံကြီး၍ အနည်းဆုံးဆယ်ပင်လောက်ရှိမှ အိုးခွဲသင့်၏။ အိုးခွဲသည့်အခါ တစ်ဖြတ်လျှင် အနည်းဆုံးသုံးပင်လောက်ထားပြီး ဖြတ်စိုက်ရပါမည်။ တစ်ပင်တစ်အိုးဖြတ်ပြီး မစိုက်ရပါ။ တစ်ပင်စီဖြတ်စိုက်ပါက အပင်နာသွားပြီး လုံးဝအတက်နှေးသွားမည်။ အဆင်မသင့်ပါက အပင်သေသွား နိုင်ပါသည်။ အပင်ခွဲပြီးစအိုးများကို အရိပ် သို့မဟုတ် နေပြောက်ကလေးများရသော နေရာများတွင် ထားရမည်။ အပင်အသားကျပြီး အပင်သစ်များထွက်လာမှသာ တိုက်ရိုက်နေရောင်ကျသောနေရာများတွင် ထားပေးရမည်။




စီးပွားဖြစ်စိုက်ပျိုးလိုသူများအဖို့ မိမိစိုက်မည့်သစ်ခွသဘာဝ၊ ပတ်ဝန်းကျင်အနေအထား သုံးစွဲသူများ ကြိုက်နှစ်သက်သည့် အရောင်အသွေး၊ အပွင့်အမျိုးအစားများကို ထဲထဲဝင်ဝင် လေ့လာသိရှိပြီးမှ စိုက်ပျိုးပါက ပိုမိုဖြစ်ထွန်းအောင်မြင်လာမည်ဖြစ်ပါသည်။

**နေမျိုးနိုင်**

# ကတ်သီး ကတ်သတ်ပြောတဲ့ တောက်တီး တောက်တဲ့

## ဂေးကိုချစ်မလား ဓေးကိုချစ်မလား

တောက်တဲ့မတို့ ဆွေမျိုးတစ်သိုက်ကြီးဒေါ် ကြီးအိမ်မှာ ဆွေမျိုးအစုံစုလို့ စားကြသောက်ကြရင် နားကို သတိဆွဲထားရတယ်။ ကြီးဒေါ်တို့ ညီအစ်မ Generation က ရှေးရိုးစွဲတွေ၊ စည်းကမ်းလည်းကြီးဆိုတော့ ခုခေတ်ကျွန်မတို့လို လူငယ်တွေကို မခံစားနိုင်တာ အဆန်းတော့မဟုတ်။ ခုလည်း “လိင်တူချင်းချစ်ခြင်းသည် ရောဂါမဟုတ်။ လိင်တူချစ်သူများကို မုန်းခြင်းသာရောဂါဖြစ်သည်” ဆိုတဲ့ ဆောင်ပုဒ်ကို သူတို့ ညီအစ်မတွေ ဝေဖန်နေလိုက်ကြတာ ကိုယ်တွေလည်း မသိချင်ယောင်ဆောင်နေရတယ်။ ဒါပေမဲ့ နားသတိတော့ ဆွဲထားရသေးပေါ့လေ။ အဲဒါကို မကြားမှာစိုးတဲ့ သူတို့က “ဟဲ့ ဟိုမိန်းမတွေကြားလား။ ငါတို့က နင်တို့အတွက် စိုးရိမ်နေတာ။ ငါတို့အတွက် စိုးရိမ်စရာဘာတစ်ခုမှ မရှိတော့ဘူး။ နဂိုက ယောက်ျားလေးနည်းရတဲ့အထဲ မိန်းမလျှာဖြစ်သွားတာကတစ်ဝက်၊ သူတို့က ယူမယ့် ကြိုက်မယ့် ယောက်ျားတွေဖြစ်သွားတာကတစ်ဝက်၊ ယောက်ျားအချင်းချင်းပဲ စိတ်ဝင်စားတော့မယ့်သူတွေနဲ့၊ နင်တို့အတွက် ယောက်ျားက ရှားတော့မယ်။ ကျန်မယ့် ယောက်ျားစစ်စစ်တွေထဲမှာလည်း လက်ကြောတင်းအောင် အလုပ်လုပ်ချင်မယ့် ယောက်ျားကနည်း၊ သောက်သောက်စားစားလေးနဲ့ မယားငယ်ထားချင်တဲ့ကောင်က ခပ်များများဆိုတော့ ညည်းတို့တော့ ကိုယ်ကျိုးနည်းမှာ မြင်ယောင်သေးအေ”တဲ့ အဲ့အချိန်မှာပဲ ချိန်ကိုက်အသံတစ်သံက ထွက်လာတယ်။ ယောက်ျားစိတ်များပြီး ယောက်ျားလျှာပုံ (လူကြီးတွေလစ်ရင် ယောက်ျားလိုပဲနေတဲ့) ထွက်နေတဲ့ ညီမဝမ်းကွဲ တစ်ယောက်က ‘ကျွန်တော်တို့ ရှိပါတယ်ဗျ’တဲ့ ကြီးဒေါ်ကြီးရဲ့ ဖူးရှတဲ့ မျက်စောင်းက ဒုန်းခနဲ အားလုံးကို ခပ်စိုက်စိုက် ကြည့်လိုက်ပြီး ဒါတောင် ယောက်ျားလေး၊ မိန်းကလေး၊ အချိုးက ဒီတိုင်းပြည်မှာ သိပ်မကွာသေးလို့ပဲ ဟွး . . . တဲ့။



## FUNNY PHOTO







# ဖရန့်အစစ်နှင့် တောက်တီးအချစ်

မောင်တောက်တီးတစ်ယောက်အိမ်က ဒေဝီမဟေသီဘေးမှာ ရိုးသားသော မျက်နှာပေး၊ ဖြူစင်သောမျက်ဝန်းတို့ဖြင့် ကိုယ်ဟန်အမူအရာကိုလည်း တတ်နိုင်သမျှ အပိုအလိုမရှိအောင် သတိကြီးစွာထား၍ နေနေရပါ၏။ အဘယ်ကြောင့်ဟူမူ မိမိနာမည်နှင့် ဖေ့ဘွတ်အကောင့်ကို လင်မယားနှစ်ယောက်အတူ ကြည့်ရှုစစ်ဆေးနေရ ချိန်ဖြစ်သောကြောင့်တည်း။ ၎င်း facebook account သည် ကျွန်ုပ်ကိုယ်တိုင်ဖွင့်ထားခြင်း မဟုတ်။ တောက်တီး၏ ဇနီးက ရှိထားသင့်တယ်ဟုဆိုကာ သူကိုယ်တိုင် တောက်တီး၏ အမည်နာမစင်းစင်းကြီးနှင့် ဖွင့်ခဲ့ခြင်းဖြစ်၏။ (အမှန်မှာ ကျွန်ုပ်တွင် ကောင်မလေးများကို ကြူစရာ၊ ကိုယ့်ကိုယ်ကိုယ် လူလွတ်တစ်ဦးသဖွယ် စိတ်ထင်တိုင်းကြဲစရာ အကောင့်အတုတစ်ခုကို အမည်ဝှက်တစ်ခုဖြင့်ရှိပြီးသား) ကျွန်ုပ်အမည်ရင်းနဲ့ဆိုတော့ ကျွန်ုပ်၏ သူငယ်ချင်းများလာ add သမျှကို မိန်းမကလည်း လက်ခံပေးသည်။ Password ကို ကျွန်ုပ်အားပေးသကဲ့သို့ သူမလည်း ကိုင်ထားသည်။ ဇာတ်လမ်းကတော့ စချေပြီ။

Message Box ထဲတွင် ငယ်သူငယ်ချင်းများက ငယ်ရည်းစားအမည်များကို ရေး၍ဘယ်ရောက်နေလဲ ဘာလုပ်နေလဲ၊ သတိရသေးလား၊ အစရှိ သဖြင့် မေးထားကလိထားသည်။ အချို့နာမည်များကို ကိုယ်ကိုယ်တိုင်ပင် မမှတ်မိချေ (အဟုတ်ပါ)။

Friend Request တွင် မြောက်မြားလှစွာသော မိန်းကလေး များ (ဓာတ်ပုံများ 360 Softwareကင်မရာဖြင့် ရိုက်ထား၍ အလွန်လှနေကြ-ဤကား စကားချပ်)မှာ သူငယ်ချင်းဖြစ်လိုကြောင်း ကမ်းလှမ်းကြသည်မှာ စဉ်းစား၍ မရတတ်။ အချို့ မိန်းကလေးများမှာ မဟေသီ၏ အသိအကျွမ်းများဖြစ်ကာ သူတို့သည် ကျွန်ုပ်မိန်းမ၏ အကောင့်ကို သွားမခင်ကြဘဲ ကျော်၍ သိပ်မရင်းနှီးသော မောင်တောက်တီးမည်သော ကျွန်ုပ်ကိုတမင်ရွေး၍ လာခင်ကြခြင်းကို တောက်တီးရဲ့မဟေသီ ဒေါသမထွက်စေရအောင် သောတာပန်လည်း မဟုတ်။


ထိုထက်ဆိုးသည်မှာ မိန်းမ၏ မိတ်ဆွေထဲက တစ်ယောက်က ကျွန်ုပ်အား Friend Sugget ပေးသော အမျိုးသမီးများမှာ နာမည်ကြီး ပြည့်တန်ဆာများဖြစ်နေခြင်းတို့ပင်တည်း။ ဩော် . . . တောက်တီးတို့ ခေါက်ကျပုံ၊ ကမ္ဘာပေါ်တွင် ကျွန်ုပ်ထက်အဖြစ်ဆိုးသော ယောကျ်ားများရှိမည် မှုချယုံကြည်ပါ၏။ ထိုသူတို့၏ အဖြစ်သနစ်ကို သိရပါလို၏။ သို့မှသာ ကိုယ့်ကိုယ်ကိုယ် သက်သာရာ သက်သာကြောင်း ဖြေသိမ့်တွေးနိုင်မည်ဖြစ်သည်။

အို Facebook သုံး မသူတော်အပေါင်းတို့ လူတိုင်းလွတ်လပ်ခွင့်ရနေပြီ မထင်ပါနှင့်၊ ကိုယ့်ဒုက္ခနှင့်ကိုယ်မို့ တောက်တီးလို မဖြစ်ကြရအောင် ဝိုင်းဝန်းဆင်ခြင်ပေးကြပါလို့ ဖျို့ ဟစ်လိုက်ရပါတယ်ဗျို . . . .











Asian Fame Media Group

# ၁၀ မဲကို ၅ ဒေါ်လာဆိုပေမယ့်

ဒီလထဲမှာတော့ တောက်တီးတို့တစ်တွေ ခင်ဝင့်ဝါ လေးအတွက် ကြိုးစားခဲ့ကြပါတယ်။ နန်းခင်ဇေယျာတုန်းက အင်တာနက်တစ်ခွင်မှာ မီးဟုန်းဟုန်းတောက်မတတ်ဖြစ်ခဲ့ကြပေမယ့်၊ ခု ခင်ဝင့်ဝါအလှည့်ကျတော့ မြန်မာ့ဆက်သွယ်ရေးရဲ့ အင်တာနက်ကြီးကလည်း လိပ်ဖိုးဖိုးကြီးထက်တောင်နှေးနေ၊ ပရိသတ်ကလည်း နည်းနည်းရိုးသွားသလိုဖြစ် ပြန်တာကြောင့် မီးဟုန်းဟုန်းတောက် မတတ်လို့တော့ ပြောလို့မရတော့ပေမယ့် တောက်တီးတို့နှာခေါင်းကြီးတွေကတော့ ခင်ဝင့်ဝါပုံတွေကြည့်ရင်း တောက်မယ့်မီးခဲ တရဲရဲ ဆိုသလိုဖြစ်နေကြတာကတော့ သေချာပါတယ်လေ။

ခင်ဝင့်ဝါနဲ့နန်းခင်ဇေယျာ ဘယ်သူကပိုလှလဲလို့ ငြင်းကြ၊ လှတော့လှပေမယ့် ချစ်မွေးမပါပြန် ဘူးလို့ပြောတဲ့ သူကပြောကြ၊ ကြုံလို့နေတာ ပဲလိုဝေဖန်တဲ့သူကဝေဖန်၊ ဝတ်ပုံစားပုံက မြန်မာ့ ရိုးရာနဲ့ဖြောင့်ဖြောင့်ကြီးဆန့်ကျင်နေတယ်လိုဆိုတဲ့သူကဆို၊ ပြိုင်ပွဲဝင်တာပဲလေ ပြိုင်ပွဲက သတ် မှတ်ထားသလိုတော့ ဝတ်ရမှာပဲလို့ပြန်ချေတဲ့သူကပြန်ချေ၊ အံမယ်လေးလေး. . . ရွာဆော်ကြီး ဖွဘွတ်ပေါ်မှာ ထုံးစံ အတိုင်း ပလူပျံနေတာပါပဲ။ အင်တာနက်ကလိပ်ဖိုးဖိုးဖြစ်နေလို့သာတော်တော့တယ်။

ဘယ်လိုပဲဖြစ်ဖြစ်လေ အရေးအကြောင်းဆို စည်းလုံး သွားလေ့ရှိတဲ့ မြန်မာတွေရဲ့ မျိုးချစ်စိတ်လေးကိုတော့ သေသေချာချာကို တွေ့နေရပါတယ်။ အဲဒီအတွက်လည်း တောက်တီးတို့ ကြည်နူးမိပါသဗျ။ ခင်ဝင့်ဝါလေးကိုကြည့်ပြီး ကြည်နူးကြတာကလည်း တစ်မျိုးပေါ့လေ၊ သူ့ အကန့်နဲ့ သူပေါ့။

သို့သော် တရားဝင်မဲပေးရတဲ့အခါမှာတော့ တောက်တီးတို့အခက်တွေ့ခဲ့ကြရပါရောလား ပရိသတ်ကြီးရေ. . ။

၁၀ မဲကို ၅ ဒေါ်လာ၊ မဲ ၅၀ ကို ဒေါ်လာ ၁၅ စီတိ၊ မဲ ၁၀၀ ကို ဒေါ်လာ ၅၀ ပေးမှ မဲပေးလို့ရမှာလို့ Miss Supranational အင်တာနက်ဝက်ဘ်ဆိုက်က ကန့်သတ်လိုက်သကိုး။ ၁၀ မဲ ၅ ဒေါ်လာလောက်တော့ တတ်နိုင် တယ်ဆိုပေမယ့် မောင်တောက်တီးတို့ရဲ့ရွှေဝါပြည်ကနေ ပိုက်ပိုက်လှမ်းချေဖို့ဆိုတာ ခက်ခဲနေပြန်သဗျ။

အိမ်း. . . သို့သော်လည်း ရွှေဝါပြည်သား ရွှေမြန်မာ တွေပဲလေ ကြံရည်ဖန်ရည်ကသေးတာမှတ်လို့. . . ရွှေမြန်မာတို့ မည်သို့မည်ပုံမဲပေး လိုက်ကြသည်မသိ စက်တင်ဘာ ၆ရက် မွန်းတည့်ချိန် မဲစာရင်းပိတ်ချိန်အထိ ခင်ဝင့်ဝါက မဲအများဆုံးပါပဲ. . . ကဲ. . ။











# ပီးမတ်ထက် အဆင့်မြင့်စေရမယ်

ခုခေတ်မှာ ဆန္ဒပြတာတွေခေတ်စားနေလို့ မကြာမကြာဆန္ဒပြသံတွေကြားနေရတာ တောက်တဲ့မတို့အတွက် မဆန်းလှပေမယ့် အစိုးရမဟုတ်တဲ့ အသင်းအဖွဲ့တစ်ခုက ဥက္ကဋ္ဌကို ထွက်ပေးဖို့ ဆန္ဒပြတာကို ကြားဖူးတာကတော့ ခုမှ ပထမဆုံး အကြိမ်ပါပဲ။ အဲဒီ ဆန္ဒပြပွဲနဲ့ပတ်သက်လို့လည်း အင်တာနက်မှာရော ဂျာနယ်စာမျက်နှာတွေပေါ်မှာပါ အတော်လေး ဆူဆူညံညံဖြစ်သွားခဲ့တာကို လည်း သတိထားမိ လိုက်တယ်။

ဘယ်လိုပဲဖြစ်ဖြစ်လေ။ လက်ငါးချောင်း တောင် ညီတာမှမဟုတ်လေတော့ကာ၊ မြန်မာ့ ဒီမိုကရေစီအသွင်ပြောင်းကာလမှာ အားလုံးအဆင့်အတန်းမြင့်မားလာအောင် ကြိုးစားနေကြတဲ့ အထဲမှာ မြန်မာ့ရုပ်ရှင်အဆင့်အတန်းမြင့်တင်ဖို့ ကြိုးစားနေကြရင်း အခန့်မသင့်တဲ့ဖြစ်ရပ်လေး တစ်ခုလို့ပဲ တောက်တဲ့မတို့ သဘောပေါက်ထားပါတယ်။

မြန်မာ့ရုပ်ရှင်တွေ အဆင့်အတန်းမြင့်ဖို့ လိုတာကလည်း အမှန်ပါပဲလေ။ မျှော်လည်း မျှော်လင့်မိပါတယ်။ အဆင့်အတန်းမြင့်တဲ့ မြန်မာကားတွေကိုလည်း တောက်တဲ့မတို့ သိပ်ကြည့်ချင်တာပေါ့။ Assault on Wallstreet တို့ Olympus has fallen တို့ Source Code တို့လို နိုင်ငံခြားကားတွေကြည့်ရင်းနဲ့အသည်းယားမိတာလည်း မနည်း တော့ဘူး။ ဥပမာ Source Code ကိုကြည့် တုန်းကဆိုရင် ဒါမျိုးကားကို ဟိုမှာရိုက်မယ်လိုရိုက်လို့ရတယ် ဘာလို့ မရိုက်ကြတာပါလိမ့်လို့ တွေးမိတာလည်း အကြိမ်ပေါင်း မနည်းဘူး။

ဟိုတစ်လောက ပီးမတ်(Pee Mak)လိုထိုင်းရုပ်ရှင်ကားကြည့်လိုက်ရတော့ ပေါ့ပျက်ပျက်နဲ့ မို့လို့ 'ဟွန်း. . . စောင့်ကြည့်နေကြစမ်းပါ။ နင်တို့ ပီးမတ်လောက်တော့ တို့မြန်မာတွေက သနားသေးတယ်။ ခု ဘာဆင်ဆာမှ မရှိတော့ဘူး ဟေ့။ အားလုံးလွတ်လွတ်လပ်လပ်ရိုက်လို့ ရနေကြပြီ။ အားလုံးကလည်းကြိုးစားနေကြပြီ။ ပီးမတ်ထက် အဆင့်အတန်းမြင့်တဲ့ မြန်မာကားတွေ မကြာခင်ထွက်လာတော့မှာလို့တောင် ပီးမတ်မှ ပီးမတ်အသည်း စွဲဖြစ်နေတဲ့ တူမလေးတွေကို ပြောမိသေးလို့ တူမလေးတွေက စပ်ဖြဲဖြဲနဲ့ ဖြန်ကြည့်သွားတာတောင် ခံလိုက်ရသေးတယ်။

သိပ်မကြာပါဘူး တူမလေးတစ်ယောက်က ဈေးကွန်မျူတာပေါ်မှာ ပေါ်နေတဲ့ကြော်ငြာတစ်ခု ကိုလာပြတယ်။ တောက်တဲ့ကြည့်လိုက်တော့. . . ဟာတော့. . . 'မိန်းမကအစိမ်းမ'တဲ့. . . ရုပ်ရှင် ကြော်ငြာ။ ဘာလဲဟ ကြောင်တောင်တောင်နဲ့. . . အဲဒါဘာလဲ. . . လို့မေးကြည့်တော့ 'ဟာ. . . တီလေးပြောသလိုပဲလေ. . . မြန်မာကားတွေ အဆင့်မြင့်လာတာပေါ့၊ ဒါ မြန်မာပီးမတ်လေ. . .။ ကဲ. . . ကြည့် ဘယ်လောက် မြန်သလဲ။ ပီးမတ်ကို ဟိုမှာတောင်ပြလို့ မပြီးသေးဘူး။ ဒီမှာ ချက်ချင်းထွက်လာပြီ. . . မိန်းမက အစိမ်းမတဲ့. . . ကဲ။ တီလေးတောက်တဲ့မပြောတာ မှန်လိုက်တာ'လို့ တူမလေးကပြန်ဖြေတယ်လေ. . .။

နောက်နေ့ကျတော့ တူတော်မောင်အကြီးကောင်က တီလေးကျွန်တော်နဲ့လိုက်ခဲ့ဆိုပြီး. . . မြို့ထဲကလမ်းတစ်လမ်းထဲခေါ်သွားတယ်။ အဲဒီလမ်းထဲမှာ မြန်မာရုပ်ရှင်ပိုစတာတွေအများကြီး ကိုးရဲ့။ ပိုစတာအတော်များများကလည်း ပါးစပ်က သွေးတွေစီးကျနေတဲ့ပုံ၊ ဝက်ခေါင်းနဲ့ လူခန္ဓာကိုယ်နဲ့ အမျိုးသမီးတစ်ယောက်ပုံ၊ သွေးစက်စက်ကျနေတဲ့ ဓားကြီးတစ်ချောင်းကိုင်ထားတဲ့ လူတစ်ယောက်ပုံ၊ အို. . . စုံလို့ပါပဲ။ အဲဒီ လမ်းသာဆုံးသွားတယ် စိတ်ချမ်းသာစရာပုံပါတဲ့ ရုပ်ရှင်ပိုစတာရယ်လို့ သိပ် မတွေ့. . . သလိုပဲ။

ပြီးတော့ တူတော်မောင်က ပြောသေးတယ်' ဆင်ဆာမရှိတော့ အတော်လွတ်လပ်သွားတာ တီလေးရဲ့. . .။ နောက်ဆို တီလေး ပြောသလို ပီးမတ်ထက် အဆင့်မြင့်တဲ့ မြန်မာရုပ်ရှင်တွေလည်း ထွက်လာ တော့မှာတီလေးရဲ့။ သေချာတယ် သေချာတယ်'. . . တဲ့။








Asian Fame Media Group